www.burmeseclassic.com




www.burmeseclassic.com

## ဒို့တာဝန်အရေးသုံးပါး

ပြည်ထောင်စု မပြိုကွဲရေး — ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး — ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး — ဒို့အရေး

## ပြည်သူ့သဘောထား

- ပြည်ပအားကိုးပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
- နိုင်ငံတော်၏ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက်နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
- ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ် ချေမှုန်းကြ။

## နိုင်ငံရေးဦးတည်ချက် (၄) ရပ်

- နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး
- အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
- ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး
- ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

## စီးပွားရေးဦးတည်ချက် (၄) ရပ်

- စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုး တိုးတက်အောင်တည်ဆောက်ရေး
- ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
- ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုး တိုးတက်အောင် တည်ဆောက်ရေး
- နိုင်ငံတော်စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

## လူမှုရေးဦးတည်ချက် (၄) ရပ်

- တစ်မျိုးသားလုံး၏စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
- အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
- မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
- တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

# မမသဒ္ဒါမောင်

# "အတ္တအက်ကြောင်း တစ်နေရာ"

www.burmeseclassic.com

## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် - ၅၀၀၂၁၇၀၃၁၀
မျက်နှာဖုံးခွင့်ပြုချက်အမှတ် - ၅၀၀၃၇၂၀၄၁၀
ပုံနှိပ်ထုတ်ဝေခြင်း - ပထမအကြိမ်၊ ဇူလိုင်၊ ၂၀၁၀
ထုတ်ဝေသူ - ဦးအေးလွင် (၀၄၁၅၂)
ရွှေဥစာပေတိုက်
တိုက် ၄၊ အခန်း ၁၀၊
ပြည်တော်သစ်ရိပ်သာ၊
ပုဇွန်တောင်၊ ရန်ကုန်မြို့။
မျက်နှာဖုံးနှင့် - ဦးအေးလွင် (၀၈၂၁၀)
အတွင်းပုံနှိပ်သူ ရွှေပဒေသာအော့ဖ်ဆက်
အမှတ် ၃၁/၃၃၊ ၅၃ လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်။
ဖြန့်ချေး - ၃၀၀၀ ကျပ်
အုပ်ရေ - ၅၀၀ အုပ်

ရ၉၅.၈၃
မမသဒ္ဒါမောင်
အတ္တအက်ကြောင်းတစ်နေရာ/မမသဒ္ဒါမောင်။- ရန်ကုန် ၊
ရွှေပဒေသာစာပေ၊ ၂၀၀၉
၄၀၅ - စာ၊ ၁၃.၅ × ၂၀.၅ စင်တီ
(၁) အတ္တအက်ကြောင်းတစ်နေရာ

BURMESE CLASSIC .com

ရာသီဥတု၏ချမ်းစိမ့်မှုဒဏ်ကို လျစ်လျူရှုကာ ဖွင့်ထားသောပြူတင်းပေါက်မှတစ်ဆင့် အဆုံးမရှိတွေးတောလျက် ငေးမောနေမိ၏။ အပြင်မှာ မိုးစက်မိုးပေါက်တို့ တဖြောက်ဖြောက်နှင့် ကြွေကျနေလေသည်။ ခြံပြင်လမ်းမထက်မှာ ဥဒဟိုသွားလာနေသောလူတို့က ထီးကိုယ်စီဆောင်းလျက်သား။ ထိုလူများကိုငေးကြည့်နေစဉ်ခဏ မိုးရေထဲမှာ ဘယ်တော့မှထီးဆောင်းခြင်းမရှိဘဲ လျှောက်သွားလေ့ရှိသည့်သူမကို ရင်ထဲမှာနင့်နင့်သည်းသည်း သတိရတမ်းတမိ၏။ ယခုအချိန်မှာရော ဒီလိုပဲ သူမ သွားလာနေမှာပဲလား။ ဒါမှမဟုတ် သူမ၏အိမ်လေးအတွင်းမှာ ပန်းချီကားတွေဆွဲနေမည်လား။ အဲဒီလိုမှမဟုတ်ခဲ့ရင် သူမ သိပ်နှစ်ခြိုက်သည့် နိုင်ငံခြားစာရေးဆရာများ၏ လျှို့ဝှက်သည်းဖိုဝတ္ထုတွေကို ထိုင်ဖတ်နေမလား။ ဘာပဲဖြစ်ဖြစ် တစ်ခုခုကိုတော့ သူမ ပြုလုပ်နေမည်မှာအမှန်ပင်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



သူမသည် ကျွန်တော့်လို တွေဝေ တုံ့ဆိုင်းတတ်သည့် အကျင့်မျိုးမရှိ။ အရာရာကိုမှန်သည်ဟု တစ်ယူသန်ယူဆတတ်သော သူမ၏စိတ်ဓာတ်၊ အတ္တတို့ဖုံးလွှမ်းနေသော သူမ၏နှလုံးသား၊ လူမှုဆက်ဆံရေးခေါင်းပါးပြီး တစ်ပါးသူကို ငဲ့ညှာစိတ်မရှိဘဲ ထင်သလိုပြောချတတ်သည့် သူမ၏ဝါဒစွဲဒဿနများ၊ ပြုပြင်၍မရနိုင်တော့သည့် သူမ၏အစွန်းရောက်ခံယူချက်တို့သည် ဘယ်သောအခါမျှ ပြောင်းလဲသွားလိမ့်မည်မဟုတ်။

ကျွန်တော့်မှာသာ သူမအမည်ကို တသသနှင့် ခေါ်မြည်တမ်းတ ရေရွတ်နေတတ်ခဲ့တာ၊ ဒါကို သူမကတော့ ကိုယ်ချင်းစာနာစိတ်မဲ့စွာနှင့် အသိအမှတ်ပြုမည်မဟုတ်။ အမှန်တကယ်တော့ အလွန်ပဟေဠိဆန်လွန်းလှသော သူမကို ဘာသာပြန်ဖို့ကြိုးစားခဲ့မိတာဟာ ကျွန်တော့်အတွက် ပြင်လို့မရနိုင်တော့တဲ့ မဟာ့မဟာ့အမှားကြီးတစ်ခုဆိုတာကို နောက်ကျမှသိခဲ့ရခြင်းပင်။

ဒါပေမဲ့. . . ကျွန်တော် နောင်တရနေလိမ့်မယ်လို့ထင်နေသလား။ ဟင့်အင်း. . . မင်းဉာဏ်ဟာ အဲဒီနောင်တကို မြတ်မြတ်နိုးနိုးနဲ့ တယုတယပိုက်ထွေးထားတယ်ဆိုတာ။



BURMESE CLASSIC .com

# အစ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁ )

ကျွန်တော် သူမကိုစတင်ဆုံတွေ့ခဲ့ရချိန်က အတော်လေးစိတ်ညစ်ရာကောင်းခဲ့တာအမှန်ပါ။ တွေ့တွေ့ချင်း ဆောက်နဲ့ထွင်းဆိုသလို ပဋိပက္ခနှင့်ကြုံကြိုက်ခဲ့ရပြီး သူမနှင့်ရင်းနှီးခွင့်ရခဲ့ပေမယ့် အဲဒီအသေးအမွှားလေးကအစ ကျွန်တော့်အတွက်တော့ အမှတ်တရဖြစ်ခဲ့ရတာအမှန်ပင်။ တကယ်တော့ သူမနှင့်ကျွန်တော်ဟာ စရိုက်ရော အကြိုက်တွေကအစ တိုက်ဆိုင်မှုမရှိဘဲ အမြဲဆန့်ကျင်ဘက်တွေ ဖြစ်နေတာကိုသိရကတည်းက ကျွန်တော့်ဘက်က အချိန်မီဆင်ခြင်သင့်ခဲ့တာပါ။

သို့သော်. . . အချစ်ဆိုတာ အင်မတန်ဆန်းကြယ်လှတယ်လေ။

ကျွန်တော်တို့ 1st MB အုပ်စုဝင်သုံးယောက်ဟာ ကျောင်းစာတွေကိုမနည်းလိုက်မှီအောင် ကျက်နေရတဲ့ကြားထဲက အနုပညာပိုးတို့ဖြင့်ပင်စပ်ဒီစပ်စပ်ပါဝင်ခဲ့ကြပါသည်။ သီချင်းဆိုတာ၊ ဂစ်တာတီးတာအဲဘက်အတွက်ကတော့ ဘာမှမပြောပလောက်ပေမယ့် တတိုကဗျာရွ

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



တို့ကိုရေးစပ်တတ်သည့်အကျင့်က တစ်အုပ်စုလုံးတူနေကြပြန်၏။ ညမှာ. . . ကျွန်တော့်သူငယ်ချင်းမြတ်ခွေငြိမ်းက မဂ္ဂဇင်းအချို့မှာ ဝတ္ထုတိုလေးများ ရေးနေပြီဖြစ်သည်။ မိုးထက်နိုင်ကတော့ ဘာသာပြန်ဝတ္ထုများရေးသလို၊ ကျွန်တော်ကတော့ ကဗျာမှကဗျာဖြစ်ပြီး ကိုယ်တိုင်ရေးစပ်သီကုံးရတာကို ပိုမိုနှစ်သက်ခဲ့ပါ၏။

အထက်တန်းကျောင်းမှာကတည်းက ရည်မှန်းချက်တွေတူခဲ့ကြသော ကျွန်တော်တို့အုပ်စုဟာ ဆေးအမှတ်ကိုတစ်ယောက်နဲ့တစ်ယောက် သိပ်မကွာသည့်အမှတ်တို့နှင့်ဝင်ခဲ့ပြီး 1st MB မှာ Groupတစ်ခုတည်းကျခဲ့ကြသဖြင့် အတွဲမပျက်ခဲ့ကြပေ၊ သိပ်မကြာခင်ကာလအတွင်းမှာတော့ ကျွန်တော်တို့အုပ်စုထဲကို ဝေယံနှင့် နှင်းဝေလွင်ဟူသည့် သူငယ်ချင်းနှစ်ဦး ထပ်မံဝင်ရောက်လာခဲ့၏။ နှင်းဝေလွင်သည် မဂ္ဂဇင်းတိုက်ပိုင်ရှင်၏တစ်ဦးတည်းသောသမီးဖြစ်သလို၊ ကျွန်တော့်လိုပင် ကဗျာဝါသနာပါသူမို့ ကျွန်တော်တို့ တတွဲတွဲ့တွဲမိခဲ့ကြလေသည်။

ဤသို့ဖြင့် စာမေးပွဲတွေ ဝေးနေသည့် အနိုက်အတန့်လေးမှာ ကျွန်တော်နှင့် နှင်းဝေလွင်က ကိုယ်စီရေးသားထားသည့် ကဗျာများကို စာအုပ်အဖြစ်ထုတ်ဝေရန်စီစဉ်ကြ၏။ ကွန်ပျူတာတွေ ခေတ်စ. .နေသည့် ခေတ်မှာ အများနှင့်မတူ တမူထူးချင်သည့်ကျွန်တော်က အသွ .သစ်တစ်မျိုးဖြင့်ထုတ်ချင်သည့် ကျွန်တော့်အာသီသကြောင့် : ူငယ်ချင်းတွေနှင့် စကားများကြရပါသေးသည်။

"ဘာဘတို့ကတော့ လုပ်လိုက်ရင် သူများထက် ဆန်းလိုက်ရမှ ဘယ့်နှယ်. . . ကဗျာစာအုပ်ကို ကွန်ပျူတာနဲ့မစီဘဲ ပန်းချီစာလုံးနဲ့မှရေးချင်ရတယ်လို့၊ ထွင်ကိုထွင်တယ်"

"ဒါကတော့. . . ဝေယံရယ်၊ သူများနဲ့မတူ ထူးခြားမှ ငါတို့စာအုပ်ပေါက်မှာပေါ့ကွ။ ငါတစ်ပုဒ်၊ အနှင်းတစ်ပုဒ်စီ ပုံလေးတွေနဲ့ ကဗျာလေးတွေစီခြယ်ထားတာ တွေးကြည့်ရုံနဲ့တင် ဘယ်လောက်စိတ်ချမ်းသာလိုက်သလဲ။ လူတကာလို ကွန်ပျူတာနဲ့စာအုပ်တွေ ပုံအောနေ





တာ၊ ငါတို့စာအုပ်ကို လူကြိုက်များမှာပါကွ. . . နော်. . . အနှင်းရယ်"

"အနှင်းက ဘာမှသိပ်သိတာမဟုတ်ဘူးဘာဘရဲ့။ ဘာဘသဘောပဲ၊ ဖေဖေ့ဆီမှာ ပန်းချီလက်ရာကောင်းကောင်းတွေရှိတယ်လေ၊ စာအုပ်တိုက်ကိုလိုက်ခဲ့ပေါ့"

"အေး. . . ဒီညနေပဲ ငါတို့သွားကြတာပေါ့။ မင်းတို့လိုက်ဦးမှာလား"

"လိုက်မှာပေါ့။ ရှိတာမှ ဒီသူငယ်ချင်းငါးယောက်ထဲဟာ။ ညမကွဲ သိုက်မပျက်လိုက်ကြမယ်ကွယ့်. . . ဘာဘနောက်ကို"

ရယ်ရယ်မောမောဖြင့်ပင် ကားနှစ်စီးဖြင့် အနှင်းဖေဖေ၏မဂ္ဂဇင်းတိုက်ကိုရောက်ခဲ့ရလေ၏။ အနှင်းက မဂ္ဂဇင်းတွေမှာဆွဲလေ့ရှိသည့်ပန်းချီလက်ရာပုံများကို တစ်ခုချင်း စိတ်ရှည်လက်ရှည်ရွေးချယ်ပြပါသည်။

ကျွန်တော်ကလည်း စိတ်ကြိုက်ပုံလက်ရာကိုရှာနေသဖြင့် ကျန်သူငယ်ချင်းသုံးယောက်က ကျွန်တော်တို့ကိုစိတ်မရှည်ဘဲ ပွစိပွစိရရွတ်ကြလေ၏။ ကျွန်တော်ကတော့ ကိုယ်အဖြစ်ချင်ဆုံးဆန္ဒအတွက် အချိန်ယူကာ စေ့စေ့စပ်စပ်လိုက်ရှာခဲ့တာပင်။ ညမှောင်ခါနီးမှ ကျွန်တော့်စိတ်ကြိုက်ပန်းချီလက်ရာကို ရွေးချယ်ရရှိခဲ့လေ၏။

မဂ္ဂဇင်းအတွင်း၌ပင်ဖြစ်သော်လည်း သဘာဝပုံများကို ဖြစ်သလိုဆွဲထားခြင်းမျိုးမဟုတ်ဘဲ ဇာတ်လမ်းနှင့်လိုက်ဖက်အောင် သေသေချာချာစိတ်ရှည်လက်ရှည်ဆွဲထားခြင်းမို့ ကျွန်တော်နှစ်ခြိုက်ခြင်းဖြစ်၏။ ပုံတိုင်း၏အောက်ခြေတွင် 'မိုးသက်ငြိမ်' ဟုရေးသားထားသည့်လက်ရေးသည်လည်း ကျွန်တော်လိုချင်သည့်ပုံစံလက်ရေးမျိုးပင်ဖြစ်သည်။

"အနှင်းရေ. . . ဒီဟာလေးကြိုက်တယ်"

"ဟင်. . . ဘာဘကလည်း ကြိုက်မယ့်ကြိုက်တော့ တကယ့်ဗိတ်ဒိတ်ကြဲလက်ရာကိုမှကြိုက်ရတာယ်လို့"

"ဘာဖြစ်လို့လဲအနှင်းရဲ့"

"သူ့ပုံတွေတော့ နှင်သိမှာပေါ့ဘာဘရယ်။ ကဲပေး. . . ဖေဖေ့ကို



www.burmeseclassic.com

www.burmeseclassic.com



သွားပြကြစို့"

ကျွန်တော်နှင့်အနှင်းက ဦးမင်းလွင်၏ရုံးခန်းထဲသို့ဝင်၍ ပုံတွေကို ပြလိုက်ကြ၏။

"အင်း. . . သားတို့ကြိုက်တဲ့ပန်းချီဆရာက အန်ကယ်နဲ့တော်တော်လေးတော့ရင်းနှီးပါတယ်။ ဒါပေမဲ့ သူက ပေါင်းရသင်းရခက်တဲ့လူပဲ။ အန်ကယ် သူ့လိပ်စာရေးပေးလိုက်မယ်။ အန်ကယ့်နာမည်ပြောပြပြီး အကူအညီတောင်းကြည့်ပေါ့။ မဖြစ်ရင်တော့ တခြားတစ်ယောက်ထပ်ရှာပေတော့"

အန်ကယ်ဦးမင်းလွင်ပေးသောလိပ်စာကိုယူ၍ ကျောင်းပိတ်ရက်တစ်ရက်မှာတော့ ကျွန်တော်တို့အုပ်စု ပန်းချီဆရာ၏အိမ်သို့ စိတ်အားထက်သန်စွာ သွားခဲ့ကြပါသည်။

'မိုးမခမြို့' ဟု နာမည်တပ်ထားသည့်ခြံဝင်းအတွင်း၌ သစ်ရိုပ်ဝါးရိပ်တို့အုပ်ဆိုင်းလျက် အေးစိမ့်နေ၏။ စီးလာသည့်ကားနှစ်စီးလုံးကို မြေညီ၌ပင်ရပ်ထားခဲ့ပြီး ကုန်းမြင့်ပေါ်သို့ မြေလှေကားထစ်တို့ကို တစ်ထစ်ချင်းနင်း၍ တက်ခဲ့ကြသည်။ မိုးရာသီကိုအရမ်းမုန်းကြသည့် ကျွန်တော်တို့အုပ်စုသည် ရာသီဥတု၏စွတ်စိုမှုကို ကျိတ်မှိတ်သည်းခံလျက် စကားတပြောပြောနှင့် လျှောက်ခဲ့ကြ၏။ လှေကားထစ်တို့က မိုးရေကြောင့် ချွဲကျိနေခြင်းမရှိဘဲ မြေသားက ကျစ်လျစ်ခိုင်မာနေတာမို့ တော်သေးသည်။

"ပန်းချီဆရာက ဘယ်လိုပုံမှန်းမသိရသေးဘူး။ အိမ်ဆောက်ထားတာကတော့ တကယ့်ကဗျာဆန်ဆန်ပဲ။ ကြည့်ပါဦး. . . လှေကားထစ်ပေါင်း သုံးဆယ်ကျော်ကိုတက်ခဲ့ပြီးမှ သူ့ရဲ့သစ်သားအိမ်လေးဆီကိုရောက်တာ"

"တော်ပါ. . . ဝေယံရယ်။ မောရတဲ့ကြားထဲ လျှာကရှည်ပြန်ပြီ။ နင်ဟာလေ. သောကြာသားလည်းမဟုတ်ဘဲ အရမ်းစကားများတယ်"

"အဲဒါ အနှင်းပဲ သင်ပေးထားတာလေ"





"နင်နော်. . . ငါ နင့်အဖေနဲ့ လာတိုင်ပြောမှာ"

"ပြောရင်လည်း စောစောပြောထားလေ။ ဒါမှ ဟောက်စ်ဆင်းတာနဲ့ Wedding စီစဉ်လို့ရမှာ"

"ဝေယံနော်. . . ပြောနေတဲ့ကြားက"

"ရှူး! အိမ်ဝရောက်နေပြီ။ စကားမများကြနဲ့"

ကျွန်တော်က အုပ်စုကိုထိန်းလိုက်ပြီး သစ်သားလှေကားသုံးထစ်ကိုတက်ကာ အိမ်ထဲသို့ အသံလှမ်းပြုလိုက်ပါသည်။

"အိမ်ရှင်တို့. . . အိမ်ရှင်တို့ ရှိပါသလားခင်ဗျာ"

တိတ်ဆိတ်နေသောအိမ်ထဲမှ လှုပ်ရှားသံမဲ့စွာ ငြိမ်သက်နေ၏။ မိုးအေးအေးနှင့်မို့ အိပ်များပျော်နေသလားဟုတွေးလိုက်မိသည်။

"ဟာ. . . တံခါးကိုတွန်းကြည့်ပါလား"

နှင်းဝေလွင်စကားကြောင့် သံဇကာတံခါးကိုအသာတွန်းမိစဉ် ကျွီခနဲအသံနှင့်အတူ တံခါးက ပွင့်သွားလေသည်။

"ဘယ်သူမှမရှိဘူးထင်တယ်"

ကျွန်တော်က တီးတိုးရေရွတ်လိုက်ပြီး အထဲသို့လှမ်းဝင်စဉ် ခြေဖဝါးမှာ ဖုန်မှုန့်တို့က အရင်ဆုံးကပ်ငြိလေ၏။ ညှော်ခန်းရှိ ပြတင်းပေါက်နှစ်ပေါက်ကိုဖွင့်လိုက်တော့ မှောင်နေသည့်အိမ်လေးအတွင်းသို့ ပြတင်းဝမှဝင်လာသည့်အလင်းဖြင့် လင်းလင်းထင်းထင်းရှိသွားပါသည်။ မကြာသေးမီကမှ လက်စသတ်ရေးခြယ် sign ထိုးထားသည့် ဆေးမခြောက်သေးသောပန်းချီကားတစ်ချပ်ကို စတန်းပေါ်၌တွေ့ရလေသည်။ ကရုဏာစိတ်တို့ ပြည့်ဝနေသည့် မျက်လုံးတစ်စုံသည် တကယ့်သက်ရှိလူသားတစ်ယောက်၏မျက်လုံးများလို ပန်းချီကားပေါ်၌ ရှိနေလေသည်။ အလင်းနှင့်အမှောင် ရိုးတိုးရိပ်တိတ်ကြားမှာ မျက်လုံးနှစ်လုံးကိုရေးဆွဲထားပုံက စိတ္တဇဆန်ဆန်ပင်။ အောက်ခြေ၌ 'တောင့်တခြင်း'ဟုအမည်တပ်ထား၏။

ကျွန်တော်တို့အုပ်စု ပန်းချီကားထဲစိတ်ဝင်စားနေချိန်၌ နောက်



www.burmeseclassic.com

www.burmeseclassic.com



ကျောဘက်မှ တိုးလျှောသောခြေသံကို ရုပ်ခနဲကြားလိုက်ရလေသည်။

"မင်းတို့ဘယ်သူတွေလဲ။ ခွင့်မတောင်းဘဲ ဘာကြောင့် ငါ့အိမ်ကိုရောက်နေကြတာလဲ"

အာမေဍိတ်သံပြိုင်တူဖြင့် လှည့်ကြည့်လိုက်ကြစဉ် ရုပ်အင်္ကျီလက်ရှည်ကို ကြယ်သီးအစေ့တပ်ထားပြီး ပြောင်ဝီလုံချည်ကိုဝတ်ဆင်ထားသည့်အမျိုးသမီးတစ်ဦးကို တွေ့လိုက်ရလေသည်။

မိုးရေထဲ အဆောင်းမပါဘဲသွားသောကြောင့် သူမ၏ဦးခေါင်းဆီမှ မိုးရေများက တတောက်တောက်စီးကျနေ၏။ သွယ်လျသည့်မျက်နှာထက်ဝယ် ကိုင်းမည်းမည်းကြီးရှိထားသည့် ပါဝါမျက်မှန်ထူထူတစ်လက်ကို တပ်ဆင်ထားလေသည်။ နှင်းဝေလွင်က အရင်ဆုံးသတိဝင်သွားသေး၏။

"အနှင်း. . . အနှင်းက ဦးမင်းလွင်ရဲ့သမီးပါ"

"ဪ. . . ဪ. . . ဘာကိစ္စရှိလို့လဲ"

"အနှင်းတို့ ခဏထိုင်မယ်နော်. မမ။ အနှင်းတို့ပြောမယ့်ကိစ္စက နည်းနည်းကြာမှာမို့ပါ"

သူမ ဆတ်ခနဲခေါင်းညိတ်ပြလိုက်သဖြင့် ကျွန်တော်တို့အုပ်စု ဖုန်မှုန့်တို့တင်နေသည့်ကုလားထိုင်များထက်၌ ထိုင်လိုက်ကြ၏။ အရာရာကိုရွံတတ်သောကျွန်တော့်အတွက်တော့ စိတ်အိုက်ညစ်ညူးစရာကောင်းလှသည်မှာအမှန်ပင်။

"ဉာဏ. . . နင်ပြောလေ"

အနှင်းက ကျွန်တော့်ကိုဦးတည်ပေးလေပြီ။

ကျွန်တော်က သူမကို ခပ်ရဲရဲပင်ကြည့်၍ ပြောလိုက်ပါ၏။

"ဒီလိုပါ. . . ကျွန်တော်တို့ အလုပ်တစ်ခုအပ်ချင်လို့ပါ"

"ဘာလဲ"

"ကဗျာစာအုပ်ထုတ်ဖို့ပါ။ အဖုံးမှာရော အတွင်းမှာပါ ပန်းချီပုံလေးတွေနဲ့လေ။ ပြီးတော့ စာလုံးတွေကိုလည်း ပန်းချီလက်ရေးနဲ့ပဲ လို





ချင်ပါတယ်။ အဲဒီအတွက် ဉာဏ်ပူဇော်ခ ထိုက်ထိုက်တန်တန်ချီးမြှင့်မှာပါ"

"နေဦး. . . မင်းနာမည်ဘယ်သူ"

"ကျွန်တော် မင်းဉာဏပါ"

"ဟုတ်ပြီ. . . မင်းဉာဏ. . . ငါနဲ့စကားပြောရင် ငွေကြေးကိစ္စသည့်မပြောပါနဲ့၊ ငါမကြိုက်ဘူး။ မင်းသိထားဖို့က ငါဟာ စီးပွားရေးသမားတစ်ယောက်မဟုတ်ဘူး။ ငွေပေးပြီးလုပ်လို့ရတဲ့လူတွေဆီမှာပဲ မင်းတို့အလုပ်သွားအပ်ပါ"

"မဟုတ်ဘူး. . . ကျွန်တော်ဆိုလိုတာက"

"အနှင်းတောင်းပန်ပါတယ် မမ။ ကျေးဇူးပြုပြီး အနှင်းတို့အပ်တဲ့အလုပ်ကို မမလက်ခံပေးပါ။ အနှင်းတို့သူငယ်ချင်းတွေ အချိန်မရတဲ့ကြားကလုပ်ရတဲ့အလုပ်မို့ မပျက်စေချင်ဘူး။ ဉာဏအပြောမတတ်တာကို ခွင့်လွှတ်ပေးပါမမရယ်. . . နော်"

နှင်းဝေလွင်စကားကြောင့် သူမ ခေတ္တငြိမ်သက်သွားရင်း သက်ပြင်းတစ်ချက်ကို လေးလေးပင်ပင်ချလိုက်လေ၏။

"ကောင်းပြီလေ. . . ဦးမင်းလွင်ရဲ့မျက်နှာကြောင့် ငါလက်ခံလိုက်မယ်။ မင်းတို့ဘယ်တော့လာယူမှာလဲ"

"မမအချိန်ကြိုက်သလောက်ယူပါ။ အနှင်းတို့စောင့်နိုင်ပါတယ်။ အလှဆုံးနဲ့အကောင်းဆုံးအဖြစ်ထုတ်ဝေခွင့်ရရင် အနှင်းတို့အတွက်ပြည့်စုံပါပြီ"

"ဒါဆိုရင် အချိန်ဘယ်လောက်ကြာမလဲအတိအကျမပြောတော့ဘူး။ ပြီးတာနဲ့ ဦးမင်းလွင်ကို ငါအကြောင်းကြားလိုက်မယ်"

"ဟုတ်ကဲ့. . . မမကို အနှင်းတို့ကျေးဇူးအများကြီးတင်ပါတယ်"

"မလိုပါဘူး"

"ကျွန်တော့်မျက်နှာဖုံးပုံမှာ ခုံတန်းပြာလေးရယ်၊ လွယ်အိတ်ဖြူလေးရယ်၊ ဒိုင်ယာရီစာအုပ်ဖေါ်မှာ ခပ်စောင်းစောင်းလေး တင်ထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



နှင်းဆီတစ်ပွင့်ရယ်၊ ပြီးတော့ ဘောပင်အနက်လေးကို ဖွင့်လျက်သားလေးတင်ထားတဲ့ပုံ လိုချင်ပါတယ်''

''ရမယ်. . . စိတ်ကြိုက်ဖြစ်စေရမှာပါ။ မင်းတို့အားလုံးပြန်နိုင်ပြီ''

ကျွန်တော်တို့ စိတ်ကသိကအောင့်ဖြင့် ထပြန်လာခဲ့ရလေသည်။ ထိုနေ့သည် သူမနှင့်စတင်ဆုံတွေ့ခဲ့ရသော ပထမဦးဆုံးရက်ဖြစ်လေ၏။



BURMESE CLASSIC .com

## အခန်း (၂)

ကားကိုပါကင်ထိုးလိုက်ပြီး အောက်ဆင်း၍သော့ခတ်နေစဉ် စလွယ်အဖြူလေးတစ်စီးက ကျွန်တော့်ကားဘေးနေရာလပ်ကို back ဆုတ်၍ ဝင်လာ၏။ ခွမ်းခနဲအသံနှင့်အတူ သူ့ကားနောက်ပိုင်းက ကျွန်တော့်ကား အရှေ့မီးလုံးကို ဝင်ဆောင့်လေသည်။

''ဟာ. . . သွားပါပြီ''

ကားပေါ်မှ မျက်လုံးဝိုင်းဝိုင်း၊ နှာတံချွန်ချွန်၊ နှုတ်ခမ်းပါးပါးနှင့် နှင်းမိမရုပ်လေးလို ဆံပင်ခွေခွေလေးများဖြင့် ကောင်မလေးတစ်ယောက် ကပျာကယာဆင်းလာ၏။ မိန်းကလေးဖြစ်နေတာကြောင့် ကျွန်တော့် ဒေါသကို တစ်ထစ်လျှော့လိုက်ရသည်။

''ဘာဖြစ်သွားလဲဟင်''

''ဒီမှာလေ. ရှေ့မီးသီးကွဲသွားတာ မင်းမမြင်ဘူးလား''

ကောင်မလေးက မီးလုံးကွဲသည့်နေရာကို ငုံ့ကြည့်လိုက်ပြီး



www.burmeseclassic.com

www.burmeseclassic.com



မျက်လုံးလေးပြူးသွားလေသည်။

"ဒုက္ခပါပဲ"

"ဟာ. . . တိုက်တုန်းကတိုက်ပြီးမှ ဒုက္ခ မတနဲ့လေ"

"မဟုတ်ပါဘူး။ လှဲ့ဝါပြောချင်တာက ဒီကိစ္စ ဒယ်ဒီသိသွားရင် ကားကိုပြန်သိမ်းသွားမှာစိုးလို့ပါ"

"မကျွမ်းကျင်ရင် ဘာဖြစ်လို့မောင်းရသလဲကွ။ ဒီလောက်နေရာ အကျယ်ကြီးကိုတောင် ဝင်မရပ်တတ်ရင် မြို့ထဲလိုနေရာကျဉ်းကျဉ်း လေးမှာ မင်းဘယ်လိုလုပ်မလဲ"

"လှဲ့ဝါ. . . ပြန်လျော်ပေးမှာပါ့ ကိုမင်းရယ်"

"ဘာ!"

"ပြန်လျော်ပေးမယ်လို့ ပြောနေဟာလေ"

"ကျွတ်"

ကျွန်တော်ဘာမှမပြောဘဲ ထွက်လာခဲ့၏။ ဒီလုတဲ့ပတာကောင်မ လေးက ကျွန်တော့်နာမည်ကို ဘယ်တုန်းကသိနေသလဲ။ ကျွန်တော် မတွေးတတ်ပါ။ ကျွန်တော်တို့အုပ်စုထဲမှာ ဝေယံတစ်ယောက်သာ ဟို စပ်စပ်ဒီစပ်စပ်လုပ်တတ်၍ နာမည်ပိုထွက်ပါ၏။ ကျန်လူတွေက ခပ် ငြိမ်ငြိမ်အေးအေးတွေပဲမို့ လူသိပ်မသိကြပါချေ။

ရယ်မောသံတွေနှင့်အတူ အခန်းထဲဝင်လာသည့်ကောင်မလေး တစ်အုပ်က ကျွန်တော်တို့ရှေ့ခုံမှာ နေရာယူလိုက်ကြ၏။ ကျွန်တော်နှင့် အနှင်းက စာမသင်သေးမီ ကဗျာစာအုပ်အကြောင်းကို တီးတိုးတိုင်ပင် နေမိသည်။

"တစ်ရက်လောက် သွားကြည့်ချင်လိုက်တာအနှင်းရာ"

"ဟယ်. . . ဉာဏကလည်း၊ ပြီးရင် သူပြောမယ်လို့မှာလိုက် သားနဲ့။ ဘယ်လိုဖြစ်နေတာလဲ"

"ဘာပဲဖြစ်ဖြစ် ငါသိပ်တွေ့ချင်တာဟ"

"ဟင်. . . မမိုးသက်ငြိမ်ကိုလား"





"ဟာ. . . မဟုတ်ပါဘူး အနှင်းရဲ့။ ကဗျာပုံလေးတွေကိုပါ"

မိုးထက်တို့နှစ်ယောက်နှင့်အတူ ဝေယံပါ အတန်းထဲ ဝင်လာ တော့ ထိုမိန်းကလေးအုပ်စုက ဝေယံကိုလက်ယပ်ခေါ်ရင်း တီးတိုး စကားပြောနေကြ၏။

"စာသိပ်မကြိုးစားပါနဲ့ ဉာဏရာ။ စာမေးပွဲက အဝေးကြီးလိုပါ သေးတယ်ကွ"

"ဒါတော့ မင်းပြောမှလား မိုးထက်ရဲ့။ ငါသိတာပဲ"

"ဉာဏရေ. . . မင်း address နဲ့ Handphone နံပါတ်တောင်း နေလို့ ပေးလိုက်ရမလား"

ဝေယံက ကောင်မလေးအုပ်စုနားမှာရပ်ရင်း လှမ်းအော်လိုက် တော့ ကျွန်တော်က ခေါင်းကိုခါယမ်းပြလိုက်ပါ၏။

"ကဲ. . . မပေးရပါဘူးတဲ့ဗျာ"

"အဲဒါဝေယံကလည်း အားကိုမကိုးရဘူး၊ လှဲ့ဝါက အကြောင်း ရှိလို့ပါဆို"

"ဘာအကြောင်းလဲ၊ နင်ငါ့သူငယ်ချင်းကို မရိုးမသား မကြံစည် နဲ့နော်"

"ကြည့်. . . အကောင်းပြောနေတာပါဆို"

"ဝေယံရေ. . . မနေ့က Physics ပုစ္ဆာပြန်တွက်ပြမယ်တဲ့။ ဉာဏခေါ်နေပြီ. . . လာတော့"

"သြော်. . . အနှင်းရယ်။ ငါ့ကို အူတိုရင်တိုတယ်လို့ ပွင့်ပွင့် လင်းလင်းသာပြောလိုက်ပါ။ ဉာဏနာမည်တပ်စရာမလိုပါဘူး"

"ဟယ်. . . ဝေယံနော်။ နင့်အသံပြဲကြီးနဲ့ အရှက်မရှိလျှောက် ပြောမနေနဲ့"

"အနှင်းပဲ အဲဒီအသံလေးက သာယာလိုက်တာဆို။ ခုတော့ ငြိုငြင်တတ်ပြီလား"

"ခွေးစုတ်ရေ. . . မလာလည်းနေဟော့၊ နင်မပါလေ, ငါတို့တာ



www.burmeseclassic.com

www.burmeseclassic.com



ကို ကောင်းကောင်းလုပ်ရလေပဲ''

''လာပါပြီ. . . လာပါပြီ''

ကျွန်တော်တို့ငါးယောက်သားပြုံ၍ Physics ပုစ္ဆာတွေကိုပြန်တွက်ကြ၏။ အားလုံးထဲမှာ ကျွန်တော်က ဉာဏ်အကောင်းဆုံးမို့ အုပ်စုကို အမြဲဦးဆောင်ခဲ့ရလေသည်။ ထမင်းစားချိန် Canteen မှာ ဝိုင်းဖွဲ့ထိုင်တော့ ကျွန်တော့်ကားမီးလုံးကိုခွဲပစ်လိုက်သည့် ကောင်မလေးကပါ ကျွန်တော်တို့ဝိုင်းမှာ ဝင်ထိုင်လိုက်၏။

''အနှင်းရယ်. . . လှဲ့ဝါကို တစ်ခုလောက်ကူညီပါ''

''ဟင်. . . ဘာကိုလဲ''

''လှဲ့ဝါကြောင့် ကိုမင်းရဲ့ကားရှေ့မီးသီးကွဲသွားတာ. . . အဲဒါ အလျော်ပေးချင်လို့ address တောင်းနေတာကို၊ ကိုမင်းက ပေးမှ မပေးဘဲ''

''နေပါစေ. . . ကျွန်တော် မယူချင်ပါဘူး''

''လှဲ့ဝါစိတ်မကောင်းဖြစ်အောင် မလုပ်ပါနဲ့ ကိုမင်းရယ်။ လှဲ့ဝါအိမ်က သိသွားမှာစိုးလို့ပါ''

''ကျွန်တော်မတိုင်ပါဘူးလှဲ့ဝါ၊ ဒါဆိုကျေနပ်ပြီ။ ကဲ. . . နှင်းရေ ငါ့ကား dashboard ထဲမှာ ပန်းသီးထုပ်ရှိတယ်။ အဲဒါ သွားယူပြီး ရေဆေးပေးနော်။ စားကြရအောင်''

အနှင်းက ထမင်းချိုင့်ပိတ်ပြီး ကျွန်တော့်ကားသော့ကိုယူ၍ ထွက်သွားတော့ ကောင်မလေးက ကျွန်တော်တို့ဝိုင်းမှာပင် ဆက်ထိုင်နေလေ၏။

''လှဲ့ဝါနာမည်က. . . နုလှဲ့ဝါပါ''

''ဟာ. . . ဒါဆို ဒဂုံ(၂)က အောင်လာတာလား''

''ဟုတ်တယ်. ကိုဆွေကြားဖူးလို့လား''

''အေး. . . (၂)က All D နဲ့အောင်တဲ့နာမည်တွေ ငါမှတ်ထားတာ''





''လှဲ့ဝါလည်း ကိုဆွေတို့အုပ်စုထဲပါချင်တယ်လေ။ ဖြစ်မလား''

မြတ်ဆွေက ကျွန်တော့်ကိုလှည့်ကြည့်လိုက်သဖြင့် ကျွန်တော်က ပြန်ပြောလိုက်ရပါသည်။

''ရပါတယ်. . . ဘာမှမဖြစ်ပါဘူး''

လှဲ့ဝါမျက်နှာလေး ပြုံးသွားလေ၏။

ထိုစဉ်တုန်းကတော့ ကျွန်တော်နှင့်ရင်းနှီးချင်၍ နုလှဲ့ဝါ ဖာတ်လမ်းအစရှာခဲ့သည်ကို ကျွန်တော်လုံးဝမရိပ်မိခဲ့ချေ။ မိန်းကလေးချင်းဖြစ်သည့်အနှင်းက ဦးစွာရိပ်မိသွားပြီးမှ ကျန်လူတွေအားလုံး သိခဲ့ရတာဖြစ်လေ၏။

အဲဒီနေ့ အိမ်ကိုပြန်တော့ လှဲ့ဝါကားက ကျွန်တော့်ကားနောက်မှာ တောက်လျှောက်ကြီးလိုက်ပါလာလေ၏။ ကျွန်တော်က တစ်လမ်းတည်းနေသည့်မိုးထက်ကိုအရင်ဝင်ပို့ပြီးမှ ကျွန်တော့်အိမ်ကိုပြန်ခဲ့လေသည်။ အိမ်ရှေ့မှာ စောင့်ကြိုနေသည့်မေမေက နောက်မှပါလာသည့်ကားကြောင့် စိတ်ဝင်တစားရပ်ကြည့်နေ၏။

''ဘယ်သူ့ကားလဲ သား''

''သူငယ်ချင်းပါ''

လှဲ့ဝါ ကားပေါ်မှဆင်းလာတော့ ဘယ်အချိန်က ဝယ်ခဲ့မှန်းမသိသည့် ပန်းသီးနှင့် ထောပတ်သီးထုပ်ကိုပါ ဆွဲလာလေသည်။

''မင်္ဂလာပါအန်တီ။ သမီးနာမည်က နုလှဲ့ဝါပါ''

''သြော်. . . မင်္ဂလာပါကွယ်။ လာ,သမီး၊ အိမ်ထဲဝင်ဦးနော်''

လှဲ့ဝါက မေမေနှင့်အတူ အိမ်ထဲဝင်၍ ဧည့်ခန်းမှာထိုင်လိုက်၏။ မေမေ့ကို သစ်သီးထုပ်ပေးလိုက်တာကိုမြင်သော်လည်း ကျွန်တော် ဘာမှမပြောဘဲ အပေါ်ထပ်အိပ်ခန်းမှာ ရေချိုးပြီးမှ ပြန်ဆင်းလာခဲ့သည်။

''ဆာလိုက်တာမေမေရာ။ ဘာဟင်းချက်လဲ''

''သားပဲ ဝက်သားပေါင်းစားချင်တယ်ဆို, မေမေချက်ထားတယ်။ ဝက်နံရိုးနဲ့ မုန်ညင်းရွက်ဟင်းချိုရော. . . သမီးပါ တစ်ခါတည်းဝင်စား



www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါလားနော်"

"ဟင်. . . နေပါစေ.အန်တီ. အားနာစရာကြီး။ သမီး ခဏနေ ပြန်တော့မှာပါ"

"အားမနာပါနဲ့သမီးရယ်။ လာ. . . သူငယ်ချင်းနဲ့အတူ စားရမှာပဲ။ အနှင်းရော လိုက်မလာဘူးလား သား"

"ဒီ Sunday မှ စာလာကျက်ကြမှာ မေမေ"

"ဟုတ်လား. . . အဲဒီနေ့ မေမေတစ်ခုခုချက်ပေးတာပေါ့။ လာ သမီး"

မေမေက လှဲဝါလက်ကလေးကိုဆွဲ၍ ထမင်းစားခန်းကိုဆွဲခေါ် လာခဲ့၏။ ကျွန်တော်က အလိုက်သင့်စကားပြန်ပြောကာ ထမင်းကိုစား နေပါသည်။

"သားလိုချင်တဲ့ Dictionary ရှာလို့ရပြီလား"

"မရသေးဘူးမေမေ၊ အသစ်က ဟိုက.မှာမှရမှာ၊ ဇော်ဇော ဆယ် အဟောင်းပဲဖြစ်ဖြစ်ငှားလို့ရရင် သိပ်ကောင်းမှာပဲ။ ကျွန်တော့် အတွက် အဲဒါရမှဖြစ်မှာ၊ နို့မို့မလွယ်ဘူး"

"သား.လေးလေးကို ဖုန်းနဲ့လှမ်းမှာထားဦးလေ"

"ဟုတ်ကဲ့"

"သမီး ထည့်စားလေ။ ဒါက ငါးပတ်မွှေ. . သမီးရဲ့။ ဒီမှာ အစိမ်းကြော်ချိုချဉ်လေး၊ ပုစွန်ဆီပြန်ပါ စား.သမီး။ သမီးက အနှင်း ထက်တောင် ပိန်ပါလား"

"အဟင်း. . . ဟုတ်ကဲ့။ သမီးက အစားချေးများတယ် အန်တီ ရဲ့။ အဲဒါကြောင့်ပါ"

"ဟယ်. . . အိမ်ကဟင်းတွေရော စားလို့ဖြစ်ရဲ့လား။ သားက လည်း ဘာမှကြိုမပြောထားတော့ အန်တီလည်း စားနေကျဟင်းမျိုး ပဲချက်ဖြစ်တာ"

"စားလို့ကောင်းပါတယ်အန်တီ။ အိမ်မှာက ထမင်းချက်တွေ





အစပ်အဟပ်တည့်အောင် မချက်တတ်ကြတော့ ခံတွင်းမတွေ့ဘူး"

"သမီးမေမေက စီမံမပေးဘူးလား"

"မာမီက ဒယ်ဒီနဲ့အတူအလုပ်ဆင်းလို့ မအားဘူးအန်တီရဲ့"

"သမီးဒယ်ဒီက ဘာလုပ်လို့လဲ"

"ဒယ်ဒီက Health Clinic မှာထိုင်တယ်အန်တီ။ နှလုံးအထူး ကုပါ"

"နှလုံးအထူးကုဆိုရင် သားဖေဖေသိချင်သိမှာ သမီးရဲ့။ နာမည် ကရော"

"ဒေါက်တာကျော်ခေါင်ပါ"

"ဟော.ဒါဆိုသိတယ်သမီးရဲ့။ နောက်အားတဲ့တစ်ရက် ဆုံကြ တာပေါ့နော်"

"ဟုတ်ကဲ့ပါ အန်တီ"

လှဲဝါပြန်သွားတော့ ကျွန်တော် အိပ်ခန်းထဲတန်းဝင်၍ ကျက် စရာမှတ်စရာတွေကိုလုပ်နေရင်း စိတ်က ကဗျာစာအုပ်ဆီလွင့်သွား၍ ခေါင်းကိုခါထုတ်လိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com





*Kindness in women, not their beauteous looks, shall win my love.*

*Shakespeare*

မိန်းမတွေရဲ့အတွင်းစိတ်ကြင်နာမှုကသာ ကျွန်တော့်မေတ္တာ၊ ကျွန်တော့်နှလုံးသားကို ရရှိနိုင်စေပါလိမ့်မယ်။ သူတို့ရဲ့အပေါ်ယံသွင်ပြင်အလှအပကတော့ ကျွန်တော့်ရဲ့မေတ္တာကိုရရှိလိမ့်မယ်မဟုတ်ပါဘူး။

ရှိတ်စပီးယား

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃ )

ဒီလိုနှင့် ကျွန်တော်တို့ သူမနှင့်မတွေ့ဖြစ်တဲ့ကာလ တော်တော်လေးကြာသွားပါသည်။ ကျန်လေးယောက်စိတ်ထဲမှာတော့ မည်သို့ရှိမည်မှန်းမသိ။ ကျွန်တော်ကတော့ ကျွန်တော်ကိုယ်တိုင် ဦးဆောင်ရေးသားသည့်စာအုပ်လေးမို့ သိပ်ကို crazy ဖြစ်လွန်းပါ၏။ သူမ ဘယ်လိုပုံလေးတို့ဖြင့်ရေးပေးမှာလဲဟု သွားကြည့်ချင်သည့်စိတ်တွေ မကြာခဏဖြစ်တတ်သလို၊ အသက်ရှူမွန်းကျပ်စေတဲ့ သူမ၏အိမ်လေးဆီသို့ နောက်ထပ်သွားဖို့ရန်လည်း သိစိတ်တို့က တွန့်ဆုတ်နေတတ်ပြန်ပါသည်။

ဒီကြားထဲ ကျွန်တော့်ကို အတင်းကြီးပတ်သက်ချင်နေသည့် နှလဲ့ဝါကြောင့်လည်း ဘာစ်မျိုးစိတ်ညစ်ရပြန်၏။ အဖေချင်းက နဂိုကတည်းက ရင်းနှီးပြီးသားမို့ လဲ့ဝါက ကျွန်တော့်အပေါ် ပိုမိုရဲတင်းစွာဆက်ဆံလာလေသည်။ သူငယ်ချင်းတွေကတော့ ကျွန်တော့်အပေါ်



www.burmeseclassic.com

www.burmeseclassic.com



ရာသီဥတု၏ချမ်းစိမ့်မှုဒဏ်ကို လျစ်လျူရှုကာ ဖွင့်ထားသောပြူတင်းပေါက်မှတစ်ဆင့် အဆုံးမရှိတွေးတောလျက် ငေးမောနေမိ၏။ အပြင်မှာ မိုးစက်မိုးပေါက်တို့ တဖြောက်ဖြောက်နှင့် ကြွေကျနေလေသည်။ ခြံပြင်လမ်းမထက်မှာ ဥဒဟိုသွားလာနေသောလူတို့က ထီးကိုယ်စီဆောင်းလျက်သား။ ထိုလူများကိုငေးကြည့်နေစဉ်ခဏ မိုးရေထဲမှာ ဘယ်တော့မှထီးဆောင်းခြင်းမရှိဘဲ လျှောက်သွားလေ့ရှိသည့်သူမကို ရင်ထဲမှာနင့်နင့်သည်းသည်း သတိရတမ်းတမိ၏။ ယခုအချိန်မှာရော ဒီလိုပဲ သူမ သွားလာနေမှာပဲလား။ ဒါမှမဟုတ် သူမ၏အိမ်လေးအတွင်းမှာ ပန်းချီကားတွေဆွဲနေမည်လား။ အဲဒီလိုမှမဟုတ်ခဲ့ရင် သူမ သိပ်နှစ်ခြိုက်သည့် နိုင်ငံခြားစာရေးဆရာများ၏ လျှို့ဝှက်သည်းဖိုဝတ္ထုတွေကို ထိုင်ဖတ်နေမလား။ ဘာပဲဖြစ်ဖြစ် တစ်ခုခုကိုတော့ သူမ ပြုလုပ်နေမည်မှာအမှန်ပင်။

**မှေပဒေသာစာပေ**

www.burmeseclassic.com

www.burmeseclassic.com



အစစအရာရာ လိုက်လျောခင်မင်နေသည့်လဲ့ဝါကို ချစ်သူအဖြစ် ကျွန်တော့်ကိုရွေးချယ်စေချင်ကြ၏။

တကယ်ပါ. . . ကျွန်တော့်နှလုံးသားဟာ ဒီနေ့အထိ ငြိမ်ငြိမ်သက်သက်နဲ့ ကူခြေရနေတုန်းပါပဲ။ ကျွန်တော့်ဦးနှောက်ထဲမှာ ကျွန်တော်ဖြစ်ချင်တဲ့ကဗျာစာအုပ်ကိုစွဲကပဲ လှုပ်ကဲစွာခိုးမိုးနေ၍လားတော့မပြောတတ်ချေ။ Physics Lab အခန်းထဲမှာ သူငယ်ချင်းတွေပြောစကားကို မကြားသည့်အထိ ကျွန်တော့်စိတ်တွေ ပုံ့နံ့နေခဲ့တာသာကြည့်။

"ဟေ့ကောင် ဉာဏ၊ ဘာဖြစ်နေတာလဲ။ ဟိုမှာ လဲ့ဝါပြောနေတယ်လေ"

"အင်း. . . ဘာ. ဘာပြောလိုက်တာလဲ"

"ကိုမင်း.မတွက်ရင် Calculater ဒီဘက်ပေးလို့ ပြောတာ။ Calculater ကြီးကိုင်ပြီး ဘာတွေတွေးနေမှန်းလဲမသိဘူး"

"သွားပြီ. . . ဒီကောင်တော့ Exam ပြီးတာနဲ့ စိတ်ကျန်းမာရေးဆေး၏ ရောက်မှာပဲ"

"ဒါများ. . . ဘာခက်တာမှတ်လို့။ အဲဒီကျော့လည်း လဲ့ဝါက ကျောင်းပြီးရင် စိတ်ကျန်းမာရေးဆေးရုံမှာပဲ ဟောက်စ်ဆင်းရုံပေါ့"

"အာ. . . အနှင်းနော်။ မပြောကောင်းမဆိုကောင်း"

"ဟော. . . ဟော. . . ကောင်မလေး ရှက်ရှက်နဲ့ point တွေ များတွက်ကုန်ပြီဟေ့"

Table တစ်ခုလုံး တဝါးဝါးပွဲကျနေကြတော့ ကျွန်တော်က မျက်မှောင်ကြုတ်လျက် ရက်ပြုံးပြုံးလိုက်မိသလို၊ လဲ့ဝါ၏မျက်နှာလေးလည်း ပန်းသွေးရောင်ဖြာသွားလေ၏။ လဲ့ဝါမျက်နှာကို အမှတ်မထင်ကြည့်မိစဉ်ခဏ မိုးရေတို့စိုစွတ်နေသောဆံနွယ်ညိုတို့ကို ဖျတ်ခနဲမြင်ယောင်လိုက်မိစဉ် လက်ထဲမှဘောပင်က စားပွဲအောက်ကို ဒေါက်ခနဲပြုတ်ကျသွားသည်။ မိုးသက်ငြိမ်တဲ့အခုချိန် ခင်ဗျား ဘာဇာ့လုပ်နေမှာလဲ။





"ကိုမင်းရေ. . . ဒီ Sunday ကစပြီး စာခုကျက်တဲ့ဝိုင်းထဲ လဲ့ဝါပါ.ပါပြီနော်။ အဲဒီနေ့ ကိုမင်းသိပ်လိုချင်နေတဲ့အရာတစ်ခုကို လဲ့ဝါပေးမယ်"

"အမယ်! ဒိုင်လျှိုလေးနဲ့ပြောနေပြန်ပါပြီ။ အနှင်းတို့ကိုလည်းပေးသိဦးမှပေါ့ လဲ့ဝါရဲ့"

"အဲဒီနေ့ရောက်မှ အတူတူကြည့်ကြပေါ့ အနှင်းရယ်"

"တွေ့လား အနှင်း၊ ဘယ်လောက်စေတနာပိုတဲ့ သူငယ်ချင်းလေးလဲ။ အနှင်းများ. . . ငါ့အပေါ် ဒီလိုလေးသဘောထားရင် ဝေယံကို သေပျော်ပါပြီကွာ"

"ဝေယံနော်. . . အဲဒါတွေကြောင့် နင့်ကိုငါမယုံတာ။ ဘယ်သောအခါမှ တည်တည်ကြည်ကြည်မရှိဘူး။ ယောကျ်ားဆိုတာ ဆိုခဲ့ပေ မြဲစေတဲ့။ ကိုယ်ပြောတဲ့စကားတစ်ခွန်းကို ကိုယ်တာဝန်ယူရဲရတယ်။ ဉာဏတို့သုံးယောက်စလုံး တည်ငြိမ်သလောက် ငါတို့အုပ်စုထဲမှာ နင့်အပေါက်ဆုံးပဲ"

"အပြစ်တွေမြင်လှချည်လား အနှင်းရယ်။ ငါက ငါပြောတဲ့စကားကို အပြည့်အဝတာဝန်ယူတာပါနော်။ ဆယ်တန်းကတည်းက နင့်စကားနားထောင်ပြီး. . . အခု နင်နဲ့အတူ ကျောင်းတက်နေတာသက်သေပါဟာ။ စိတ်ချ. . . ဟောက်စ်ဆင်းပြီးဆိုတာနဲ့ လာရောက်တောင်းရမ်းယူမှာ သေချာပါတယ်"

"ကဲ. . . အရှက်က မရှိဦး"

"ဗုန်း! "

အနှင်းက ပုံနှိပ်စာအုပ်ဖြင့် ဝေယံ့ခေါင်းကို ထုချလိုက်သဖြင့် ကျွန်တော်တို့ ရယ်ဖြစ်ကြ၏။ ပျော်ပျော်နေတတ်၊ စနောက်တတ်သော်လည်း အနှင်းအပေါ် ဝေယံမေတ္တာရှိနေတာကို အားလုံးသိကြပါ၏။ ငယ်သူငယ်ချင်းလည်းဖြစ်၊ မိဘတွေကလည်း ရင်းနှီးပြီးသားမို့ ဝေယံနှင့် အနှင်းဟာ တစ်နေ့နေ့ လက်ထပ်ဖြစ်မည့်အတွဲဆိုတာ ဗေဒင်မေး



www.burmeseclassic.com

www.burmeseclassic.com



စရာ မလိုအပ်ပါချေ။

ကျွန်တော်တို့သုံးဦးစလုံးကတော့ အနုပညာကိုသာ တစိုက်မတ်မတ် စိတ်ထည့်ထားတာမို့ ရည်းစားထားဖို့ကိစ္စကို လုံးဝခေါင်းထဲမထည့်မိပေ။ မိုးထက်ကလည်း မိဘများမရှိတော့တာမို့ ညီမလေးကိုင်ကာ ချစ်သူမရှာဖြစ်ခဲ့။ မြတ်ဆွေကတော့ အောက်မှာ အငယ်သုံးယောက်ရှိသည်မို့ အချစ်ရေးကို ဦးစားမပေးခဲ့ပါချေ။ အားလုံးထဲမှာ ကျွန်တော်အပါအဝင် ဝေယံနှင့်အနှင်းရော လှဲ့ဝါပါ တစ်ဦးတည်းသောသားသမီးများဖြစ်ကြသလို မိဘများလည်း စီးပွားတောင့်တင်းကြတာမို့ ဤအခြေအနေကိုပေးခဲ့သော်ငြား ကျွန်တော်ကလည်း မိုးထက်တို့နည်းတူ ရင်ခုန်သံကို ရှာဖွေမတွေ့ခဲ့ပါချေ။

"ဉာဏ်ရေ. . . ညနေ အင်းဝ,ဝင်ဖြစ်လား"

"ဝင်မှာပေါ့"

"အဲဒါဆို ပိုင်ပိုင့်စာအုပ် ကူရှာပေးဦးနော်"

"အေးပါ"

"ဘာဝယ်မလို့လဲ. . . ဉာဏ်"

"ဒီလိုပဲ. . . လိုချင်တဲ့စာအုပ်တွေပေါ့"

"အဲဒါဆို စာပေလောက(၅)ဟာ ငါလိုချင်တဲ့စာအုပ်ပါဝင် ဝယ်ပေးခဲ့ပါကွာ။ ငါ နောက်တော့ ပိုက်ဆံပြန်ပေးပါ့မယ်"

"ဒါ့,အချင်းချင်းတွေကိုပြောစရာလား မြတ်ဆွေရာ"

"မင်းကိုမှာလိုက်တိုင်း မင်းက ပိုက်ဆံမှ ပြန်မယူတာကိုး၊ အားနာတာပေါ့ကွ"

"မင်းညီမအငယ်ဆုံးလေး. . . ဒီနှစ် ရှစ်တန်းနော်"

"အဲဒါ ဘာဖြစ်လဲ"

"ဩော်. . . အချောဆုံးလေးမို့ သတိရသွားတာပါ။ သူမဟုတ်လား၊ ဉာဏ်ကို ကိုကိုလို့ခေါ်တာလေ"

"ဟော့ကောင် ဝေယံ။ မင်း ပါလာပြန်ပြီနော်"





"ငါက ငါ့အတွက်ပြောတာ မဟုတ်ပါဘူးကွာ"

မြတ်ဆွေ ရှုံးရှုံးရဲ့ရဲ့ဖြစ်တော့ ဝေယံက တဟားဟားအော်ရယ်လိုက်သည်။ မိုးထက်က သူ့ညီမလေးကို ဘယ်လောက်စစ သည်းခံပေးမယ့် မြတ်ဆွေကတော့ မောင်နှမလေးယောက်မှာ အငယ်ဆုံးတစ်ယောက်သာပါသည့်ညီမလေးကို နည်းနည်းမှအထိမခံပေ။ စမှန်းသိလျက်နှင့်ကို သဝန်က တိုစမြဲမို့ ဝေယံ၏အကြောကို သူ့အခံရဆုံးပင်။

အင်းဝရှေ့မှာ ကားကိုရပ်လိုက်ပြီး အထဲဝင်ခဲ့၏။ အရင်ဆုံး မိုးထက်ညီမလေး ယဉ်မင်းပိုင် လိုချင်သည့် ဒေါ်ခင်မျိုးချစ်စာအုပ်နှင့် English to English Dictionary ကို အရင်ရှာပြီးမှ ကျွန်တော်လိုချင်သည့်စာအုပ်တွေကို စိတ်ရှည်ရှည်ဖြင့်ရှာရသည်။

အင်းဝကထွက်ပြီး စာပေလောက(၅)ထဲသို့ဝင်ရင်း မြတ်ဆွေမှာလိုက်သည့်စာအုပ်ကိုရှာနေစဉ် ကျွန်တော့်နောက်နားမှာ ရှမ်ပူနံ့သင်းသင်းလေးကိုရလိုက်၍ လှည့်ကြည့်လိုက်ပါသည်။ အမည်းနှင့်အဖြူစင်းရုပ်အင်္ကျီကို လုံချည်အနက်ပြောင်နှင့်ဝတ်ထားသည့်သူမက ဆံပင်တွေကို ဒီအတိုင်းချထားလေ၏။ ညီညာခြင်းမရှိသည့် ဆံနွယ်ညိုတွေကို ကျွန်တော်ငေးနေမိစဉ် သူမက မျက်မှန်ကိုင်း▯လေးကိုပင့်တင်၍ ဆရာဖေမြင့် စာအုပ်သုံးလေးအုပ်ကိုရွေးကာ ကောင်တာမှာ ငွေသွားရှင်းလေပြီ။

ကျွန်တော် ဒီတစ်ဖက်က ပတ်ထွက်တော့ ထောင့်ချိုးအကွယ်မှာ စာအုပ်ရွေးနေသည့်ကောင်မလေးတစ်ယောက်ကို ဝင်တိုးမိလေ၏။

"အို. . . ဘယ်လိုလဲ"

"ဆောရီး"

ကောင်မလေး၏လက်ထဲမှပြုတ်ကျသွားသည့်စာအုပ်ကို ကောက်ပေးပြီးထွက်လိုက်တော့ သူမက ငွေရှင်းပြီး ဆိုင်ထဲမှထွက်သွားလေ၏။ ကျွန်တော်က လက်ထဲမှစာအုပ်ကို မိုးထက်လက်ထဲသို့ ထိုးထည့်ကာ



www.burmeseclassic.com

www.burmeseclassic.com



သူမကိုအမှီလိုက်စဉ် သူမက Taxi ပေါ် တက်စီးသွားလေပြီ။ သက်ပြင်းတစ်ချက်ကို ခပ်ဆောင့်ဆောင့်ချ၍ ခြေလှမ်းကိုရပ်လိုက်တော့ အနောက်မှ မိုးထက် မီလာသည်။

"ဘာဖြစ်တာလဲ။ ဘယ်သူ့ကိုမြင်လိုက်လို့လဲ"

"ပန်းချီဆရာမ"

"ဟာ. . . ဒါများ ဉာဏာရာ၊ အသည်းအသန်"

"ငါ. . . စာအုပ်ပြီးပြီလား. မေးလိုက်မလို့ပါ"

"ပြီးရင် သူဆက်သွယ်မှာပေါ့ကွာ။ အရူး.မထစမ်းပါနဲ့"

ကျွန်တော်ခေါင်းကိုယမ်း၍ ကားဆီသို့ပြန်လျှောက်ကာ မောင်းထွက်ခဲ့၏။ လှည်းတန်းကားဂိတ်အရောက်မှာ ကျူရှင်အပြန် ကားရပ်စောင့်နေသည့်ပိုင်ပိုင့်ကို လှမ်းမြင်လိုက်ရသည်။ မိုးထက်က ဝယ်လာသည့်စာအုပ်တွေကိုလှန်လှောကြည့်နေ၍ သူ့ညီမလေးကိုသတိမထားမိပေ။ ပိုင်ပိုင့်နောက်နားမှာရပ်နေသည့် ကောင်လေးတစ်ယောက်က ပိုင်ပိုင့်နားကပ်၍ တတွတ်တွတ်ပြောနေသဖြင့် ပိုင်ပိုင့်မျက်နှာလေး မှုန်ကုပ်နေသည်။ bus ရပ်လိုက်တော့ ပိုင်ပိုင့်တက်ရန်ပြင်စဉ် ကောင်လေးက ပိုင်ပိုင့်ကျောပိုးအိတ်ကြိုးကို ဖျတ်ခနဲဆွဲထားလိုက်သည်။ ဘတ်ကျော်ကျော်မှာ ကားကိုထိုးရပ်၍ ကျွန်တော်, ကားပေါ်ဆင်းလိုက်၏။

"ဟေ့ကောင်. . . ဘာလုပ်ဦးမလို့လဲ"

"ဒီနား ခဏ"

ပိုင်ပိုင်က ကျွန်တော့်ကိုမြင်သွားသဖြင့် မျက်နှာလေးလန်းသွားလေသည်။

"ကိုကိုဉာဏ"

ပိုင်ပိုင့်နှုတ်မှခေါ်သံကြောင့် ကောင်လေးက အနည်းငယ် ခွာရပ်လိုက်သည်။ ပိုင်ပိုင်က ကျွန်တော့်ထံပြေးလာလေ၏။

"ဘာဖြစ်တာလဲ. . . ပိုင်ပိုင်"

"ကျူရှင်က တစ်ယောက်လေ၊ ဘာတွေမှန်းမသိပါဘူး။ နောက်





ကနေ တတွတ်တွတ်ပြောနေလို့ စိတ်ညစ်နေတာ"

"ကဲ. . . လာလာ"

"ကိုကိုရော"

"ကားပေါ်မှာ"

ပိုင်ပိုင့်ကို နောက်ခန်းတံခါးဖွင့်ပေးလျက် တက်နိုင်းလိုက်မှ မိုးထက်က တွေ့သွားပါ၏။

"ဟ. . . ညီမလေး အိမ်မပြန်သေးဘူးလား"

"ဒီနေ့အချိန်ပိုသင်လို့ နောက်ကျသွားတာကိုကိုရဲ့"

ပိုင်ပိုင်က အနောက်ကို ဆတ်ခနဲလှည့်ကြည့်လိုက်သဖြင့် မိုးထက်ကပါ ကားပြတင်းပေါက်မှ လှည့်ကြည့်ပြန်သည်။

"ဘာကိုကြည့်တာလဲပိုင်ပိုင်"

"ဟင့်အင်း. . . ဘာမှမဟုတ်ပါဘူး"

ကျွန်တော်က မိုးထက်၏ အူကြောင်ကြောင်ဟန်ကိုကြည့်ရင်း မအောင့်နိုင်ဘဲ ရယ်ချလိုက်မိသည်။

"ဘာကိုရယ်တာလဲ. . . ဉာဏရဲ့"

"အေး. . . မင်းညီမကို သူများသုတ်သွားတာတောင် သိမယ့်ကောင်မဟုတ်ဘူး။ ကိုယ့်ညီမတောင်မှ မတွေ့ဘူး။ ညံ့ပါ့. . . မိုးထက်ရာ"

"ဘာလဲ. . . ပိုင်ပိုင့်မှာ ချစ်သူရှိနေလို့လား"

"အာ. . . ပေါက်ကရ ဘာတွေလျှောက်ပြောနေတာလဲကိုကိုရဲ့"

"မသိဘူးလေ. . . ဉာဏပြောနေတာကိုး"

"အဲဒါတွေ မင်းနဲ့မြတ်ဆွေ ကွာတာပေါ့။ မြတ်ဆွေများ သူ့ညီမ ချွတ်လေးကို တွန့်တိုစိုးရိမ်လိုက်တာ နှစ်ယောက်မရှိဘူး"

"အံမာ. . . မိပိုင် ရည်းစားထားရဲထားကြည့်ပေါ့။ ဒီနှစ် ဆယ်တန်း မအောင်လို့ကတော့ ငါနဲ့အတွေ့ပဲ"

"မထားပါဘူးကိုကိုရာ။ ပိုင်ပိုင်က ကတိကို ဘယ်တော့မှမဖျက်



www.burmeseclassic.com

www.burmeseclassic.com



ဘူး။ ကိုကိုသာ မမလှလှလေးတွေနောက်ကို ပါမသွားစေနဲ့''

''ပါစရာလားဟ''

''သိနိုင်ဘူးလေ''

''အေး. . . ဝေယံကတော့ နင့်အစ်ကိုကို မြတ်ဆွေညီမလေးနဲ့ သဘောတူနေတာဟ့''

''ကိုကိုနော်''

''ဟာ. . . ညာဏ အချိန်နဲ့မပြန်ပြီ၊ မြတ်ဆွေညီမလေးက အခုမှ ရှစ်တန်းပါ ညီမလေးရာ. . . ညှက်စိသေးသေးလေးနဲ့ တွဲစ, စရာလား။ ညာဏနော်. . . မင်းသာ လွဲဝါကိုချိန်ပါ။ ငါ့ လာဆွဲမထည့်နဲ့''

''I have no place in my heart for her''

[ ငါ့နှလုံးသားထဲမှာ သူ့အတွက် နေရာလပ်မရှိ ]

ကျွန်တော် ပေါ့ပါးစွာရယ်လိုက်တော့ မိုးထက်က ကျွန်တော့် လက်မောင်းကို ခပ်ဖွဖွလှမ်းထိုးလိုက်လေသည်။

ရွှေပဒေသာစာပေ

အခန်း ( ၄ )

''ရော့. . . ကိုမင်းဖို့''

''ဟာ. . . ကျွန်တော်လိုချင်နေတဲ့စာအုပ်ပါလား။ လွဲဝါ ဘယ်က ရလာတာလဲ''

''ဒယ်ဒီ့ဆီက တောင်းလာတာပေါ့''

''အားနာစရာကြီး။ ကျွန်တော် Photo ဆွဲပြီးရင် ပြန်ပေးမယ်နော်''

''မပေးပါနဲ့ ကိုမင်းရဲ့။ ဒယ်ဒီ့ကိုယ်တိုင်ပေးလိုက်တာပါ။ ကိုမင်းပဲ ယူထားပေါ့။ လွဲဝါတို့အားလုံး ဒီမှာ စာစုကျက်နေကျပဲဟာကို။ အတူတူကြည့်လို့ရတာပေါ့''

''အမယ်လေး. . . တော်လိုက်တဲ့သူငယ်ချင်းလေးပါလားနော်''

အနှင်းက လွဲဝါကိုယ့်လုံးသွယ်သွယ်လေးကို အားပါးတရ ဖက်လိုက်သဖြင့် ဝေယံ အလန့်တကြားအော်လိုက်၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . အနှင်းရယ်၊ ဖြည်းဖြည်းလုပ်ပါ။ တော်ကြာ ကိုယ့်ကိုဖက်ဖို့အားတွေ မကျန်ဘဲနေပါဦးမယ်"

"လာပြန်ပြီ၊ နှင်ဟာလေ လူ့ရှေ့သူ့ရှေ့မရှောင်၊ ကဲ. . ."

အနှင်းက စတီးပေတံဖြင့် ဝေယံလက်မောင်းကို ဖြန်းခနဲလှမ်းရိုက်လိုက်သဖြင့် ဝေယံ့မျက်နှာ ရှုံ့တွသွားပါ၏။ ဝေယံတစ်ယောက်ကတော့ အမြဲအသားအနာခံပြီး အနှင်းကို စနောက်နေမြဲပင်။

"ဟိုကလေးတွေ နန်းကြီးသုပ် လာစားကြဦး၊ ပြီးမှ စာဆက်ကြည့်ကြ"

"ဟင်. . . ဘာမှတောင် မကျက်ရသေးဘူး၊ အကျွေးအမွေးက အရင်စနေပါရောလား၊ စားရချည်ရဲ့. . . လာဟေ့"

ဝေယံက ပြောပြောဆိုဆို ရှေ့ဆုံးမှအရင်ပြေးလေ၏။ ကျွန်တော်က မိုးထက်တို့နှင့်အတူ အနောက်မှလိုက်ခဲ့သည်။

"အိမ်မှာ ပိုင်ပိုင့်ကို တစ်ယောက်တည်းထားတာ ကြည့်ထားနော်. . . မိုးထက်"

"အေး. . . ခြံဘေးက ပုစူးမတို့မောင်နှမကို သူ့အမြဲခေါ်ထားပါတယ်ကွ။ ပိုင်ပိုင်လည်း ဒီလောက်တော့ နားလည်ပါတယ်"

ကျွန်တော်တို့ အိမ်ထဲရောက်တော့ ထမင်းစားခန်းထဲမှာ ဝေယံနှင့် အနှင်းတို့ စကားများနေလေပြီ။

"ဝေယံနော်. . . နှင် အသားများတဲ့ ပန်းကန်ရွေးမယူနဲ့လေ။ အစားပုတ်ရဲ့"

"ဦးသူ ယူပါ. . . အနှင်းရာ၊ လာမလုနဲ့"

"စိတ်ပုပ်ကောင်၊ နှင် အခုကတည်းက ဒီလောက်ပုပ်နေတာ နှင့်ကို ဘယ်သူက ကြိုက်မှာလဲ"

"အေးလေ. . . ပြောတော့ဖြင့် အနှင်းအတွက်ဆိုရင် ဘာပဲလုပ်ပေးရပေးရတဲ့"

"တခြားဟာပဲ လုပ်ပေးပါစေ လဲ့ဝါရယ်၊ နန်းကြီးသုပ်က ကိုယ့်





Favourite Food မို့ ခွင့်လွှတ်ပါ"

"ကဲပါ သမီးတို့ရယ်။ ဒီမှာ အန်တီ အခေါက်ကင် သတ်သတ်လုပ်ပေးထားပါတယ်။ အဝသာ စားကြ။ ရော့. . . ဒီမှာ ဟင်းချို"

ကျွန်တော်တို့ ခုံမှာ ဝင်ထိုင်လိုက်တော့ လဲ့ဝါက ကျွန်တော့်ပန်းကန်ထဲသို့ အခေါက်ကင်ကို ယူထည့်ပေးလေ၏။

"အဟမ်း. . . အဟမ်း"

"TB ပိုး သွားစစ်. . ."

"အနှင်းကလည်း ကိုယ့်ကို တစ်ခါတလေ ကြင်ကြင်နာနာလေးများ ပြုမူဆက်ဆံပါလားကွာ"

"ကျင်ချင်ရင် ပလပ်ပေါက်နှိုက်၊ နာချင်ရင် တူနဲ့ထုတာခံ။ ဒါပဲ. . ."

မေမေပါ ကျွန်တော်တို့နှင့်အတူ ရောရယ်လိုက်ပါ၏။ လဲ့ဝါက စားသောက်နေရာမှ မေမေ့ကိုလှည့်ပြောလိုက်သည်။

"သမီးလည်း ကျောင်းပိတ်ရက် အားတဲ့အချိန် အန်တီ့ဆီမှာ ဒီလိုချက်နည်းပြုတ်နည်းတွေ လာသင်ချင်ပါတယ်"

"သမီးရယ်. . . ကျောင်းစာတွေနဲ့ ဒီလောက်အလုပ်ရှုပ်နေတာကို၊ သင်မနေပါနဲ့။ ပင်ပန်းပါတယ်"

"အိမ်မှာက မေမေကလည်းမအားတော့ လဲ့ဝါကျွမ်းကျင်တာဆိုလို့ ကြက်ဥဘဲဥကြော်တာပဲရှိတယ်။ ဒါတောင် Half-fried ကြော်တိုင်း အနားတွေတူးကုန်ရော"

"ဟင်းဟင်း. . . အဲဒါ သားအကြိုက်ပဲ သမီးရဲ့။ သားက အနှစ်ကို သိပ်မကျက်ဘဲ အနားတူးတူးလေးမှစားတာ"

"ဟောတွေ့လား. . . ကွက်တိပဲဟေ့"

လဲ့ဝါက ဝေယံ့လက်မောင်းကိုဆွဲဆိတ်လိုက်ပါ၏။

"အား. . . ငါတော့ ဒီနှစ်ယောက်ကြားမှာ ထိုင်မိတာ မှားပြီထင်ပါတယ်ကွာ"



www.burmeseclassic.com

www.burmeseclassic.com



"ပါးစပ်ကမှ အငြိမ်မနေဘဲ သရမ်းနေတာကိုး. . . နည်းတောင်နည်းသေးတယ်"

"အေးပေါ့လေ, မင်းက လှဲဝါ ငါ့ကိုအနိုင်ကျင့်တာကိုကျေနပ်နေမှာပေါ့ ဥာဏ်ရယ်။ ဩော်. . . စေတနာတွေ၊ စေတနာတွေ"

"ဝေယံရေ. . . ဒီစတီးဖွန်း ဘယ်လောက်မာသလဲ စမ်းကြည့်ရအောင်"

"ကိုယ်ပါးစပ်ပိတ်ပြီ အနှင်းရေ"

ကျွန်တော်ကျိတ်ပြုံးဖြစ်၏။ ကျောင်းစာတွေနှင့် ငြီးငွေ့နေသည့်ကြားမှာ ဒီလိုအရွှန်းဖောက်တတ်သည့်သူငယ်ချင်းတစ်ယောက် ရှိနေတာမို့ တော်ပါသေးသည်။

စားသောက်ပြီးတော့ သစ်ပင်အောက်ရှိ ကွပ်ပျစ်ကြီးပေါ်မှာ ဖျာခင်း၍ စာသက်ကြည့်ကြ၏။ ပုံနှိပ်စာလုံးထဲမှ ကြည့်ချင်သည့်စာလုံးများကို ပိုးထက်က ပြောသည်။ ကျွန်တော်က Dictionary ထဲမှာ ရှာပေး၏။ ကျန်လူတွေက လိုက်မှတ်ကြသည်။ စာစုကျက်သည့်အတွက် အချိန်တိုတိုအတွင်းမှာ စာရသလို တစ်ယောက်နှင့်တစ်ယောက် ဆွေးနွေးတိုင်ပင်ခွင့်ရတာမို့ အကျိုးရှိစေပါသည်။

မေမွှမက ခဏအကြာမှာ လက်ဖက်သုပ်နှင့် ရေနွေးကြမ်းပန်းကို လာချပေးတော့ အနှင်းက ရုတ်တရက်ထအော်၏။

"ဟာ. . . အန်တီ လက်ဖက်သုပ်လာတယ်"

"အင်းလေ. . . သမီးတို့မစားဘူးလား"

"မဟုတ်ပါဘူး။ မလောက်ဘူးလို့ပြောမလို့ပါ"

"ဩော်. . . လန့်သွားတာပဲသမီးရယ်။ ဟင်းဟင်း"

ညနေ နေတော်တော်စောင်းမှ အနှင်းကားပေါ်မှာ ဝေယံနှင့် ပိုးထက် ပါသွားပြီး လှဲဝါကားပေါ် မြတ်ဆွေပါသွားလေ၏။ ကျွန်တော်ရေချိုး၍ မျက်စိအနားပေးရန် ခုတင်ထက် ခဏလှဲစဉ် အာရုံမှာ အညိုရောင်ဆံနွယ်တို့ကိုမြင်ရလေသည်။





အင်း. . . သူမဆီ တစ်ရက်တော့ သွားဦးမှပါပဲ။

အဲဒီည စာကျက်စဉ်မှာ ဥာဏ်ရှင်၍ စာကျက်ကောင်းသဖြင့် ညတစ်နာရီထိုးသွားမှ ကျွန်တော် အိပ်ရန်ပြင်ရတော့သည်။ မျက်စိကကြောင်နေသဖြင့် လက်ဖက်သုပ်တန်ခိုးပြပြီမှန်း သိလေ၏။ လသာဆောင်ကိုထွက်ရပ်၍ လေညှင်းခံနေမိသည်။ မိုးရိပ်မိုးငွေ့ဆင်သည့်တိမ်မည်းမည်းတို့က အဝေးမှပုံ့လွင့်လာနေ၏။ လေထဲမှ မိုးနံ့ကိုရှူရှိုက်လိုက်ရသည်။

မိုးသက်ငြိမ်တဲ့. . .။ ဘယ်လိုအဓိပ္ပာယ်မျိုးနဲ့ ဒီနာမည်ကိုမှည့်ခေါ်ခဲ့တာလဲ၊ အနေတည်သော၊ ပတ်ဝန်းကျင်ကို ဥပေက္ခာပြုတတ်သောခပ်တင်းတင်းမျက်နှာကို မြင်ယောင်လိုက်မိသည်။ ပါဝါမျက်မှန်ထူကြီးအောက်က မျက်လုံးတစ်စုံကို ကျွန်တော်မြင်ဖူးချင်သည်၊ ပြီးတော့. . . သူမ၏ပန်းချီကားထဲမှ မျက်လုံးတစ်စုံအကြောင်းကိုလည်း ကျွန်တော်စပ်စုချင်၏။

အဖော်မရှိပါဘဲ တစ်ဦးတည်း ရပ်တည်နေထိုင်နေသည့် သူမအကြောင်းကို အစအဆုံး ကျွန်တော်သိချင်နေတာ ဘာကြောင့်များပါလဲ၊ ကျွန်တော့်ကိုရင်းနှီးပတ်သက်ချင်နေသည့်မိန်းကလေးကိုတော့ စိတ်မဝင်စားဘဲ ကျွန်တော့်ကို အလေးမထား ဂရုမစိုက်တဲ့ ထိမထင်မိန်းမတစ်ယောက်ကိုမှ ကျွန်တော် ဘာကြောင့်စိတ်ဝင်စားနေမိပါလိမ့်။

မိုးမှုန်လေးတွေ တဖွဲဖွဲကျလာသည့်အောက်မှာ ကျွန်တော်ရပ်နေမိ၏။ မိုးရေတောထဲ အဆောင်းမပါဘဲ ထွက်လေ့ရှိသည့်သူမအကြောင်းကိုစိတ်ဝင်စားမိတာ ကျွန်တော်အပြစ်မရှိပါဘူးနော်။



www.burmeseclassic.com

www.burmeseclassic.com





*Why we men love women, we love them knowing their weakness, their follies, their imper- fections, love them all the more, it may be for that reason.*

ကျွန်တော်တို့ယောကျ်ားတွေဟာ မိန်းမတွေကိုချစ်တဲ့အခါ သူတို့ရဲ့ပျော့ကွက်တွေ၊ မိုက်မဲမှုတွေ၊ အပြစ်တင်မှုတွေကိုသိလျက်နဲ့ ချစ်ကြတယ်။ ဒါတွေကြောင့်ပဲ ချစ်ကြဟန်တူပါရဲ့ ...

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၅ )

တစ်ရက်ညနေခင်းမှာတော့ ကျွန်တော်နှင့်အနှင်း သူမ၏အိမ်လေးဆီသို့ရောက်သွားပါ၏။ ကျွန်တော့်ကားနှင့်ပင် လာခဲ့၍ လှေကားထစ်တို့ကို နှစ်ယောက်သား စကားတပြောပြောဖြင့် တက်လာခဲ့သည်။ ညီခန်း၌ ပန်းချီတိုင်ဆွဲနေသည့်သူမကိုတွေ့တော့ တင်းတင်းစေ့ထားသည့်နှုတ်ခမ်းများက သူမ၏မကျေနပ်ရိုပ်ကို ဖော်ပြနေလေ၏။

"ကြည့်စမ်း! ပြီးရင်ပြောမယ်လို့ မှာထားရဲ့သားနဲ့ ဘာလာလုပ်ကြတာလဲ"

"ဟိုလေ. . . အနှင်းက"

"ကျွန်တော်လာချင်တယ်ဆိုလို့ အနှင်းက လိုက်ပို့တာပါ"

"ဘာပြောချင်လို့လဲ"

"ကျွန်တော်တို့စာအုပ်အတွက် ပုံတွေကိုကြည့်ချင်စိတ်ပြင်းထန်လာလို့ပါ"



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ကို မင်းမယုံလို့လား. . . မင်းဘာသာ"

"မဟုတ်ပါဘူး၊ ကျွန်တော်. . ."

"မင်းစိတ်ထဲမှာ မယုံကြည်စိတ်ရှိနေလို့ ဒီကိုရောက်လာတာပေါ့"

"ကျွန်တော်ကြည့်ခွင့်လေးတောင်မှ မရှိဘူးလား"

"အားလုံးပြီးမှ ကြည့်ပါ။ မကြိုက်ရင် အားလုံးပြန်ထားခဲ့ချည်။ နောက် ငါးပုဒ်စာပဲ ကျန်တော့တယ်"

ဒီတစ်ခါလည်း စိတ်ခုစွာနှင့်ပင် ကျွန်တော်ပြန်ခဲ့ရလေ၏။ ရင်ထဲမှာ အောင့်သက်သက်ခံစားမှုက ကျွန်တော့်ကို မရိုးမရွဖြစ်စေတာ အမှန်ပင်။ တော်တော် အကြောမာတဲ့မိန်းမပါလား၊ ဒါပေမဲ့ အဲဒီမိန်းမရဲ့နှုတ်ဖျားက ထွက်လာတဲ့စကားလုံးတိုင်းကို ကျွန်တော် လိုက်လံ ဖမ်းဆုပ်ထားချင်သည်။ လူတစ်ယောက်ရဲ့စိတ်ထဲအထိရောက်အောင် ပစ်လွှတ်နိုင်စွမ်းရှိသည့် ထိုစကားလုံးတို့ကို ကျွန်တော် ဘာကြောင့်အထင်ကြီးနေမိပါလိမ့်။

"ငါပြောသားပဲ ဘာသာရယ်။ နင်က သိပ်လာချင်နေတာကို။ ခုတော့ မခံချိမခံသာဖြစ်နေရပြီမဟုတ်လား"

"ဒီလောက်တော့ ငါခံနိုင်ရည်ရှိပါတယ်အနှင်းရယ်။ သူ့မှာ လူတွေကို အဆက်အဆံမလုပ်ချင်တဲ့ အမုန်းဓာတ်ခံတစ်ခုခုတော့ ရှိ နိုင်လုံလုံရှိရမယ်ကွ။ ဒါကြောင့် သူ့အချိုးက အဲဒီလိုကြီးကို ထောင့်မကျိုးဖြစ်နေတာ"

"အနှင်းက ဖေဖေနဲ့ပတ်သက်ပြီး အစကတည်းက သိထားနှင့်တာ"

"အနှင်းဖေဖေဆို သူ့အကြောင်းတော်တော်သိမှာပေါ့နော်"

"သိတာပေါ့။ ဒါပေမဲ့. . . ဖေဖေက ပြောမှာမဟုတ်ဘူးဘာသာရဲ့။ ဒါ သူ့ကိုယ်ရေးကိုယ်တာကိစ္စလေ။ လူတစ်ယောက် မပြောစေချင်တဲ့ အကြောင်းကို စည်းစောင့်ပြီး နှုတ်လုံရတာမျိုးတွေရှိတယ်"

"အဲဒီလိုပြောလေ. ငါက ပိုသိချင်လေပဲ"





"ဟောတော်. . . အရူးကို အမဲသားကျွေးမိပြီထင်ပါရဲ့"

ကျွန်တော်တို့နှစ်ဦး ရယ်မောလိုက်မိသည်။ အနှင်းအိမ်ကိုအရင်ပြန်ပို့စဉ် ကားပေါ်မှအဆင်း၌ အနှင်းက သတိရကာ လှည့်ပြောလိုက်ပါ၏။

"သူ့ခြံမှာရေးထားတဲ့ မိုးမခဆိုတာ သူ့အမေရဲ့နာမည်ပေါ့ ဘာသာရဲ့။ အန်တီမိုးမခ ရှိစဉ်ကတည်းက ဖေဖေနဲ့တော်တော်ရင်းနှီးခဲ့တာ၊ အရမ်းတော်တဲ့ပန်းချီလက်ရာအမွေကို သူ့အမေဆီက သူရခဲ့တာလေ"

"သိပ်ထူးဆန်းတာပဲ၊ နူးညံ့သိမ်မွေ့တဲ့လက်တွေနဲ့ ဆန့်ကျင်ဘက်လေသံတွေကို ဒွန်တွဲထားတာ အံ့သြစရာကြီး"

အိမ်ပြန်ရောက်ပြီး ညနေထမင်းဝိုင်းမှာ တကယ်တမ်းပြောဖြစ်ခဲ့သည်က လှဲ့ဝါအကြောင်းတွေ ဖြစ်နေခဲ့လေသည်။ ထိုအကြောင်းအရာကိုအစပျိုးပေးသူက ဖေဖေဖြစ်နေ၏။

"သားနဲ့ ဒေါက်တာကျော်ခေါင်သမီးလေးနဲ့ ရင်းနှီးတာ တော်တော်ကြာပြီလား"

"ဟုတ်ကဲ့. . . တစ်တန်းတည်းသူငယ်ချင်းမို့ ရင်းနှီးတာ မြန်တာပေါ့ဖေဖေ"

"ဒေါက်တာကျော်ခေါင်တို့နဲ့ရော ဆုံဖူးပြီလား"

"ဟင့်အင်း. . . ကျွန်တော်မှ သူ့အိမ်ကိုမသွားတာ"

"နလှဲ့ဝါဟာ ဒေါ်လီလီယံနဲ့ ချွတ်စွပ်တူတဲ့သမီးပဲ"

"သူ့အမေက Nurse ဆို၊ ဟုတ်လားဖေဖေ"

"ဟုတ်တယ်။ ဒါပေမဲ့. . . အဲဒါ ဒေါက်တာကျော်ခေါင်ရဲ့ဒုတိယအိမ်ထောင်ပါ"

"ဗျာ! "

"သူ Divorce လုပ်ပြီးမှ ဒေါ်လီလီယံကိုယူခဲ့တာပဲ"

"ဒါဖြင့် ပထမအိမ်ထောင်က သက်ရှိထင်ရှား ရှိနေသေးတာပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒါတော့ ဖေဖေမသိဘူး၊ သားရဲ့။ ဖေဖေနဲ့ သူရင်းနှီးတော့ သူက divorce ဖြစ်နေပြီ၊ ပြီးတော့ လီလီယံနဲ့လည်း တွဲနေပြီလေ"

"လှဲ့ဝါတောင် ဒီလောက်ချောတာ။ သူ့အမေဆို တော်တော် ချောမှာပဲ"

"ဘာလဲ. . . သားက သမီးလေးကိုစိတ်ဝင်စားနေပြီလား"

မေမေ၏ ရုတ်တရက်မေးခွန်းကြောင့် ကျွန်တော် ထမင်းသည်း သွားရ၏။ မေမေက သောက်ရေတစ်ခွက်ငှဲ့ပေးပါသည်။

"အထင်မလွဲပါနဲ့မေမေ၊ ကျွန်တော် အခုချိန်ထိ အနှင်းကိုရော လှဲ့ဝါကိုပါ ညီမလေးလို၊ သူငယ်ချင်းတွေလိုပဲသဘောထားတာပါ"

"အခုချိန်ထိ အာမခံရဲတယ်ပေါ့"

ဖေဖေခပ်တိုးတိုးရယ်လိုက်သဖြင့် ကျွန်တော်ပြုံးလိုက်မိသည်။

"သေချာတာတစ်ခုကို ကျွန်တော် ရဲရဲကြီးပြောရဲပါတယ်ဖေဖေ၊ အဲဒါကတော့ ကျွန်တော်, လှဲ့ဝါကို ဘယ်လိုနည်းနဲ့မှ ရွေးချယ်ဖြစ်မှာ မဟုတ်ပါဘူး"

"ဟယ်. . . သားရယ်၊ မေမေက ကလေးမလေးကို့ငြင်မြင်ချင်း ချစ်နေတာ"

"ဘာဖြစ်လို့လဲ သား။ ကလေးမလေးရဲ့ပညာအရည်အချင်းက လည်း ပြောစရာမရှိပါဘူး။ ပြီးတော့ ဒေါက်တာကျော်ခေါင်ဟာလည်း အိမ်ထောင်ရေးဖောက်ပြန်တဲ့ယောကျ်ားမျိုးမှမဟုတ်တာ။ သူ့အကြောင်း နဲ့သူ ဖြစ်မျက်ခဲ့တာကို အမြင်မလွဲပါနဲ့"

"မဟုတ်ပါဘူး၊ ကျွန်တော် အဲဒါတွေ ထည့်မတွက်ပါဘူးဖေဖေ ရဲ့"

"ဒါဖြင့် ဘာအကြောင်းလဲ၊ ပြောပါဦး"

"ကျွန်တော်, လှဲ့ဝါကို ရင်မခုန်လို့ပါ"

"ဟဲ့. . . ကြော်! မေမေ့သားက ကဗျာတွေဘာတွေ ဆန်ချင် နေတာကိုး"





မိသားစုဆွေးနွေးပွဲက အရယ်အမောလေးဖြင့်သာ အဆုံးသတ် သွားပါ၏။ ကျွန်တော်ကတော့ ဖေဖေ့မျက်နှာပေါ်က မျက်မှန်ကိုကြည့် လိုက်တိုင်း ကျွဲကော်ကိုင်းမျက်မှန်နက်ကြီးကိုသာ မြင်ယောင်နေမိ၏။ ကျွန်တော်တော့ ခက်ပြီထင်ပါတယ်။

ကျွန်တော်တို့ စိတ်ကသိကအောင့်ဖြစ်၍ ပြန်ခဲ့ရသည့်အကြောင်း ကို သူငယ်ချင်းတွေသိသွားကြတော့ ကျွန်တော့်ကို ကောင်းကောင်းဝိုင်း နှိပ်ကွပ်ကြလေသည်။

"ကောင်းတယ်, နည်းတောင်နည်းသေးတယ်။ ဗိုမ်နီးမအကြောင်း သိလျက်နဲ့များ. . . သွားရတယ်လို့"

"ဘာဖြစ်လဲ. . . ငါ့ဟာငါ သွားချင်လို့သွားတာ"

"ဟာ. . . မင်းသွားတာ အကြောင်းလား။ ဘာဖြစ်လို့ အနှင်းကို ခေါ်သွားတာလဲ"

"ဟိုမှာ ပန်းချီဆရာမက တစ်ယောက်တည်းနေတာလေ၊ ငါတစ် ယောက်တည်းသွားလို့ ဘယ်သင့်တော်မှာလဲ၊ မင်းအနှင်းကို ငါ ကိုက် မစားဘူးလေ"

"အေး. . . အနှင်းကို မင်းကိုက်မစားမှန်း ငါသိတယ်။ မင်းကို ဟိုမိန်းမက ကိုက်စားမှာ"

"ဟိုမိန်းမလို့ မသုံးပါနဲ့ကွ။ သူကြည့်ရတာ ငါတို့ထက် အလွန် ဆုံးကြီးရင် သုံးလေးနှစ်ပေါ့။ မညာမတာမပြောပါနဲ့"

"ဟာ. . . ဉာဏတို့ကတော့ မိန်းမတစ်ယောက်နဲ့ပတ်သက်ပြီး နာတတ်နေပါရောလား"

"အေးလေ, လှဲ့ဝါသိသွားရင် စိတ်မကောင်းဖြစ်နေဦးမယ်ကွာ"

"ဟာ. . . ဘာဆိုင်လဲ၊ အနေသာကြီး"

"မင်းကွာ"

မြတ်ဆွေ၏ မချိုတင်ကဲ အံကြိတ်ပြောသည်ကို မသိချင်ယောင် ဆောင်လိုက်၏။



www.burmeseclassic.com

www.burmeseclassic.com



တကယ်ပဲ သူမနှင့်ပတ်သက်လာလျှင် ကျွန်တော်မခံနိုင်တော့ပြီလား။ ကျွန်တော့်ကိုယ်ကျွန်တော် ပြန်မေးကြည့်တော့လည်း အဖြေကမရရော။

🍎 🍎 🍎



## အခန်း ( ၆ )

Exam ဖြေပြီး ရက်အနည်းငယ်အကြာမှာတော့ သူမထံမှ ဖုန်းအဆက်အသွယ်ရသည်နှင့် လှဲဝါအပါအဝင် ကျွန်တော်တို့အုပ်စု သူမထံ အပြေးအလွှားရောက်ခဲ့ကြလေ၏။ လေ့ကားထစ်တွေကို လွှတ်လပ်ပေါ့ပါးစွာဖြင့် ပြေးတက်ခဲ့ကြသည်။ ဗီတစ်ခေါက်မှာတော့ သူမ၏အိမ်ကလေးသည် ဖုန်မှုန့်တို့ သန့်ရှင်းစင်ကြယ်နေသလို၊ ပြတင်းပေါက်များမှဝင်နေသည့်အလင်းရောင်ကြောင့် တစ်အိမ်လုံးလင်းထိန်နေလေသည်။

"ကြည့်လိုက်ပါဦး. . . စိတ်တိုင်းကျဖြစ်မဖြစ်"

ကျွန်တော်၊ သူမလက်ထဲမှစာရွက်တို့ကိုလှမ်းယူစဉ် ဖြူဖွေးလှပသော လက်ချောင်းသွယ်သွယ်တို့ကိုမြင်လိုက်ရလေသည်။ ခေါင်းလျှော်ထားဟန်ရှိသော မညီညာသည့်ဆံနွယ်ရှည်တို့က သူမနောက်ကျောထက်၌ ကပိုကယိုယိမ်းနွဲ့ကျနေလျက် မျက်မှန်ချွတ်ထားသောကြောင့် သူမ၏အညိုရောင်ဖျော့ဖျော့မျက်ဝန်းတို့ကို မြင်တွေ့နေရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်၏အကြည့်စူးစူးကို သူမက ခပ်ရဲရဲပင် တန်ပြန်ကြည့်နေသဖြင့် ကျွန်တော်ကပင် အကြည့်ပြန်လွှဲကာ စာရွက်ထပ်တို့ကို တစ်ခုချင်းကြည့်လိုက်၏။

ကျွန်တော်လိုချင်သည့်အတိုင်း ပုံစွေမှာ သေသေသပ်သပ်နှင့် အသက်ဝင်လှပနေသည်။ ကဗျာအားလုံးလိုလိုသည်လည်း ပန်းချီလက်ရေးရှည်မျောမျောလေးတို့ကြောင့် အင်မတန်ပန်းရကြည့်ကောင်းနေသည်မှာအမှန်ပင်။ ကျွန်တော့်စိတ်တိုင်းကျဖြစ်နေသည်မို့ အတော်စိတ်ချမ်းသာသွားရ၏။

"ကြိုက်တယ်, အားလုံးပဲ အပြစ်ပြောစရာမရှိဘူး။ အနှင်းရော အနှင်းကဗျာပုံလေးတွေကိုကြိုက်ရဲ့လား"

"အနှင်းက ပန်းချီပုံတွေကိုမဝေဖန်တတ်ဘူး။ ဉာဏကြိုက်ရင်ပြီးတာပဲ"

"ဆရာမအတွက် ကျွန်တော်တို့ဘယ်လိုပစ္စည်းမျိုးလက်ဆောင်ပေးရင်ကောင်းမလဲလို့စဉ်းစားကြတာ၊ ဦးနှောက်တွေသာ ခြောက်ကုန်တယ်၊ ဘယ်လိုမှစဉ်းစားလို့မရဘူး။ ဆရာမအနေနဲ့ ဆရာမဆန္ဒကို ပြောစေချင်ပါတယ်"

"ဟင့်အင်း. . . ဘာမှမလိုချင်ပါဘူး။ ငါအံ့ဩတာကိုပဲ ပြောချင်တာ။ အပြစ်မဲ့တဲ့သတ္တဝါတွေကိုဖြတ်တောက်တတ်တဲ့ မင်းတို့ရဲ့လက်တွေက ဒီလိုသိမ်မွေ့နူးညံ့တဲ့စာလုံးတွေကို ရေးစပ်နိုင်တာကိုပေါ့"

ကျွန်တော့်ရင်ထဲမှာအောင့်သွားသလို ကျန်လူတွေမျက်နှာမှာလည်း မအီမသာဖြစ်သည့်အရိပ်တွေပေါ်လွင်လာ၏။ သူမကတော့ လက်နှစ်ဖက်ကို ဟန်ပါပါပိုက်ထားလျက် ခပ်အေးအေးပင်စိုက်ကြည့်နေလေသည်။

"ကျွန်တော်တို့မှာ ရက်စက်တတ်တဲ့နှလုံးသားမရှိပါဘူး၊ လောလောဆယ်လည်း ဘာကောင်ကိုမှမခွဲစိတ်ရသေးဘူး။ အဲဒီလိုခွဲစိတ်ခဲ့ရရင်လည်း လူသားတွေအကျိုးအတွက် လုပ်ဆောင်ရတာမို့ ဂုဏ်ယူရ





မှာပါ။ ကျွန်တော်တို့လိုဆေးကျောင်းသားတွေမှာလည်း သာမန်လူတွေလိုပဲ သိမ်မွေ့တဲ့နှလုံးသားခံစားချက်ကိုယ်စီရှိနေပါတယ်"

သူမက ခပ်လှောင်လှောင်ရယ်သွမ်းလိုက်လေ၏။ မိုးထက်နှင့် မြတ်ဆွေတို့ နှာခေါင်းရှုံ့တွသွားကြသည်။

"သိမ်မွေ့တဲ့နှလုံးသားခံစားချက်တဲ့လား။ နားရှိလို့သာ ကြားလိုက်ရတာ၊ မယုံကြည်နိုင်စရာပဲ"

"ဒါကတော့ ဆရာမက ဆရာဝန်တွေရဲ့စိတ်ကို နားလည်မပေးနိုင်လို့ပါ"

"ဘာ! မင်းက ငါ့ကိုပညာမတတ်ဘူးလို့ယူဆပြီး ထိုးနှက်တာလား, မင်းဉာဏ"

"ဟာ. . . မဟုတ်ရပါဘူး"

"အနှင်းတောင်းပန်ပါတယ် မမ။ ဉာဏလည်း တော်ပါတော့၊ မမကို အနှင်းတို့အားလုံး ကျေးဇူးတင်ပါတယ်ဆိုတာပြောပါရစေ"

"ရပါတယ်၊ ကိစ္စမရှိပါဘူး"

"ဒါဆို အနှင်းတို့ကိုပြန်ခွင့်ပြုပါဦးနော်"

သူမက ခေါင်းညိတ်ပြလိုက်ပြီး အိမ်ရှေ့သံဇကာတံခါးကိုအသာအဲ့ဖွင့်ပေးလိုက်၏။ ကျွန်တော်တို့အုပ်စု အပြင်ကိုရောက်သွားချိန်မှာတော့ နောက်ဆုံးမှထွက်သည့်ကျွန်တော်က သူမကို ခပ်တိုးတိုးလေးပြောလိုက်ပါသည်။

"ကျွန်တော်, တစ်ရက်ရက်တော့ ဆရာမဆီကိုလာခဲ့ပါဦးမယ်"

သူမက မျက်ခုံးနှစ်ဖက်ပင့်၍ အံ့ဩဟန်ပြလိုက်ပြီး မဲ့ပြုံးတစ်ချက်ကို မသိမသာပြုံးလိုက်လေ၏။

ကျွန်တော်တို့အုပ်စု နှုတ်မှ တစ်ယောက်တစ်ပေါက်အသံစုံဖြင့် သူ့ကားထစ်များကို ဆင်းလာခဲ့ကြသည်။ အနှင်းနှင့်လှဲ့ဝါက ကားတစ်စီး ကျွန်တော်တို့လေးယောက်က ကားတစ်စီးဖြင့် လွှင်ပုံနှိပ်တိုက်ကို လာခဲ့ကြ၏။



www.burmeseclassic.com

www.burmeseclassic.com



ကဗျာစာအုပ်ကိုအပ်ခဲ့ပြီးမှ စားသောက်ဆိုင်ရှိရာသို့ ဆက်မောင်းလာခဲ့ကြသည်။

"ကဲ. . . ဘာစားကြမှာလဲ"

"ကြေးအိုး"

"ဟော့အေး. . . ဆီချက်"

"ခေါက်ဆွဲကြော်"

"အာ. . . အဲဒါက အီတယ်၊ ကြာဆံကြော်"

ခြောက်ယောက်စလုံး ရေရွတ်သံကြောင့် နံဘေးမှာရပ်နေသည့် စိတ်တာလေးက ခေါင်းကုတ်လိုက်လေ၏။

"ဒီလိုလုပ်ပါ၊ ကြေးအိုးဆီချက်ခြောက်ပွဲ၊ အစိမ်းကြော်နှစ်ပွဲ၊ အခေါက်ကင်နှစ်ပွဲ၊ နောက်. ဆာတေးနှစ်ပွဲ၊ Juice ခြောက်ဘူး အရင်ချပေးပါ"

"ဟုတ်ကဲ့ပါခင်ဗျာ"

စိတ်တာလေးထွက်သွားတော့ မြတ်ဆွေက ကျွန်တော့်ကိုပြောလေ၏။

"နောက်ကို မိုးမချုပ်သွားရင် ငါတို့မလိုက်တော့ဘူး ဉာဏ"

"အေး. . . ငါလည်းမလိုက်ဘူး"

"အဲဒါ မင်းတို့သဘောပဲလေ။ ငါကတော့ သွားဖို့အကြောင်းရှိသေးတယ်"

"ပြီးလက်စနဲ့ပြီးပါစေလား ဉာဏရာ"

"ဒါ ငါ့ကိစ္စပါ မြတ်ဆွေရာ"

"ကိုမင်းသွားရင် လဲ့ဝါလိုက်မယ်"

"အမယ်လေး. . . နင်မို့လို့ ဒီမိန်းမအိမ်ကိုလိုက်ချင်တယ်ဟုတ်လား။ သူနဲ့စကားပြောရင် လူတစ်ကိုယ်လုံး ပေါင်းတင်ခံရသလို အနေရခက်စရာကြီး။ စိတ်အိုက်ကအိုက်နဲ့၊ မသွားနဲ့"

"မမိုးသက်ငြိမ်က ခင်စရာကောင်းပါတယ် ကိုဆွေရဲ့။ နော်





ကိုမင်းရယ်"

"လာပြီ. . . လာပြီ၊ ဘုန်းကြီးရှုးနဲ့ လေ့လူး"

ကျွန်တော်တို့အုပ်စု တီးတိုးရယ်လိုက်ကြသည်။ Juice သောက်ပြီး ခဏအကြာ၊ မှာထားသည်တို့ရောက်လာသဖြင့် ခပ်သွက်သွက်စားသောက်လိုက်ကြ၏။ အိမ်ကိုပြန်ရောက်တော့ စာအုပ်ကိစ္စအဆင်ပြေပြီး သူမအတွက် တစ်ခုခုပေးရန် တွေးတောနေမိသည်။

ခင်ဗျားကို ကျွန်တော့်သူငယ်ချင်းတွေက မကြည်ကြဘူး။ မမိုးသက်ငြိမ်၊ ဒါပေမဲ့ ကျွန်တော်ကတော့. . .



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၇ )

2nd MB မှာတော့ သူမစွပ်စွဲပြောဆိုခဲ့သလို ဖားကလေးတက်ကလေးများကို ကျွန်တော်တို့စတင်ခွဲစိတ်ရပါတော့သည်။ ဖားကလေးများ၏ လက်ချောင်းခြေချောင်းလေးများကို ပင်အပ်စိုက်ပြီး ဗိုက်ခွဲစဉ်၌ သူမကိုပိုသတိရမိ၏။ သူမပြောသလို ကျွန်တော်တို့မှာ ရက်စက်တတ်တဲ့နှလုံးသားပဲရှိနေသလား။ ကျွန်တော်တို့လည်း ဒီအကောင်လေးတွေလို တစ်နေ့ပြန်ဝဋ်လည်မှာလား။ ဘုရားရေ. . . ကျွန်တော် ဘာတွေကို စဉ်းစားနေမိပါလိမ့်။ ခေါင်းကိုခါယမ်းလိုက်ပြီး လုပ်စရာရှိတာကိုသာ ရဲရဲဆက်လုပ်ရတော့သည်။

လှဲ့ဝါခွဲထားသည့်ဖားက ပင်အပ်ပြုတ်ကာ အကြောဆွဲ၍တခုန်တော့ အလန့်တကြားဖြင့် လှဲ့ဝါလန့်အော်လေ၏။ ခွေခနဲလဲကျလာစဉ်မှာ ကျွန်တော် အချိန်မီဖမ်းထိန်းလိုက်ပြီး အခန်းပြင်ကိုခေါ်ထုတ်ခဲ့ရတော့သည်။



www.burmeseclassic.com

www.burmeseclassic.com



အဲဒီနေ့ ကျောင်းအပြန်မှာတော့ လှဲ့ဝါကိုအိမ်အရောက် ကျွန်တော် ပို့ပေးရတော့သည်။

"မိုးထက်. . . ငါ့ကားယူပြီး ပြန်နှင့်တော့နော်။ ငါ လှဲ့ဝါကိုပြန်ပို့ဦးမယ်"

"အေး"

ကျွန်တော်, လှဲ့ဝါကားကိုပင်မောင်း၍ အိမ်အရောက်ပြန်ပို့ပေးခဲ့လေ၏။ နှစ်ထပ်တိုက်ကြီးအတွင်းမှ ခေတ်မီလှပသည့် လှဲ့ဝါ၏မေမေက ထွက်ကြိုလေသည်။

"ဩော်. . . သားလိုက်ပို့ပေးတာကိုး"

"ဟုတ်ကဲ့ပါအန်တီ။ လှဲ့ဝါ ခေါင်းမူးနေတာမို့ပါ"

"အိမ်ထဲဝင်ဦးလေ,သား။ သားအန်ကယ်ကလည်း သားကိုတွေ့ဖူးချင်နေတာ"

"ဟုတ်ကဲ့"

ကျွန်တော် ဧည့်ခန်းကိုဝင်လိုက်တော့ အိမ်ပေါ်ထပ်လှေကားမှ ဆင်းလာသည့်ဒေါက်တာကျော်ခေါင်ကို မြင်လိုက်ရလေ၏။

"ဒယ်ဒီ. . . ဒါသမီးပြောတဲ့ ကိုမင်းလေ"

"အေး. . . မြင်ရုံနဲ့ ဒယ်ဒီသိပါတယ်သမီးရယ်။ ထိုင်ပါ မောင်ဉာဏ။ သားဖေဖေရော Golf ကွင်း သွားဖြစ်ရဲ့လား"

"ဟုတ်ကဲ့. . . ဖေဖေကတော့ Sunday တိုင်းသွားဖြစ်ပါတယ် အန်ကယ်။ လှဲ့ဝါ သွားနားတော့လေ။ ကျွန်တော် ခဏနေပြန်မှာပါ"

"ကိုမင်းကို ကျေးဇူးအများကြီးတင်ပါတယ်"

"ရပါတယ် လှဲ့ဝါရယ်။ သူငယ်ချင်းတွေပဲဟာ, မလိုပါဘူး"

"ဒါဖြင့် လှဲ့ဝါရေချိုးတော့မယ်။ မာမီ. . . ကိုမင်းအတွက်တစ်ခုခု လုပ်ပေးပါ"

"အေး. . . သမီး မာမီ စတော်ဘယ်ရီဖျော်ခိုင်းထားတယ်"

လှဲ့ဝါမိဘများနှင့်စကားပြောရင်း ကျွန်တော့်ကိုလိုအပ်သည့်ထက်





ပို၍လိုက်လျောစွာဆက်ဆံကြသည့် အန်ကယ်နှင့်အန်တီကိုတအံ့တဩ နားမလည်နိုင်တော့။ အဓိပ္ပာယ်တို့ပြည့်ဝနေသည့် ဒေါက်တာကျော်ခေါင်၏မျက်ဝန်းတွေကိုတော့ ကျွန်တော် ဘာသာပြန်၍ရခဲ့ပါ၏။

တစ်ဦးတည်းသောသမီးလေးကိုအလိုလိုက်ထားသဖြင့် ပွင့်လင်းဖော်ရွေသောမိသားစုဆက်ဆံရေးကိုကြည့်ရင်း ကျွန်တော်ဟာ ဤမိသားစုအတွင်း၌ အတော့်ကိုအရေးပါနေသည့်လူတစ်ဦးဖြစ်မှန်း ရိပ်မိခဲ့ရလေသည်။ မိုးထက်တို့ပြောသလို ကျွန်တော်ဟာ လှဲ့ဝါ၏အိပ်မက်မင်းသားလေးဖြစ်နေပြီလား။ စိတ်ထဲ၌ အနည်းငယ်ရှုပ်ထွေးနောက်ကျိစွာဖြင့် နှုတ်ဆက်ပြန်ခဲ့ရလေသည်။

သူငယ်ချင်းတွေကလည်း ကျွန်တော်နှင့်လှဲ့ဝါကို လက်တွဲစေချင်သလို၊ ကျွန်တော်၏မိဘများကလည်း လှဲ့ဝါကိုလိုလားကြပါသည်။ သို့သော်. . . အချိန်ကာလတွေကြာလာခဲ့သော်ငြား လှဲ့ဝါနှင့်ပတ်သက်၍ ကျွန်တော် ထူးခြားစွာရင်မခုန်ခဲ့ပေ။ ကျွန်တော့်နှလုံးသားကို ကျွန်တော် မညာချင်ပါ။ မိဘချင်းလည်းရင်းနှီး လူငယ်ချင်းကလည်း ရည်မှန်းချက်တူနေပေမယ့် လှဲ့ဝါအပေါ် (၅၂၈)သံယောဇဉ်ထက် တစ်ရွေးသားမှမပိုခဲ့ချေ။

မြတ်ဆွေကတော့ ကျွန်တော့်ကို ပျစ်ပျစ်နှစ်နှစ်ဝေဖန်ခဲ့လေ၏။

"အနီးမှာရှိတဲ့ပန်းကို လွယ်လင့်တကူမယူချင်ဘဲ အလှမ်းဝေးတဲ့ပန်းကိုမှ တံခူပြီးလှမ်းချင်တဲ့ကောင်။ တစ်နေ့ မင်း ဒလိမ့်ကောက်ကွေးပြုတ်ကျလိမ့်မယ်"

တကယ်ပဲလား။ ကျွန်တော့်ကိုယ်ကျွန်တော် ဘာမှရေရေရာရာမသိနိုင်သေးခင်မှာ သူငယ်ချင်းတွေက အတင်းကန့်ကွက်နေကြလေ, သူမကိုသာ အာရုံမှာစွဲငြိလျက် တမ်းတမ်းတတ သတိရနေမိတာသာ ဖြစ်နေတော့သည်။

ဤသို့ဖြင့် ကျွန်တော်တို့စာမေးပွဲတွေကို အောင်မြင်အောင် ကြိုးစားနေစဉ်မြုပ်နေရင်း အခိုက်အတန့်ကာလတစ်ခုမှာ သူမကိုမေ့ထားခဲ့ရ၏။



www.burmeseclassic.com

www.burmeseclassic.com



သူမထံ စိတ်ကသာရောက်ပြီး လူကတော့ မရောက်ဖြစ်ပေ။

သတိမရလို့မဟုတ်ရပါဘူး မမိုးသက်ငြိမ်၊ ကျွန်တော် တကယ်ပဲ စိတ်ရောလူပါ မအားလပ်လို့မရောက်ဖြစ်သေးတာပါ။ ဒါပေမဲ့. . တစ်ရက်ရက်တော့ ခင်ဗျားဆီ ကျွန်တော်ရောက်လာမှာပါဗျာ။





*A loving heart is the truest wisdom.*

*Charles Dickens*

ချစ်ခင်မြတ်နိုးပြီး သစ္စာစောင့်သိတဲ့စိတ်နှလုံးဟာ အစစ်မှန်ဆုံးနှင့် အမှန်ကန်ဆုံးအမြော်အမြင်ဖြစ်တယ်။

ချားလ်စ် ဒစ်ကင်းစ်

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၈ )

တစ်ရက်မှာတော့ သူမအတွက် လက်ဆောင်တွေကိုတပွေ့တပိုက်သယ်ယူလျက် သူငယ်ချင်းတွေမသိအောင် ကျွန်တော်တစ်ယောက်တည်း သူမထံထွက်လာခဲ့သည်။ သူမအတွက် အသုံးဝင်မည့်ပစ္စည်းများဖြစ်သည့်စုတ်တံများ၊ ရောင်စုံဆီဆေးဘူးများကို မကြာခဏလှမ်းကြည့်ရင်းဖြင့် ကျွန်တော့်ကားလေးက သူမ၏အိမ်လေးဆီသို့ ရောက်ခဲ့လေ၏။

ကျွန်တော့်ကို သူမဘယ်လိုအကြည့်မျိုးအပြောမျိုးဖြင့်ကြည့်မည် ပြောမည်နည်း။ သူငယ်ချင်းတွေက ကြည့်မရကြသည့်သူမကို ကျွန်တော် အပြစ်မမြင်မိတာ ဘာကြောင့်များပါလိမ့်။

မိုးဖွဲဖွဲလေးများအောက်မှ လှေကားထစ်တွေကို ခပ်သွက်သွက်နင်းတက်ခဲ့သည်။ ပိတ်ထားသည့်အိမ်ရှေ့သံဇကာတံခါးကို လှုပ်ခါလျက် သူမကိုအသံပေးလိုက်၏။

“ဆရာမ. . . ဆရာမ. . . မိုးသက်ငြိမ်”



www.burmeseclassic.com

www.burmeseclassic.com



တိတ်ဆိတ်ငြိမ်၍ မှောင်မည်းနေသောအိမ်တွင်းကိုကြည့်လျက် ကျွန်တော့်စိတ်ထဲ လေးပင်လာမိ၏။ နောက်ထပ် အသံပြုလိုက်စဉ်မှာတော့ ညည်းညူသံသဲ့သဲ့မျှကြားလိုက်ရလေသည်။

"အင်း"

"မမိုးသက်ငြိမ် . . . နေမကောင်းဖြစ်နေလား"

"ဘယ်သူလဲ"

တိုးတိမ်ဖျော့တော့သောတုံ့ပြန်သံနှင့်အတူ သူမ၏ခပ်ပါးပါး အရိပ်လေးက အိပ်ခန်းဝ၌ပေါ်လာ၏။ ယိမ်းယိုင်နေသည့်ခန္ဓာကိုယ်ကို အနိုင်နိုင်သယ်မလျက် တံခါးဂလန့်ကိုဆွဲအပြီး သူမ ပုံလဲကျသွားတော့သည်။

"ဟာ . . . မမိုးသက်ငြိမ်"

ကျွန်တော့်တစ်ကိုယ်လုံးထူပူသွားရပြီး သူမကိုယ်လုံးလေးကိုပွေ့လျက် ကားဖြင့် အနီးဆုံးဆေးခန်းကိုခေါ်ဆောင်လာခဲ့၏။ နာရီဝက်ကျော်သည်အထိ သတိမရသေးသောသူမကို စိုးရိမ်တကြီးစောင့်ကြည့်နေမိရင်းက ကျွန်တော့်ရင်တွင်း၌ တဒိတ်ဒိတ်နှလုံးအခုန်မြန်နေတော့သည်။ သေချာပါတယ် . . . မင်းဘုရားဟာ ပူဇ္ဇာဆန်သောမိန်းမတစ်ယောက်ကို စွဲစွဲလမ်းလမ်းနဲ့ချစ်မိနေပြီဆိုတာပါပဲ။

နေတော်တော်စောင်းသွားချိန်မှာ သူမသတိရလာပြီး ဆေးခန်းကိုခေါ်သွားပေးသော ကျွန်တော့်အား ကျေးဇူးမတင်သည့်အပြင် ရန်တွေ့အော်ငေါက်ပါသေးသည်။

"ကြည့်စမ်း . . . မင်းဟာ လူတစ်ဖက်သားဆန္ဒကို မမေးမစမ်းနဲ့ ထင်ရာစိုင်းတတ်တဲ့လူစားပဲ။ ဒီဆေးခန်းတို့၊ ဆေးရုံတို့ဆိုတာ ငါလုံးဝမသွားချင်တဲ့နေရာတွေ၊ အရှင်းဆုံးပြောရရင် မင်းတို့လိုဆေးဆရာဝန်တွေကို ငါရွံတယ်၊ မုန်းတယ်၊ သွားသွား . . . မင်းအခုချက်ချင်းထွက်သွားတော့၊ မင်းမျက်နှာ ငါမမြင်ချင်ဘူး . . . ပြန်တော့"

"ဒီလိုတော့ တစ်ဖက်သတ်မပြောပါနဲ့ မမိုးသက်ငြိမ်။ ဆရာဝန်





ဆိုတာ လူတွေရဲ့အသက်တွေကို ကယ်ဆယ်တဲ့ပုဂ္ဂိုလ်တွေပါ။ ခင်ဗျား ဘာဖြစ်လို့ ခါးခါးသီးသီးဖြစ်နေရတာလဲ"

"ဘာလူတွေရဲ့အသက်ကို ကယ်ရမှာလဲ။ လူတွေရဲ့နှလုံးသားကို ခွဲထုတ်စားတတ်တဲ့ဘီလူးတွေ၊ တော်ပြီ . . . တော်ပြီ . . . ငါဘာမှမကြားချင်ဘူး။ မင်းအခုချက်ချင်းသွားတော့"

"မသွားနိုင်သေးဘူး။ ခု ဒီအိမ်မှာ ခင်ဗျားတစ်ယောက်တည်း၊ ပြီးတော့ နေမကောင်းဖြစ်နေတာ၊ ကျွန်တော်စိတ်မချဘူး၊ ဒါ ဆရာဝန်စိတ်ဗျ။ လူနာတစ်ဦးအပေါ်မှာထားရှိတဲ့စေတနာ၊ ဒါကို ခင်ဗျား နားလည်ပါ။ ခင်ဗျားအဖျားကျသွားမှ ကျွန်တော်ပြန်မယ်"

"မလိုဘူး"

သူမတင်းမာစွာပြန်အော်လိုက်ပေမယ့် အားနည်းနေသောကြောင့် လေသံက ကျယ်ကျယ်ထွက်မလာပေ။ ဆရာဝန်က နားနားနေနေအိပ်ပျော်စေရန် အိပ်ဆေးထိုးပေးလိုက်သဖြင့် မျက်တောင်တို့မှေးစင်းလာတော့သည်။ သိပ်မကြာခင်မှာပဲ သူမ နှစ်ခြိုက်စွာ အိပ်ပျော်သွားတော့၏။

ကျွန်တော် မီးဖိုခန်းထဲဝင်၍ ရေနွေးအိုးတည်၏။ ဇလုံတစ်ခုထဲသို့ ရေခဲသေတ္တာထဲမှ ရေပုလင်းသွန်းထည့်ကာ သူမထံ သယ်လာခဲ့သည်။ ထို့နောက် သူမ၏ဗီရိုထဲမှ ချွေးသုတ်ပဝါနှစ်ထည်ကိုယူ၍ သူမကို ရေပတ်တင်ပေးနေမိ၏။ နှစ်နှစ်ခြိုက်ခြိုက်အိပ်မောကျနေသော သူမမျက်နှာလေးကို တစိမ့်စိမ့်ကြည့်နေရင်း ကြည်ကြည်နူးနူးလေးခံစားနေရသည်။

ခုတော့လည်း ဘာမာနမှမရှိတော့သည့် အပြစ်မဲ့သောကလေးလေးလိုပါပဲလား။ ခပ်စိပ်စိပ်ပေါက်နေသော ကော့ရှုန်းနေသည့် မျက်တောင်တို့၏အလှတရားကို ဘာကြောင့်များ ပါဝါမျက်မှန်ထူထူကြီးဖြင့် ဖုံးကွယ်ဝှက်ထားခဲ့တာပါလိမ့်။

ညရှစ်နာရီထိုးသွားတော့ သူမအတွက် ကော်ဖီဖျော်၍ဆေးတိုက်ခဲ့နိုးမည်ကြံရွယ်စဉ် သူမ ဆတ်ခနဲလန့်အနိုးနှင့်ဆုံတော့၏။



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မင်း အခုထိမပြန်သေးဘူးလား မင်းညာဏ"

"ပြန်မှာပေါ့၊ ခင်ဗျားသက်သာတာနဲ့ပြန်မှာပါ။ ရော့. . . ဆေး သောက်လိုက်ပါဦး"

"ကျွတ်! အဲဒီဆေးဆိုတာတွေ မျိုချရမှာကို စိတ်အပျက်ဆုံးပဲ"

"မသောက်ရင် ခင်ဗျားအဖျားဘယ်ပျောက်တော့မှာလဲဗျ။ အဖျား ပျောက်မှ ခင်ဗျားအလုပ်တွေကိုဆက်လုပ်လို့ရမှာပေါ့"

"ဒါတော့ မင်းပြောမှ ငါသိတာမဟုတ်ဘူး"

သူမက ဖျတ်ခနဲ ဆေးတွေကိုယူ၍ ဒီအတိုင်းမျိုချလိုက်လေ၏။

"ဟာ. . . ကော်ဖီနဲ့သောက်လေ။ အစာအိမ်တော့ ပေါက်ကုန် တော့မှာပဲ"

"ရတယ်၊ မိုးချုပ်နေပြီ။ ဒီအချိန် မင်းအိမ်ပြန်သင့်ပြီ မင်းညာဏ"

"စိတ်ချပါ။ ကျွန်တော် မိကောင်းဖခင်သားတစ်ယောက်ပါ။ ည ဘက်ကြီး လူမမြင်ကွယ်ရာမှာ မိန်းကလေးတစ်ဦးနဲ့ လွတ်လပ်စွာနှစ် ယောက်တည်းအတူရှိမနေသင့်မှန်းလည်း ကျွန်တော်နားလည်ပါတယ်"

သူမဘာမှမပြောတော့ဘဲ ခုတင်ထက်မှ ဆင်းလိုက်၏။ ကျွန်တော် က ဆရာဝန်ပေးလိုက်သည့်ဆေးတွေကို ပုလင်းလွတ်တစ်ခုတည်း စနစ် တကျထည့်၍ အိမ်ပြန်ရန်လှည့်ထွက်လာခဲ့သည်။

"ကျွန်တော် မနက်စောစောတစ်ခေါက် ထပ်လာခဲ့မယ်။ သိပ် အရေးကြီးရင် ကျွန်တော့်ကိုဖုန်းဆက်ခေါ်ပါ မမိုးသက်ငြိမ်။ ခင်ဗျားရဲ့ ဖုန်းစာအုပ်ထဲမှာ ကျွန်တော့်ဖုန်းနံပါတ်ရေးပေးထားတယ်။ ကျွန်တော့် ( )ပြန်ခွင့်ပြုပါဦး"

သူမက ကျွန်တော့်ကို အိမ်အဝအထိလိုက်ပို့ပေးပြီး တံခါးဖွင့်ပေး ၏။ လှေကားသုံးထစ်အဆင်းမှာ စိတ်မချစွာ လှည့်ကြည့်လိုက်သော ကျွန်တော့်ကို သံဇကာတံခါးမှီထားလျက်မှ သူမပြောလိုက်ပါသည်။

"ကျွန်မ ရှင့်ကိုကျေးဇူးတင်ပါတယ်။ ကျွန်မဘဝမှာ ဒီစကားကို စပြောရတာ ရှင်ပထမဦးဆုံးပဲ မင်းညာဏ"





ကျွန်တော် အံ့ဩမှင်တက်စွာဖြင့် တဒင်္ဂမျှ ရပ်ကြည့်နေမိတော့ ... တကယ်ပါပဲ။ စက္ကန့်ပိုင်းလေးပင်ဖြစ်လင့်ကစား သူမ၏မျက်ဝန်းတို့ ... ရွှန်းလဲ့တောက်ပနေသည့်အရိပ်တို့ကို ဖျတ်ခနဲမြင်လိုက်ရပါသည်။ ... ဟာ သံယောဇဉ်အရိပ်များပဲပေါ့။ ကျွန်တော့်နှလုံးခုန်သံစည်းချက်တို့ ... ညီမညာမြန်ဆန်စွာဖြင့် မြည်ဟည်းခုန်ပေါက်နေလေတော့သည်။

အို. . . မိုးသက်ငြိမ်ရယ်. . .

အိမ်အပြန် လမ်းတစ်လျှောက်မှာ ကားကိုဂရုတစိုက်မောင်းနေ ... သော်လည်း စိတ်ကိုမနည်းချုပ်ထိန်းပေနရ၏။ လူက ဘာလုပ်ရဘာကိုင် ... မှန်းမသိနိုင်တော့ဘဲ ဝမ်းသာသလိုလို၊ ကြည်နူးသလိုလိုနှင့် တုန်ရီနေ ... သဖြင့် ကားကို လမ်းဘေးမှာ ထိုးရပ်လိုက်ရသည်။ ကားလက်ကိုင်ခွေ ... ပေါ် ခဏမျှခေါင်းငုံ့ငြိမ်သက်နေရင်း ကျွန်တော် ခပ်တိုးတိုးလေးရယ်လိုက် ... ၏။ သူမကို ဘယ်အချိန်ကတည်းက ချစ်မိနေမှန်းကိုတောင် ကျွန်တော့် ... ကိုယ်တောင် ကျွန်တော်မသိနိုင်တော့။

ကျွန်တော် ခင်ဗျားကိုသိပ်ချစ်နေမိပြီ. . . မိုးသက်ငြိမ်၊ ဒီလိုဖွင့် ... ပြောလိုက်ရင် ခင်ဗျား ကျွန်တော့်ကို ခပ်ခလောင်လောင်ရယ်ချလိုက်လေ ... သလား၊ ယုံရတာမဟုတ်ဘူးလေ။ ဘာဖြစ်လို့လဲဆိုတော့ ခင်ဗျားက လူ ... တစ်ဖက်သားကို အားမနာတမ်းပြောဆိုလေ့ရှိတာကိုး။ ဘာပဲဖြစ်ဖြစ်၊ ... ကျောလုပါချည်ရဲ့ဆိုတဲ့ခင်ဗျားရဲ့ရင်ထဲက နှလုံးသားကို ကျွန်တော့် ... ချစ်ခြင်းတွေနဲ့ တံခါးခေါက် ဖွင့်လှစ်ကြည့်ချင်ပါတယ်။ ဒါအမှန်ပါ။

🍎 🍎 🍎



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၉ )

နောက်တစ်နေ့ မနက်အစောကြီးမှာ ကျွန်တော့်ခေါင်းအုံးဘေးရှိ Handphone က မြည်လာသဖြင့် ကျွန်တော်ကိုင်လိုက်၏။ နာရီကို ကြည့်လိုက်တော့ ခြောက်နာရီပင်မထိုးသေး။

"ဟဲလို. . . မင်းညာဏပါ"

"မင်းညာဏ. . . ကျွန်မပါ၊ ရှင် အိပ်ရေးပျက်သွားပြီလားဟင်။ ကျွန်မက ရှင် ကျွန်မအတွက်နဲ့ အချိန်တွေကုန်မှာစိုးလို့ ဖုန်းဆက်လိုက်တာပါ။ ကျွန်မ နေကောင်းပြီ။ ရှင် ကျွန်မဆီကိုမလာပါနဲ့တော့နော်"

ဘုရားရေ. . . မာကျောပြတ်တောင်းလေ့ရှိသောအသံတို့နှင့် ဆန့်ကျင်စွာ ထွက်ပေါ်လာသည့် သူမ၏စကားသံတို့က ကျွန်တော်၏နံနက်ခင်းကို အဓိပ္ပာယ်ပြည့်စုံသွားစေပါသည်။

"မင်းညာဏ. . . ကျွန်မပြောတာကို ရှင်နားလည်ပါတယ်နော်"

"သက်ငြိမ်. . . ကျွန်တော် ခင်ဗျားကို သက်ငြိမ်လို့ပဲခေါ်ချင်တယ်။

မြှူပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခေါ်ခွင့်ပြုပါ။ တကယ်တမ်းပြောရရင် ကျွန်တော် သက်ငြိမ်ကိုလာတွေ့ချင်သေးတာအမှန်ပဲ"

"မလိုတော့ဘူးလေ. . . ပြီးတော့ ရှင်ထားခဲ့တဲ့လက်ဆောင်အတွက်လည်း ရှင့်ကို ဒုတိယအကြိမ်မြောက် ကျေးဇူးတင်ပါတယ်"

"သက်ငြိမ် နှစ်သက်ပါတယ်နော်"

"ဟုတ်ကဲ့. . . ဒါပဲနော်၊ ကျွန်မ ဖုန်းချလိုက်ပြီ"

ကျွန်တော် ဖုန်းလေးကိုကိုင်ပြီး အကြာကြီးငိုင်တွေနေမိသည်။ သူမမျက်နှာလေးကို မြင်ခွင့်မရနိုင်တောင်မှ သူ့အသံလေးကြားရုံမျှပင် ကျွန်တော်ကျေနပ်ရောင့်ရဲနိုင်ရမှာပေါ့။ အဲဒီနေ့ ကျောင်းကို စောစောလေးထွက်ခဲ့မိသည့်ကျွန်တော့်မှာ ကြည်နူးကျေနပ်စိတ်တို့ဖြင့် အလိုလိုအူမြူးနေမိတော့သည်။

"ဉာဏတို့ ဒီနေ့ထူးခြားနေတယ်ဟေ့။ မျက်နှာကအစ ကြည်လင်တောက်ပနေတာပဲ"

"ကေန္တ သင်း မရိုးတော့ဘူးထင်တယ်။ ဘာလဲ. . . ဒီနေ့ လဲ့ဝါကိုဖွင့်ပြောတော့မှာလား. . . ဟင်. . . ဉာဏ"

"ဟာ. . . ဘယ်ကသာ၊ ဒီမှာ အနှင်းကိုရော ကျွန်တဲ့ ?အားလုံးကိုပါပြောထားမယ်။ ငါ့ကို လဲ့ဝါနဲ့တွဲတွဲမစကြပါနဲ့ကွာ. . . ငါ ?ဝါကိုသူငယ်ချင်းတစ်ယောက်လို ညီမလေးတစ်ယောက်လိုထက် သံ?ဇဉ်မပိုဘူး။ အဲဒါဟာ ဘယ်တော့မှပြောင်းလဲမသွားမယ့် ?သဘောထားအမှန်ပဲ"

"အဲဒီလိုတော့ ပြစ်ပြစ်ခါခါကြီး မပြောလိုက်ပါနဲ့ဉာဏရယ်။ လဲ့ဝါ သနားပါတယ်။ သူ နှင့်အပေါ်မှာ ငါတို့ထက်ပိုသာတဲ့ သံယောဇဉ်တွေရှိနေတာ၊ နှင့်ကိုအများကြီးမျှော်လင့်ထားတဲ့ သူ့ရင်ထဲကအကြောင်းတွေကို မိန်းကလေးချင်းမို့ ငါက ပိုသိပါတယ်ဟာ"

"ကျေးဇူးပြုပြီး ဆက်မပြောပါနဲ့လားအနှင်းရယ်။ အချစ်ဆိုတာဖန်တီးယူလို့ရတဲ့အရာမျိုးမှမဟုတ်တာ။ ရင်ထဲမှာ သူ့အလိုလိုပေါက်ဖွား





?င်သန်အမြစ်တွယ်လာတဲ့အရာမျိုးမို့ ငါ,လဲ့ဝါကို ဘယ်လိုမှချစ်လို့မရဘူး။ ဒါအသေအချာပဲ"

"ဉာဏရေ. . . အဲဒီတော့ကိုတွေ ငါ့ကိုသင်ပေးပါဦး။ အနှင်းကိုပြောဖို့ ငါကြိုကျက်ထားချင်လို့ပါ"

"ဝေယံ. . . ဒီမှာစကားအကောင်းပြောနေရင် နင်လိုက်ရှုပ်ပြီ။ အဲဒါတွေကြောင့် နင့်ကိုငါကြည့်မရတာ"

"အစကတော့ ဒီလိုပဲကြည့်မရဖြစ်နေတာပေါ့။ နောက်တော့လည်း ကြည့်မဝဖြစ်လာမှာပေါ့အနှင်းရယ်"

"ကြည့်စမ်း! လူကြားထဲ အရှက်မရှိလျှောက်ပြောနေပြန်ပြီ။ ?. . . ကဲ"

ဝေယံက အနှင်းလိုက်ရိုက်သည်ကိုရှောင်ရှားရင်း အုပ်စုလေး?ယ်သံတွေ ဝေစည်သွားရ၏။ ချောင်ပိတ်နေသည့်စိတ်တို့ ခုမှပင်လွတ်?ပ်ခွင့်ရသွားတော့သည်။ ကျွန်တော်လည်း ဝေယံလိုပျော်ရွှင်မှုမျိုး လို?င်လိုက်တာ၊ ရနိုင်ပါ့မလား။ ပြဋ္ဌာန်းစာအုပ်ကိုအဖွင့်၊ ပုံနှိပ်စာမျက်နှာ?က်မှာ သူမမျက်နှာလေးက ထင်နေ၏။ ကျွန်တော်တော့ ခက်နေပြီ?က်ငြိမ်ရေ၊ ကျွန်တော် ဘာဆက်လုပ်ရမလဲ၊ အကြံဉာဏ်လေး ပေး?ည့်ပါဦး။

အတွေးတို့မဆုံးခင် စာအုပ်ပေါ် ကတ်အဖြူလေးတစ်ခုရောက်လာ?။

*"You are familiarly invited from my 20th Anniversary Birthday Party.*

*Nu Lai Wah"*

ကျွန်တော် တအံ့တသြမျှော်ကြည့်လိုက်တော့ နှစ်လိုဖွယ်အပြုံး?င် လဲ့ဝါကိုမြင်လိုက်ရသည်။



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့အုပ်စုကို ဒီလိုကတ်မျိုးနဲ့ ဖိတ်ဖို့မလိုဘူးလေ လဲ့ဝါ။ ပိုက်ဆံအကုန်ခံလို့"

"ဟင်းဟင်း. . . အဲဒါ ကိုမင်းကိုဖိတ်တဲ့ကတ်မှမဟုတ်ဘဲ"

"ဗျာ"

"လဲ့ဝါ, မမိုးသက်ငြိမ်ကို ဖိတ်ဖို့ရိုက်ထားတာ။ ကိုယ်တိုင်သွားဖိတ်ချင်ပေမယ့် မအားလို့ ကိုမင်းပဲဖိတ်ပေးနော်"

"ဒါကတော့ဖြစ်ပါတယ်။ ဒါပေမဲ့ သူလာမလာကိုတော့ ကျွန်တော် အာမ,မခံဘူးနော်။ သူ့စိတ်က ပြောလို့ရတာမဟုတ်ဘူး"

"ရပါတယ်၊ လဲ့ဝါက ခင်လို့ဖိတ်တာပါ။ သူမလာချင်တော့လည်း ဘယ်တတ်နိုင်ပါ့မလဲ၊ ဖိတ်ဖို့က ကိုယ့်တာဝန်လေ"

"ညပိုင်းပဲပေါ့နော်"

"ဟုတ်တယ်"

ကျွန်တော် ကတ်ကလေးကို စာအုပ်ကြားထဲ ညှပ်ထားလိုက်ပါသည်၊

"မွေးနေ့လက်ဆောင်ကို လဲ့ဝါဘာလိုချင်လဲ"

"ဒီနှစ်တော့ ဆေးကျောင်းနဲ့ပတ်သက်တဲ့ပစ္စည်းပေ့ ပေးဖို့ အားလုံးကိုတောင်းပန်ပါတယ်နော်"

"ဟော. . . တယ်ထူးဆန်းပါလား လဲ့ဝါရဲ့။ ပြော ါဦး. . . အနှင်းတို့ ဘာဝယ်ပေးရမှာလဲ"

"ကလေးဆိုလည်း ဟုတ်တုတ်တုတ်။ အရုပ်လေးဘာလေးပေးလို့ရသေးတယ်"

"ကိုဆွေနော်. . . သူများစိတ်ကူးပျက်အောင် လာမစနဲ့"

"ဒါဆိုလည်း ငါ့အိမ်က ပါပီလေးကို ဘူးထဲထည့်ပေးမယ်ဟာ။ ငါ့အခန်းထဲ အီအီးလာလာပါလို့ ကြည့်မရဘူး"

"ကိုဝေနော်"

"ငါကတော့ စာအုပ်တစ်အုပ်လောက်တော့ ဝယ်ပေးမှာပါ။ ခက်





တာက နင်က စာဖတ်ကလည်းမြန်သေး"

"အေး. . . မိုးထက်ပြောတာဟုတ်တယ်။ ကဲ ပြောမှသာပြောပါ မွေးနေ့ရှင်ရယ်"

လဲ့ဝါက ခပ်ပြုံးပြုံးမျက်နှာလေးဖြင့် အတန်းထဲဝင်ထိုင်လိုက်ရင်း အားလုံးကို ဝေ့ကြည့်လိုက်ပါ၏။

"ထူးထူးဆန်းဆန်းပစ္စည်းမျိုးတွေပေးပေါ့။ ဈေးလည်းသိပ်မကြီးရဘူး။ ပြီးတော့ လဲ့ဝါလည်းနှစ်သက်ရမယ်"

"ကောင်းပြီလေ။ ကျွန်တော်ပေးတဲ့လက်ဆောင်က လဲ့ဝါအနှစ်သက်ဆုံးဖြစ်စေရမယ်လို့ ကတိပေးပါတယ်။ ဟုတ်ပြီလား"

"တကယ်နော်"

"ဩော်. . . မယုံဘူးလား"

လဲ့ဝါက နှစ်ခြိုက်စွာပြုံးလိုက်ပြီး ခေါင်းငုံ့သွားပါ၏။ ကျွန်တော် သက်ပြင်းတစ်ချက်ကိုမသိမသာချလိုက်တော့ အနှင်းထံမှ မျက်စောင်းတစ်ချက်ရလိုက်သည်။ ညနေကျောင်းအပြန် ကားပေါ်မှာ မိုးထက်က ကျွန်တော့်ကို မရရအောင် မေးတော့၏။

"မင်းဘာပေးမှာလဲ ဉာဏ။ ငါတော့ ဘာမှမစဉ်းစားတတ်ဘူး"

"အောင်စာရင်းဆိုတာ ဘယ်တုန်းက ကြိုသိရလို့လဲ။ လျှို့ဝှက်သင့်တာကို လျှို့ဝှက်ထားရတယ်ကွ။ ဒါမှ စိတ်ကိုရိုးမရှုဖြစ်စေတာ"

"လုပ်ချလိုက်ပြန်ပြီ၊ မင်းကတော့လေ ငါက ငါ ဘာပေးရမလဲ မသိလို့ပါကွ"

"ကိုယ့် Idea နဲ့ကိုယ် စဉ်းစားပြီးပေးပေါ့"

မိုးထက်ထံမှ တီးတိုးကျိန်ဆဲသံကြားလိုက်ရသဖြင့် ကျွန်တော် အော်ရယ်လိုက်မိသည်။ ကျွန်တော်က ခင်ပျားဆီမှာ အကြံဉာဏ်လာတောင်းမှာပါ သက်ငြိမ်၊ ခင်ပျားကူညီမှာမဟုတ်လား. . .



www.burmeseclassic.com

www.burmeseclassic.com





*A man's love is for the woman who makes him comfortable.*

ယောကျ်ားဆိုတာ သူတို့ကိုစိတ်ချမ်းသာအောင်လုပ်ပေးတဲ့မိန်းမကို ချစ်တတ်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၀ )

လမ်းနံ့ဘေးရှိသစ်သီးဆိုင်မှာ သစ်သီးရွေးနေသည့်သူမကိုတွေ့ လိုက်ရသဖြင့် ခပ်လှမ်းလှမ်းမှာ ကားထိုးရပ်လိုက်၏။ သူမအနီးကို ရောက်လာချိန်အထိ ကျွန်တော့်ကို သူမသတိထားမိပုံမပေါ်ပေ။ ပန်း သီး ငါးလုံး၊ လိမ္မော်သီးဆယ်လုံး၊ ကီလိုမာလကာသီးငါးလုံးကို အိတ်ထဲ ထည့်ပေးသည်ကိုယူ၍ ငွေချေကာ လှည့်အထွက် အနောက်နားမှာ ရပ်နေသည့်ကျွန်တော့်ကို သူမဝင်တိုးလေတော့သည်။

"ကျွတ်!"

မျက်မှောင်ကြုတ်၍ ဆတ်ခနဲမော့ကြည့်လိုက်တော့မှ ကျွန်တော့် မျက်နှာကို သူမမြင်သွားလေ၏။

"အာ. . . ရှင်ကလည်း အသံမပေးဘာမပေးနဲ့။ နောက်နားမှာ ဘာကပ်ရပ်နေရလား"

"ကျွန်တော် ခေါ်လိုက်မလို့ပဲ သက်ငြိမ်ရဲ့။ အာရုံပျက်သွားမှာ

| မွေ့ပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ခိုးလို့ပါ''

''ဪ. . . ဈေးဝယ်နေတာပဲ၊ အာရုံပျက်စရာလားရှင့်''

''မသိဘူးလေ၊ သက်ငြိမ်က အသီးတစ်လုံးစီကို သေချာကြည့်ပြီး ရွေးနေတာကိုး''

''ဪ. . . ဒါက ဘုရားဆွမ်းတော်ကပ်မှာမို့ အနာမပါအောင် သေချာကြည့်ရွေးတာပါ။ နေဦး. . . ကျွန်မ ငှက်ပျောသီးဝယ်ဦးမှာ''

''ကျွန်တော့်ကို ဒီအိတ်ပေးထားလေ''

''ရပါတယ်၊ နေပါစေ''

''ပေးပါ. . . သက်ငြိမ်ရဲ့''

ကျွန်တော်အတင်းလုသဖြင့် သူမက အသာလွှတ်ပေးလိုက်လေ၏။ ငှက်ပျောသီးဆိုင်မှာ ဖီးကြမ်းနှင့် သီးမွှေးတစ်ဖီးစီဝယ်၍ စတော်ဘယ်ရီတစ်တောင်းနှင့် စပျစ်သီးအစိတ်သား ချိန်ခိုင်းလိုက်ပါသည်။

''သက်ငြိမ်. . . စာအုပ်ဆိုင်ဝင်ဦးမှာလားဟင်''

သူမက အံ့သြသလို ဖျတ်ခနဲလှည့်ကြည့်လာ၏။ သူမ စာအုပ်ဆိုင်ဝင်တတ်တာကို ကျွန်တော်သိနေမှန်း သူမသိထားပုံမရပေ။

''ရှင် ဝင်ချင်ဝင်ပေါ့။ ကျွန်မ မှာထားတဲ့စာအုပ်တွေ ဒီလကုန်မှ ရမှာမို့ မဝင်တော့ဘူး''

''ဒါဆို အိမ်တန်းပြန်မှာမဟုတ်လား။ ကျွန်တော် လိုက်ပို့ပေးမယ်နော်''

သူမ လှမ်းလက်စခြေလှမ်းကို ရပ်ပစ်လိုက်သဖြင့် ကျွန်တော်ပါ လိုက်ရပ်လိုက်ရသည်။

''ဘာဖြစ်လို့လဲ သက်ငြိမ်''

''ရှင် ကျွန်မကို ဘာအကူအညီတောင်းမလို့လဲ မင်းညွှာထား။ လမ်းကြုံရုံနဲ့တော့ ကျွန်မအိမ်ကို ရှင်လိုက်ပို့စရာအကြောင်းမရှိဘူးမဟုတ်လား''

''ဟာ. . . ကျွန်တော့်ရင်ထဲကို ဖောက်ကြည့်လိုက်သလား ထင်





တယ်. . . သက်ငြိမ်၊ မလွယ်ပါလား''

''ကျွန်မပြောလိုက်တာ မှန်နေလို့လား''

''ကွက်တိပဲ''

''ဘာလဲ. . . ပြောပါဦး''

''ကားပေါ်ရောက်မှပဲပြောမယ်လေ. . . လာ''

ကျွန်တော်က ရှေ့ခန်းတံခါးပေါက်ကိုဖွင့်၍ သူမကိုတက်စေပြီး ကားမောင်းထွက်ခဲ့ပါသည်။

''သက်ငြိမ်. . . အဲဒီ dashboard ပေါ်က စာအုပ်လေးကိုဖွင့်ကြည့်လိုက်ပါ။ အဲဒီမှာ ကတ်လေးတစ်ကတ်ရှိတယ်''

''ဟင်. . . ဘာလဲ''

သူမ စာအုပ်ကိုယူ၍ လှန်လှောရှာလိုက်စဉ် ကတ်ကလေးကို တွေ့သွားပြီး ယူဖတ်လိုက်ပါ၏။

''အဲဒီကိစ္စအတွက် အကူအညီတောင်းချင်လို့ပါ''

''ဒါများ တစ်ခုခုဝယ်ပေးလိုက်ပေါ့ မင်းညွှာထားရယ်''

''မရလို့ပေါ့ သက်ငြိမ်ရယ်။ လဲ့ဝါက ဒီနှစ် သူ့မွေးနေ့မှာ သူနှစ်သက်တဲ့ပစ္စည်းမျိုးကိုပဲ အမှတ်တရတောင်းတာ။ တန်ဖိုးမကြီးရဘူးတဲ့''

''တော်တော်အဆန်းထွင်တဲ့ မိန်းကလေးပဲ။ ဟယ်. . . မွေးနေ့က မနက်ဖြန်ညပါလား''

''ဟုတ်တယ် သက်ငြိမ်ရဲ့။ ဖိတ်စာပေးခိုင်းထားတာ တစ်ပတ်ရှိ ကျွန်တော်လည်း အချိန်မရတာနဲ့ သက်ငြိမ်ဆီ မလာဖြစ်တာ။ အဲ သက်ငြိမ်အတွက်ကတ်ပေါ့''

''ကျွန်မနဲ့ရင်းနှီးတာ ရှင်နဲ့ နှင်းဝေလွင်ပဲရှိတာလေ။ သူတို့နဲ့သိပ် ရင်းနှီးဘူး''

''လဲ့ဝါက သူ့ကိုခင်တယ်ဆိုရင် လာခဲ့ပါလို့ ဖိတ်လိုက်တာပါ''

''ရှင်တို့သူငယ်ချင်းတွေ တစ်ဦးနဲ့တစ်ဦးတော်တော်သံယောဇဉ် ကြတယ်နော်''



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်က သက်ငြိမ်ကို တော်တော်ခင်တာပါဗျာ"

သူမ လှစ်ခနဲပြုံးလိုက်ပါ၏။ မီးပွိုင့်မှာရပ်နေချိန်မို့ သူမပြုံးလိုက် သည်ကို ကျွန်တော်မြင်ဖြစ်အောင် မြင်လိုက်ပါသည်။

"ကျွန်မက တော်တော်ခင်စရာကောင်းတာကိုး။ ဒီလိုမျိုးပြော တာ ရှင်တစ်ယောက်ပဲရှိသေးတယ် မင်းညာကာရေ။ ရှင်ကတော့ အတော် ထူးဆန်းတဲ့လူကလေးပဲ။ ကျွန်မကိုပေါင်းသင်းဆက်ဆံရခက်တဲ့မိန်း တစ်ယောက်လို့ အားလုံးက သတ်မှတ်ထားတာရှင့်။ ကဲ. . . မီးပွိုင့်စိမ်း ပြီ။ ရှေ့နားကလမ်းကိုချိုးပြီး Funiture ဆိုင်ရှေ့မှာရပ်လိုက်ပါ"

ကျွန်တော် သူမညွှန်သည့်အတိုင်း လမ်းကိုချိုးကွေ့၍ ရပ်လိုက် ပါ၏။ သူမက ကားတံခါးကိုဖွင့်ဆင်းလိုက်ပြီး ကျွန်တော့်ကို ကားပြတင်း မှ ငုံ့ခေါ်လိုက်ပါသည်။

"လာ့လိုက်ခဲ့လေ။ ရှင့်သူငယ်ချင်းအတွက် ရှင်လိုက်ဝယ်ပေး ရမှာ"

"ဟာ. . . မှန်တင်ခုံကြီးတော့ မဝယ်နိုင်းပါနဲ့နော် သက်ငြိမ်။ ဒါမျိုး သူ့ဆီမှာရှိပြီးသား"

"ရှင်ဟာလေ. . . ဘာမသိညာမသိ စိုးရိမ်တတ်ဖို့ပဲတတ်တယ်။ ကျွန်မ ဝင်မှာ Funiture ဆိုင်မဟုတ်ဘူး။ ဟိုဘက်က ဆိုင်ရှင့်"

သူမကပြောရင်း မှန်ဆိုင်ထဲ ဝင်သွားလေ၏။ ပြီးနောက် မှန် ဘောင်များချိတ်ထားရာနေရာမှာ တော်တော်ကြာကြာ ရပ်ကြည့်နေပြီး (၁' x ၁၀") ပေပတ်လည် ကနုတ်ဖော်ထားသည့်ဘောင်ကို လက်ညှိုး ထိုးပြလိုက်သည်။ အရောင်းစာရေးမလေးက အသာဖြုတ်ကာ မှန်မ စေရန် သေချာထုပ်ပိုးပေးလေ၏။

"ကဲ. . . ရှင်ငွေချေလေ"

ကျွန်တော် ခုချိန်ထိဘာမှတွေးမရဘဲ ငွေကိုသာ ချေပေးလိုက် ရသည်။ အရောင်းစာရေးမလေးကမ်းပေးသည့်အထုပ်ကိုယူ၍ ကား သို့ ပြန်လာခဲ့လေ၏။





"အချိန်က သိပ်နည်းလိုက်တာ မင်းညာကာရယ်။ ဒီပုံအတိုင်းဆို ကျွန်မတော့ ဒီညမအိပ်ရတော့ဘူးရှင့်။ ရှင်က အလုပ်တစ်ခုကို အချိန် သိပ်ဆွဲတာကိုး။ နောက်ဆို ဒါမျိုးမဖြစ်ပါစေနဲ့။ ကိုယ်ကြိုသိထားတဲ့ကိစ္စ တစ်ခုကို ကြိုတင်ပြီးစီးအောင် အရင်လုပ်ရတယ်။ ရှင်ကတော့ ကျွန်မကို ဆရာလုပ်တယ်ထင်မှာပဲ။ ရှင့်မှာ ကျောင်းစာတွေနဲ့ မအားလပ်တာ ဘူးပါတော့။ အခုလို လွယ်လွယ်လုပ်လို့မရတဲ့ကိစ္စတွေဖြစ်လာတော့ ရှင် အချိန်လုရရောမဟုတ်လား"

"သက်ငြိမ်ပြောလည်း ခံရမှာပဲ။ ကျွန်တော်က ဘယ်တော့မဆို အချိန်ယူပြီး ခပ်ဖြည်းဖြည်းလုပ်တတ်တဲ့အကျင့်မျိုးပဲရှိတာ"

"အင်း. . . အခုတော့ မနက်စာစားချိန်လွန်သွားပြီ။ ကျွန်မ ဘို့ တစ်ခုခုဝယ်သွားကြရအောင်။ အိမ်မှာ ချက်စားအားမှာမဟုတ်တော့ ဘူး"

"ဒါဖြင့် ကျွန်တော် ဆီချက်ခေါက်ဆွဲပဲ ဝယ်လိုက်မယ်လေနော်"

"အင်း. . . ကောင်းသားပဲ"

သူမအိမ်ကိုရောက်တော့ သံပုရာရည်အရင် အငမ်းမရသောက် ပြီး ဝယ်လာသည့်ဆီချက်ကိုစားကြသည်။ ပြီးနောက် သူမက မှာတစ် ချပ်ကိုခင်း၍ ယွန်းဘူးလေးတစ်ဘူးထုတ်လာခဲ့၏။ ဗီရိုအံဆွဲထဲမှ ကတ် ကြေး သေးသေး၊ ဓားချွန်ချွန်နှင့် ဘူးညိုညိုလေးတစ်ဘူးကို ယူ၍ ချထားလိုက်၏။

"အဲဒီမှန်ကို ခဏဖြုတ်ပေးပါ"

ကျွန်တော် မှန်ဘောင်မှ မှန်ကိုဖြုတ်လိုက်တော့ သူမက အိပ်ခန်း ထဲမှ အနက်ရောင်ကတ္တီပါစလေးကိုထုတ်လာခဲ့လေသည်။ ကတ္တီပါစ လေးကို ဘောင်ထဲကြပ်နေအောင် အရင်ထည့်ကာ ပင်အပ်ဖြင့်ဆွဲစိုက် ထားလိုက်၏။ ထို့နောက် ငွေမှင်ရောင်ခဲတံဖြင့် တပျတ်ပျတ်ခြစ်ရာပေး လိုက်ပြီး အသာချထားလိုက်သည်။ ယွန်းဘူးလေးကိုဖွင့်၍ အတွင်းမှ အောက်ခံနီးလိုလို ခပ်မှျင်မှျင်အချောင်းလေးများကို ဖုံဖော်ညှပ်ကာ အညီ



www.burmeseclassic.com

www.burmeseclassic.com



ရောင်ကော်သုတ်၍ ဓာဂနာလေးဖြင့် စကပ်လေ၏။

"ကျွန်တော်လည်း ဝိုင်းကူလုပ်ပေးမယ်လေ. . . သက်ငြိမ်"

"ရှင် စိတ်ရှည်မှုရမှာနော်"

"ရပါတယ်"

"ဒါဖြင့်၊ ကျွန်မညှပ်ထားပေးတဲ့အစလေးတွေကို ကော်သုတ်ပေးပါ. . . ရော့"

ကျွန်တော်က သူမပြောသည့်အတိုင်း အစလေးများကို ကော်သုတ်၍ သူမကို တစ်ခုပြီးတစ်ခုကမ်းပေးနေသည်။ ညနေ နေတော်တော်ညိုသွားတော့ တဲပုံအိမ်လေးပေါ်လာလေ၏။

"ဟာ. . . လှလိုက်တာ၊ သက်ငြိမ်ရယ်"

"ဒါ ဘာမှမပြီးသေးဘူး။ အုန်းမင်ရယ်၊ စဥ့်အိုးရယ်၊ ကမ်းစပ်ရယ်၊ ရေပြင်ရယ် ဆက်လုပ်ရဦးမှာ"

"ကျွန်တော်လည်း ပြီးတဲ့အထိ ဝိုင်းကူလုပ်ပေးမယ်လေ"

"ချက်ချင်းမပြီးဘူး မင်းဉာဏရဲ့။ ကျွန်မ တစ်ညလုံးလုပ်မှရမှာ။ ကနုကမာလေးတွေ ဆေးခြယ်ရဦးမယ်။ ခဏနားကြ ဘာပေါ့။ ညနေစာ ကျွန်မသွားစီစဥ်ဦးမှ"

သူမ မီးဖိုခန်းထဲဝင်သွားပြီး ခဏအကြာပြန်ထွက်လာ တော့ လက်ထဲမှာ သစ်သီးဖျော်ရည်နှစ်ခွက်ပါလာ၏။

"ရှင် ညရှစ်နာရီပြန်ရင်ဖြစ်မလား"

"အင်း. . . ဖြစ်ပါတယ် သက်ငြိမ်ရဲ့"

"လောလောဆယ် ဖျော်ရည်ပဲသောက်လိုက်ဦး။ ညစာအတွက် ကျွန်မ ပူတင်းဖုတ်ထားတယ်။ ပြီးရင် ပေါင်မုန့်ကြော်ပေးမယ်။ ကော်ဖီနဲ့သောက်ရအောင်နော်။ ဒီနေ့တော့ ထမင်းလွတ်သွားပြီ"

"ကျွန်တော်ကြောင့် သက်ငြိမ် ထမင်းမစားဖြစ်တာ ကျွန်တော် စိတ်မကောင်းပါဘူး"

"ကျွန်မက အလုပ်တစ်ခုကိုပြီးဆုံးအောင်လုပ်ရင် ထမင်းမစား





ဘာမစား ဖွဲကြီးကြီးနဲ့လုပ်လေ့ရှိတယ်။ အားမနာပါနဲ့ မင်းဉာဏရယ်"

တဲအိမ်လေး လက်စသတ်တော့ အုန်းမင်ပုံကိုဆက်ကပ်ကြ၏။ အဲဒီနောက် ကြွေဘူးလေးကိုဖွင့်၍ ကနုကမာခွံလေးများကိုဆေးခြယ်ကာ ဖြန့်လှန်းထားလိုက်လေသည်။ ရေပြင်ကို ငွေမှင်နှင့်ရွှေမှင်ရောင် သူမ ဆေးခြယ်သည်။ ပုံစံလေးပီပီပြင်ပြင်ပေါ်လာတော့ အားလုံးကို အံဆွဲထဲ ထည့်သိမ်းလိုက်ပြီး ထမင်းစားခန်းထဲမှာ ညစာပြင်ကျွေးလေ၏။

"မနက်ဖြန်ညနေကျရင် Packing Paper အပြာလေး ဝယ်ခဲ့ပါ။ ပြီးတော့ ဖဲမွှင့်ပါတဲ့အဝါရောင်ဖဲကြိုးလေးပါ ဝယ်လာခဲ့နော်"

"သက်ငြိမ်ပါ လိုက်မှာလားဟင်"

"ဟင့်အင်း. . . ကျွန်မ အဲဒီလိုပွဲမျိုးတွေ သွားလေ့မရှိဘူး မင်းဉာဏရဲ့။ ရှင့်ဟာရှင်သွားပါ"

"ဒါဆို ဒီလက်ဆောင်လေးက ကျွန်တော်နဲ့ သက်ငြိမ်ရဲ့ ပူးတွဲလက်ဆောင်ပေါ့နော်"

သူမက မပွင့်တပွင့်ပြုံးလိုက်ပြီး ကော်ဖီကိုငုံ့သောက်လိုက်သည်။ ကျွန်တော့်ရင်ထဲမှာ မေးချင်လာသည့်စိတ်က တအုံနွေးနွေးဖြစ်လာပါ၏။

"သက်ငြိမ်"

"ဟင်"

"လှဲဝါက က်ကောင်းတာပေါ့နော်။ ကျွန်တော့်မွေးနေ့မှာရော သက်ငြိမ် ဘာပေးမှာလဲဟင်"

"အဲဒီနေ့မှပဲသိပေါ့ မင်းဉာဏရယ်"

ကျွန်တော် သက်ပြင်းမောတစ်ချက်ကိုသာ ခပ်လေးလေးချလိုက်ရတော့သည်။ ဟုတ်သားပဲ။ သူမဟာ အင်မတန်မှ လျှို့ဝှက် သိုသိပ်သွန်းသည့်မိန်းမတစ်ယောက်ဖြစ်တာကို ကျွန်တော်မမေ့သင့်ပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၁ )

အပြီးသတ်ရေးဆွဲပြီးသွားသည့် ကောက်ရိုးပန်းချီကားလေးကို ကျွန်တော် မှန်အုပ်လိုက်ပါသည်။ သူမက သေသေသပ်သပ်ဖြစ်စေရန် ဝိုင်းကူပေးပါ၏။ ရောင်စုံကျောက်ခဲလေးများထက်မှာ တဲအိမ်ကလေးက သဘာဝကျကျလေး လှပနေလေသည်။ သူမက Packing Paper ကိုဖြန့်လိုက်စဉ် ကျွန်တော့်နှုတ်မှ လွှတ်ခနဲပြောထွက်သွားပါ၏။

"ပေးတောင် မပေးချင်တော့ဘူး"

"ဟောကြည့်! ကလေးဆန်ပြန်ပြီ။ ရှင်ဟာလေ သူ့မွေးနေ့မှာ သူများနဲ့မတူတဲ့လက်ဆောင်မျိုးပေးမယ်ပြောခဲ့ပြီး ခုစိတ်က ဖောက်လာပြီလား။ အဲဒီလိုမလုပ်ရဘူးလေ"

သူမစကားကြောင့် ကျွန်တော်အောင့်သက်သက်ဖြင့် နှာခေါင်းရှုံ့လိုက်မိသည်။

"ကျွန်တော့်မွေးနေ့မှာ သက်ငြိမ်က ဒီလိုဟာမျိုးပေးမယ်ဆိုရင်



www.burmeseclassic.com

www.burmeseclassic.com



အဲဒါဟာ ဒုတိယအရာကြီးဖြစ်နေမှာပေါ့"

"ဟင်းဟင်း. . . ဒါမျိုး ကျွန်မမပေးပါဘူး မင်းညာထာရယ်။ နောက်တစ်ခုခုပေးမှာပေါ့"

"တကယ်ပြောတာနော်။ အင်း. . . မွေးနေ့တောင်မှ မရောက်သေးဘူး၊ ကြိုပြီး ရင်တွေခုန်လိုက်တာ"

သူမ ဟက်ဟက်ပက်ပက်ရယ်မောလိုက်ပြီး ဖဲကြိုးလေးကိုလှလှလေး စည်းနှောင်လိုက်ပါ၏။

"ရှင့်မွေးနေ့က ဘယ်တော့လဲ မင်းညာထာရဲ့"

"July (26)"

"ဘာရယ်"

"ဟာ. . . သက်ငြိမ်ကလည်း July (26) ပါဆို"

"အဟုတ်ကြီးပေါ့"

သူမ ခေါင်းကိုခပ်ဖြည်းဖြည်းခါ၍ အဓိပ္ပာယ်ပါပါပြုံးလိုက်လေသည်။ ကြည့်စမ်း! ကျွန်တော်နှင့် ရင်းနှီးမှုကြာလာတာနှင့်အမျှ သူမမျက်နှာပေါ်မှာ အပြုံးတွေကို မကြာခဏမြင်နေရပါရောလား။

"ဘာဖြစ်လို့လဲဟင်"

"ကဲ. . . မွေးနေ့ပွဲက ခြောက်နာရီ စမှာမဟုတ်လား။ အခုပဲ ငါးနာရီခွဲနေပြီ။ သွားတော့"

သူမက မြေလှေကားထစ်တွေအဆုံးထိ ကျွန်တော့်ကို လိုက်ပို့ပါ၏။ ကားတံခါးကိုဖွင့်၍ dashbuard ပေါ်မှာ လက်ဆောင်ကိုတင်လိုက်သည်။ ကားပေါ်ကိုမတက်သေးသဖြင့် သူမက နောက်နားမှာ အသာရပ်ကြည့်နေလေ၏။

"ကျွန်တော်မေးတာ သက်ငြိမ် မဖြေသေးဘူးနော်"

သူမ သွားစွယ်လေးတွေပေါ်အောင် သဘောကျစွာ ရယ်မောလိုက်ရင်း ကျွန်တော့်ကို ကားပေါ်တက်ခိုင်းလိုက်၍ တက်ထိုင်လိုက်ရသည်။





"ကျွန်မ ပြောမှာပေါ့။ ရှင် ဘယ်နှခုမွေးတာလဲ"

"၄၄"

"အင်း. . . ရှင် ကျွန်မထက် လေးနှစ်တိတိငယ်တယ် မင်းညာထာရဲ့"

"လေးနှစ်တိတိ"

"ကဲ. . . သွားပါတော့၊ ဟိုမှာ မျှော်နေကြလောက်ပြီ"

ကျွန်တော် ကားစက်ကိုနှိုး၍ မောင်းထွက်လာခဲ့သည်။ လေးနှစ်တိတိငယ်တယ်ဆိုတော့၊ ဟာ! ကျွန်တော် Handphone မှ ခလုတ်တို့ကိုနှိပ်လိုက်သော်လည်း ဖုန်းကိုကိုင်မည့်သူက မရှိချေ။

အို. . . သက်ငြိမ်ရယ်။ ကျွန်တော်နဲ့သက်ငြိမ် မွေးနေ့တစ်ရက်တည်းဖြစ်နေတာ အံ့သြဖွယ်ရာတိုက်ဆိုင်မှုတစ်ခုပါလား။

လဲ့ဝါတို့ခြံထဲကို ကားကွေ့ချလိုက်တော့ လူတော်တော်များများရောက်နေလေပြီ။ လက်ဆောင်ကိုယူ၍ ကားပေါ်မှ ဆင်းလိုက်တော့ လဲ့ဝါက ကျွန်တော့်လက်ကိုပြေးဆွဲလိုက်လေ၏။

"အဲဒီ ကိုမင်းကလည်း ဒီမှာ ကိတ်ကို မီးမှုတ်ဖို့စောင့်နေတာကြာလှပြီ။ အခုမှပဲရောက်လာတယ်"

"sorry ပါ လဲ့ဝါ။ ကျွန်တော် သူ့ဆီမှာ လက်ဆောင်သွားယူနေလို့ပါ"

"ဟယ်. . . သူ လက်ဆောင်ပေးလိုက်တယ်ဟုတ်လား"

"အင်း. . . သူကိုယ်တိုင်လုပ်ပေးတဲ့ ကျွန်တော့်ရဲ့လက်ဆောင်လေ"

"ကဲကဲ. . . မီးညှိလိုက်တော့ဟေ့။ ညာထာရောက်ပြီ"

"Happy Birthday"

ဖယောင်းတိုင်မီးမှုတ်ပြီးသွားစဉ် လက်ခုပ်သံတွေက တဖြောင်းဖြောင်းထွက်လာကြသည်။ လဲ့ဝါက ကိတ်မုန့်ကိုလှီး၍ သူမဒယ်ဒီနှင့်မာမီကိုအရင်ဆုံးခွံ့ကျွေးပြီး ကျွန်တော့်ကိုခွံ့ကျွေးတော့ သူငယ်ချင်းတွေ



www.burmeseclassic.com

www.burmeseclassic.com



က အသံပြဲကြီးတွေဖြင့် စနောက်ကြလေ၏။ ကျွန်တော် အလိုက်သင့် လေးပြုံးနေရပေမယ့် စိတ်က သက်ငြိမ်ဆီသို့သာ ရောက်နေပါ၏။

"ကိုမင်းပေးတဲ့လက်ဆောင် အရင်ဆုံးဖောက်မယ်"

"ဟာ. . . နောက်မှကြည့်ပါလား လှဲ့ဝါရဲ့"

"မရဘူး. . . အခုပဲ"

လှဲ့ဝါက ပြောပြောဆိုဆိုပင် ကျွန်တော့်လက်ဆောင်ထုပ်ကိုအရင် ဆုံးဖွင့်လိုက်လေ၏။

"ဟယ်. . . လှလိုက်တာ"

"အေးဟယ်. . . ဘယ်လို Idea ရပြီး ဝယ်လာတာပါလိမ့်"

"လှဲ့ဝါကြိုက်တယ်မဟုတ်လား"

"အင်း. . . ကြိုက်တာပေါ့။ အရမ်းကျေးဇူးတင်တာပဲ"

မနက်ဖြန်စာမေးပွဲရှိတာမို့ ကျွန်တော်တို့အုပ်စု ခပ်စောစောပြန် ခဲ့ကြသည်။ မိုးထက်ကိုပို့အပြီး အိမ်ကိုပြန်ရောက်တော့ ကိုးနာရီပင်ထိုး နေလေပြီ။ ရေချိုးအဝတ်အစားလဲကာ ခုတင်ထက်ပစ်လှဲ၍ ဖုန်းနံပါတ် တွေကိုနှိပ်လိုက်ပါသည်။

"ဟဲလို"

"သက်ငြိမ်. . . ကျွန်တော်ပါ"

"ဟင်. . . စာမကျက်ဘဲ ဘယ့်နှယ် ဖုန်းလျှောက်ဆက်နေတာ လဲ။ မနက်ဖြန် စာမေးပွဲဖြေရမယ်ဆို"

"သက်ငြိမ်နဲ့ဖုန်းပြောပြီးရင် ကျက်မှာပါ။ ကျွန်တော် မနက်နှစ် နာရီအထိ ကျက်နိုင်ပါတယ်"

"ဘာကိစ္စရှိလို့လဲ"

"ကျွန်တော်နဲ့သက်ငြိမ် မွေးနေ့တစ်ရက်တည်းပေါ့နော်၊ ဟုတ် လား"

"အဲဒါ ထူးဆန်းလို့လား။ ဒီလိုတိုက်ဆိုင်မှုမျိုးတွေရှိနေတာပဲ။ ရှင် ထော်တော်အူကြောင်ကြောင်နိုင်တဲ့အလုပ်တွေလျှောက်လုပ်မနေနဲ့"





"သက်ငြိမ်ကလည်းဗျာ၊ ကျွန်တော့်ကို စကားလေးတော့ ကောင်း ကောင်းပြောပါ"

"ကျုတ်. . . ဒီမှာ ကျွန်မ ပန်းချီဆွဲလက်စကြီး ထပြောရတာနော်၊ အလုပ်ပျက်တယ့်ရှင့်။ အလိုက်သိမှပေါ့"

"သက်ငြိမ်ရယ်. . . ကျွန်တော်က ကျွန်တော့်သက်တမ်းတစ် လျှောက် မွေးနေ့ပွဲတွေကို မှတ်မှတ်ရရမလုပ်ဖြစ်ခဲ့ဘူး။ သက်ငြိမ်နဲ့အတူ တူ အမှတ်တရမွေးနေ့ပွဲလေးလုပ်ချင်လွန်းလို့ ဖုန်းဆက်ပြောမိတာပါ။ အလိုက်မသိ တတ်တာ မဟုတ်ရပါဘူး။ ကျွန်တော် မနက်ဖြန်ဖြေရမယ့် စာမေးပွဲက ကျလို့မဖြစ်တဲ့ အရမ်းအရေးကြီးတဲ့စာမေးပွဲပါ။ ကျွန်တော် စိတ်ကြည်ကြည်လင်လင်လေးနဲ့ စာကျက်ချင်တာပေါ့။ မွေးနေ့ပွဲမှာ ဆိုင်းနောက်နောက်နဲ့ပြန်လာခဲ့ရတာ။ သက်ငြိမ်နဲ့စကားပြောရတိုင်း ကျွန်တော် စိတ်အရမ်းကြည်ရတယ်။ အခုလည်း ကျွန်တော်ပြောတဲ့ စကားကို သက်ငြိမ်ထောက်ခံမလား မျှော်လင့်ချက်လေးနဲ့ပြောမိတာ ပါ။ သက်ငြိမ်မကြိုက်ရင် ကျွန်တော်ဆက်မပြောတော့ပါဘူး"

သူမဘက်မှ အသံတိတ်သွားလေ၏။ ကျွန်တော် ဖုန်းကိုဆက် ကိုင်ထားရမလား။ ပိတ်လိုက်ရမလား။ ဒွိဟဖြစ်နေစဉ် သက်ပြင်းချသံသဲ့ သဲ့ကို ကြားလိုက်ရသည်။ ညဉ့်ယံမှာ သူမအသံတိုးတိုးလေးက ဖုန်းထဲ မှ ပေါ်ထွက်လာလေ၏။

"မင်းညာကာ. . . စာကိုစိတ်အေးအေးထားပြီး ကျက်ပါ။ ရှင်ဟာ ကျွန်မရဲ့တစ်ဦးတည်းသောအပေါင်းအသင်းပါ။ ကျွန်မကြောင့် ကျွန်မ မိတ်ဆွေလေး စိတ်ထိခိုက်သွားမှာကို ကျွန်မ မလိုလားပါဘူး။ နောက် မှ ဒီကိစ္စဆက်ဆွေးနွေးကြတာပေါ့နော်။ လောလောဆယ် ကျွန်မ ရှင့် ကို ကြိုပြောထားချင်တာကတော့ ရှင့်မွေးနေ့မှာ ရှင်နဲ့ကျွန်မအတွက် အမြဲအမှတ်တရဖြစ်နေမယ့်အရာတစ်ခုကို ကျွန်မပေးဖြစ်မယ်ဆိုတာပါ ပဲ။ ကဲ. . . စာကျက်တော့နော်။ ကျွန်မ ဖုန်းချလိုက်ပြီ"

ကျွန်တော် ဝမ်းသာကြည်နူးမှုအပြည့်ဖြင့် မျက်ဝန်းအစုံကိုမှိတ်



www.burmeseclassic.com

www.burmeseclassic.com



ပစ်လိုက်သည်။

သက်ငြိမ်ရယ်. . . အရမ်းကိုကျေးဇူးတင်ပါတယ်၊ မွေးနေ့လက်ဆောင်ထက် အခု ပူပူနွေးနွေးရရှိလိုက်တဲ့ မိတ်ဆွေအဆင့်လေးနဲ့တင် ကျွန်တော် ဒီလောက်ပီတိတွေဖြစ်နေရင် ကျွန်တော်နဲ့သက်ငြိမ် တရားဝင်ချစ်သူဖြစ်ခွင့်ရရှိခဲ့ရင်တော့ ကျွန်တော့်အတွက် ပြောဖွယ်ရာမရှိတော့ပါဘူး။

သက်ငြိမ်အလုပ်အတွက် အနှောင့်အယှက်ဖြစ်မယ်မှန်း သိပေမယ့် အခုလို ညစဉ် ဖုန်းပြောခွင့်လေးကိုလိုချင်ပါတယ်။ Saturday နဲ့ Sunday တိုင်း အိမ်မှာ စာစုကျက်ရလို့ ကျောင်းစောစောဆင်းတဲ့ ကြားရက်တွေမှာ ညရှစ်နာရီထိုးတဲ့အထိ သက်ငြိမ်နဲ့ စကားတွေ့ထိုင်ပြောနေချင်တယ်။ သက်ငြိမ် ပန်းချီဆွဲနေတာကို ငြိမ်ငြိမ်သက်သက်လေးထိုင်ကြည့်ချင်တယ်။ ပြီးတော့ ကျွန်တော့်စကားတွေကိုသဘောကျပြီးရယ်မောတတ်တဲ့ သက်ငြိမ်ရဲ့အရယ်အပြုံးတွေကို အမြဲမပြတ်မြင်နေချင်တာအမှန်ပါ။

ကျွန်တော် အတွေ့တွေသိပ်များကြီးနေပြီလား။ ဟင့်အင်း. . . မဖြစ်နိုင်ပါဘူး။ သက်ငြိမ်အပေါ်မှာထားရှိတဲ့ ကျွန်တော့်ရဲ့ချစ်ခြင်းတွေက အလွန်ကို အတွေ့မဲ့ပါတယ်ဗျာ။

🍎 🍎 🍎



အလယ်

www.burmeseclassic.com

www.burmeseclassic.com





*I will willing to go alone with my lover dream from the beginning some rain or shine.*

ကိုယ်ဟာ ကိုယ့်ချစ်သူရဲ့မျှော်လင့်ချက်နဲ့အတူ မိုးရွာရွာ နေပူပူ လိုက်ပါသွားဖို့ အစကတည်းက ဆန္ဒရှိခဲ့တာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၂ )

ကျွန်မဘဝမှာ ကျွန်မရဲ့မေမေကလွဲလို့ ဘယ်သူ့ကိုမှ မချစ်ခင်
ယ်တာတတ်ခဲ့ပါ။ ကျွန်မ လူမှန်းသိတတ်ကာစအရွယ်ကတည်းက
 တတွတ်တွတ်ပြောနေခဲ့သည့်စကားလုံးတိုင်းဟာ သစ္စာမဲ့သည့်
ကျားတစ်ယောက်အကြောင်းကိုသာဖြစ်၏။ ကျွန်မအဖေ ဘယ်
 ဘယ်လိုပုံစံလဲဆိုတာကို သေသေချာချာမသိရှိခဲ့။ ကျွန်မမေးမိ
 မျက်ထောင့်နီကြီးဖြင့် စိုက်ကြည့်တတ်သည့် မေမေ၏အကြည့်
မ်းများကိုသာ လက်ခံခဲ့ရသည်။

ကျွန်မရှင်သန်ခဲ့ရသည့်ပတ်ဝန်းကျင်သည် ပန်းချီကားများ၊ ရေ
 ဆီဆေး ရောင်စုံဘူးများ၊ စုတ်တံများ၊ မင်စပ်သည့်ဘုတ်ပြား၊
ကားထောက်တိုင် စသည့်စသည့်ပစ္စည်းများသာ။ ထိုအရာတွေ
ပင် ပျော်ဝင်အောင် ပျော်ရွှင်အောင်နေတတ်စေရန် မေမေကပင်
ကျင့်ပေးခဲ့ပါ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



မူလတန်းမှ အထက်တန်းအောင်မြင်ခဲ့သည်အထိ ဤအိမ်လေး
သည် ကျွန်မနှင့်မေမေ၏ကမ္ဘာလေးဖြစ်ခဲ့ပါသည်။ လေးနှစ်အရွယ်
ကလေးဘဝကတည်းက မြေလှေကားထစ်တွေကို ပြေးတက်ပြေးဆင်း
လျက် ကျွန်မဆော့ကစားခဲ့သည်။ ဝါးရုံပင်အောက်မှာ ထီးရိုးဝါးရွက်
ခြောက်တွေပေါ် လူးလိမ့်၍ ပျော်ခဲ့ဖူးသည်။ သစ်ရွက်လေးကိုခေါက်၍
အသံမြည်အောင် မှုတ်ခဲ့ဖူးလေ၏။

အပတ်စဉ် တနင်္ဂနွေတစ်ရက်သာ ဈေးဝယ်ထွက်သည့်မေမေ
သည် ကျန်ရက်များ၌ အိမ်ထဲ၌ပင်ရှိနေခဲ့၏။ မည်သည့်လူ၊ မည်သည်
သူစိမ်းနှင့်မျှ အခေါ်အပြော အဆက်အဆံမပြုလုပ်ခဲ့ပေ။ ခြွင်းချက်အနေ
ဖြင့် လေးလေးလွင် (ဦးမင်းလွင်)ကိုတော့ အိမ်ကို တစ်လတစ်ခါအ
ဝင်ထွက်စေခဲ့ပါသည်။ လေးလေးလွင်လာတိုင်း ကျွန်မအတွက် အ
နှင့် စားစရာများ ပါလေ့ရှိသလို မေမေ့အတွက် ပန်းချီဆွဲစရာအထော
အကူပစ္စည်းများ ယူလာပေးလေ၏။ မေမေပြန်ပေးလိုက်သည့် ပန်း
ကားတွေကိုယူသွားပြီး သိပ်မကြာခင်မှာ မေမေ့လက်ထဲကို ငွေအထ
လိုက် လာထည့်ပေးတတ်လေသည်။

ကျွန်မ ကျောင်းကပြန်လာတိုင်း မြေလှေကားထိပ်မှာ ;မ်စော
နေတတ်သည့်မေမေ့ထံအပြေးသွား၍ မေမေ့ရင်ခွင်ထဲပြေးဝင် ရသည
ကြည်နူးမှုမျိုးကို ဘယ်အရာနှင့်မျှ ကျွန်မ မလဲနိုင်ပေ။ တစ်ဦးတည်း
တည် အသက်ရှင်နေထိုင်တတ်စေရန် ကျွန်မကို မေမေ အမြဲပင် သွ
သင်ဆုံးမခဲ့လေသည်။

အထူးသဖြင့် သစ္စာကိုမစောင့်သိတတ်သော၊ အချစ်ကို တန်
မထားတတ်သော၊ မြင့်မြတ်စင်ကြယ်ခြင်းမရှိသည့်ယောကျ်ားတစ်ယော
၏ဒဿနများကို နိစ္စဓူဝပြောပြ၍ ယောကျ်ားတွေကို အလိုလိုရွံ
နာကြည်း အထင်သေးတတ်စေရန် အမျိုးမျိုးသင်ကြားပေးခဲ့လေသည
ထို့ကြောင့်ပင် ကျွန်မသည် ငယ်စဉ်အရွယ်မှစ၍ အရွယ်ရော
လာသည်အထိ မည်သည့်ယောကျ်ားများနှင့်မှပတ်သက်ရုံမှမက မျ





သည့်မိန်းကလေးကိုမဆို အဆက်အဆံမပြုခဲ့ပေ။ (၈)တန်းစာမေးပွဲ ပြီးချိန်မှစ၍ နွေရာသီတိုင်း ပန်းချီသင်တန်းကို စနစ်တကျသင်ယူတတ် မြောက်စေခဲ့ပြီး ကျွန်မ၏အားလပ်ချိန်တို့သည် ပန်းချီကားများနှင့်သာ အချိန်ကုန်စေခဲ့ပါသည်။ စာသင်ကြားပေးသည့်ဆရာ၊ ဆရာမများကို ပင် စာနှင့်ပတ်သက်ပြီး မေးမြန်းပြောဆိုခြင်းမှလွဲ၍ အခြားမည်သည့် အပိုစကားကိုမျှ ပြောလေ့မရှိခဲ့ပေ။

အတန်းထဲမှာ ချောင်တစ်ချောင်ကပ်၍ စာဖတ်ချင်ဖတ်၊ မဖတ် လျှင် ပုံဆွဲစာအုပ်မှာ ပုံများဆွဲ၍ ငြိမ်ကုပ်နေတတ်သည့်ကျွန်မကိုလည်း မည်သူကမျှ အပေါင်းအသင်းမလုပ်ခဲ့ပါချေ။ ကျောင်းပေါင်းစုံ ပန်းချီ ပြိုင်ပွဲ၊ မူးယစ်ဆေးဝါးပြဿနာအတွက် ပိုစတာများ၊ ပန်းချီဆောင်ပုဒ်ပြိုင် ပွဲများစွာမှာ ကျွန်မ၏နာမည်က လူသိရှင်ကြားရှိခဲ့သော်လည်း ဆရာ၊ ဆရာမများ၏အသိအမှတ်ပြုပုံကို လက်ခံရုံမှလွဲ၍ ကျွန်မမျက်နှာမှအပြုံး ကို မည်သူတစ်ဦးတစ်ယောက်ကမျှ မတွေ့ခဲ့ဖူးပါချေ။

ကျွန်မ ဆယ်တန်းအောင်မြင်ပြီးနောက် အိပ်ရာထဲ မှန်းမှန်းလဲ သွားသည့်မေမေ့ကိုပြုစုရင်း ကျွန်မဘဝတက်လမ်းကို ရပ်ဆိုင်းခဲ့ရလေ သည်။ မေမေကွယ်လွန်တော့ လေးလေးလွင်ကပင်ဦးစီး၍ မေမေ့ဈာပန ကို အကျဉ်းချုံးကျင်းပပေးခဲ့၏။ ထိုအချိန်မှစ၍ ကျွန်မနှင့် မေမေ၏ ကမ္ဘာလေးသည် ခြောက်သွေ့မည်းမှောင်ကာ ပျော်ရွှင်ခြင်းတို့ပျောက် ကွယ်ခဲ့ရလေသည်။

ပတ်ဝန်းကျင်နှင့်သဟဇာတမဖြစ်တိုင်း မေမေ့အခန်းထဲမှ မေမေ့ ပုံခဲပန်းချီကားကို တမေ့တမောငေး၍ တိုင်တည်မိခဲ့၏။ ကျွန်မမျက်ရည် ကျတာကိုမမြင်ချင်တဲ့မေမေ၊ ကျွန်မစိတ်ဓာတ်ကျတာကို အမြဲမြှင့်တင် ပေးလေ့ရှိသည့် ကျွန်မ၏မြင့်မိုရ်တောင်ကြီးပြိုကျခဲ့စဉ်က အခန်းထောင့် ၌ ငုငုပိုင်ပိုင်ထိုင်ရင်း အနာဂတ်ပျောက်သူတစ်ယောက်လို မျက်ရည်မကျ ဘဲ ငုတ်တုတ်ထိုင်နေခဲ့မိ၏။

လေးလေးလွင်၏အကျိုးကျေးဇူးကြောင့် ပြင်ပလောကကြီးထဲသို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ ဝင်ဆံ့ခဲ့ပါသည်။ သို့သော် လူအမျိုးမျိုး စိတ်အထွေထွေ ပတ်ဝန်းကျင်နှင့် ကျွန်မတစ်သားတည်းမဖြစ်ခဲ့ပါ။ ကျွန်မကလည်း လူတွေကို ဟန်ဆောင်ပန်ဆောင်ဖြင့် ပြုံးရယ်နှုတ်ဆက်ရမည့်အလုပ်ကို စိတ်အပျက်ဆုံးပင်ဖြစ်သည်။

အချစ်ဆိုတာ ကိုးကွယ်အပ်သည့်အရာမဟုတ်။ ယုံကြည်ရမည့်အရာမဟုတ်တဲ့၊ မေမေပြောပြခဲ့ဖူး၍ အနည်းအကျဉ်းမျှ ကျွန်မ ကြားဖူးနားဝရှိခဲ့ပါ၏။ အချစ်ကိုဦးစားပေး၍ ဘဝတစ်ခုကိုထူထောင်ခဲ့မိသည့် မေမေ၏နောင်တတရားသည် မကွယ်လွန်မီအထိ တမြေ့မြေ့နှင့် မေမေ့ရင်ကို လောင်ကျွမ်းစေခဲ့ပါသည်။

ယေ်စဉ်က ဘာဆိုဘာမှနားမလည်ခဲ့သော်လည်း အရွယ်ရောက်လာချိန်မှာ မေမေ့ရင်ထဲကို ကျွန်မမြင်တတ်ခဲ့လေပြီ။ ဩော်. . . မေမေဟာ သူမသိပ်ချစ်တဲ့ယောကျ်ားတစ်ယောက်ရဲ့စွန့်ပစ်ခြင်းဒဏ်ကို ကြုံကြိုက်ခံရင်း အဲဒီလူတစ်ယောက်ကို နာကြည်း မုန်းတီး အမျက်မာန်သိုရင်း အတွင်းအဇ္ဈတ္တထဲမှာတော့ အဲဒီလူတစ်ယောက်ကို အသက်ထက်ဆုံး ချစ်မြတ်နိုးခဲ့တာပါပဲ။

မေမေ့ရက်လည်ဆွမ်းသွတ်ပြီး နောက်တစ်နေ့မှာ ကျွန်မကိုလာတွေ့ခဲ့သည့်လူတစ်ယောက်၏မျက်နှာကို ဒီနေ့အထိ ကျွန်မ မမေ့နိုင်ပေ။ အဖေဆိုတာ ဖြူသလားမည်းသလားတောင် ဇဝေဇဝါမသိခဲ့ရသည့် ကျွန်မရှေ့မှာ မားမားရပ်လာသည့်လူကို ကြောင်တောင်တောင်ပြန်ကြည့်နေခဲ့သည်က သူစိမ်းတစ်ဦးကိုမြင်နေရသည့်နှယ်။ လေးလေးလွင် ဘယ်လိုပဲ ညှိနှိုင်းပေးပေမယ့် ကျွန်မခေါင်းမာမာနှင့် ခါးခါးသီးသီးငြင်းဆန်ခဲ့သည်မှာ ကျွန်မ၏ကမ္ဘာပျက်လုမတတ်ပင်။ အဲဒီလူဟာ ကျွန်မဘဝမှာ ပထမဦးဆုံးနှင့် နောက်ဆုံးမြင်တွေ့လိုက်ရသည့် ကျွန်မမေမေ၏နှလုံးသားတစ်ခုပါပဲ။

ချစ်ခြင်းရဲ့အတ္တများစွာ၏ ကောင်းကျိုးထက် ဆိုးကျိုးကိုသာ လက်တွေ့ကြုံတွေ့ခဲ့ရသည့်ကျွန်မထံသို့ လူတစ်ယောက် ထယ်ရောက်ရှိလာ





ခဲ့၏။ အဲဒီနေ့က သူ T-shirt အဖြူနှင့် ဘောင်းဘီအနက်လေး ဝတ်ထားတာကို ကျွန်မမှတ်မိသည်။ ကျွန်မနှင့်စကားပြောရင်း ကျွန်မမျက်နှာကို ခိုးကြည့်တတ်သည့်သူ့မျက်လုံးများကို ကျွန်မသတိထားမိ၏။ သူငယ်ချင်းများမသိအောင် ခိုးကြောင်ခိုးဝှက် တီးတိုးပြောတတ်သည့် သူ့အသံကို ကျွန်မ ဂရုစိုက်ရှိမိသည်။

တကယ်တော့ သူဟာ သိပ်အပြစ်ကင်းစင်တဲ့ကောင်လေးတစ်ယောက်ပါပဲ။ သူ့မျက်နှာလေးမှာကိုက ဘာသောကမှ ဖိစီးပုံမရသည့် တကယ့်ပီဘိကလေးလေးသဖွယ် ချစ်စရာကောင်းနေလေ၏။ အထူးသဖြင့် မေးစေ့လေးနှစ်ဖက်ကွဲတဲ့အချိုင့်လေးကိုက ပိုပြီးစွဲဆောင်မှုရှိလွန်းပါသည်။ ကျွန်မဖတ်ဖူးတဲ့စာအုပ်တွေထဲမှာ မေးစေ့နှစ်ခု (မေးကွဲ) လေးရှိတဲ့ယောကျ်ားတွေဟာ မြာသိပ်ပွေတဲ့ယောကျ်ားမျိုးဟုသာ သိမှတ်ထားသော်လည်း အင်မတန်မှဖြူစင်လွန်းလှတဲ့ရိုးသားသည့် မျက်ဝန်းတစ်စုံကြောင့် အဲဒီအကြောင်းအရာတွေထဲက သွေဖယ်သည့်ကောင်လေးတစ်ဦးဖြစ်နေသည်မှာအမှန်ပင်။

ကျွန်မရဲ့ ပက်ခနဲပြောချတတ်တဲ့ ခပ်မာမာစကားလုံးတွေကြောင့် ကွက်ခနဲမျက်ကျသွားတတ်တဲ့ သူ့မျက်နှာလေးဟာ ဖြန်းခနဲ ရဲတက်သွားပြီး နားရွက်လေးတွေ နီရဲလာတဲ့အထိပင်။ သူ့အသားရောင်ဟာ ကျွန်မလို ဖြူသည်လည်းမဟုတ်ဘဲ အဝါရောင်သွေးပြီး ဝင်းပနေတာ အံ့သြစရာပင်။ တော်တော်များများ အသားဖြူလွန်းသည့်ယောကျ်ားလေးများနှင့်မတူဘဲ တမူထူးခြားနေသည့်သူ့အသားရောင်ကပင် သူ၏ရှင်းသန့်မှုကို ပိုပြီပြင်ပြင်ဖော်ပြဟန်ရှိနေလေသည်။

ကျွန်မထံ ကဗျာစာအုပ်လာအပ်သွားပြီး သိပ်မကြာခင်ကာလတွေမှာ အင်းဝမှာဖြစ်စေ၊ စာပေလောက(၈)မှာဖြစ်စေ၊ စာပေဟောင်းလေးအိုးကြီးမှာဖြစ်စေ သူ့ကို မကြာမကြာ ကျွန်မတွေ့မြင်ခဲ့ပါသည်။ အထူးသဖြင့် အင်းဝစာပေမှာ စာအုပ်တွေကို စိတ်ဝင်တစားရွေးရှာနေသည့်သူ့ကို နောက်နားခပ်ကျကျမှာရပ်၍ ကျွန်မ တိတ်ဆိတ်



www.burmeseclassic.com

www.burmeseclassic.com



စောင့်ကြည့်တတ်ခဲ့ပါသည်။ သို့သော် သူ ကျွန်မကိုမမြင်မီမှာပင် ထိုဆိုင်ထဲမှ ကျွန်မဦးစွာထွက်လာခဲ့သည်မှာ အကြိမ်ပေါင်းမနည်းပါလေခဲ့။

ကျွန်မ၏စိတ်ခါတ်က သာမန်မိန်းမတွေလို ခပ်ပျော့ပျော့မဟုတ်ခဲ့ပါ။ ဒီလိုမျိုး ကျွန်မထက်ငယ်သည့်ကောင်လေးတစ်ယောက်ကို ဂရုတစိုက်သတိထားမိသည့်နေ့က ကျွန်မကိုယ်ကျွန်မ အတော်အံ့သြခဲ့ရသည်။ သို့သော်. . . ကျွန်မစိတ်ကို ကျွန်မ မနိုင်နင်းခဲ့ပါချေ။ ဥပမာ သူရောက်ရှိလာမည့်နေ့မျိုးကို ကျွန်မ၏မသိစိတ်က အလိုလိုသိနေတတ်တာ။ သူနှင့်စကားတွေပြောတိုင်း ကျွန်မကြည်နူးရတာ၊ သူနှင့်အငြင်းအခုန်ကိစ္စရပ်တွေကြုံလာရတိုင်း ကျွန်မ ပျော်ရွှင်လာတတ်တာတွေဟာ ကျွန်မဘဝမှာ တစ်ခါမှမရရှိခဲ့ဖူးသည့် ခံစားချက်တွေမဟုတ်ပါလား။

လောကကြီးကို အဖော်မပါဘဲ တစ်ယောက်တည်းနေတတ်အောင် လေ့ကျင့်ပေးခဲ့သည့်မေမေ့စကားကို ကျွန်မ နာခံရပေမည်။ ကျွန်မငယ်ရွယ်သည့်ကောင်လေးထံမှာ ပျော်ဝင်ချင်နေသည့် ကျွန်မစိတ်ကို ကျွန်မ ထိန်းချုပ်ရမည်။ တကယ်တော့ အဲဒီကောင်လေးဟာ ခြောက်သွေ့တိတ်ဆိတ်နေသည့် မိုးသက်ငြိမ်ဆိုတဲ့ ကျွန်မဘဝထဲကို မိုးစက်လေးတွေနဲ့အတူ ရောက်ရှိလာခဲ့တဲ့ မိုးနတ်သားလေးတစ်ပါးဖြစ်သည်ဆိုတာကို တော့. . .

● ● ●



အခန်း ( ၁၃ )

"မိုးစက်ကြွေရာ ပန်းချီပြပွဲ"

အနုပ်ညာ(?) အနုပ်ညာ...

အနုင်းဖေဖေဦးစီးသည့်ပွဲမှ ကျွန်တော်တို့အုပ်စု ရောက်လာခဲ့ရ၏။ ပန်းချီဆရာ (၈)ယောက်၏ ပန်းချီကားများကို ခင်းကျင်းပြသရောင်းချတာဖြစ်ပြီး ထိုပန်းချီဆရာများထဲ၌ အမျိုးသမီးဆို၍ သူမတစ်ဦးတည်းသာ ပါဝင်လေသည်။ ကျွန်တော်က ကျွန်တော် သိပ်သိချင်နေသည့် သူမ၏ပန်းချီကားတွေကို ခပ်မြန်မြန်လေးရှာနေစဉ် ဦးမင်းလွင် ရပ်နေသည့်ပန်းချီကားရှေ့သို့ ရောက်လာခဲ့ရ၏။

"ဟော. . . ပါသားပဲ"

"ဘာကိုပြောတာလဲ မောင်ညာ"

"အဲဒီပန်းချီကားကို သူဆွဲနေတုန်းက ကျွန်တော်တို့ စရောက်ခဲ့တာလေ။ ဒီပန်းချီကားရဲ့အဓိပ္ပာယ်ကို ကျွန်တော်သိချင်နေတာ"



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . တောင့်တခြင်းတဲ့။ ဒါ သူ့အမေရဲ့မျက်ဝန်းတွေပေါ့"

"ဒါဆိုရင် သူ့အမေရဲ့နွေးထွေးမှုကို သူလိုလားတောင့်တနေတာ လား. . . အန်ကယ်"

"မဟုတ်ဘူး"

သူငယ်ချင်းတွေက ကျွန်တော်တို့နောက်မှာ စုပြုရောက်လာလေ ၏။ ဦးမင်းလွင်က သူမလက်မှတ်နေရာလေးကို လက်ဖြင့် ခပ်ဖွဖွပွတ် သပ်လိုက်လေသည်။

"ဒီမျက်ဝန်းရဲ့အဓိပ္ပာယ်ကိုက တစ်စုံတစ်ရာကိုမျှော်လင့်တောင့် တနေတဲ့အကြည့်မျိုးပါ။ ဝမ်းနည်းကြေကွဲမှုတွေ၊ မျှော်လင့်စောင့်စားတဲ့ အရာတွေအားလုံး ဒီမျက်ဝန်းထဲမှာ ပျော်ဝင်နေတယ်. . . တော်တော် အသက်ဝင်ပြီး အဓိပ္ပာယ်ရှိတဲ့မျက်ဝန်းတွေပဲ။ သူ့, သူ့အမေရဲ့မျက်ဝန်း တွေကိုပြန်မြင်နိုင်တာ သိပ်အံ့သြစရာကောင်းလွန်းတယ်"

"သူ့ကားတွေ တော်တော်ရောင်းရလား အန်ကယ်"

"ရောင်းရတာပေါ့။ သူက ကားအနည်းဆုံးတင်ထားတာဆိုတော့ ပြပွဲပြီးမှပဲ လာပို့ပါရစေလို့ ဝယ်ထားတဲ့သူတွေကို အန်ကယ်တောင်းပန် ထားရတယ်။ ရောင်းပြီးသားကားတွေအောက်မှာ ကတ်အပြာလေးတွေ ချိတ်ထားတယ်။ လာ, ဒီဘက်မှာလိုက်ကြည့်"

ကျွန်တော်တို့ ဦးမင်းလွင်နောက်မှ ခပ်ဖြည်းဖြည်းလိုက်လာခဲ့ သည်။ အညိုရောင်ပန်းချီကားအောက်ခြေမှာ ကတ်အပြာလေးကိုမြင် ရလေ၏။

"ဒီမှာကြည့်. . . ငှက်သိုက်ကလေးထဲမှာ ဥလေးတစ်လုံးတည်း က အကောင်လေးပေါက်နေတာ။ အစာကျွေးမယ့်မိဘတွေကိုမျှော်လင့် နေပြီး အသံကုန်အော်ဟစ်နေတဲ့ငှက်ကလေးပုံကို သဘာဝကျကျဆွဲ နိုင်တာ ဘယ်လောက်တော်သလဲ။ ဒီအရွယ်လေးဆိုတာ သတ္တဝါခပ် ကြီးကြီးတစ်ကောင်လာပြီး ဒုက္ခပေးနိုင်တဲ့အရွယ်။ အသိုက်ကိုလည်း အပင်ခပ်နိမ့်နိမ့် ခွဆုံမှာလုပ်ထားတာ။ အန္တရာယ်အချိန်မရွေးကျရောက်





လာနိုင်တဲ့နေရာမှာ သူ့အသက်ရှင်လာရတာလေ။ ကားနာမည်က ကွယ်ရာမဲ့'တဲ့။ ဘယ်လောက်အဓိပ္ပာယ်ရှိလိုက်သလဲ"

"ကျွန်တော်ထင်တယ်။ သူ့ရင်ထဲက ခံစားချက်မှန်သမျှကို သူ ဆွဲထားတာပဲ"

"သိပ်သေချာတာပေါ့။ သူက ဘဝနာခဲ့ရသူကိုး. . . သားရဲ့"

"သူ့ကားအားလုံး ဘယ်လောက်ရှိတာလဲဟင်"

"ဆယ်ကားပဲတင်တာ၊ ရှစ်ကားရောင်းပြီးပြီ။ အကုန်ပဲ"

"ဟင်. . . နှစ်ကားက ဘာဖြစ်လို့လဲ"

"Not for sell လေ"

"ဪ"

"လာ. . . ဒီဘက်မှာ သူ့မရောင်းတဲ့ကားတစ်ကားရှိသေးတယ်။ နေ တောင့်တခြင်းနဲ့ဆို အဲဒါနှစ်ကားပေါ့"

ကျွန်တော်တို့သွားရပ်လိုက်တော့ ခပ်မှောင်မှောင် မီးခိုးရောင် ဖျော့ဖျော့ပန်းချီကားကိုမြင်လိုက်ရ၏။

"ဒီပုံက သေချာစိတ်ဝင်စားမှမြင်ရတာနော်။ Foreigner တွေ အတင်းတောင်းဝယ်ကြတဲ့ကားပေါ့။ ကဲ. . . သေချာကြည့်။ ဘာပုံမြင် လဲ"

"ဟင်. . . သမီးတော့ အရိပ်မည်းမည်းတွေပဲတွေ့တယ်"

"မိုးတွေရွာတာကို ဆွဲထားတာလား"

ကျွန်တော်က ပုံကိုရှေ့တိုး၍ ကပ်ကြည့်လိုက်ပါ၏။ အာရုံကိုစူး စိုက်ပြီးကြည့်နေရင်း ခပ်စောင်းစောင်းလူရိပ်သဏ္ဌာန်ကိုမြင်ရသည်။ ဟုတ်တယ်။ ကျောခိုင်းထွက်သွားသလို လူရိပ်က ခပ်ဝါးဝါး။

"ကျွန်တော် မြင်တယ်"

"ပြောပါဦး။ ဘာပုံလဲ"

"လူတစ်ယောက် မိုးရေတောထဲမှာ ကျောခိုင်းသွားတဲ့ပုံ, ခပ် စောင်းစောင်းဆွဲထားတာ"



www.burmeseclassic.com

www.burmeseclassic.com



"မှန်တယ်. . . ဒါကြောင့် 'ချိန်ရစ်ခြင်း' လို့ သူ အမည်ပေးထားတာပေါ့"

"ဟယ်. . . ဉာဏာပြောမှပဲ ငါတို့မြင်တယ်။ အံ့သြစရာပဲ"

"ကျွန်တော် ခုမှတွေးမိတယ်။ ခုနမျက်လုံးပုံနဲ့ ဒီကားကိုတွဲထားသင့်တာ. . . အန်ကယ်ရဲ့။ ဒီနှစ်ကားက ဆက်စပ်မှုရှိတယ်"

"ဟုတ်တယ်၊ အစီပွာယ်သိပ်ရှိတဲ့နှစ်ကားပေါ့။ ဒါပေမဲ့ သူက သေချာမှာလိုက်တာပါ။ ဒီနှစ်ကားကို ဆန့်ကျင်ဘက်နေရာတွေမှာ ထားပေးပါတဲ့"

"စိတ်ဝင်စားဖို့ကောင်းတယ်နော်၊ အင်မတန်စိတ်ကူးကောင်းတဲ့ အနုပညာသမားတစ်ယောက်ပဲ"

"Dollar အများဆုံးရတဲ့ကားကို လိုက်ကြည့်ဦး။ အဲဒီကားက ရှာနိဝင်မှမြင်ရတာနော်"

"ဟင်. . . ပြောင်ကြီးလား"

လှဲ့ဝါစကားကြောင့် ကျွန်တော်တို့ရယ်လိုက်မိသည်။ အန်ကယ် ဦးမင်းလွင်က ပြုံးလိုက်ပြီး လက်ညှိုးထိုးပြလိုက်ပါ၏။

"ဟင်. . . ဘောင်ထဲမှာ လိပ်ပြာသေးသေးလေးတစ်ကောင်ပုံကို Dollar အများကြီးရတယ်"

"မသိရင် တိတ်တိတ်နေပါ ဝေယံရယ်။ နင်ကလည်း"

ဝေယံက အနှင်းဖေဖေရှေ့မှာမို့ အနှင်းကိုမခံချင်အောင် မစရဲတော့ဘဲ နှုတ်ပိတ်လိုက်ပါ၏။ ကျွန်တော်က ပန်းချီကားရှေ့တည့်တည့်မှာရပ်နေရင်း အနောက်ကိုဆုတ်လိုက်သဖြင့် သူငယ်ချင်းတွေက ဝရန်းသန်းကားဖြင့် ရွှေ့ရပ်လိုက်သည်။ ကျွန်တော် နှစ်ခြိုက်စွာပြုံးဖြစ်လိုက်၏။

"Dollar ဘယ်လောက်ရသလဲ အန်ကယ်"

"၁၅၀"

"ရသင့်တာပေါ့။ တကယ်ဆို ၂၀၀ လောက်ပေးသင့်တာ"





"ဟင်. . . ဘာဆေးမှလည်းမသုံးဘဲ ဆွဲထားတာကို သူကများ ဒေါ်လာ ၂၀၀ ပေးချင်တယ်တဲ့။ အံ့ဖွယ်သုတပါလား ဉာဏာရာ"

မြတ်ဆွေစကားကြောင့် ကျန်လူတွေက ရယ်လိုက်ကြပြန်သည်။ ကျွန်တော် ပန်းချီကားထဲဝင်စားနေသည့်စိတ်ကို ပြန်နှုတ်လိုက်သည်။

"အန်ကယ်. . . ဒီဘောင်က ပြတင်းပေါက်တစ်ခု၊ အဲဒီပြတင်းပေါက်ကနေ ပြင်ပကို လွင့်ပျံထွက်သွားတဲ့လိပ်ပြာလေးကို သေးသေးလေး ထည့်ဆွဲထားတာ။ အစီပွာယ်က လောကကြီးထဲက လွတ်လပ်စွာထွက်ခွာသွားခြင်းကို ဖော်ထားတာမဟုတ်လား"

"မှန်တယ်. . . သားက တော်တော်မြင်တတ်သားပဲ။ ဒီကားက ရှာနိဝင်စားမှမြင်ရတာလေ။ ဒါကြောင့် သူတို့သိပ်ကြိုက်သွားတာပေါ့။ နှစ်ဦးလုဝယ်တာ ၁၀၀ နဲ့ ၁၅၀ ပြိုင်ပေးလို့ ၁၅၀ သမားကိုရောင်းလိုက်တာပါ"

"ကားနာမည်က 'လွတ်လပ်ခြင်း' တဲ့။ ပေးတာထိလိုက်တာ"

"ကဲ. . . ဉာဏာရေ၊ ဆေးကုစားမနေနဲ့တော့ပေါ့။ ပန်းချီသာ ဆွဲစားတော့"

"အမယ်. . . ပန်းချီဆွဲတာ လွယ်တယ်မှတ်နေလို့လားကွ။ မင်း လွယ်လွယ်မပြောပါနဲ့ မြတ်ဆွေရာ"

"ဟင်းဟင်း. . . ကိုမင်းလည်း တဖြည်းဖြည်းနဲ့ ဆေးကျောင်းသားလေသံမရှိတော့ဘူး။ အနုပညာသမားလေသံပေါက်နေပြီ"

လှဲ့ဝါစကားကြောင့် ကျွန်တော် ကျေနပ်သဘောကျသွားပါသော်လည်း သူမကိုပြေးတွေ့ချင်သည့်စိတ်က အရှိန်နှုန်းမြင့်လာနေပေပြီ။ Handphone ကိုထုတ်၍ ခလုတ်တွေကိုနှိပ်လိုက်မိ၏။ တစ်ဖက်မှမှန်းမကိုင်ချေ။ ကျွန်တော် သက်မောတစ်ချက်ကိုရှိုက်ချလိုက်ပြီး ကားကို မောင်းထွက်ခဲ့တော့သည်။ ကျွန်တော့်ကားပေါ်မှာ မိုးထက်နှင့် အနှင်း ပါလာခဲ့၏။ လှည်းတန်းမီးပွိုင့်မှာ ကားရပ်နေစဉ် ဖုန်းသံမြည်လာသဖြင့် အနှင်းက ယူကိုင်လိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းညာထာ. . . ခုန ဖုန်းခေါ်တာ ဘာကိစ္စရှိလို့လဲ"

"မမ. . . ခဏနော်"

"သက်ငြိမ်. . . ကျွန်တော်တို့ အခု မိုးဆက်ကြွေရာကနေ ပြန်လာတာ"

"ဪ"

"ကျွန်တော်တို့ကို မုန့်ကျွေးရမယ်နော်. . . သက်ငြိမ်ကားတွေ အကုန်လုံးရောင်းရလို့လေ"

"ကျွန်တော်တို့ဆိုတော့ ရှင်တို့တစ်အုပ်စုလုံးက ကျွန်မအိမ်ကို လာမှာမို့လို့လား"

"ခဏနော်၊ သက်ငြိမ်က မုန့်ကျွေးမယ် မင်းတို့လာမှာလားတဲ့။ မေးနေပြီ"

မိုးထက်က ခေါင်းခါပြလိုက်ပြီး အနှင်းက ကျွန်တော့်ကိုခေါင်းညိတ်ပြလိုက်ပါ၏။

"သက်ငြိမ်. . . ကျွန်တော်နဲ့အနှင်း လာမယ်လေ"

"အင်း. . . ဒါဆို မနက်ဖြန်ညနေစောင်းလာခဲ့ကြပေါ့"

"သက်ငြိမ် ဘာကျွေးမှာလဲ"

"လာတော့ သိမှာပဲဟာ. . . ဒါပဲနော်"

ကျွန်တော် ဖုန်းကိုပိတ်၍ အနှင်းကို လက်မ ဘင်ပြလိုက်ပါသည်။





*I come to believe that in her voice was all thy music sung, in her face all beauty of painting, in her soul all the emotion of the poem.*

သူမအသံလေးသည် တေးဂီတသံလေးလို. . .

သူမမျက်နှာလေးသည် ပန်းချီကားကလေးလို. . .

သူမဝိဉာဉ်သည် ကဗျာတစ်ပုဒ်လို ကြွကြွရွရွလေးလို. . .

ကျွန်တော်ထင်၏။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၄ )

မြေပြန့်မှာကားကိုထိုးရပ်လိုက်စဉ် မြေလှေကားထစ်တိုင်းမှာ ဆီမီးခွက်လေးတွေ zip - zap ထွန်းထားသည်ကိုမြင်နေရသည်။ မီးခွက်လွတ်သည့်နေရာမှတစ်ဆင့် ကျွန်တော်နှင့်အနှင်း တက်လာခဲ့တော့ သူမအိမ်ဝမှာ စက္ကူမီးပုံးအဝါလေးထွန်းထားသည်ကိုတွေ့ရလေသည်။

အိမ်လေးထဲမှာ လျှပ်စစ်မီးရောင်ကိုမမြင်ရဘဲ ဆီမီးခွက်လေးဆွဲ ဟိုတစ်ခုဒီတစ်ခုထွန်းညှိထား၏။ ဟင်းလင်းဖွင့်ထားသည့်သံဇကာတံခါးဝဖိနှပ်ချွတ်မှာ ကတ္တီပါဖိနပ်လေးကိုချွတ်လိုက်စဉ် နောက်ဖေးမီးဖိုခန်းမှ သူမအသံထွက်ပေါ်လာလေသည်။

"မင်းညာထာရေ. . . ခဏနော်၊ ဒီမှာမပြီးသေးလို့ ထိုင်ခုံမှာထိုင်ကြလေ"

"သက်ငြိမ်. . . ကျွန်တော်တို့လည်း ဝိုင်းကူမယ်လေ။ ဘာတွေလုပ်နေတာလဲ"

ရွှေပဒေါ်သာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"နေပါစေ. . . ရတယ်။ ခဏပဲစောင့်၊ ပြီးတော့မှာပါ"

ကျွန်တော်နှင့်အနှင်းက သူမ၏ဆွဲလက်စပန်းချီကားရှေ့မှာ ရပ်ကြည့်နေမိသည်။ သစ်ပင်ကြီးတစ်ပင်ကို အကြမ်းဖျင်းမျှ ဆွဲထားပြီးတဲ့အိမ်ပုံစံခဲရာကို ခြစ်ထားလေ၏။ ခဏအကြာ သူမက လင်ပန်းတစ်ချပ်ဖြင့် အိမ်ရှေ့ကိုထွက်လာသည်။

"ဟယ်. . . ခုထိ ထိုင်ခုံမှာ မထိုင်ကြသေးဘူးလား"

ကျွန်တော်နှင့်အနှင်း လှည့်ကြည့်လိုက်တော့ သူမက နောက်ဖေးကို ထပ်ဝင်သွားပြန်၏။ နောက်ထပ် ဇွန်းတစ်ခုကိုယူအပြီးမှာ ဓာတ်ဘူးနှင့်ရေနွေးဇွန်းကို သယ်လာပြန်သည်။

"မမတော့ ပင်ပန်းပါပြီ။ အဲဒီ ဥာဏဟာလေ, နည်းနည်းလေးမှ အ လိုက်မသိဘူး"

"နှင်လည်း စားချင်လို့ လိုက်လာပြီမဟုတ်လား။ ခုမှအပိုတွေ ပြောမနေပါနဲ့"

"လာ. . . ထိုင်၊ တစ်မျိုးကို နည်းနည်းစီလုပ်ထားတာလေ။ စားကြနော်၊ အားမနာနဲ့"

"ဘာလေးတွေလဲဟင်. . . မမ"

"မြန်မာမုန့်တွေလေ၊ နိုင်ငံခြားဖြစ်မုန့်တွေက စားရတာ ရိုးအီနေပြီမဟုတ်လား။ မြန်မာမုန့်ကို ကောက်ညှင်းရယ်၊ ဆန်ရယ်၊ ပဲရယ် သုံးမျိုးနဲ့လုပ်ထားတာ။ မြည်းကြည့်ပါဦး. . . ပြီးရင် မင်းဥာဏကိုရော နှင်းဝေလွင်ကိုပါ လက်ဆောင်တစ်ခုစီပေးလိုက်မယ်"

"ဟယ်. . . မမရယ်။ အနှင်းတို့က ခုချိန်ထိ မမကိုဘာမှမပေးရသေးဘူးလေ၊ မမကညီလို့ အနှင်းတို့ကဗျာစာအုပ်လေး ထုတ်ဝေဖြစ်သွားတာ။ အနှင်းပေးချင်တာကို မမလက်မခံမှာလည်းစိုးတယ်"

"နေပါစေ နှင်းရယ်၊ ကဲ. . . စားကြလေ။ ဒါက မုန့်ဗိုင်းတောင့် ဒါက ကောက်ညှင်းအုန်းနို့ပေါင်း။ ဒီမှာ မုန့်လိပ်ပြာ၊ ဒါက ငှက်ပျောသီးပေါင်း၊ ဒါက ဆန်ဆန္ဒင်းမကင်း။ ဒီမှာ မုန့်လုံးရေပေါ်၊ ဒါ မုန့်ဦးနှောက်၊





အုန်းသီးဆီချက်ရယ်၊ သကြားရယ်၊ နှမ်းထောင်းရယ်၊ အုန်းသီးခြစ်ထားတာကို သတ်သတ်စီထည့်လာတယ်။ နေဦး, လက်ဖက်ခြောက်နှပ်ထားတာ ရေနွေးထည့်ပေးမယ်။ ရှမ်းပြည်နယ်ကလာတဲ့ လက်ဖက်ခြောက်နော်. . . မွှေးနေတာပဲ။ စားကြလေ"

"အံ့သြဖွယ်ရာပဲ မမက ဒါတွေလည်းလုပ်တတ်တာပဲလားဟင်"

"မေမေသင်ပေးထားတာလေ,နှင်းရဲ့။ လောကမှာ ဘယ်အတတ်ပညာမဆို သိထားတတ်ထားတော့ ကောင်းတာပေါ့။ နှင်းက တစ်နေ့အိမ်ထောင်ပြုမှာဆိုတော့ ဒါမျိုးလေးတွေ ဖွယ်ဖွယ်ရာရာလုပ်တတ်ရတယ်"

"ဒါဆို အနှင်း မမဆီမှာ လာသင်မှပါပဲ"

"ဟင်းဟင်း. . . နှင်းမေမေ မသင်ပေးဘူးလား"

"မေမေက အနှင်း မီးဖိုခန်းထဲရောက်တိုင်း အော်လွှတ်တာကိုး မမရဲ့။ အနှင်းကလည်း အနှင်းပဲ။ ဗိုင်းကူမလုပ်ပေးတဲ့အပြင် ရှုပ်သလိုသွားသွားလုပ်မိတာကိုး"

"မင်းဥာဏရေ, ဘာတွေစဉ်းစားနေလဲ။ အသံကိုတိတ်လို့"

ကျွန်တော် သူမစကားကြောင့် ကိုဉာဏ်ပြုံးလိုက်မိသည်။ ကြည့်စမ်းပါဦး။ လူတွေအမြင်မှာ ထောင့်သိပ်မကျူးသည့်အမျိုးသမီးလေးက ဒီလိုမိန်းမပီသသည့်အလုပ်တွေ လုပ်တတ်နေပြန်ပါရောလား။

"ကြိုက်ရဲ့လား"

"အင်း. . . ကြိုက်ပါတယ်"

"ရှင် ကျွန်မကိုစိတ်ခုမနေပါဘူးနော်"

"ဘာကိုလဲ သက်ငြိမ်ရဲ့"

"ဟိုတစ်ပတ် ဖုန်းဆက်တုန်းကလေ"

"အာ. . . မဟုတ်ပါဘူး"

သူမက ကျွန်တော်ခပ်လိုက်သည့်ငှက်ပျောသီးပေါင်းပေါ်သို့ အုန်းဆီချက်ကို ဆမ်းပေးလိုက်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com



"အင်း. . . တစ်ဦးတည်းသောသမီးဖြစ်ရတာ မကောင်းလိုက်တာနော်။ တီးတိုးတိုင်ပင်ဖော်လည်းမရှိ၊ ကျိတ်ပြီး စကားများ စိတ်ကောက်လို့လည်းမရနဲ့။ သိပ်အထီးကျန်ဆန်တာပဲ"

"နှင်းက မေမေရှိပါသေးတယ်ကွယ်"

"အနှင်းရေ. . . သက်ငြိမ်ပြောဖို့လည်း ထားပါဦး"

"အမှန်အတိုင်းပြောရရင် မမအိမ်ကိုလာရတာ အနှင်း စိတ်ချမ်းသာတယ်မမရဲ့။ ရင်ထဲမှာ တစ်မျိုးလေးခံစားရတယ်။ ခက်တာက မမကလည်း ကိုယ့်အလုပ်ကိုယ့်အာရုံနဲ့ဆိုတော့ အနှောင့်အယှက်ဖြစ်မှာစိုးလို့ပါ။ ဒါတောင် ဉာဏ မကြာခဏရောက်ရောက်လာတာ မမ အော်မထုတ်ဘူးလား"

သူမက ဘာမှပြန်မပြောဘဲ ပြုံးနေပါသည်။ ကျွန်တော် အနှင်းကို မျက်မှောင်ကြုတ်၍ကြည့်လိုက်၏။

"တစ်ခါတလေလာတာ ကိစ္စမရှိပါဘူး နှင်းရယ်။ မင်းဉာဏနဲ့ အတူတူလာလည်းဖြစ်တာပဲ"

"အာ. . . သက်ငြိမ်ကလည်း ကျွန်တော်က ကြားရက်တွေမှာ ရောက်ချင်တဲ့ရက်ရောက်တာ သူ့လိုက်ရင် ရှုပ်တာပေါ့"

"ဟယ်. . . အဲ့ဒီလိုမပြောရဘူးလေ။ သူငယ်ချင်းကို"

"သိပါတယ်. . . စိတ်ပုပ်ကောင်ရဲ့။ ငါ့အိမ်ကို နင်ပြန်ပို့ပေးရမှာစိုးလို့မဟုတ်လား။ ငါ့ကားနဲ့ငါ လာမှာပဲဟာ"

"ဟာ. . . မရဘူး။ ငါက တစ်ခါတလေ မှောင်ချင်မှောင်သွားတာ။ ညဆို စိတ်မချလို့ နင့်ကိုတစ်ခါလိုက်ပို့ပေးရမှာပဲ"

"ကြည့်စမ်း! ခုမှ တော်တော်ပုပ်တတ်မှန်း ငါသိတော့တယ်။ ငါ အားလုံးကိုပြန်ပြောမှာ"

"ပြောပေါ့။ ကြောက်ရမှာကျနေတာပဲ"

"ငါ ဦးနဲ့အန်တီ့ကိုပါပြောမှာ"

"နင် ဘောင်ကျော်ရင် ငါကလည်း ပြန်ချွန်မှာပေါ့"





"အံမာ. . . ငါ့အကြောင်း ဘာချွန်စရာများရှိလို့လဲ"

"ရှိသမှ သိပ်ရှိပေါ့။ ဝေယံရေ. . . မင်းဟာလေး ကြည့်ထိန်းထား။ ငါ့နောက် ကောက်ကောက်ပါအောင်လိုက်နေတယ်။ ငါမနိုင်ဘူးဆိုတာနဲ့. . ."

"ခွေးစုတ်ခွေးနာ. . . ကဲ"

အနှင်းက ကျွန်တော့်ကျောကုန်းကို တအုန်းအုန်းထုလေတော့သည်။ သူမက ပေါ်ပါးစွာရယ်လိုက်ပြီး အခန်းထဲဝင်သွား၏။ ပြန်ထွက်လာတော့ ကျွန်တော်နှင့်အနှင်းအတွက် ဖန်ဖြင့်ပြုလုပ်ထားသည့်အိမ်လေးတစ်ခုစီ ကမ်းပေးလိုက်လေသည်။

"ဟယ်. . . လှလိုက်တာ၊ ဒါ အနှင်းဖို့လား"

"ဟုတ်တယ်, ခလုတ်လေးနှိပ်လိုက်ရင် မီးလင်းပြီး အသံပါမြည်တယ်လေ"

အနှင်းက ခလုတ်လေးကိုနှိပ်လိုက်တော့ sport light မီးအနီလေး မှိတ်တုတ်မှိတ်တုတ်လင်းသည်နှင့်အတူ အိမ်လေးက တစ်ပတ်တစ်ပတ် သံစဉ်လေးနှင့်လည်နေလေ၏။

"ဒါဆို ကျွန်တော်နဲ့အတူတူပဲပေါ့။ ဟုတ်လား သက်ငြိမ်"

"မီးရောင်ကွာပါတယ် မင်းဉာဏရဲ့"

ကျွန်တော် ခလုတ်ဖွင့်လိုက်တော့ မီးရောင်က အပြာရောင်လေးဖြစ်နေလေ၏။ အနှင်းကတော့ ကလေးလေးလို သဘောအကျကြီးကျနေတော့သည်။

"ဟယ်. . . ရုစ်နာရီတောင်ထိုးနေပြီ"

"ငါမပြောလား။ နင့်ကိုလိုက်ပို့ရဦးမယ်"

"ပို့ပေါ့"

"မင်းဉာဏရယ်. . . ကိုယ့်သူငယ်ချင်းကို"

"သူက ကျွန်တော်တို့တစ်အုပ်စုလုံးကို သိပ်နိုင်စားတယ် သက်ငြိမ်ရဲ့"



www.burmeseclassic.com

www.burmeseclassic.com



"အောင်မာ. . . မမနဲ့နှင်ဆုံရတာ ငါ့ကျေးဇူးကြောင့်ဆိုတာကို မေ့မသွားနဲ့"

"အေးပါ. . . အေးပါ၊ ဒါလေးတစ်ခုကယ်ပေလို့ သည်းခံတယ် မှတ်ပါ"

"မမ. . . အနှင်းတို့ပြန်ပါဦးမယ်။ လက်ဆောင်ပေးတဲ့အတွက် ရော မုန့်ကျွေးတဲ့အတွက်ပါ ကျေးဇူးအများကြီးတင်ပါတယ်နော်။ နောက် တစ်ခါ အနှင်းလာရင် မမအတွက်တစ်ခုခုယူလာမယ်။ အဲဒီအခါ မမ မငြင်းကြေးနော်"

"ရပါတယ် နှင်းရယ်"

အနှင်းနှင့်ကျွန်တော် ထရပ်၍ သူမဖွင့်ပေးသည့်တံခါးမှဆင်းစဉ် နောက်မှဆင်းသည့်ကျွန်တော်က သူမလက်ထဲသို့ လက်ဆောင်လေးကို ဖျတ်ခနဲမြန်မြန်ပေးကာ 'ရှူး'ဟု အသံတိတ်လုပ်ပြလိုက်ပါ၏။ သူမက ကျိတ်ပြုံးလိုက်စဉ်မှာ ကျွန်တော်တီးတိုးထပ်ပြောလိုက်ပြန်ပါသည်။

"ကျွန်တော် ညတိုင်း ဖုန်းဆက်ချင်တာ ရမလားဟင်"

"မရဘူး. . . ကျွန်မ ရှာန်ပျက်တယ်"

"သက်ငြိမ် ဘယ်အချိန်အိပ်တာလဲ"

"မမှန်ဘူး. . . ညတစ်ချက်တီး၊ နှစ်ချက်တီးထိမဟုတ်ရင် မနက် လည်း လင်းသွားတတ်တာပဲ"

"ဟင်. . . ဒါဖြင့် ဘယ်အချိန်ဆက်ရမှာလဲ"

"မဆက်နဲ့ပေါ့။ ဟိုမှာ နှင်းစောင့်နေရပြီ၊ သွားတော့"

ကျွန်တော် မှုန်ကုပ်ကုပ်မျက်နှာဖြင့် လှေကားမှဆင်းလိုက်စဉ် သူမက လက်ဆောင်ကို တစ်နေရာမှာထားလိုက်ပြီး ကျွန်တော့်ဘေး မှာ ယှဉ်လျှောက်လာခဲ့၏။

"ဩော်. . . နှင်းရေ့ လေးလေးကိုပြောလိုက်ဦးနော်။ ဝတ္ထု ဆွဲထားတာပုံ (၂၀)ပြီးပြီလို့။ မမ သန်ဘက်ခါလောက် လာပို့ပေးမယ် အဲဒါ နောက်ဆွဲရမယ့်ပုံတွေ စုထားပေးပါလို့နော်"





"ဟုတ်ကဲ့ မမ"

"နှင်းအိမ်က Bravo လေးက မုန့်စားပြီး စိတ်ကောက်တတ် သားဟင်"

"ရှင်. . . ဩော်. . . မမကလည်း"

အနှင်းနှင့်သူမ ရယ်လိုက်ကြတော့ ကျွန်တော် စိတ်တိုတိုနှင့် ကားတံခါးကိုဆောင့်ပိတ်၍ စက်နှိုးကာ မောင်းထွက်လိုက်တော့၏။ ခင်ထဲမှာ ဝမ်းနည်းစွာရော စိတ်မကောင်းဖြစ်တာပါစုပြုံ၍ ပူပူလောင် လောင်ကြီး ဖြစ်နေမိသည်။ အိမ်ပြန်ရောက်တော့ အိပ်ရာထဲ ဟိုဒီလိမ့် ၍ အိပ်မရသဖြင့် တစ်ကိုယ်လုံးကို ရေချိုးနေအောင် စိမ်ချိုးလိုက်ပါ၏။ ကတွေမှန်တော့မှပင် ရေချိုးခန်းထဲမှထွက်လာခဲ့သည်။

"ဟတ်ချိုး. . . ဟတ်ချိုး. . . အား"

"သားရယ်. . . ဒီလောက်ကြာအောင် ရေချိုးရသလား၊ ည ကိုးနာရီ ကျော်နေပြီ"

"စိတ်အိုက်လို့ပါ မေမေရယ်"

"ထမင်းမစားတော့ဘူးလား"

"ဟင့်အင်း. . . ကျွန်တော့်သူငယ်ချင်းအိမ်မှာ မုန့်တွေစားလာ ပြီ မဆာတော့ဘူး"

"အနှင်းနဲ့သွားတာလား"

"အင်းလေ. . . မေမေ့ကိုဘယ်သူပြောတာလဲ"

"လဲ့ဝါ ဖုန်းဆက်ရင်းသိတာ"

"ဩော်"

"သား. . . မကြာခဏသွားသွားနေတဲ့အမျိုးသမီးအိမ်ဆို"

ကျွတ်. . . စိတ်ညစ်ဖို့ကောင်းလိုက်တာနော်။ လဲ့ဝါကတော့ ကျွန်တော့်ကို ကြပ်နေပါရောလား။

"ဟုတ်တယ်လေ၊ ကျွန်တော်တို့အားလုံးနဲ့ရင်းနှီးကြတာပဲ"

"သူက ပေါင်းသင်းဆက်ဆံရေးညံ့တယ်ဆို။ ကြည့်လည်းလုပ်



www.burmeseclassic.com

www.burmeseclassic.com



ပါဦး သားရယ်။ တော်ကြာ လူတောမတိုးဝင်မဆံ့တဲ့ မိန်းကလေးမျိုး
ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ''

''မေမေရယ် မမြင်ဖူးဘဲနဲ့ ထင်ရာမပြောပါနဲ့။ အနှင်းဖေဖေ
ကြုံရင် မေးကြည့်လိုက်ပါ''

''ဩော်. . . ကိုမင်းလွင်နဲ့သိလား''

''အန်ကယ့်သူငယ်ချင်းရဲ့သမီးပဲဟာ၊ အတွင်းသိအစင်းသိ''

ကျွန်တော်အကျီဝတ်နေစဥ် Handphone က မြည်လာသဖြ
နံပါတ်ကိုကြည့်လိုက်တော့ အတော့်ကိုပျော်ရွှင်သွားမိသည်။

ကြည့်စမ်း! သူမဖုန်းနံပါတ်ပါလား။ ကျွန်တော် လှစ်ခနဲပြုံးလိုက
ပြီး ခုတင်ပေါ်ပစ်လှဲလိုက်မိတော့ မေမေက မျက်စောင်းတစ်ချက်ထိုး
အခန်းပြင်သို့ ပြန်ထွက်သွားလေ၏။

''ဟဲလို''

''မင်းညာဏ စိတ်ကောက်နေတုန်းပဲလား''

''ဟင်. . . ဟတ်ချိုး. . . ဟတ်ချိုး''

''ဟယ်. . . အအေးမိနေပြီလား။ ဘယ်လိုဖြစ်တာလဲ''

''ခေါင်းရေလောင်းပြီးစိမ်ချိုး. . . ဟတ်ချိုး. . . အား''

''ခေါင်းကို သေချာသုတ်လေ။ ပြီးရင် ကော်ဖီနဲ့ ပါရာဝစ်တ
လောက် သောက်လိုက်။ အဲဒါအရှေ့လုပ်''

''ဟင်းဟင်း''

''တယ်. . . ဘာရယ်နေတာလဲ၊ ပြောတာနားထောင်မှပေါ့''

''မပြောတော့ပါဘူး။ တော်ကြာ သက်ငြိမ်စိတ်ဆိုးနေဦးမယ်''

''ဩော်. . . ဘာလဲ ဆေးကျောင်းသားကို ဆရာလုပ်မိလို့လား
ဟုတ်သားပဲ. . . ဘွာတေးနော်''

''ထားလိုက်ပါ။ သက်ငြိမ် ဘာ့နှပြောချင်လို့လဲ''

''ကျွန်မပြောမယ်။ ရှင့်စာကျက်ချိန် အနှောင့်အယှက်မဖြ
သာ ကျွန်မကိုဖုန်းဆက်ပါ။ ပြီးတော့ အကြောင်းထူးရှိမှဆက်ပါ။ နော





ကျွန်မပန်းညှိဆွဲတာကို အနှောင့်အယှက်မပေးဘူးဆိုရင် အိမ်ကိုလာ
လည်ပါ''

''ဟာ. . . ဟတ်ချိုး၊ တကယ်နော်. . . သက်ငြိမ်''

''ကဲ. . . ရှင်ခေါင်းမြန်မြန်သုတ်ပြီး ဆေးသောက်တော့လေ''

''သန်ဘက်ခါကျောင်းပိတ်ရက်လေ။ သက်ငြိမ်နဲ့ အတူတူလိုက်
လို့မရဘူးလား''

''ဟော. . . တစ်ဆင့်တက်လာပြန်ပြီ၊ ဘာလိုက်ရှုပ်မှာလဲ။ စာ
ပေတိုက်သွား၊ စာအုပ်ဆိုင်ဝင်ချင်ဝင်၊ ဒါပဲရှိတာကို''

''လိုက်ချင်လို့ပေါ့''

''ဒါဆို ရှင့်ကားကို ကျွန်မအိမ်မှာထားခဲ့ပြီး လိုင်းကားစီးနိုင်ရင်
လိုက်ခဲ့၊ ဒါပဲ''

သူမ ဖုန်းချသွားတော့ ကျွန်တော်တစ်ယောက်တည်း တိုးတိုး
လေး ရယ်နေမိသည်။

ပျော်လိုက်တာ သက်ငြိမ်ရယ်. . .

တကယ်ပါပဲ. . .



www.burmeseclassic.com

www.burmeseclassic.com



# အခန်း ( ၁၅ )

"ရှော့"

– "ဟာ. . . ဒါဘာလုပ်တာလဲ"

"ရှင့်ပိုက်ဆံ ရှင်ပြန်သိမ်းထားပါ. . . မင်းညာထားရယ်၊ တကယ်ပဲ န်မက ဘာမှန်းမသိလို့ ယူထားမိလိုက်တာ"

"သက်ငြိမ်ကလည်း ကျွန်တော် ကဗျာစာအုပ်ထုတ်လို့ရတဲ့ မြတ်ထဲက ခွဲပေးတာကို မယူချင်ဘူးလား"

"အပိုတွေပြောမနေနဲ့။ အနုပညာသမားအချင်းချင်း မပိုသာ ပါနဲ့နော်။ အဓိပ္ပာယ်မရှိတာ"

"အနှင်းက သက်ငြိမ်ကို ရွှေလက်စွပ်ပေးမှာလေ. . . ဒီတော့ တော်က ဘာပေးရမှာလဲ။ သူက ကျွန်တော့်ထက်သာတာ ပေးမှ ာ့ ကျွန်တော်မရှုံးချင်ပါဘူး"

"သူဟာသူ ဘာပေးပေး ကျွန်မယူမှဖြစ်တာပဲဟာကို။ ဒီငွေတစ်



www.burmeseclassic.com

www.burmeseclassic.com



သိန်းက နည်းသလား။ ပြီးတော့ ဘတ်စာအုပ်ကလည်း လုပ်ထားပေးသေး''

''မရဘူး. . . ယူရမှာပဲ''

''မယူဘူးနော်။ ကျွန်မကိုအတင်းထပ်ပေးရင် မြောင်းထဲရောက်သွားလိမ့်မယ်။ မယုံမရှိနဲ့''

''ဒါဆို နောက်တစ်ခုပေးရင်တော့ မငြင်းရဘူးနော်''

''ကားလာနေပြီ၊ တက်ရအောင်''

လူရှင်းသည့် bus ပေါ် ခပ်သွက်သွက်တက်လိုက်ကြရင်း ကားရှေ့ခန်းဘက်သို့ တိုးလာခဲ့၏။ ကားခလာတောင်းတော့ စပယ်ယာကို ကျွန်တော်က ထောင်တန်တစ်ရွက် ထုတ်ပေးလိုက်ပါသည်။

''ဟာ. . . စောစောစီးစီး အကြွေပေးပါဗျာ''

''ဒီမှာ ကျွန်မဆီကယူပါ''

ကျွန်တော့်ပိုက်ဆံကို ပြန်သိမ်းလိုက်ရ၏။ သူမအရပ်က ကျွန်တော့်နားရွက်အောက်နားမှ် တော်တော်မြင့်ပါသည်။ လက်တန်းကို ကိုင်ထားရာမှ နံဘေးရှိလူတစ်ယောက်က လူချင်းလည်းဖိ၊ လက်ကိုလည်း ကိုင်လိုက်သဖြင့် သူမက လက်ကိုဖြုတ်လိုက်ပြီး ကျွန်တော့်လက်မောင်းကို တင်းကိုင်လိုက်လေ၏။

သူမဆံပင်တွေကို စည်းနှောင်ထားသည့်လက် ပဝါလေးထဲမှ ပရုပ်လုံးနံ့သင်းသင်းလေးကို ကျွန်တော်ရလိုက်သည်။ ကားပေါ်ကို လူတွေ ပိုတိုးပြီးတက်လာတော့ ကျွန်တော်က သူမကို ရှေ့မှာရွှေ့ရပ်နိုင်ပြီး ကျွန်တော်က သူမနောက်မှရပ်နေလိုက်၏။ ဒီလိုလိုင်းကားကြပ်ကြပ်ထဲမှာ သူမအစဉ်အမြဲစီးနေကျလား။ ကျွန်တော် မသက်မသာတွေးမိပြန် သည်။ မှတ်တိုင်မှာဆင်းတော့ သူမက ကျွန်တော့်မျက်နှာကို ဆတ်ခနဲမော့ကြည့်လိုက်လေ၏။

''ဘယ့်နှယ်လဲ. . . လိုက်ချင်သေးလား''

''သက်ငြိမ်ကလည်း ဒီလောက်လူကြပ်တဲ့ကားမျိုးကို စီးရလား





ဗျာ။ အပြန် Taxi နဲ့ပဲပြန်မယ်နော်''

သူမမျက်နှာလေးတစ်မျိုးဖြစ်သွားကာ အသံတိတ်သွားလေ၏။ စာပေတိုက်ထဲမှာ စာရွက်တစ်ထုပ်ပေးပြီး ငွေယူ၍ နောက်ထပ်စာရွက်တစ်ထုပ်ကို ပြန်သယ်လာခဲ့သည်။

''ဖာလူဒါသောက် ရအောင်။ ပြီးရင်ပြန်မယ်''

''စာအုပ်ဆိုင် မဝင်တော့ဘူးလား''

''ဟင့်အင်း''

''ဘာဖြစ်လို့လဲ. . . သက်ငြိမ်''

''ဘာမှမဝယ်ချင်လို့ပေါ့''

ကျွန်တော် ဘာမှထပ်မပြောမိခင် အအေးဆိုင်တစ်ဆိုင်ထဲသို့ သူမဝင်သွားသဖြင့် ကျွန်တော်ပါ လိုက်ဝင်ခဲ့ရ၏။ အအေးမှာပြီး စောင့်နေစဉ် တစ်ဖက်ဝိုင်းမှ လူတစ်ယောက်ထလာလေသည်။

''ဆရာမ. . . နောက်(၆)လပွဲအတွက် ဘယ်နှကား အဆင်သင့်ရှိနေပြီလဲ''

''ဩော်. . . ဆရာကိုကျော်စွာ။ တစ်ယောက်တည်းလား''

''ဟုတ်ကဲ့''

''ထိုင်ပါရှင်။ အင်း. . . လောလောဆယ် အဟောင်းငါးကားနဲ့ အသစ်သုံးကားပဲ ရှိပါသေးတယ်။ အခုဝတ္ထုအဖုံးလိုင်းဆွဲနေရလို့ မအားသေးဘူး''

''များများလေးလုပ်ပါဗျာ။ ဆရာမကားတွေကို လူပိုကြိုက်တယ်ဗျ''

''အဲသနဆန်လို့ပါဆရာရယ်။ သိပ်မထူးဆန်းပါဘူး''

''ဆရာမက Idea ကို ကောင်းတာပါဗျာ။ ကျွန်တော်တို့ view ကားတွေကတော့ သာမန်စာရင်းပါပဲ''

''ကျွန်မကြိုက်ပါတယ်ဆရာရဲ့။ ဆရာဆွဲတဲ့ စိမ်းလန်းခြင်း ဆရာသို့လင်းဆွဲတဲ့ ရွာအဝင်၊ ဆရာမိုးသန့်ဆွဲတဲ့ ကြင်နာခြင်းပုံရိပ်၊ နောက်



www.burmeseclassic.com

www.burmeseclassic.com



အများကြီးရှိသေးတယ်။ ကျွန်မ စာအုပ်နဲ့သေချာမှတ်ထားတာပါ''

''အမယ်လေး. . . ဆရာမပြောတော့မှပဲ နည်းနည်းအားရှိလာသလိုပဲ။ ကျွန်တော်တို့ ကြိုးစားရဦးမှာပါဗျာ''

''ဆရာတို့ကားတွေက အမြင့်ရှင်းပါတယ်။ ဘယ်လိုပြောရမလဲ လူတိုင်းနားလည်နိုင်တယ်လေ။ ကျွန်မက ထင်မြင်ချက်သိပ်မပေးတတ်ပါဘူး။ ဒီလိုပဲ နားလည်သလောက်လေးပြောတာပါ''

''အကြံဉာဏ်ပေးပါ ဆရာမရယ်။ ဘယ်လိုမှ သဘောမထားပါဘူး။ ဆရာမကားတွေက Dollar ပိုရလို့ ကျွန်တော်တို့တွေ အားကျနေတာဗျ''

''ကံလည်းပါတာပေါ့ ဆရာရယ်။ သူတို့စိတ်နဲ့ တွေ့သွားတာလည်း ပါတာပေါ့။ ဒီတစ်ခါ ကျေးလက်ပုံရိပ်လေးတွေ များများဆွဲပေါ့။ သူတို့မျက်စိကျတယ်ရှင့်''

''ဆရာမရော မဆွဲဘူးလား''

''ကျွန်မ သိပ်မရဘူး။ Outdoor လည်း သိပ်မထွက်ဖြစ်တော့ စိတ်ကူးပေါ်တဲ့အတိုင်းပဲ ဆွဲဖြစ်တာဆရာရဲ့''

''ကိုပွင့်ကောင်းပြောတာ ပြန်ပြောရမလားဆရာမ''

''ဘာများလဲရှင်''

''ဆရာမဦးနှောက်ထဲ ခဏလောက်ဝင်ချင်လို့တဲ့''

''ဩော်''

သူမတို့နှစ်ယောက်သား သဘောတကျရယ်နေသည့်ကြားထဲမှာ ကျွန်တော် အူကြောင်ကြောင်ဖြစ်နေရလေသည်။

''ဆရာ တစ်ခုခုစားပါလား''

''ရပါတယ်။ ကျွန်တော် လိမ္မော်ရည်သောက်ပြီးပြီ''

''မလုပ်ပါနဲ့. စားလိုက်ပါ။ Ice-cream ဖြစ်ဖြစ်၊ ရေခဲသုပ်ဖြစ်ဖြစ်၊ ချောကလက်စားချင်းစား၊ ကြိုက်တာပြောပါ''

''နေပါစေ ဆရာမရယ်''





''ချောကလက်စားနော်။ ကျွန်မမှာလိုက်မယ်''

ချောကလက်ခွက်ရောက်လာတော့ သူမက ငွေရှင်းမည်ပြင်စဉ် ကျွန်တော်ရှင်းပေးလိုက်ပါ၏။

''ဩော်. . . ကျွန်မ ရှင်းမလို့ပါဆို''

''ရပါတယ် သက်ငြိမ်ရဲ့''

''ဆရာ. . . ကျွန်မကိုခွင့်ပြုပါဦး။ ဆေးဘူးမှာထားတာ ဝင်ယူရဦးမှာမို့ပါ။ နောက်မှတွေ့ကြတာပေါ့နော်''

''ဟုတ်ကဲ့ဆရာမ၊ ကျေးဇူးပဲနော်''

''ရပါတယ်ရှင့်''

သူမက ဆိုင်ဆေးဆိုင်ဝင်၍ မှာထားသည့်ပုလင်းများပါသည့် စက္ကူဘူးကြီးကိုဝင်ယူကာ Taxi တစ်စီးကိုတား၍ တက်လိုက်ပါသည်။

ကျွန်တော့်ထံမှ ဘာစကားမှထွက်မလာသဖြင့် သူမ ဖျတ်ခနဲ လှည့်ကြည့်လေ၏။

''ရှင့်ကို ကားမယူလာစေချင်တာ. . . သာမန်လူတန်းစားတွေ အကြောင်းကို တစေ့တစောင်းလေ့လာစေချင်လို့ပါ။ ခုတော့ ကျွန်မလို ချင်တဲ့ဘောင်ဖို့ ရှင်ရောက်မလာပါလား။ ထားလိုက်ပါတော့လေ၊ ရှင်က ရွှေလင်ပန်းနဲ့ အချင်းဆေးလာတဲ့လူကိုး။ ဒီလောက်တော့ရှိမှာပေါ့''

''အဲဒီလိုတော့ မပြောပါနဲ့ သက်ငြိမ်ရယ်။ ကျွန်တော်က သက်ငြိမ် ဝင်ပန်းမှာကို စိုးရိမ်လို့ပါ''

''ဟင့်အင်း. . . ရှင်ထင်တာ လွဲနေပြီ။ ကျွန်မက သာမန်လူတန်းစားရှင့်။ ဒီတော့. . . သာမန်ဘဝထဲမှာ ပျော်နေရတာကိုက သဘာဝကျပါတယ်''

ကျွန်တော် ပါးစပ်ပိတ်ထားလိုက်ရ၏။ ရုတ်တရက် ကျွန်တော့် ခါးမှာချိတ်ထားသည့် Handphone က အသံမြည်လာသည်။

''ဟဲလို''

''သား. . . မေမေပါ။ သားသူငယ်ချင်းတွေ စာကျက်ဖို့ရောက်



www.burmeseclassic.com

www.burmeseclassic.com



ခေပြီ ပြန်လာတော့လေ"

ကျွန်တော်, သူမမျက်နှာကို ဖျတ်ခနဲကြည့်လိုက်တော့ သူမက ကားပြတင်းပေါက်မှ အပြင်ဘက်ကိုငေးနေလေသည်။

"ဟုတ်ကဲ့မမေ။ ကျွန်တော် ခဏနေပြန်လာမှာပါ။ ဒါပဲနော်"

သူမအိမ်ကိုရောက်တော့ အိမ်ပေါ်အထိ ဘူးပိုင်းသယ်ပေးလိုက်ပြီး ပြန်ဆင်းလာခဲ့စဉ် ကျွန်တော့်နောက်ကျောကိုငေးကြည့်နေသည့် သူမကို ကျွန်တော်သတိမထားမိခဲ့ပါချေ။





***Absence makes the heart grows fonder.***

တာရှည်ကွဲကွာနေခြင်းဖြင့် စိတ်ထဲတွင် ပိုမိုစွဲလမ်းစေပါသည်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၆ )

အကြောင်းအရာခြေခြေမြစ်မြစ်မရှိဘဲ သူမနှင့်ကျွန်တော် စိတ်ဘောက်ကဆဖြစ်နေစဉ်အတောအတွင်း ကျွန်တော် အတော့်ကိုဒုက္ခရောက်ခဲ့ပါ၏။ စာတွေကျက်လို့မရနိုင်သဖြင့် စိတ်ကအလိုလိုတိုနေမိသည်။ သူငယ်ချင်းတွေနှင့်စကားပြောတာကိုတောင် ဘာမဟုတ်တာလေးနှင့် ရန်ဖြစ်ချင်၏။ ဆရာဆရာမတွေစာမေးတာကို ဖြေပြန်တော့လည်း ခါတိုင်းလိုအဆင်မပြေဘဲ ကပေါက်တိကပေါက်ချာ။

''ဘယ်လိုဖြစ်တာလဲ ညာဏာရာ။ ဆရာဦးမျိုးမြင့်တောင် မင်းကို အံ့လုံးပြူးကြည့်သွားပြီ''

''ငါနည်းနည်းညစ်နေလို့ပါ မိုးထက်ရာ''

''Final ရောက်ခါနီး စာမေးပွဲကျအောင် စိတ်ကိုမလေစေနဲ့။ မင်းက အစစအရာရာ ဘာမှအဆင်မပြေတာ ရှိမနေဘဲနဲ့''

သေချာရဲ့လား. . . မိုးထက်ရာ၊ ငါ့ဘဝမှာ လစ်ဟာနေတဲ့ ကွက်



www.burmeseclassic.com

www.burmeseclassic.com



လပ်တစ်ခုရှိနေတာ မင်းတို့မသိပါဘူး။ အဲဒီကွက်လပ်ကို ဖြည့်ဆည်းပေးနိုင်တဲ့သူဆိုလို့ ဒီကမ္ဘာမှာ သူမတစ်ယောက်သာရှိတာပါ။ သူမနဲ့စတင်ဆုံစည်းစဉ်က အမှတ်တမဲ့ရှိခဲ့ရာမှ ရင်ထဲမှာငြိတွယ်လာခဲ့တဲ့ မျက်ဝန်းညိုတစ်စုံရဲ့ အနှစ်သာရဖြည့်ဝတဲ့အကြည့်တွေအကြောင်းကို ငါသဘောပေါက်နေခဲ့ရတာကြာပါပြီ။

ကျွန်တော့်ထက် လေးနှစ်တိတိကြီးတဲ့မိန်းကလေးတစ်ယောက်ဟာ အခုလိုထူးဆန်းတဲ့ရင်ခုန်မှုမျိုး ဖန်ဆင်းပေးလိမ့်မယ်လို့ ကျွန်တော်တစ်ခါမှတွေးကြည့်ဖူးတာမှမဟုတ်ဘဲ။ မပြေလည်တဲ့စကားမျိုး သူမနှုတ်မှတစ်ခွန်းထွက်လာတိုင်း ရင်ထဲမှာ အောင့်သက်တဲ့ခံစားမှုမျိုးနဲ့ ပြေလည်အောင် ဖြေရှင်းချင်တဲ့စကားလုံးတွေကို အတင်းကြီးမျိုချပစ်ခဲ့ရတာ အကြိမ်ပေါင်းမနည်းတော့။

သူငယ်ချင်းတွေ ဘယ်လိုပဲကန့်ကွက်သည်ဖြစ်စေ၊ ကျွန်တော့်နှလုံးသားကို လာရောက်ပုတ်နှိုးလိုက်တဲ့ အချစ်နတ်သမီးရဲ့ပုံရိပ်တွေဟာ ကျွန်တော့်အာရုံမှာ စွဲမြဲစွာတွယ်ငြိနေတာကြာခဲ့ပါပြီလေ။

ကျောင်းဆင်းတော့ Handphone ကို အတန်တန်နှိပ်ပါသော်လည်း သူမက ဖုန်းမကိုင်လေခဲ့။ ဒီလိုနေ့ရက်တွေကို ဘယ်နရက်ထိရင်ဆိုင်ကြုံတွေ့နေရဦးမှာလဲ။ သူမမျက်နှာလေးကိုပဲ အမြဲမြင်နေချင်တာ။ သူမအသံလေးကိုပဲ အစဉ်ကြားနေချင်တာ။ သူမအပြုံးတွေကိုပဲထာဝရလိုချင်နေတာတွေကို သူမ သိနိုင်ပါ့မလား။

အနည်းငယ် မှောင်ရိပ်သန်းနေသည့်အချိန် သူမခြံကို ရောက်သွားတော့ ခြံဝမှာ သော့ခလောက်ကြီးက မျှော်လင့်ချက်နှင့်အပြေးလာခဲ့ရသည့်ကျွန်တော့်ရင်ဝကို ပြေးဆောင့်ကန်လိုက်သည့်နှယ် အခံရခက်စေလေ၏။ သက်ငြိမ်ရယ်. . . ဒီအချိန်ထိ အိမ်မှာမရှိဘဲ ဘယ်တွေများလျှောက်သွားနေတာလဲ။





ခြံရှေ့မှထွက်ခွာသွားသည့် ကားနောက်မီးနီနီလေးကို ခဏမျှ ငေးကြည့်နေမိ၏။ သက်ပြင်းတစ်ချက်ကိုခပ်မှုမှုချလိုက်ပြီး ခြံတံခါးသော့ခလောက်ကို ဖွင့်လိုက်ပါသည်။ မြေလှေကားထစ်တို့ကို အင်အားမရှိသည့်ခြေလှမ်းတို့ဖြင့် ခပ်ဖြည်းဖြည်းချင်းလှမ်းတက်ခဲ့၏။ မှောင်မည်းတိတ်ဆိတ်နေသည့်အိမ်လေးထဲဝင်ခဲ့စဉ် မေမေ့ကို ရင်ထဲမှာ တမ်းတလာမိသည်။ မေမေသာ သက်ရှိထင်ရှားရှိနေခဲ့ရင် ကျွန်မရင်ထဲကအပူကိုဆမျှယူပြီး အေးမြအောင်လုပ်ပေးမှာ သေချာပါတယ်နော်။

မေမေ့အခန်းတံခါးကိုအသာတွန်းဖွင့်၍ အခန်းမီးကိုဖွင့်လိုက်၏။ မေမေ့ပုံတူခဲပန်းချီကားက အခန်းထဲမှ ကျွန်မကို ကြိုနှင့်နေလေပြီ။ ပန်းချီကားရှေ့မှ မတ်တတ်ရပ်၍ ငေးကြည့်နေရင်း မျက်ရည်တို့ ဝေ့ဝဲလာမိသည်။ မေမေ. . . မေမေယုံကြည်စိတ်ချထားခဲ့တဲ့ မေမေ့သမီးဟာ အခုဆိုရင် တစ်ယောက်တည်းနေချင်စိတ် ပျောက်ကွယ်နေပြီမေမေ။ မေမေ မယုံကြည်စေချင်တဲ့'အချစ်'က သမီးကို ရုတ်တရက်ဖမ်းစားလိုက်ပါပြီ။ သူ့ကို သမီးမချစ်ချင်ပါဘူး။ အဲဒါအမှန်ပါ။

ဒါပေမဲ့. . . သူ့ကို သမီးမျှော်နေမိတယ်။ နှုတ်က ဘယ်လိုပဲငြင်းဆန်မာကျောနေပါစေ၊ သမီးနှလုံးကို သမီးညာလို့မရဘူးမေမေ၊ ဘဝချင်းက ခြားတယ်တဲ့။ မေမေ့တုန်းကလို သမီးဟာ ဒုတိယမိုးမခဖြစ်ပါရစေနဲ့၊ မဖြစ်ပါရစေနဲ့လား. . . မေမေ၊ သူ့နှလုံးသားကလာတဲ့အကြင်နာချစ်ခြင်းတွေကို သူ့မျက်ဝန်းမှာ သမီးရှာတွေ့ခဲ့တာကြာပါပြီ။ သမီး သူ့ကိုသိပ်ချစ်တယ်။ ဒါပေမဲ့. . . သမီး မမိုက်မဲချင်ပါဘူး။ သမီးဘဝမှာ မေမေ့လိုခြေလှမ်းမှားပြီး လှမ်းတဲ့အဖြစ်မျိုး အဖြစ်မခံရလေအောင် ပိုပြီးသတိထားပါ့မယ်လို့ မေမေ့ကို သမီးကတိပြုပါတယ်။

"တူတူ. . . တူတူ. . . တူတူ"

ညွှန်းခန်းမှ ဖုန်းသံကြောင့် ဖုန်းရှိရာဆီလာ၍ နံပါတ်ပေါ်နေတာကိုအရင်ဖတ်ပြီးမှ ကောက်ကိုင်လိုက်၏။

"ဟဲလို"



www.burmeseclassic.com

www.burmeseclassic.com



"သမီး. . . မိုးသက်၊ လေးလေးပါ"

"ပြောပါလေးလေး။ ကျွန်မ နားထောင်နေပါတယ်"

"ဒီလိုသမီးရေ၊ အရင်ကျန်ခဲ့တဲ့လတုန်းက ပွဲအတွက်ရော၊ အခု လာမယ့်ပွဲအတွက်ပါ စာနယ်ဇင်းဆွေးနွေးပွဲလေးရှိလို့ပါ။ အဲဒါ လေးလေးစာပေတိုက်မှာပဲ ဆုံကြမှာလေ။ ကျန်တဲ့ဆရာရှစ်ယောက်စလုံးကို လေးလေးချိတ်ပြီးပြီ။ အဲဒါ သမီးရော လာနိုင်ပါ့မလား"

"ဘာတွေမေးကြမှာလဲ လေးလေးရယ်"

"Art painting နဲ့ဆိုင်ရာတွေပါပဲ သမီးရယ်။ လေးလေးက တော့ သမီးကိုလာစေချင်တယ်။ ဒါမှ လူပိုသိမှာလေ။ ပြီးတော့ ပွဲစီစဉ်ပေးတဲ့ လေးလေးမိတ်ဆွေတစ်ဦးက ဂျပန်မှာသွားပြီး ပြိုင်ပွဲဝင်စေချင်တဲ့ကိစ္စလည်း သမီးနဲ့ဆွေးနွေးချင်တယ်"

"လာတာက လာလို့ဖြစ်ပါတယ် လေးလေးရယ်။ တစ်ခုတော့ ကြိုတောင်းပန်ထားပေးပါ။ ကျွန်မ ဓာတ်ပုံအရိုက်မခံပါရစေနဲ့"

"ရတယ်၊ ဒီလောက်တော့ သူတို့နားလည်မှာပါ။ သမီးလာနိုင်ရင် အချိန်နဲ့ရက် လေးလေးပြန်ညှိပေးမယ်နော်"

"ဟုတ်ကဲ့. . . ရပါတယ်လေးလေး"

"သမီးဆွဲထားတာတွေ အခြေအနေဘယ်လိုလဲ"

"ဆယ်ကားနဲ့ ရပ်ထားရတယ်၊ အာရုံမရလို့။ အခု စာအုပ်ဖုံး ဘက်ကိုပြန်လှည့်နေတယ်။ ခုနစ်ပုံပဲပြီးသေးတယ်"

"ဖြည်းဖြည်းသာလုပ်ပါ သမီးရယ်။ ဒီပွဲမှာ သမီးကို လေးလေး အများကြီးမျှော်လင့်ထားတာ။ ဂျပန်ကိုသွားဖို့ ဇကာတင်သုံးဦးပဲရွေးမှာလေ။ အဲဒါ သမီးကို ပါစေချင်လွန်းလို့ပါ"

"ကျွန်မ ကြိုးစားပါ့မယ် လေးလေး"

"အေး. . . ဒါဆို ဒါပဲသမီး"

ကျွန်မ ဖုန်းကိုချလိုက်စဉ် နောက်ထပ်ဖုန်းခေါ်သံက ထပ်မြည်လာ၏။ နံပါတ်တွေကိုဖတ်ရင်း ကိုင်ရမလား မကိုင်ဘဲနေရင် ကောင်း





မလား ဇဝေဇဝါဖြင့်ငေးကြည့်နေမိသည်။ မင်းညာဏ. . . ရှင် ခုချိန်ထိ မအိပ်သေးဘူးလား။ ည(၁၂)နာရီ ထိုးတော့မယ်လေ။ ဖုန်းသံက အဆက်မပြတ်မြည်နေသဖြင့် ကျွန်မကောက်ကိုင်လိုက်ရသည်။

"သက်ငြိမ်"

အလေးတကြီးခေါ်လိုက်သံက ရင်ထဲထိ လှိုက်ခနဲစီးဝင်လာ၏။ အဆင့်အတန်းချင်း သိပ်ကွာခြားလွန်းတယ် မင်းညာဏရယ်။ ရှင် ကျွန်မ ကို အခုကတည်းက အဆက်အသွယ်ဖြတ်တောက်လိုက်တာ ပိုပြီးကောင်း မယ်ထင်ပါတယ်။

"သက်ငြိမ် ဘယ်တွေလျှောက်သွားနေတာလဲဟင်။ ကျွန်တော် ညနေတိုင်း သက်ငြိမ်ခြံကိုရောက်တယ်။ အမြဲ သော့ခတ်ထားတာနဲ့ပဲ ကြုံရတယ်။ ဖုန်းဆက်ပြန်တော့လည်း ဖုန်းမကိုင်ဘူး. . . သက်ငြိမ်. ကျွန်တော့်အပေါ် စိတ်ခုစရာ ဘာတွေများရှိနေသလဲဟင်။ ကျွန်တော့် ကို ပွင့်ပွင့်လင်းလင်းသာပြောလိုက်ပါ။ ကျွန်တော် အတတ်နိုင်ဆုံးပြင် မယ်။ အခုလို ကျွန်တော့်ကိုရှောင်သလိုလုပ်နေတာတော့ ကျွန်တော့် ရင်ထဲမှာ တစ်မျိုးကြီးပဲဗျာ။ သက်ငြိမ် ဒီလိုမျိုးဆက်ပြီးမလုပ်ပါနဲ့တော့ နော်။ ကျွန်တော် အနူးအညွတ်တောင်းပန်ပါတယ်"

"ကျွန်မ outdoor ထွက်နေတာပါ"

"ဘယ်နေရာကိုလဲ"

"ရှင်လာရင် ကျွန်မအနှောင့်အယှက်ဖြစ်မှာပေါ့။ မသိချင်ပါနဲ့"

"သက်ငြိမ်. ကျွန်တော် ဒီတစ်ပတ်စာမေးပွဲ တစ်ဘာသာထိ ပြန်ဖြေရတယ်။ ကျွန်တော်နဲ့ပြိုင်ဘက်က အရမ်းအမှတ်သာသွား ကျွန်တော်. . . ကျွန်တော်"

"ရှင်ဘာတွေဖြစ်နေတာလဲ မင်းညာဏ။ စိတ်ကိုထိန်းမှပေါ့။ ရှင့် ကိုတည်ငြိမ်အောင်မထားနိုင်ရင် လူတွေရဲ့အသက်ကို ရှင့်လက်ထဲ ဘယ်လိုအာမခံလို့ရမှာလဲ။ ရှင်စဉ်းစားကြည့်။ ဥပမာ operation နေတဲ့အချိန်မျိုးဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ဆိုတာ အထိန်းမတ်ရ အခက်ဆုံးအရာတဲ့။ ကျွန်တော် ခုရက်ပိုင်းအတွင်း ဘာဆိုဘာမှလုပ်လို့မရဘူးဖြစ်နေတယ် သက်ငြိမ်ရယ်။ အဲဒါတကယ်ပါ။ အခန်းတစ်ခုထဲမှာ လှောင်ပိတ်ထားသလို မွန်းကျပ်တဲ့ဒဏ်တွေကို ခံနေရတယ်။ ထွက်ပေါက်က ရှာမတွေ့ဘူး"

"ရှိမှာပါ၊ ရှင်မျက်စိမှောက်တာပဲဖြစ်မယ်။ အနည်းဆုံး စိတ်ကုဆေးရုံကိုသွားလိုက်တာမျိုးပေါ့"

"ဟာဗျာ. . . သက်ငြိမ်ရာ"

"ဟင်းဟင်း. . . ရှင်မကြားဖူးဘူးလား။ The only thing that makes me unhappy is that I am making me unhappy တဲ့လေ"

[ငါ့ကို စိတ်မချမ်းသာစေတဲ့အချက်က ငါဟာ ငါ့ကိုယ်ငါ စိတ်မချမ်းသာအောင် လုပ်နေတဲ့အချက်ပါပဲ]

တစ်ဖက်မှ စကားသံတိတ်သွားလေ၏။ ကျွန်မ ပြုံးလိုက်မိသည်။ မှေးမှိန်နေတဲ့အာရုံတွေ ပိုပြီးထွန်းလင်းတောက်ပလာသလို ပါပဲလား။ စိတ်ကို တစ်ခဏမျှ အလိုက်သင့်လေးလွှတ်ပေးလိုက်ရုံနဲ့ ဒီ ဘက်ကြည်လင်လာစေလျှင် သူနဲ့အတူ လိုရာခရီးတစ်ခုကို အတူတူ လျှောက်လှမ်းလိုက်ရလျှင်ဖြင့် အို. . . ပြောဖွယ်ရာမရှိတော့ပြီ၊

"ကျွန်တော် ဘာဆက်လုပ်ရမလဲဟင်"

"အကောင်းဆုံးက ပြင်းပြင်းထန်ထန်လှုပ်ရှားရတဲ့အားကစားတစ်ခုကိုလုပ်လိုက်ပါ။ မောသွားရင် ခဏနား။ ပြီးရင် ရေချိုး၊ ထမင်းစား၊ စာအုပ်ကိုင်။ မနက်စောစောနဲ့ ညနေဘက်ကို လမ်းလျှောက်ကျင့်. . . ဒါပဲ"

"သက်ငြိမ်ရော. . . လမ်းထလျှောက်တတ်လား"

ကျွန်မ ဟက်ဟက်ပက်ပက် ရယ်ချလိုက်မိသည်။

တော်တော်လည်တဲ့ကောင်လေးပါလား။ အလစ်ငိုက်ဖမ်းသည်





မေးခွန်းမျိုးဖြစ်ပေမယ့် ကျွန်မက အရှောင်အတိမ်းမှာ ကျွမ်းကျင်ပြီးသား. . . မင်းညာထာရေ၊

"လျှောက်တာပေါ့"

"ဘယ်အချိန်လဲ"

"မနက်လေးနာရီ"

"တကယ်နော်"

"အိပ်မက်ထဲမှာလေ"

"ဟာဗျာ"

"ကဲ တော်လောက်ပြီ။ ကျွန်မ ဖုန်းချလိုက်ပြီနော်"

ကျွန်မ ဖုန်းကိုချလိုက်ပြီး စတန်းပေါ် အသင့်တင်ထားသည့် ကပ်ပေါ်သို့ ခဲအနက်ကောက်တင်လိုက်၏။ တစ်ညနေလုံး ထိုင်ကြည့်နေခဲ့သည့်ရွှေတိဂုံစေတီ၏ပုံတော်က အာရုံမှာ တရေးရေးပေါ်နေသည်မို့ ပုံကြမ်းရေးခြစ်နေမိသည်။ မီးခိုး၊ အနက်၊ အဖြူ၊ အညို၊ ခပ်မှိုင်းမှိုင်းအရောင်များကိုသာ ရွေးချယ်၏။

လေအတိုက်မှာ စားပွဲပေါ်မှ စာရွက်တစ်ထပ် လွင့်ကျလာ၏။ စုတ်တံကို ဗန်းပေါ်ပြန်တင်၍ စာရွက်ထပ်ကို ကောက်စုလိုက်သည်။ အပေါ်ဆုံးကိုတင်ထားသည့်စာရွက်ကို အမှတ်မထင်ဖတ်လိုက်မိတော့ 'ချစ်သူ့မျက်နှာ ပုံရိပ်လွှာထင်' တဲ့။ ဘက်သစ်စ စာရေးဆရာမလေး၏ (၁၀)အုပ်မြောက်ဝတ္ထုအမည်ပဲ။

ဆွဲလက်စပုံကိုရပ်လိုက်တော့ မနက်(၁)နာရီရှိနေပြီကော။ အိပ်ခန်းထဲကို အဖုံးဆွဲစရာတွေယူခဲ့၍ အံဆွဲထဲမှာ ပြန်ထည့်သိမ်းလိုက်၏။ မျက်စိတွေစပ်ပြီး အိပ်ချင်စိတ်ကင်းမဲ့နေမိသည်။ စာရွက်ပြောင်တစ်ရွက်ကိုယူ၍ ခဲတံဖြင့် ဟိုဒီလျှောက်ခြစ်မိစဉ် သူ့ပုံရိပ်လွှာက ပေါ်လာ၏။ ရော်. . . ခက်ပြီကော. . . မင်းညာထာရယ်။ ကျွန်မတော့ ဒုက္ခဖြစ်ပါပြီ၊



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၇ )

လက်ထဲမှာကိုင်လာသော ရောင်စုံနှင်းဆီပန်းတို့ကိုစိုက်ကြည့်၍ ခပ်ဖွဖွလေးမွှေးကြူလိုက်မိ၏။ ကားတံခါးကိုဖွင့်ဆင်းကာ မြေလှေကားထစ်တို့ကို ဖြည်းညှင်းစွာနင်း၍ တက်လာခဲ့သည်။ သိသိသာသာထိုးဆောင့်ခုန်လာသောရင်ခုန်သံတို့ကြောင့် ခြေစုံရပ်၍ ခေတ္တမျှနားလိုက်ပြီး ပုံမှန်ဆက်တက်လာခဲ့၏။ ဟင်းလင်းဖွင့်နေသည့်သံဇကာတံခါးရှေ့မှာ အချိန်တော်တော်ကြာကြာရပ်နေမိသည်။ အသံပေးလိုက်ရမှာလား။ ဒီအတိုင်းပဲ အိမ်ထဲဝင်သွားရင် သင့်တော်ပါ့မလားဟု ဒွိဟာဖြစ်နေခိုက် အိမ်နောက်ဖေးတံခါးပေါက်မှ သူမထွက်ပေါ်လာလေ၏။

"ဝင်ခဲ့လေ. . . ဘာရပ်လုပ်နေတာလဲ"

"သက်ငြိမ် နေကောင်းရဲ့လား"

"ကျွန်မစိတ်ထဲ-ထင်နေတယ်။ ရှင် ဒီနေ့ရောက်လာလိမ့်မယ်ဆိုတာကိုပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်လို. . . ကျွန်တော်ရောက်လာမယ်ဆိုတာ သက်ငြိမ် သိနေတယ်။ဟုတ်လား"

"ဟုတ်တယ်၊ လာ. . . ထိုင်လေ"

ကျွန်တော်က နှင်းဆီပန်းစည်းကို သူမထံ ကမ်းပေးလိုက်ပါ၏။

"သက်ငြိမ်အတွက်ပါ"

"ကျွန်မ မလိုချင်ဘူး မင်းညာဏ"

"ဘာဖြစ်လို့လဲ သက်ငြိမ်၊ ကျွန်တော်တို့က မသိကျွမ်းသေးတဲ့ သူတွေမှမဟုတ်တဲ့။ လက်ခံသင့်ပါတယ်"

"ထင်ရာတွေ စွတ်ပြောနေပြန်ပြီ၊ ကျွန်မဆိုလိုတာက ခုလိုပန်းတွေကိုပေးလို့ မလိုချင်တာရှင့်၊ ပန်းဆိုတာ သူ့အပင်ပေါ်မှာပဲ သဘာဝအလျောက်ပွင့်နေတာက ပိုပြီးတင့်တယ်လေ။ ခုလိုမျိုး ဖြတ်ပစ်လိုက်တော့ ခဏလေးနဲ့နွမ်းသွားတာပေါ့"

"ကျွန်တော်သဘောပေါက်ပြီ သက်ငြိမ်၊ နောက်တစ်ခါလာရင် သက်ငြိမ်အတွက် နှင်းဆီပန်းအိုးတွေ ကျွန်တော်သယ်လာပေးမှာပါ"

"ဟင့်အင်း. . . မယူခဲ့ပါနဲ့၊ ကျွန်မက ပန်းမကြိုက်ဘူး မင်းညာဏရဲ့"

"ပန်းမကြိုက်တဲ့မိန်းကလေးဆိုတာ တော်တော်ရှားပါတယ် သက်ငြိမ်ရဲ့။ မပန်ရင်သာ ရှိမယ်။ အနည်းနဲ့အများတော့ နှစ်သက်ကြသူတွေချည်းပါပဲ"

သူမက ကျွန်တော့်ကိုစေ့စေ့ကြည့်၍ ပြုံးလိုက်ပါသည်။

"ရှင်ပြောတာ မှန်ပါတယ်။ ဒါပေမဲ့ ကျွန်မက သူတစ်ပါးစိုက်ပြီးသားအပင်တွေကို လက်ဆင့်ကမ်းပြီး ပျိုးရတာမျိုးကို မလုပ်ချင်တာကိုပါ. . . ထားပါတော့။ ဒီနေ့ ကျွန်မ ရောက်သီးသုပ်နဲ့ကြာဆံဟင်းခါးချက်စားတယ်။ ရှင်ပါ စားသွားပေါ့၊ ဟုတ်ပြီလား"

"ဗျာ. . . ကျွန်တော်က အချဉ်ကြောက်တယ် သက်ငြိမ်ရဲ့။ ဒုက္ခပါပဲ"





"ဟင်းဟင်း. . . ရှင်ဟာလေ, အဲဒီအကျင့်တွေကြောင့် ကလေးဆန်တဲ့ဟန်တွေ မပျောက်သေးတာ။ အရင်ပဲ စားကြည့်ပါဦး၊ နောက်တစ်ခါမစားချင်ရင် ကျွန်မကိုကြိုက်သလိုသာပြော။ ကဲ. . . လာ"

ကျွန်တော်နှာခေါင်းတစ်ချက်ရှုံ့ပြလိုက်ပြီး သူမနောက်သို့လိုက်သွားခဲ့မိ၏။ သူမက ရေဖလုံထဲစိမ်ထားသောရောက်သီးစိတ်တို့ကို ပါးပါးလှီးထားသောကြက်သွန်နီတို့နှင့်အတူ တန်ဆာပလာတွေ ရောနှော၍သုပ်ကာ ကျွန်တော့်ရှေ့သို့ ဘစ်ပန်းကန်ချပေးလိုက်သည်။ ကြာဆံဟင်းခါးမှ ငရုတ်ကောင်းနံ့မွှေးမွှေးက ကျွန်တော့်ကိုစားချင်အောင် ဆွဲဆောင်နေပါသော်လည်း အချဉ်ကြောက်သည့်စိတ်ကြောင့် တွန့်ဆုတ်နေမိ၏။

"စားလေ. . . မင်းညာဏရဲ့"

ကျွန်တော်, သူမကိုမျက်ခန့်မှန်းကြည့်လိုက်၏။ ဒီနေ့ဖွင့်ပြောသည်ဟုဆုံးဖြတ်ပြီး သူမထံရောက်လာခဲ့တာ၊ ခုတော့ အချစ်ဟာ မချိုဘဲ ချဉ်နေပါရောလား. . . သက်ငြိမ်ရယ်။

"စားပဲစားကြည့်ပါဦး မင်းညာဏရယ်။ ကျွန်မအသုပ်ကြောင့် ဗိုက်အစာအိမ် ပေါက်မသွားပါဘူး။ စိတ်ချ. . . ဆေးကျောင်းသားအတွေးမျိုးနဲ့တွေးမနေနဲ့။ နည်းနည်းပဲ အရင်မြည်းကြည့်လိုက်ပါ"

ကျွန်တော်တွန့်ဆုတ်စွာဖြင့် ရောက်သီးသုပ်ကို တစ်ဇွန်းခပ်မြည်းလိုက်၏။ စိမ်းစားငါးပိမီးဖုတ်နိုင်နိုင်ဖြင့် သုပ်ထားခြင်းကြောင့် အချဉ်ကလောက်မစူးရှ၊ ကျွန်တော်စားနိုင်၍ နောက်ထပ်တစ်ဇွန်း ထပ်စားလိုက်သည်၊

"ဟင်းခါးလည်း သောက်လေ၊ မစားနိုင်လည်း အတင်းမျိုမချပါနဲ့ ကျွန်မကြောင့် သူတစ်ပါးဒုက္ခဖြစ်တာမျိုးတော့ မလိုလားပါဘူး"

"ကျွန်တော်စားနိုင်ပါတယ် သက်ငြိမ်. . . အရသာရှိပါတယ်။ တယ်ပါ"

သူမကျေကျေနပ်နပ်ပြုံးလိုက်ပြီး ကျွန်တော့်ရှေ့သို့ ရောက်သီး



www.burmeseclassic.com

www.burmeseclassic.com



သုပ်တစ်ပွဲကို ခဏလေးဖြင့်စားချပြီးသွားလေ၏။

"သက်ငြိမ်. . . ငရုတ်သီးကိုလျှော့စားသင့်တယ်"

"ရှင့်,ကျွန်မကိုစကားပြောရင် ဆရာဝန်လေသံမျိုးနဲ့မပြောပါနဲ့။ ကျွန်မ မကြိုက်ဘူး"

စကားသံတို့ ခဏတိတ်ဆိတ်သွား၏။ စားသောက်ပြီး ကျွန်တော် ပြန်တော့ သူမက ကုန်းဆင်းအထိ လိုက်ပို့လေသည်။ ယှဉ်တွဲ၍လျှောက် လာခြင်းကြောင့် မှုန်မဟုတ်သည့်ရင်ခုန်သံတို့နှင့်အတူ သက်ပြင်းတစ် ချက်ကို သူမ မကြားမိအောင် တိတ်တိတ်လေးချလိုက်မိ၏။ ရင်မောရ ပါလား. . . သက်ငြိမ်ရယ်။

ရုတ်တရက် မိုးရိပ်မိုးငွေ့တို့ ကောင်းကင်မှာထင်၏။ ကားနား အရောက်မှာ ရပ်တန့်သွားသော သူမ၏ဖြူဖွေးလှပသည့်ခြေဖမိုးလေးကို မရည်ရွယ်ပါဘဲ ငေးမောနေမိသည်။

"ရှင့်,ကျွန်မဆီကိုလာတာ တစ်ခုခုများပြောစရာရှိသလား မင်း ညာဏ"

"ဟင်. . ."

တအံ့တဩဖြင့် ကျွန်တော်, သူမကိုကြည့်လိုက်မိသည်။

ကျွန်တော်၏အတွင်းစိတ်ကို သူမ ထွင်းဖောက်မြင်တတ်နေပြီ လား။

"ဟုတ်တယ်, ကျွန်တော်လာတုန်းကတော့ ပြောစရာရှိလို့ပဲ ဒါပေမဲ့"

"ရှင်မပြောချင်တော့ဘူးဆိုပါတော့၊ ရပါတယ်၊ ပြန်တော့လေ"

"ကျွန်တော်သွားတော့မယ် သက်ငြိမ်၊ မိုးတွေရွာတော့မယ်နဲ့ ဘူတယ်။ အိမ်ထဲဝင်တော့နော်"

"ကျွန်မက မိုးစက်တွေကိုချစ်တယ် မင်းညာဏရဲ့။ မိုးရေတော ထဲမှာ တစ်ယောက်တည်းလျှောက်သွားရတဲ့ Feeling မျိုးကို ခံစားမက် မောတာ"





"ကျွန်တော်က သက်ငြိမ်,ဖျားမှာစိုးလို့ပြောတာပါ"

ကျွန်တော် ကားတံခါးကိုဖွင့်၍ တက်ထိုင်လိုက်၏။ သူမက ကား နံဘေးနားကပ်ကာ ကိုယ်ကိုငုံ့ကိုင်း၍ပြောလေသည်။

"နောက်တစ်ခါရှင်လာရင် ရှင့်သူငယ်ချင်းတွေပါ ခေါ်ချင်ခေါ် လာပေါ့"

"သူတို့က ဒီလိုမလာချင်ကြဘူး သက်ငြိမ်ရဲ့"

"ဘာလဲ, ကျွန်မကိုလန့်သွားလို့လား။ အင်းပေါ့လေ၊ ကျွန်မက လည်း ရင်ထဲရှိတာကို မြုံမထားတတ်ဘဲ အရှိကိုအရှိအတိုင်း ပြောချ တတ်တော့ ရိုင်းသလိုဖြစ်နေမှာပဲ။ ကျွန်မသဘောပေါက်ပါတယ်"

ကျွန်တော် ထိတ်ခနဲဖြစ်သွားပြီး သူမကိုမော့ကြည့်လိုက်မိ၏။ သူမက ကျွန်တော့်ကို စူးခနဲတစ်ချက်စိုက်ကြည့်လိုက်ပြီး ကျောခိုင်း သွက် ကုန်းပေါ်ပြန်တက်သွားတော့သည်။

ရင်ထဲကအကြောင်းတွေကို ဖွင့်မပြောဖြစ်တဲ့ကျွန်တော့်ကို ခနဲ့ လိုက်တာများလား. . . သက်ငြိမ်ရယ်။

● ● ●



www.burmeseclassic.com

www.burmeseclassic.com





*We need never be ashamed of our tears, for they are rain upon the blinding dust of earth, overlying our hard hearts.*

*Charles Dickens*

မျက်ရည်ကျတာ ငိုကြွေးရတာကို ဘယ်တော့မှရှက်ဖို့မလိုပါဘူး။ ဘာကြောင့်လဲဆိုတော့ အဲဒီမျက်ရည်စက်လေးတွေဟာ ကျွန်ုပ်တို့ရဲ့ မာကျောခက်ထန်နေတဲ့ နှလုံးသားအပေါ်မှာ တည်ရှိနေပြီး မမြင်နိုင်တဲ့ (သောက)မြူမှုန်တွေကို ဖယ်ရှားပေးတဲ့ မိုးရေစက်လေးတွေဖြစ်နေလို့ပါပဲ။

ချားလ်စ် ဒစ်ကင်းစ်



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၁၈ )

ကျောင်းအဆင်း အိမ်ပြန်ရောက်တော့ ရေချိုးထမင်းစား၍ အဝတ်အစား သေသေသပ်သပ်လဲလိုက်၏။ ရုပ်အဖြူလက်ရှည်ကို အနက်နှင့်အစိမ်းဖောက်ထားသည့်ပုဆိုးဖြင့် တွဲဝတ်လိုက်သည်။ ညနေက ဝင်ဆယ်လာခဲ့သည့် စာအုပ်အတွင်းဖုံးမှာ sign ထိုး၍ ကား dashboard ပေါ် တင်ကာ စက်နှိုးမောင်းထွက်လာခဲ့၏။

မှောင်ရိပ်ပျိုးစအချိန်၌ မလင်းတလင်း အလင်းမှုန်မှုန်အောက်တွင် မှောင်မည်းတိတ်ဆိတ်နေသောအိမ်လေးက သူမ ရှိမနေကြောင်းကို သိသဖြင့် ခြံထဲမှာပင် ကားရပ်ကာ အပြင်ဘက်ထွက်ရပ်နေမိသည်။ ခဏအောင့်အကြာ ရုပ်ခန့်ခြေသံနှင့်အတူ အရိပ်တစ်ခုက ကျွန်တော့်နေရာသို့ရောက်ရှိလာ၏။

"မင်းညာဏ. . . မောင်မှ ဘာလာလုပ်တာလဲ"

"ကျွန်တော်. . . သက်ငြိမ်ကိုတွေ့ချင်လို့ပါ"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ရှင်, စိတ်တော့ ကောင်းပါတယ်နော်။ ညကြီးအချိန်မရှိမှ လာရတယ်လို့"

"အခုမှ (၆)နာရီပဲရှိသေးတာပါ သက်ငြိမ်ရာ"

"အိမ်ပေါ်တက်ဦးမှာလား"

"သက်ငြိမ်ခေါ်မယ်ဆိုရင် တက်ချင်တာပေါ့"

"ဒါဖြင့်လည်း. . . လာလေ"

သူမက ရှေ့မှဦးဆောင်၍တက်သွားသဖြင့် ကျွန်တော်ပါ လိုက်တက်ခဲ့ရ၏။ မည်းမှောင်နေသည့်ပတ်ဝန်းကျင်ကြောင့် သတိထား၍ လျှောက်ခဲ့ရသည်။ သူမကတော့ အိမ်လေးထဲသို့ ကျွမ်းကျင်စွာဖြင့် ဝင်သွားချေပြီ။

"မီးပျက်နေတယ်၊ ခဏစောင့်နော် မင်းညာဏ။ ကျွန်မ ဖယောင်းတိုင်ထွန်းလိုက်ဦးမယ်။ ဩော်. . . သတိထားပြီးတက်နော်၊ မှောင်နေတော့ ရှင် ခလုတ်တိုက်နေဦးမယ်"

သူမသတိပေးစကားမဆုံးမီ ခုံတစ်လုံးနှင့် ကျွန်တော့်ညှို့သကျည်း တိုက်မိပါလေတော့၏။

"ဒုန်း! "

"အ"

"ဟော. . . ပြောနေရင်း တိုက်မိပြီထင်တယ်။ ဘာလေး. . . ခဏလေး"

သူမ ဖယောင်းတိုင်ထွန်းလျက် ကျွန်တော့်အနီးသို့ လျင်မြန်စွာ ရောက်ရှိလာ၏။ ထို့နောက် နာကျင်၍ ပွတ်သပ်နေသောကျွန်တော့်လက်ကိုဖယ်၍ ပုဆိုးကိုမ,ကာ ဆေးလူးပေးလေသည်။

"တော်တော်နာသွားလား၊ ရှင်ဟာလေ. . . ယောက်ျားလေးဖြစ်ပြီး ဒီလောက်တောင်မှ နာရသလား၊ ရယ်စရာတော့ဖြစ်နေပြီထင်တယ်။ ဆရာဝန်ဖြစ်မယ့်လူကို ဆေးလူးပေးနေရလို့လေ"

ကျွန်တော်က ဆေးလူးပေးနေသော သူမ၏လက်ကလေးတစ်





ဖက်ကို ဖျတ်ခနဲဆုပ်ကိုင်၍ပြောလိုက်မိ၏။

"ဆရာဝန်လည်း နှလုံးသားနဲ့လူပါပဲ၊ နာကျင်တတ်သလို ချစ်တတ် ခံစားတတ်ပါတယ် သက်ငြိမ်ရယ်"

"ရှင်! "

သူမ တအံ့တသြပြင့် ကျွန်တော့်မျက်နှာကိုမော့ကြည့်လိုက်စဉ် လေပြင်းတစ်ချက်ဝှေ့၍ ဖယောင်းတိုင်မီးက ရုတ်တရက်ငြိမ်းသွားတော့သည်။ ကျွန်တော်၏သိစိတ်တို့လွှတ်ကင်းကာ သူမကို တင်းကျပ်စွာ ပွေ့ဖက်လိုက်မိ၏။

"သက်ငြိမ်. . . ကျွန်တော်, သက်ငြိမ်ကိုသိပ်ချစ်နေမိပြီ၊ ကျွန်တော့်ကိုပြန်ချစ်ပါနော်"

"အို. – ညာဏ, လွှတ်ပါ။ ဟင့်အင်း. . . ကျွန်မ မကြိုက်ဘူး၊ လွှတ်နော်၊ အခုလွှတ်လို့ဆို"

ကျွန်တော်က အတင်းရုန်းကန်နေသည့် သူမ၏ခန္ဓာကိုယ်ကျစ်ကျစ်လေးကို ပိုမိုတင်းကျပ်စွာဖက်ထားလျက် သူမနှင့်ပါးချင်းကပ်ထားလိုက်မိ၏။ တငြိမ့်ငြိမ့်တိုး၍ခုန်နေသောရင်ခုန်သံတို့နှင့်အတူ နွေးထွေးသည့်အထိအတွေ့တို့ကို အေးငြိမ့်စွာခံစားနေရသည်။

ထိုစဉ်ခဏ ပျက်နေသည့်မီးက ဖြုန်းစားကြီးပြန်လင်းလာလေသည်။ သူမမျက်နှာလေး နီရဲနေသည်ကိုမြင်လိုက်ရ၍ ကျွန်တော်သတိဝင်လာကာ လွှတ်ပေးလိုက်၏။ သူမ၏လက်တစ်ဖက်က ကျွန်တော့်မျက်နှာဆီသို့ မြောက်တက်လာလေသည်။ ကျွန်တော့်မျက်လုံးအစုံကို မှိတ်ချလိုက်၏။

"ကျွန်တော့်မှာအပြစ်ရှိရင် ရိုက်ရုံတင်မကာ သတ်ချင်လည်းသတ်လိုက်ပါ သက်ငြိမ်"

သူမ၏လက်ကလေး ကျွန်တော့်မျက်နှာပေါ် ရောက်မလာတော့ပါ။ ကျွန်တော် မျက်စိကိုဖွင့်ကြည့်လိုက်တော့ မျက်ရည်တို့တပေါက်ပေါက်ကျနေသည့် သူမကိုမြင်လိုက်ရ၍ ဘယ်လိုချော့ရမှန်းမသိတော့



www.burmeseclassic.com

www.burmeseclassic.com



ဘဲ ဗျာများရတော့၏။

"သက်ငြိမ်. . . သက်ငြိမ် မငိုပါနဲ့၊ ကျွန်တော်တောင်းပန်ပါတယ်။ ကျွန်တော်စိတ်လှုပ်ရှားပြီး ရုတ်တရက်ဖွင့်ပြောမိတာမျိုး မဟုတ်ဘူးနော်။ သက်ငြိမ်ကို ကျွန်တော့်နှလုံးသားထဲက တကယ့်ကိုမြတ်မြတ်နိုးနိုးနဲ့ ချစ်နေခဲ့တာကြာပါပြီ"

"သွား. . . ရှင်ပြန်တော့၊ အဲဒါကြောင့် ရှင်တို့ယောကျ်ားတွေကို ကျွန်မ မယုံတာ။ အခွင့်အရေးကို ရတာနဲ့ယူတတ်တာပဲ၊ ရှင် ခု ထွက်သွား၊ ရှင့်မျက်နှာကို ဘယ်တော့မှမမြင်ချင်တော့ဘူး"

"ဟင့်အင်း. . . သက်ငြိမ်၊ ကျွန်တော်ပြောချင်တာတွေ အကုန်ပြောပြီးမှပြန်နိုင်မယ်။ ကျွန်တော် သက်ငြိမ်ကို ရိုးမြေကျရည်ရွယ်ပြီး ချစ်တာပါ။ ကျေးဇူးပြုပြီး ကျွန်တော့်စကားတွေကိုလက်ခံပေးပါ"

"မလိုချင်ဘူး. . . မကြားချင်ဘူး၊ သွားတော့လို့ဆို"

"သက်ငြိမ်"

ကျွန်တော်က ကျောခိုင်း၍ရပ်လိုက်သည့်သူမကိုရှေ့မှ ကာဆီးတားလိုက်စဉ် သူမက ကျွန်တော့်ကို ရုတ်တရက်ပိတ်တွန်းလိုက်လေ၏။ မထင်မှတ်သောကြောင့် ကျွန်တော် ဟန်ချက်မထိန်းနိုင်ဘဲ ကုလားထိုင်ဘေးသို့လဲကျရင်း ကုလားထိုင်လက်ရန်းနှင့် ခေါင်းကိုဆောင့်မိသွားတော့သည်။

"ဝုန်း! "

"အ"

မိုက်ခနဲဖြစ်သွားသည့်ခံစားမှုနှင့်အတူ ဦးခေါင်းမှ ပူခနဲဝေဒနာကို ရရှိလိုက်သည်နှင့်တစ်ပြိုင်နက် သူမထံမှ စိုးရိမ်တကြီး အသံထွက်ပေါ်လာလေ၏။

"မင်းညာဏ. . . မင်းညာဏ"

ကျွန်တော် အသက်ကိုအောင့်၍ ငြိမ်သက်စွာ လဲနေလိုက်စဉ် သူမ၏အေးစက်စက်လက်အစုံက ကျွန်တော့်ခန္ဓာကိုယ်ကို သိမ်းကျုံး





ပွေ့ထူလိုက်သည်။

"မင်းညာဏ. . . အို. . . ဒုက္ခပါပဲ၊ ခေါင်းမှာလည်း သွေးတွေထွက်လာပြီ။ မင်းညာဏ. . . မင်းညာဏရေ ရှင်သတိရသေးရဲ့လား"

ငိုသံပါလာသည့် သူမ၏အသံကြောင့် ကျွန်တော် ဆက်၍ဟန်မဆောင်နိုင်တော့ဘဲ သူမ၏လက်ကလေးကိုဆုပ်ကိုင်ထားလိုက်ပါ၏။

"သက်ငြိမ်. . . ကျွန်တော်ဘာမှမဖြစ်ပါဘူး၊ သိပ်လည်းစိုးရိမ်မနေပါနဲ့"

"ဟင်. . . ဒါနဲ့များ အသက်မရှူဘဲနေနေတယ်။ ဒီမှာ ကျွန်မ ဘယ်လောက်စိတ်ပူသွားတယ်ထင်သလဲဟင်"

"ကျွန်တော့်ကိုချစ်တယ်မ[illegible]လား၊ သက်ငြိမ်ဝန်ခံလိုက်စမ်းပါ။ ကျွန်တော့်ရင်ထဲမှာ အလိုလို…နေတယ်နော်"

သူမက ကျွန်တော့်ကို မျက်စောင်းတစ်ချက်ပိတ်ထိုးလိုက်သဖြင့် ကျွန်တော် ဟက်ဟက်ပက်ပက်ရယ်မောလိုက်မိတော့သည်။

"အေး. . . ရယ်နေရယ်နေ၊ ခေါင်းက ဘယ်လောက်ပေါက်သွားမှန်းမသိ"

"ဒီဒဏ်ရာလောက်နဲ့ ကျွန်တော်မသေနိုင်သေးပါဘူး သက်ငြိမ်ရယ်"

"ဒီအတိုင်းပြန်လို့ ဘယ်ဖြစ်မှာလဲ။ ကျွန်မ ဆေးထည့်ပြီး ပတ်တီးစည်းပေးလိုက်မယ်လေနော်"

သူမက သွက်လက်စွာဖြင့် ကျွန်တော့်ခေါင်းကို အရက်ပြန်ထည့် ပတ်တီးဖြူဖြူလေး စည်းနှောင်ပေးလိုက်၏။

"အိမ်ရောက်ရင် ဘယ်လိုပြောမှာလဲ"

"ချော်လဲတာလို့ပြောမှာပေါ့"

"ယုံပါလိမ့်မယ် အားကြီးကြီး"

"ကျွန်တော့်အတွက်တော့ အမှတ်တရပေါ့ သက်ငြိမ်"

"မသက်သာရင် မနက်ဖြန် ကျောင်းဖျက်ချင်ဖျက်လိုက်ပေါ့"



www.burmeseclassic.com

www.burmeseclassic.com



"ဟင့်အင်း. . . မဖြစ်သေးဘူး။ မနက်ဖြန် viva ဖြေရမှာ"

"ဒါဆိုလည်းပြီးတာပဲ"

သူမက ထရပ်လိုက်ပြီး ကျွန်တော့်ကိုလက်ကမ်းပေးလိုက်သဖြင့် သူမလက်နုနုလေးကိုဆုပ်ကိုင်၍ ထရပ်လိုက်ရသည်။ ထို့နောက် သံဇကာတံခါးကိုဆွဲဖွင့်၍ သူမပြောလိုက်သေး၏။

"ပြန်တော့နော်"

"အင်းပါ။ ရော့. . . သက်ငြိမ်ဖို့ ကျွန်တော်ဝယ်လာတာ"

"ဟယ်. . . Gone with the wind ပါလား။ ကျေးဇူးပဲ. . . မင်းညာဏ"

"ကျွန်တော်တို့နှစ်ယောက်ကြားမှာ ကျေးဇူးဆိုတာ မရှိကြေးလေ"

ကျွန်တော်က သူမနဖူးလေးကို လက်ညှိုးဖြင့်အသာထောက်၍ ပြောလိုက်သဖြင့် အလှပဆုံးသောအပြုံးကို သူမပြုံးလေသည်။

"အနာကိုက်ဦးမယ်နော်။ ဆေးသေချာသောက်ပြီးမှအိပ်ပါ"

"ကျွန်တော်တော့ ဒီညအိပ်ပျော်မယ်မထင်ဘူး"

"အိပ်ဆေးသောက်အိပ်ပေါ့"

"မစနဲ့နော်။ ကျွန်တော် အိမ်မပြန်ဘဲနေလိုက်မှာ"

"တော်ပြီတော်ပြီ. . . ရှင်ပြန်တော့"

ကျွန်တော်တို့ ပြိုင်တူပြုံးလိုက်မိ၏။ ဆုံစည်းနေသည့်မျက်ဝန်းအကြည့်တို့တွင် ချစ်ရည်တို့ဖြင့် ရွှန်းလဲ့တောက်ပနေလေသည်။

ကျွန်တော် မချင့်မရဲစိတ်ဖြင့် သူမ၏လက်ဖျားလေးကို ဖျစ်ညှစ်လိုက်မိ၏။

"မောင်လို့မခေါ်ချင်ဘူးလား"

သူမမျက်နှာလေး ရဲခနဲဖြစ်သွားပြီး ခေါင်းငုံ့သွားလေ၏။ နှုတ်ခမ်းထက်မှ အပြုံးပွင့်ကတော့ ပျောက်ပျက်မသွားခဲ့။ ခေါင်းကိုဖြည်းညှင်းစွာ ခါယမ်းလျက် တိုးသဲ့သဲ့ပြန်ဖြေလေ၏။





"လောလောဆယ် စိတ်ကူးမရှိသေးဘူး"

ကျွန်တော် သဘောတကျရယ်မောလိုက်ရင်း ကောင်းကင်ကို ကြည့်လိုက်မိ၏။ ကြယ်ရောင်ပျောက်နေသောညက ကဗျာမဆန်ချင်သလိုလို။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၁၉ )

ကျောင်းခန်းထဲသို့ဝင်လိုက်သည်နှင့် တအံ့တသြအကြည့်တို့က
် တော့်ထံရောက်လာတော့၏။ မသီချင်ယောင်ဆောင်၍ စာအုပ်ကို
၍ သူငယ်ချင်းများ၏မေးခွန်းတွေ တသီကြီးထွက်လာတော့သည်။

"ဘာဖြစ်တာလဲ"

"ငါ့အထင်တော့ ဟိုမိန်းမ, မင်းကိုကျွေးလိုက်ပြီလို့ထင်တာပဲ။
ာ်လား"

ကျွန်တော်ကျေနပ်စွာပြုံးလိုက်ပြီး ချေပစကားဆိုလိုက်ပါသည်။

"ချော်လဲတာပါ"

"မဖြစ်နိုင်ဘူး။ တော်ရုံရှိုးပါ. . . ဉာဏာရာ"

အနှင်းနှင့်လှဲ့ဝါပါ အနှားရောက်လာတော့ ကျွန်တော်စိတ်အိုက်
ညျုးသွားရသည်။

"ကိုမင်း. . . ဘယ်သူကြောင့်ဖြစ်တာလဲဟင်"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . ဘယ်သူ့ကြောင့်မှမဟုတ်ပါဘူး။ ချော်လဲတာပါဆို

"ဉာဏ. . . နင်မညာနဲ့နော်။ သူ့စိတ်ကို အနှင်းသိတယ်"

"ကျွတ်. . . မဟုတ်ပါဘူးဆိုနေမှ။ ငါ့မျက်နှာကိုလည်း သေ
ကြည့်ဦး။ အဲဒီပုံစံမျိုးဖြစ်နေလို့လား"

တလက်လက်တောက်ပနေသော ကျွန်တော့်၏မျက်ဝန်း
စိုက်ကြည့်နေကြသည့်တစ်ခဏ ကျွန်တော့်နှုတ်မှမရည်ရွယ်ပါဘဲ
တရက် စကားတွေပွင့်ထွက်လာခဲ့တော့သည်။

"ငါ. . . သူနဲ့ မနေ့ကပဲ တရားဝင်ချစ်သူဖြစ်ခွင့်ရခဲ့တယ်"

"ဘာ!"

"ဘယ်လို"

မယုံကြည်နိုင်သည့်လေသံတွေ ပြိုင်တူထွက်ပေါ်လာကြသ
ပျက်ယွင်းသွားသည့်မျက်နှာကို အောက်ငုံ၍ ဝှက်လိုက်သော်ည် လဲ့
အားနာကြည့်တစ်ချက် ကြည့်လိုက်ရင်း မျက်နှာလွှဲလိုက်မိသည်။

"နင်သိပ်ရက်စက်တယ်. . . ဉာဏ"

"ဒါ. . . ငါ့ကိုယ်ရေးကိုယ်တာကိစ္စပါ။ ငါ့နှလုံးသားကို ဘယ
မှ ချုပ်နှောင်တားဆီးလို့မရဘူး"

တစ်အုပ်စုလုံး အသံတိတ်သွားကြ၏။ အချစ်နဲ့စစ်မှာ မတ
တာ မရှိဘူးမဟုတ်လားအသက်ရယ်။ မောင် ချစ်သူရှိသွားတာနဲ့
ငယ်ချင်းတွေက မောင့်အပေါ်မှာ သဘောထားတွေ ပြောင်းကုန်
ဒါပေမဲ့. . . မောင်ခံနိုင်ရည်ရှိပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မော
ထဲမှာ အသက်ရဲ့ချစ်ခြင်းတွေကို အပြည့်အဝပိုင်ဆိုင်ထားလို့ပါ။ အ
ဆိုတာ ဘဝရဲ့အင်အားတစ်ရပ်ဆိုတဲ့အဆိုကို မောင်ထောက်ခံ
တော့မယ်နော်။





တိုက်ခန်းထဲသို့ဝင်လိုက်သည်နှင့် အံ့အားတသင့်ကြည့်လိုက်ကြ
သည့်မျက်လုံးပေါင်းများစွာကို ကြုံလိုက်ရလေ၏။

"အို. . . ဆရာမမိုးသက်ငြိမ်ဆိုတာ ငယ်ငယ်လေးပါလား"

အမျိုးသမီးကြီးတစ်ဦး၏ရေရွတ်လိုက်သံကြောင့် ကျွန်မလှစ်ခနဲ
ပြုံးလိုက်မိပြီး လေးလေးလွှင်အနီးရှိခုံမှာ ဝင်ထိုင်လိုက်သည်။

"အားလုံးနဲ့မိတ်ဆက်ပေးရဦးမယ်။ ဒါ,ကျွန်တော့်မိတ်ဆွေရဲ့သမီး
ကျွန်တော့်တူမလည်းဟုတ်တဲ့. . . မိုးသက်ငြိမ်ပါ။ မိတ်ဆွေတို့မြင်ဖူးတဲ့
'အတိတ်ကိုလွှမ်းသော်' ပန်းချီကားပိုင်ရှင် မိုးမခရဲ့သမီးပါ"

"ဟော. . . ထင်တော့ထင်သား။ နာမည်ချင်းလည်းဆင် Idea
ကလည်း ထပ်တူကျနေတာကိုး"

"သမီးရေ. . . ဒါက စာနယ်ဇင်းသမားတွေပဲ။ အစိကမေးမြန်း
မယ့်သူက ရွှေအလင်းမဂ္ဂဇင်းရဲ့တာဝန်ခံ ကိုဝဏ္ဏပါ။ သူကတော့ ပြပွဲ
ကိုတာဝန်ယူမယ့်လေးလေးမိတ်ဆွေ ဒေါ်သက်ထားဆွေလေ။ မသက်ရဲ့
သားက ဂျပန်ကို ပန်းချီဆရာသုံးဦးခေါ်ဖို့ကိစ္စ စီစဉ်ပေးမှာပါ"

"ဟုတ်ကဲ့ တွေ့ရတာဂုဏ်ယူပါတယ်ရှင်။ ကျွန်မက ဒီလောက
ထဲကို သက်တမ်းအနုဆုံးနဲ့ဝင်လာခဲ့တာမှန်ပေမယ့် အပျော်တမ်းအနု
ပညာသမားတစ်ယောက်မဟုတ်တာကိုတော့ အားလုံးသိကြပါတယ်။
သိပ်ခက်ခဲပြီး ဖြေရမလွယ်တဲ့မေးခွန်းမျိုးတွေမမေးပါနဲ့လို့ ဦးစွာမေတ္တာ
ရပ်ခံအပ်ပါတယ်ရှင်"

ကျွန်မစကားကြောင့် တစ်ဝိုင်းလုံး ပြုံးလိုက်ကြလေသည်။ လေး
လေးလွှင်က လက်ဖက်ရည်နှင့်မုန့် စီစဉ်ထားတာကိုချပေးစေပြီး ကျွန်မ
နံဘေးမှာပင် ဆက်ထိုင်နေလေ၏။

"ကျွန်တော်မေးမယ့်မေးခွန်းတွေကို မကြိုက်ဘူးဆိုရင် ငြင်းပယ်
ခွင့်ရှိပါတယ်။ ပြီးတော့ ဘယ်သူ့ကိုမှတိုက်ရိုက်မေးတဲ့မေးခွန်းမျိုးမဟုတ်
ဘဲ. . . ဆရာတို့အားလုံးနဲ့ ဆရာမအမြင်အတိုင်း ပွင့်ပွင့်လင်းလင်း
ပြောတာကိုပဲ ကျွန်တော်လိုချင်တာပါ။ ပထမဦးဆုံးသိချင်တာက Art



www.burmeseclassic.com

www.burmeseclassic.com



Exhibition (ပန်းချီပြပွဲ)လုပ်ရတဲ့ ပန်းချီဆရာတွေရဲ့ခံစားချက်ပါ"

တစ်ယောက်တစ်မျိုးပြောကြသည်ကို ကက်စက်ဖြင့် အသံဖမ်းထားလေ၏။ နောက်ဆုံး ကျွန်မအလှည့်သို့ရောက်လာလေသည်။

"ဘယ်လိုပြောရမလဲ. . . ကိုယ်တိုင်ရေးဆွဲထားတဲ့လက်ရာကို အများမြင်သာအောင်ချပြတာလို့ ဆရာကိုပံသုပြောတဲ့စကားကိုထောက်ခံပါတယ်။ အဲဒီမှာ ကျွန်မနည်းနည်းထပ်ဖြည့်ချင်တာက လက်ရာဆိုတာထက် ရင်ထဲကခံစားချက်ကိုလှစ်ဟပြတာဆိုရင် ပိုပြည့်စုံမှာပါ"

"အခုဆွဲထားတဲ့ ပန်းချီကားတွေကို ကျွန်တော်တို့ တော်တော်များများလေ့လာကြည့်တယ်ဆိုပါတော့ဗျာ။ ခဲ၊ ဖယောင်း၊ ရေဆေး ဆီဆေး စသည်ဖြင့် ဆရာတို့ ဘယ်ဟာကို ပိုအားသာပါသလဲ"

"ခဲနဲ့ ဆီဆေးပါ"

"ဖယောင်းသုံးတဲ့ပန်းချီကားတွေက တော်တော်ရှားပါတယ်ခင်ဗျ"

"ဆရာမကရော"

"ဆီဆေးအသုံးများပါတယ်။ ခဲနဲ့ဆွဲတာဆိုလို့ ကျွန်မမှာ မှတ်မှတ်ရရတစ်ပုံပဲရှိတယ်။ ဒါပေမဲ့. . . ကျွန်မ ပြပွဲမတင်ပါဘူး"

"ဘာပုံများလဲခင်ဗျာ"

"ကျွန်မမေမေရဲ့ပုံတူပါ"

"ဪ"

"နောက် တစ်ခါတစ်ရံ ကျွန်မ ကောက်ကြောင်းပန်း တွေလည်းဆွဲလေ့ရှိပါတယ်"

"Modern (ခေတ်ပေါ်ပန်းချီ)၊ Portrait (ပုံတူပန်းချီ) Myanmar Style (မြန်မာ့ဟန်ပန်းချီ) Culture painting (ယဉ်ကျေးမှုပန်းချီ)၊ View painting (မြင်ကွင်းပန်းချီ) စတဲ့အမျိုးအစားတွေထဲမှာ ဆရာတို့ ဘာကိုပိုကြိုက်သလဲ။ ပြီးတော့ ဘယ်ဟာက ပိုလွယ်ပြီး ဘယ်ဟာက ပိုခက်ခဲလဲ သိချင်ပါတယ်"

"Myanmar Style နဲ့ View က ပိုလွယ်တယ်။ အမြင်လည်း





ရှင်းတယ်။ Culture လည်း ဆွဲလို့ကောင်းပါတယ်"

"ကျွန်တော်က Modern ကို ပိုသဘောကျတယ်။ သူက လွတ်လပ်တယ်။ လျှို့ဝှက်နက်နဲတယ်။ သာမန်အသိ၊ သာမန်အကြည့်နဲ့ မြင်လို့မရနိုင်ဘူးလေ။ အဲဒါ မပိုးသက်ငြိမ်နဲ့ ကျွန်တော်နဲ့တူတယ်"

"ကျွန်တော်က Portrait ကို ပိုကြိုက်တယ်။ ပိုပြီးလည်းခက်ခဲတယ်။ လူပုံက မတူတူအောင်ဆွဲရတာ အသေးစိတ်ကျတယ်ဗျ"

"ဆရာမကတော့ Modern ကို အဆွဲများတယ်နော်"

"ဟုတ်ကဲ့၊ ကျွန်မက Outdoor သိပ်မဆွဲဖြစ်လို့ပါ။ ဒီတစ်ခါအတွက် အစိတ်လျာထားတာဆိုတော့. . . Modern ကတော့ များတယ်။ Portrait ငါးကား၊ Culture ငါးကား၊ View ငါးကား ပါမယ်"

"ဟုတ်ကဲ့ တော်တော်များတာပေါ့နော်။ အစ်မကြီး စီစဉ်တာဆိုတော့ ဘယ်လိုစီမံမှုမျိုးလုပ်ထားပါသလဲ"

"ဟော. . . ဘယ့်နှယ် ကျွန်မဘက်လှည့်လာတုန်း။ အကုန်ရှောင်းပြမှာပါ။ ဥပမာ. . . Portrait ဆို တစ်ကန့်ပေါ့။ လူစုံ ပုံအစုံပဲ။ အဲလိုစီစဉ်ထားတာ ဟိုတယ်မှာလုပ်မှာဆိုတော့ နေရာကျယ်ကျယ်ဝန်းဝန်းရမှာပါ"

"ဒီကိုးယောက်အပြင် နောက်ထပ် ဘယ်သူတွေပါဦးမလဲ"

"ကျွန်မတို့ဖိတ်ခေါ်ကတည်းက နာမည်ကြီးတွေ မပါဘူးလေ။ နောက်ထပ်လာဦးမှာဆိုတော့ အားလုံးနှစ်ဆယ်ကျော်ဖြစ်လိမ့်မယ်ထင်တယ်"

"အားလုံးထဲမှ သုံးဦးကိုရွေးမှာလား"

"ဟုတ်ပါတယ်"

"ဘယ်လိုအရည်အချင်းမျိုးနဲ့လူကိုရွေးမှာလဲ"

"အဲဒီပွဲမတိုင်ခင် သားပြန်လာလိမ့်မယ်။ သားပဲရွေးမှာပါ။ ကျွန်မ သိပ်နားမလည်ဘူး။ အရောင်းရဆုံးကားမိုင်ရှင်လည်း ဖြစ်ချင်ဖြစ်မယ်။ သားစိတ်တိုင်းကျတဲ့လက်ရာရှင်လည်း ဖြစ်ချင်ဖြစ်မှာပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်တို့ကြားတာက ဟိုမှာပဲ ချက်ချင်းပြိုင်ဆွဲရမှာဆို"

"ဟုတ်တယ်။ ငါးနိုင်ငံကိုယ်စားပြု (၁၅)ဦးပြိုင်ပွဲလေ"

"စိတ်ဝင်စားဖို့ကောင်းလိုက်တာ။ ကဲ. . . ဆရာမနဲ့ ဆရာတို့ကို အားနာပါတယ်။ နောက်ဆုံးမေးခွန်းလေးပဲ မေးပါရစေ။ ကိုယ့်ကိုသင်ပြပေးတဲ့ဆရာအပြင် တခြားဘယ်ပန်းချီဆရာတွေကို ကြိုက်နှစ်သက်သလဲဆိုတာပါ"

"ဟာ. . . ဒါဆို အကုန်တူနေမှာသေချာတယ်။ ဆရာကြီး ဦးဘညွန့်၊ ဦးသောင်းဟန်၊ ဦးဘကြည်. . . အများကြီးပေါ့"

"ဆရာကြီးဦးဘကြည်ရဲ့ ဗုဒ္ဓဝင်ပန်းချီတွေဆို. . . ကျွန်မ သိပ်သဘောကျတယ်"

"ဆရာမကို နည်းနည်းပိုမေးပါရစေ။ ဆရာမအမေရဲ့ Lead painting (ခဲပန်းချီ) နဲ့ Biography (အတ္ထုပ္ပတ္တိ)ဖြစ်ဖြစ် Memoirs (ကိုယ်ရေးမှတ်တမ်း)ဖြစ်ဖြစ် ထုတ်ဖို့အစီအစဉ်မရှိဘူးလား။ ဘာဖြစ်လို့လဲဆိုတော့ ဆရာမမိုးမခရဲ့ရာဇဝင်က ပုံပြင်တစ်ပုဒ်လို အနုပညာနယ်ပယ်မှာ တစ်ခေတ်စားခဲ့တာမို့လေ"

"မလုပ်ပါနဲ့ရှင်. . . ကျွန်မ ပန်းချီပဲဆွဲပါရစေ။ စာမရေးတတ်လို့ပါ"

"အကယ်၍ တစ်ယောက်ယောက်ကများ ရေးခွင့်တောင်းလာရင်ရော. . . ဆရာမ"

"ဟင့်အင်း. . . ကျွန်မ ကန့်ကွက်မှာပဲရှင့်"

စကားဝိုင်းကို အရယ်ဖြင့်အဆုံးသတ်လိုက်ပြီး တစ်ယောက်နှင့်တစ်ယောက်လက်ဆွဲနှုတ်ဆက်လိုက်ကြသည်။

"အားလုံးပဲ ကျွန်တော့်ကိုခွင့်ပြုပါဦး။ အခုလိုသိချင်တာလေးတွေ ဖြေပေးတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ဗျာ။ Gallery (ပန်းချီ ပြခန်း)မှာပဲ ဆုံကြတာပေါ့"

ကိုဝဏ္ဏတို့အဖွဲ့ ထပြန်သွားသော်လည်း ဒေါ်သက်ထားဆွေက





ထိုင်ကျန်ရစ်ခဲ့ပါ၏။ ကျန်ပန်းချီဆရာများလည်း အသီးသီးပြန်ကုန်ကြလေပြီ။ လေးလေးလွင်က ကျွန်မကိုမျက်ရိပ်ပြထားသဖြင့် ထမပြန်ဖြစ်သေးဘဲ ဆက်ထိုင်နေရသည်။

"ကဲ. . . မသက်ပြောချင်တာ ပြောတော့လေ"

"သမီးတော့ မောနေတော့မှာပဲ"

"ရပါတယ်အန်တီ။ ပြောချင်တာသာပြောပါ"

"ဒီလိုသမီးရယ်။ အခုရွေးမယ့်သုံးယောက်မှာ သမီးကို ပါစေချင်တာ အဓိကပေါ့။ နောက်တစ်ခုက သမီးမေမေရဲ့ကျန်ခဲ့တဲ့လက်ရာတွေကိုလည်း ပရိတ်သတ်ကို အန်တီပြချင်တယ်"

"ပြရုံတော့ဖြစ်ပါတယ် အန်တီ။ ဒါပေမဲ့ ကျွန်မရောင်းမှာတော့ မဟုတ်ဘူးနော်"

"အန်တီ နားလည်ပါတယ်။ အခုပွဲမှာမဟုတ်ဘဲ သမီးကိုတစ်ကိုယ်တော်ပွဲလုပ်ပေးချင်တယ်။ အဲဒါ သမီးဘယ်လိုသဘောရလဲ"

"စွန့်စားခန်းကြီးပါလား အန်တီ။ ကျွန်မ အဲဒီလောက်ကြီးနာမည်မရှိသေးပါဘူးနော်။ အခုမှ လမ်းလျှောက်သင်ခါစအဆင့်ပါ"

"ကြိုးစားကြည့်ပါလားသမီးရယ်။ အန်တီအများကြီးမျှော်လင့်ထားတာပါ။ ကိုမင်းလွင်က သမီးဆွဲသမျှ အကုန်နီးပါးရောင်းရတယ်ပြောတော့ အန်တီလည်း စွန့်စားချင်တာပေါ့"

"ဟုတ်တယ် သမီး လုပ်ကြည့်ပါကွယ်။ လေးလေးရဲ့ Idea ကတော့ သမီးနာမည်ကို ခေါင်းစည်းမတင်ဘဲ မိုးမခရဲ့ပုံရိပ်တစ်ခုအဖြစ်ပြပွဲကိုဖွင့်လှစ်ချင်တာ။ သမီးဆွဲထားတဲ့ မိုးမခရဲ့ခဲပန်းချီပုံက ပြခန်းအဝမှာ မှန်ဘောင်နဲ့ထောင်ထားမယ်။ ပြီးရင် သူ့ပန်းချီပုံတွေကို အရင်ပြမယ်။ ပြီးမှ သမီးပုံတွေက အတွင်းထဲမှာ အပြည့်။ ကဲ. . . ဘယ်လောက် စိတ်ကူးယဉ်လို့ ကောင်းလိုက်သလဲ"

"ဒါဖြင့် Shadow of the willow ပေါ့။ ဟုတ်လား လေးလေး"



www.burmeseclassic.com

www.burmeseclassic.com



"Right"

"တစ်ကိုယ်တော်ပွဲဆိုရင် နှစ်ချီပြီးကြာချင်ကြာမှာနော်အန်တီ။ အခုပွဲက လက်ကျန်ကားတွေအပြင် ကျွန်မထပ်ကြိုးစားရဦးမှာ။ အချိန်စောင့်ရမှာနော်"

"စောင့်မှာပေါ့။ ဒီသတင်းကို ဘယ်သူ့ကိုမှပေးမသိဘဲ ကျိတ်လုပ်ရှားမှာလေ"

"ကျွန်မ ကြိုးစားမယ် အန်တီ။ ကတိပေးပါတယ်"

"ဝမ်းသာလိုက်တာ သမီးရယ်။ သားပြန်လာတဲ့တစ်ရက် သမီးဆီ အန်တီတို့လာခဲ့ဦးမယ်"

"ဟုတ်ကဲ့... ဒါ ကျွန်မရဲ့ Visiting card ပါ။ ဖုန်းအရင်ဆက်ပြီးမှ လာခဲ့ပါအန်တီ။ တော်ကြာ လွဲနေမှာစိုးလို့ပါ"

"ကောင်းပါပြီသမီးရယ်။ ကဲ... အန်တီပြန်ဦးမယ်။ ကိုမင်းလွင်ရေ so thanks နော်"

"ရပါတယ်... မသက်ရာ"





*To me you are everything I have ever wanted spirited and proud and needing love.*

ကိုယ်လိုချင်နေတာတွေ မင်းထံမှာ အားလုံးပြည့်စုံနေပါတယ်။ စိတ်သဘောထားကြီးမှု၊ မာနကြီးမှု၊ တကယ်စစ်မှန်တဲ့မေတ္တာကို လိုအပ်နေမှုတို့ရောပေါ့။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၀ )

ပန်းချီကားထောက်တိုင်ပေါ်သို့ မဆွဲရသေးသည့်ပုံကို သေချာ ဒင်လိုက်၏။ ပြတင်းဝမှ အလင်းကောင်းကောင်းရမည့်နေရာကို ထပ် ရွှေ့လိုက်သည်။ ခဲဖြင့် ပုံကြမ်း စခြစ်နေစဉ် ဖုန်းသံကမြည်လာလေ၏။ ခဲကိုပြန်ချ၍ ဖုန်းရှိရာဆီလှမ်းကာ ကောက်ကိုင်လိုက်ရသည်။

"ဟဲလို. . . မိုးသက်ငြိမ်ပါ"

"ငါ. . . မင်းညာထာရဲ့အမေပါ"

"ဪ. . . ဟုတ်ကဲ့, ပြောပါအန်တီ။ ဘာကိစ္စများရှိလို့ပါလဲ"

"ရှင်းရှင်းပြောရရင် မင်းကိုမဆက်သွယ်ချင်တာအမှန်ပဲ။ အခု ဆက်လို့မဖြစ်တဲ့အကြောင်းရှိလာလို့ ငါဆက်လိုက်ရတာ"

"ဘာကိုဆိုလိုတာပါလဲရှင်။ ကျွန်မ နားမလည်လို့ ပွင့်ပွင့်လင်း လင်းပြောပါအန်တီ"

"သားကို မင်းအဆက်ဖြတ်ပါ မိုးသက်ငြိမ်။ အဲဒါ အဓိကပဲ။



www.burmeseclassic.com

www.burmeseclassic.com



သားကို ဆရာဝန်မလောင်းလေးနဲ့ပဲ ငါတို့သဘောတူတယ်။ အခု မင်း
နေတဲ့အတွက် အဲဒီကလေးမကို သားက ငြင်းပယ်နေတာမို့ ပြောရတာ
ပဲ၊ သားရဲ့ရုပ်ရည်၊ သားရဲ့ပညာ၊ သားရဲ့အသက်အရွယ်၊ သားရဲ့အဆင့်
အတန်းနဲ့ မင်းထက်သာတဲ့မိန်းကလေးကိုပဲ ရွေးချယ်စေချင်တယ် မို
သက်ငြိမ်၊ မင်းလို သားထက်အသက်ကြီးတဲ့မိန်းမတစ်ယောက်ရဲ့ခြေ
အောက်မှာ ငါ့သားကိုအနစ်မခံစေချင်ဘူး။ သားထက် အသက်ကြီးနေ
တော့ ကိုယ့်အိမ်ထောင်ရှင်ကို လေးစားရိုကျိုးမယ့်အရည်အချင်းမျိုး မင်
မှာ ဘယ်ရှိနိုင်တော့မှာလဲ။ ဘယ်မျိုးရိုးက ဆင်းသက်လာမှန်းမသိတဲ့
မင်းလိုသာမန်မိန်းကလေးမျိုးနဲ့ ငါ့သားမတန်ဘူး မိုးသက်ငြိမ်၊ ဒါကို
နားလည်ရင် အချိန်မီ မင်းနောက်ဆုတ်ပါ။ ဒါမှမဟုတ်ရင်တော့ မင်
လားအပ်တဲ့ပြဿနာတွေကို မင်းရင်ဆိုင်ရလိမ့်မယ်။ ဒါပဲ''

ဖုန်းကိုကိုင်ထားလျက်ပင် ကျွန်မ ငိုင်နေမိသည်။ ဘုရားရေ. . .
ဘာတွေဖြစ်ကုန်ပြီလဲ။ သူနှင့်ကျွန်မ ချစ်သူဖြစ်တာတောင် သိပ်သေချာ
သေးတာမဟုတ်။ ဘယ်လိုကနေဘယ်လို သူ့မိဘတွေ သိကုန်တာ
လိမ့်၊ မင်းဥာဏရေ. . . ဒါတွေကိုကြိုမြင်လို့ ရှင့်ကိုရှောင်ရှားခဲ့တာလေ
ရှင်က ကျွန်မရှောင်နေတဲ့ကြားက တည့်တည့်လာတိုးလေတော့ အ
တော့ ကျွန်မရင်ကို မီးတွေလောင်မြိုက်လာပါရောလား။

ဖုန်းကိုပြန်အချ၊ ဖုန်းသံက ထပ်မြည်လာပြန်၏။ စိတ်ကိုတည်
ငြိမ်အောင်ထားပြီးမှ ဖုန်းကိုပြန်ကိုင်လိုက်သည်။

"ဟဲလို"

"အသက်. . . မောင်ပါ"

"ဟာ. . . ဘာကြီးလဲ"

"အသက်ရည်းစား ဆေးကျောင်းသားလေးလေ၊ အသံတော
မမှတ်မိတော့ဘူးလား"

"ကျွတ်. . . ဘယ်လိုခေါ်နေတာလဲ နားရှက်စရာကြီး၊ ၄ှဲတက်
ကျွန်မ လေးနှစ်တိတိကြီးတာနော်။ သတိရှိုး"





"လေးနှစ်ကြီးတော့ မောင့်ထက် လေးဆပိုချစ်ရမှာပေါ့ အသက်

"ရှင်ဟာလေ. . . ပြောနေတဲ့ကြားထဲကို တော်ပြီ၊ ဖုန်းချလိုက်
တော့မယ်"

"နေပါဦး. . . အသက်ရယ်၊ မောင်ပြောစရာရှိလို့ပါ။ ခဏလေး
သည်းခံပါဦး"

"ပြောစရာရှိတာ မြန်မြန်ပြောလေ။ ကျွန်မ ပန်းချီဆွဲနေတာ
နှောင့်အယှက်ဖြစ်တယ်"

"ပြောမှာပါ အသက်ရယ်၊ မနက်ဖြန် မောင်နဲ့အသက်ရဲ့မွေးနေ့
သာ။ ဒါကြောင့် အသက်လိုအပ်တဲ့ပစ္စည်းတစ်ခုကို မောင်လက်ဆောင်
မယ်။ အသက်ကရော"

"ရှင့်ကို တစ်ခုခုပြန်ပေးမှာပါ။ ဒါပဲမဟုတ်လား"

"အသက်အိမ်မှာပဲ မောင်တို့မွေးနေ့ပွဲလေး လုပ်ကြတာပေါ့နော်၊
ာင် ဘာဝယ်လာခဲ့ရမလဲ။ ပြောပါဦး"

"ဘာမှမဝယ်ခဲ့နဲ့။ ရှင်သာ လာခဲ့"

"ဟာ. . . တရှင်ရှင်နဲ့ နားခါးလိုက်တာအသက်ရာ၊ မောင်လို့
ခေါ်သဘောလေး ခေါ်ကြည့်ပါလား"

"မရဘူး။ Birthday မှ ယူ. . . ဒါပဲ ဖုန်းချပြီ"

ကျွန်မ ဖုန်းကိုချလိုက်၏။ ဟုတ်သားပဲ၊ မနက်ဖြန် ကျွန်မတို့မွေး
နေ့ ရောက်ပါရောလား။ ပန်းချီပွဲကိစ္စနဲ့လုံးပမ်းနေရလို့ မွေးနေ့တောင်
မေ့လျော့နေတဲ့အထိပင်။

ဘယ်လိုလုပ်ရမလဲ။ သူ့မိခင်က သူနှင့်ကျွန်မကို လမ်းခွဲစေနေ
မွေးနေ့ပွဲမှာ ဒီလိုပြောလို့ဖြစ်ပါ့မလား။ ဟင့်အင်း. . . ကျွန်မ သူ့ကို
မဆင်းရဲစေချင်ပါဘူး။ အထူးသဖြင့် ဒီရက်ပိုင်းအတွင်း သူစာမေးပွဲ
နေရတာလေ။

ရုပ်ရည်၊ ပညာ၊ အဆင့်အတန်းတဲ့လား။ ကျွန်မမှာ ရှင်နဲ့ဘာ



www.burmeseclassic.com

www.burmeseclassic.com



ယှဉ်သာစရာတွေ မရှိပါလား မင်းညာထာရယ်။ ဒီကြားထဲ အသက် လေး
နှစ်ကြီးနေတဲ့ပြစ်ချက်က ပိုဆိုးနေပြန်ပါရောလား။ မိဘရင်ငွေ့နဲ့ကင်
ကွာ နေရတဲ့မိန်းကလေးတစ်ယောက်ရဲ့ခံစားချက်ကို ဘယ်သူကမှ ကိုယ်
ချင်းစာနာမပေးနိုင်ပါလား။ 'မြေနိမ့်ရာလှံစိုက်' တဲ့။ ကျွန်မက ရှင့်ရဲ့ပါရ
ဖြည့်ဖက်ဘဝကိုတောင် ရပိုင်ခွင့်မရှိတဲ့သူဖြစ်နေပါရောလား မင်းညာထာ
ရယ်။

ကိုယ့်ကိုယ်ကို အုပ်ထိန်းနေရတဲ့ဘဝမှာ ဒုတိယမိုးမခဘဝ
တော့ ကျွန်မ အဖြစ်မခံပါဘူး။ လူကြီးတွေသဘောမတူတဲ့ အိမ်ထောင်
တစ်ခုကိုထူထောင်၊ အချစ်တစ်ခုကိုပဲ ကိုးကွယ်၊ မာနနဲ့အတ္တတွေကြော
မိုက်မဲ၊ သစ္စာကို အားကိုးယုံကြည်။ နောက်ဆုံးတော့ အသွင်မတူတ
ဘဝနှစ်ခုကို ညှိနှိုင်းမရနိုင်ဘဲ နားလည်မှုလွဲပြီး စွန့်ပစ်ခံခဲ့ရတဲ့ဘဝ
မှာ ဒုက္ခသောကမျိုးစုံကို ခါးစည်းခံခဲ့ရတဲ့မေမေ့လိုအဖြစ်ဆိုးမျိုး ကျွန်
မကြုံပါရစေနဲ့။

အတ္တတွေဖုံးလွှမ်းထားတဲ့ အဆုံးအဖြတ်တစ်ခုမှာ အပြစ်မဲ့
နှလုံးသားနှစ်ခု သေဆုံးသွားမှာကို ထည့်မတွက်ပေးကြတော့ဘူးလား
နဂိုကတည်းက တစ်ယောက်တည်းနေကျင့်ရှိခဲ့တာမို့ နောင်တစ်
တစ်ယောက်တည်းဖြစ်ခဲ့ရင်လည်း ကျွန်မနေတတ်ပျမှာပဲ။ ရှင့်ကိုပဲ ကျွ
သနားတာပါ မင်းညာထာရယ်။

ရှင် ဘယ်လိုဆုံးဖြတ်မလဲ။ ချစ်သူနဲ့မိဘနှစ်ပါးကြား လွန်ဆွဲ
မှာ မိဘအရိပ်က မလွတ်သေးတဲ့သားလိမ္မာလေးအကြောင်းကို ကျွန်
စဉ်းစားနေဖို့တောင်မလိုအပ်ပါဘူး။ ရှင့်မေမေရဲ့စကားတွေက ကျွန်မ
မာနကိုထိပါးစေခဲ့တာအမှန်ပါ။ ကျွန်မ နာကြည်းရမလား။ အမေကိုသိ
ချစ်ခဲ့ရတဲ့သမီးတစ်ယောက်၊ အမေ့ကိုယ်စားရင်ခွင်တစ်ခုမှာ ခိုလှုံခွ
ရချင်တာကို ဘာဖြစ်လို့များ မြင်မပေးရတာလဲ။

ရှင့်ထက် အသက်ငယ်မှသာ ရှင့်ကိုအားကိုးမှာတဲ့လား။ ရိုက
မှာတဲ့လား။ ကျွန်မက ရှင့်အပေါ် နိုင်စားမယ့်မိန်းမမျိုးလို့များ ထင်မြ





သူသလိုက်လေသလား။ ကျွန်မရင်ထဲမှာ ရှင့်ကို အနက်ရှိုင်းဆုံးချစ်မြတ်
နိုးနေခဲ့တာကို နားလည်မပေးနိုင်ကြတော့ဘူးပေါ့နော်။ အားကိုး ရိုကျိုး
တာတွေဟာ အသက်အရွယ်နဲ့ဆိုင်လို့လားရှင်။ နှစ်ကိုယ်တူ နားလည်မှု
အပြန်အလှန်ရှိနေရင် သာယာတဲ့ဘဝတစ်ခုကို အောင်မြင်စွာထူထောင်
နိုင်မှာပါ။

ပန်းချီဆွဲတဲ့လက်တွေက ရှင့်ကိုတယုတယပြုစုပေးနိုင်ပါတယ်။
ငွေရှာတဲ့လက်တွေက ရှင့်ကို ဖွယ်ဖွယ်ရာရာတွေ ချက်ပြုတ်ကျွေးနိုင်ပါ
တယ်။ ဒါတွေကို မသိပေးနိုင်ကြဘူးလား။ အဆင့်အတန်းကွာခြားလွန်း
တာကို ကျွန်မ လျစ်လျူရှုမထားပါဘူး မင်းညာထာရယ်။ အခုတော့ ကျွန်မ
ရင်ကို တည်တည်ကြီးဝင်ဆောင့်ခဲ့ပါရောလား။

အတားအဆီးမဲ့ စီးကျလာသည့်မျက်ရည်တို့ကို မသုတ်ဖြစ်ဘဲ
မေမေ့အခန်းတံခါးကို တွန်းဖွင့်ဝင်လိုက်၏။ ခပ်ပြုံးပြုံးစိုက်ကြည့်နေသည့်
မေမေ့မျက်ဝန်းတွေက ကျွန်မကိုနှစ်သိမ့်ပေးနေသည့်အလား။ ပန်းချီကား
ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ မေမေမွေးမြူခဲ့တဲ့၊ မေမေကိုးစား
ခဲ့တဲ့မာနတွေ၊ ပြီးတော့ အတ္တတွေ သမီးကိုဝေမျှပေးပါလား။ ကိုယ့်ဘဝ
ကိုယ့်ကြမ္မာကို ရဲရဲကြီးချရတဲ့ဆုံးဖြတ်ချက်တွေ သမီးကိုလည်း သင်ပေး
ပါလား။ အရင်က မေမေ့ကိုယ်ပွားဖြစ်ခဲ့တဲ့သမီး။ မေမေ့ဆီက အရာမှန်
သမျှကိုအကုန်ရခဲ့တဲ့သမီး။ အခုတော့၊ အခုတော့ အချစ်ကြောင့် စိတ်
တွေပျော့ပျောင်းနေပြီ. . . မေမေ၊ မာနကိုတံခွန်ထူရမယ့်အချိန်မှာ သမီး
က စိတ်ဓာတ်တွေကျပြီး အားငယ်နေတတ်ပြီ။ ကိုယ့်ဘဝ၊ ကိုယ့်ကြမ္မာ
ကို ကိုယ်ကိုယ်တိုင်ဆုံးဖြတ်ခွင့်မရှိဘဲ သူတစ်ပါးဆုံးဖြတ်တာကိုပဲ နာခံ
တော့မယ်တဲ့။ အို. . . မေမေရယ်။ အရင်တုန်းကလို ကိုယ့်ကိုယ်ကို
ယုံကြည်တဲ့စိတ်ဓာတ်လေးကို သမီးထံပြန်ရိုက်သွင်းပေးပါနော်။

တိတ်ဆိတ်ငြိမ်သက်နေသည့်အိမ်ထဲမှာ ကျွန်မ၏ရှိုက်သံတွေကို
ကြည့်သူတစ်ဦးတစ်ယောက်ကမျှ မကြားမမြင် မသိခဲ့ပါချေ။

ထိုင်နေရာမှ အသာထရပ်လိုက်၏။ စိတ်ဓာတ်တွေ ကျနေလို့



www.burmeseclassic.com

www.burmeseclassic.com



မဖြစ်သေးဘူး။ ပန်းချီပြပွဲက နီးနေပြီလေ။ ဆွဲလက်စပန်းချီကားဆီ ပြန်လှမ်းလာခဲ့ပြီး စိတ်ကိုနှစ်ထားလိုက်၏။ နာရီမှ မနက်လေးနာရီ ထိုးသံကိုကြားလိုက်ရ၍ နားသင့်ပြီဟုယူဆရင်း စုတ်တံကိုချထားလိုက်သည်။ အိပ်ခန်းထဲရှိ ခုတင်ပေါ်လှဲလိုက်စဉ် ခုတင်ဘေးစားပွဲပေါ်မှ ဖုန်းသံမြည်လာပြန်သည်။ နံပါတ်ကိုကြည့်လိုက်တော့ နိုင်ငံခြားဖုန်း နံပါတ်ဖြစ်နေပါရောလား။

"ဟဲလို"

"ဟဲလို. . . မမိုးသက်ငြိမ် ဟုတ်ပါတယ်နော်"

"ဟုတ်ပါတယ်ရှင်"

"ကျွန်တော့်ကြောင့် အိပ်ရေးပျက်သွားရင် တောင်းပန်ပါတယ်ဗျာ။ မေမေနဲ့ဖုန်းပြောအပြီး မမိုးသက်ငြိမ်ကိုစကားပြောချင်လို့ ဆက်လိုက်တာပါ။ ကျွန်တော် ကိုဦးဆွေပါ။ ဒေါ်သက်ထားဆွေရဲ့သားပါခင်ဗျာ"

"သြော်. . . ဟုတ်ကဲ့ ပြောပါရှင်။ ကျွန်မ အခုချိန်ထိ မအိပ်ဖြစ်သေးပါဘူး"

"ဟောဗျာ. . . ပန်းချီဆွဲနေတာလား"

"ဟုတ်ပါတယ်"

"ဘာကားလဲခင်ဗျာ။ ကျွန်တော် စပ်စုချင်လာလို့ပါ"

"Modern ပါပဲ"

"ကားနာမည် ဘယ်လိုလျာထားလဲခင်ဗျ။ ကျွန်တော် သိခွင့်ရှိမလား"

"ဟုတ်ကဲ့. . . ကျောခိုင်းချိန်ပါ"

"ကျောခိုင်းချိန်! ထူးခြားလိုက်တာ။ ကျွန်တော် နောက်တစ်ပတ်ဆို ပြန်လာမယ် မမိုးသက်ငြိမ်။ မေမေနဲ့အတူ အိမ်ကိုလာခဲ့မယ်နော်။ ရက်အတိအကျ ကျွန်တော်ထပ်ပြောပါ့မယ်။ အခုရော ကားတွေတော်တော်ပြီးနေပြီလား"





"အားလုံး အစိတ်စီ တင်ဖို့စီစဉ်ထားတာ ကျွန်မ (၁၈)ကားပဲ ရှိသေးတယ်။ (၇)ကား ကျန်သေးတယ်ရှင့်"

"ဖြည်းဖြည်းသာဆွဲပါဗျာ။ တော်ကြာ ကျန်းမာရေးထိခိုက်နေပါဦးမယ်။ အချိန်နှစ်လကျော်လိုသေးတာပဲ။ မီပါတယ်"

"ကျွန်မလည်း ချာန်ဝင်တဲ့အချိန်လေးမို့ ဆွဲဖြစ်တာပါ"

"ကျွန်တော်က စေတနာနဲ့ပြောမိတာပါဗျာ။ စိတ်မဆိုးပါနဲ့။ ဒါဖြင့် နောက်မှပဲဆုံတာပေါ့။ ဒါဆို ဒါပဲနော်။ အခုလို စကားလက်ခံပြောပေးတဲ့အတွက် ကျေးဇူးအထူးတင်ပါတယ်"

"ဟုတ်ကဲ့. . . ရပါတယ်ရှင်"

ဖုန်းကိုအဲသာချလိုက်ရင်း ခုတင်ထက် လှဲချလိုက်၏။ မျက်လုံးတွေကျိန်းစပ်နေလေပြီ။ အင်း. . . ဒီလိုအိပ်ရေးပျက်ပေါင်းများလာရင် မျက်စိတော့ စုံလုံးကန်းတော့မှာပါပဲ။ မေမေမျက်စိကွယ်ခဲ့တုန်းကတော့ မေမေ့ကို ကျွန်မပြုစုစောင့်ရှောက်ခဲ့တာပါ။ အခုကျွန်မအလှည့်မှာ ကျွန်မကို ဘယ်သူစောင့်ရှောက်မှာတဲ့လဲ။

မောင်ရယ်. . . တွယ်ရာမဲ့မိန်းမတစ်ယောက်အတွက် မောင်ဟာ ဒယောဇဉ်ကြိုးတစ်စဆိုရင် ကျွန်မလှမ်းယူရမယ့်ကြိုးက ကောင်းကင်ထက်ကကျလာတဲ့ လက်လှမ်းမမီနိုင်တဲ့ကြိုးတစ်စဖြစ်နေပါရောလား။ ကျွန်မ, မောင့်ကိုသိပ်ချစ်ပါတယ်။ ဒါပေမဲ့. . . မောင်နဲ့ကျွန်မဟာ ဘယ်တော့မှ ပေါင်းဆုံခွင့်မရမယ့် မျဉ်းပြိုင်နှစ်ကြောင်းဘဝကို ရောက်နေခဲ့ပါပြီလား။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၁ )

လမ်းတစ်လျှောက်လုံး မှန်းကို အလီလီဆက်နေပါသော်လည်း ခန့်မှန်းမကိုင်သဖြင့် ကျွန်တော် စိတ်တော်တော်ပူလာရသည်။ မြေလှေကားထစ်တို့ကို အပြေးအလွှားတက်လာခဲ့၏။ သံဇကာတံခါးကိုတွန်းဆိုက်တော့ အသာလေးပွင့်သွားလေသည်။ အိမ်ထဲမှတစ်ဆင့် နောက်ဖေးဆောင်အထိ ဝင်ခဲ့သော်လည်း သူမကို အရိပ်အယောင်မျှပင် မမြင်ရချေ။ စေ့ထားသည့်အခန်းတံခါးတွေကို တစ်ခန်းပြီးတစ်ခန်း တွန်းဖွင့်ကြည့်ခဲ့သော်လည်း လူနှင့်တူသည့်အရာဆို၍ ဘာကိုမျှမတွေ့ရချေ။

"အသက်. . . အသက်ရေ"

ထွန်းထားသည့်မီးတို့ ရုတ်တရက်မှိတ်သွားပြီး တစ်အိမ်လုံးမှောင်သွားလေ၏။ ကျွန်တော် စမ်းတဝါးဝါးနှင့် အိမ်ရှေ့ဘက်ထွက်လာတော့ ဧည့်ခန်းရှိ ဆက်တီစားပွဲပေါ်မှာ မီးထွန်းထားသည့် အသည်းပုံကိတ်မုန့်ကိုတွေ့ရလေသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"Happy Birthday
you and me."

ကိတ်မုန့်ပေါ်မှ စာတမ်းကိုဖတ်၍ ကျွန်တော် ပြုံးလိုက်ရင်း သူမကိုလှည့်ပတ်ရှာလိုက်သည်။

"အသက်. . . အသက်နော်၊ မောင့်ကိုစိတ်ပူအောင်မလုပ်ပါနဲ့"

ကျွန်တော်ရပ်နေသည့်နေရာအပေါ်မှ ခရေပွင့်တွေ ဖွေးခနဲပြုတ်ကျလာလေ၏။ အား. . . မွှေးလိုက်တာ၊ အပေါ်ကိုမော့ကြည့်လိုက်တော့ ပန်းခြင်းသေးသေးလေးကို ကြိုးတန်းနှစ်ခုဆွဲ၍စောင်းကာ ပန်းတွေကို ကျစေခြင်းဖြစ်နေ၏။ တအံ့တဩလေးဖြစ်နေစဉ် ကျွန်တော့်ကိုနောက်ကျောမှ ရုတ်တရက်သိုင်းဖက်ခြင်းခံလိုက်ရလေသည်။

"မောင်"

"ဟာ. . . အသက်ရယ်။ ရင်ထိတ်အောင်သိမ်းလုပ်တာပဲ။ ဘယ်လိုများ ပုန်းနေသလဲ။ မောင်ရှာနေတာ တစ်အိမ်လုံးနဲ့နေပြီ"

ကျွန်တော်က သူမလက်ကလေးကိုဆွဲ၍ မျက်နှာချင်းဆိုင်လိုက်ပါ၏။ အဖြူရောင်ဂါဝန်ဖားဖားလေး ဝတ်ထားသည့်အတွက် သူမတစ်ကိုယ်လုံး ဆွတ်ဆွတ်ဖြူနေလေတော့သည်။

"Happy Birthday ပါမောင်။ လာ. . . ကိတ်မုန့်မီး ငြိမ်းရအောင်"

"နေပါဦး၊ Happy Birthday ပါ အသက်။ အသက်အတွက် မွေးနေ့လက်ဆောင်နှစ်ခု မောင်ယူလာတယ်"

"နှစ်ခုတောင်ဟုတ်လား။ လာပါ. . . ကိတ်မုန့်မီးမှုတ်ကြမယ်"

ကျွန်တော်နှင့်သူမ မီးမှုတ်လိုက်တော့ တစ်အိမ်လုံး ပြန်မှောင်သွားလေ၏။ သူမက ဟက်ဟက်ပက်ပက်ရယ်မောလိုက်ရင်း မီးခလုတ်ကို အမြန်ပြေးဖွင့်လိုက်ပါသည်။

"ကဲ. . . ရော့"





"ဟယ်. . . ဘာလေးလဲ"

"ဖွင့်ကြည့်ရင် သိမှာပေါ့"

သူမ, ဘူးလေးကိုဖွင့်လိုက်တော့ မျက်ကပ်မှန်ရောင်စုံကို တွေ့ရလေ၏။

"ဟာ. . . ကျွန်မမှာ မျက်မှန်ရှိနေသားပဲ၊ ပိုက်ဆံအကုန်ခံလို့ မောင်ရယ်"

"အဲဒီမျက်မှန်ကြီး လွှင့်ပစ်လိုက်ပါကွာ။ အသက်ကို ရုပ်ဆိုးစေတယ်။ မောင်ပေးတာလေးတွေ တပ်ပါ။ လာ. . . မောင်ကိုယ်တိုင်တပ်ပေးမယ်။ ဒီမှာ ဖြုတ်ရင်စိမ်ဖို့ ဆေးရည်နော်"

"အသည်းယားလိုက်တာနော်"

"နေပါဦး မယားပါနဲ့ဦး၊ ကဲ. . . အပြာရောင်လေး တပ်ထားတာ ဘယ်လောက်လှလဲ"

"ခဏနော်"

သူမက အိပ်ခန်းထဲမှ မှန်လေးထောင့်လေးကိုယူ၍ ပြန်ထွက်လာခဲ့ပါ၏။ မှန်ထဲမှ မျက်ဝန်းပြာပြာလေးနှင့် သူမမျက်နှာကိုပြန်မြင်ရသဖြင့် သဘောကျစွာ ရယ်မောလိုက်လေသည်။

"နောက်တစ်ခုကရော. . . ဘာလဲ"

"ဒီမှာလေ"

"အမယ်. . . တယ်တတ်နေပါလား"

ကျွန်တော်က ဘယ်ဘက်ရင်အုံကို ပုတ်ပြလိုက်တော့ သူမထံမှ လှပသည့်မျက်စောင်းတစ်ပွင့်ကို ရရှိလိုက်သည်။

"နောက်တစ်ခုက ဒါပေးမလို့ပါကွာ"

ဖျတ်ခနဲ နဖူးကိုငုံ့မွှေးလိုက်သဖြင့် ကျွန်တော့်ကိုအလန့်တကြား ဖြင့် သူမ တွန်းလေ၏။ ကျွန်တော် ဟက်ခနဲရယ်ချလိုက်ပါသည်။

"ကြည့်စမ်း. . . ကဲလိုက်တာ"

"ချစ်လို့ပဲဟာကို၊ အသက်ကလည်း ဘယ်မှာလဲ မောင့်မွေးနေ့လက်



www.burmeseclassic.com

www.burmeseclassic.com



Birthday present"

"မုန့်အရင်စားပြီးရင် ပေးမှာပေါ့"

ကိတ်မုန့်ကိုဖဲ့လိုး၍ ဟောလစ်ပူပူလေးဖြင့် သောက်လိုက်ကြ၏။ တစ်ယောက်တစ်လှည့် ခွံ့ကျွေးခိုင်းတော့ သူမက ရှက်ပြုံးလေး ပြုံးနေလေ၏။

"မောင်ဟာလေ... ဘာလေးမုန့်ကိုမသိဘူး"

"ဟောက်ဆာဂျင်ဖြစ်တော့မယ်လေ။ ဒါလေးတောင် မသိဘူးလား ကလေးမရဲ့"

"ဟုတ်လား။ ကျွန်မကိုတော့ မဟောက်ပါနဲ့ ဒေါက်တာကြီးရယ်။ ကြောက်လွန်းလို့ပါ"

"ဘယ်မှာလဲ အသက်ရာ။ အသက်လက်ဆောင်"

"မောင် ဘယ်နှနာရီပြန်မှာလဲ"

"(၉)နာရီအရောက်ပြန်ခဲ့မယ်လို့ မေမေ့ကိုကတိပေးခဲ့ရတယ်"

"အန်တီ ဘာပြောသေးလဲ"

"ဘာမှမပြောပါဘူး အသက်ရဲ့"

"လာ... လက်ဆောင်ဆီကိုသွားကြစို့"

သူမက ကျွန်တော့်ကို ပန်းချီကားထောက်တိုင်ဆီ ခေါ်သွားပါ၏။ ပန်းချီကားပေါ်မှာ မည်သည့်အရုပ်ဆေးသားမှုမရှိဘဲ ပြောင်ကြီးဖြစ်နေလေသည်။

"ဟာ... ဘာမှလည်းမရှိပါလား"

"ထိုင်"

"ဘာလဲ... အသက်ရဲ့"

"ဪ... ထိုင်ပါဆို၊ မောင်ကလည်း"

ကျွန်တော် ထိုင်ခုံပေါ်ထိုင်ချလိုက်တော့ သူမက ကျွန်တော့်ဘေးနားမှာရပ်လိုက်ပြီး ဆေးစပ်သည့်ကတ်ပြားထဲမှာ ဆေးရောင်သုံးလေးမျိုးကိုထည့်လိုက်လေ၏။





"ဒီစုတ်တံကိုကိုင်ရမယ်။ ပြီးရင် ပုံစဆွဲမယ်နော်"

"ဟာ... အသက်ကလည်း၊ မောင်မှ ပန်းချီမဆွဲတတ်တာ"

"ကဲ... ပြောသလိုသာလုပ်ပါမောင်ရာ။ ဒီကောင်လေး တော်တော်စကားများတာပဲ"

ကျွန်တော် စုတ်တံကိုကိုင်ကာ ဆေးကိုအနည်းငယ်မျှ တို့လိုက်ပါ၏။ သူမက ပန်းချီထောက်တိုင်ကို အနီးသို့အနည်းငယ်ရွှေ့လိုက်လေသည်။ ပြီးနောက် စုတ်တံကိုင်ထားသည့်ကျွန်တော့်လက်ကို အပေါ်မှ အသာဆုပ်ကိုင်လိုက်လေ၏။ ကျွန်တော့်တစ်ကိုယ်လုံး ဖျဉ်းခနဲဖြစ်သွားသည်နှင့်အတူ ရင်ခုန်သံတို့က အတိုင်းအဆမဲ့ ခုန်ပေါက်လာလေ၏။ သူမက ကျွန်တော့်လက်နှင့်ပင် ပန်းချီပုံကို စတင်ဆွဲနေလေပြီ။ ထောက်တိုင်ကို ခပ်နိမ့်နိမ့်ပြုလုပ်ထားတာမို့ ပုံဆွဲရလွယ်ကူစေပါ၏။ ခဏလေးအတွင်းမှာပင် သူမ၏အိမ်ပုံစံလေးက ပီပြင်လာလေသည်။

"အိမ်ပေါက်ဝဘေးမှာ ဘာရှိလဲ"

"မီတာ Box"

"လှေကားက"

"သုံးထစ်"

"အိမ်ခေါင်းရင်းဘက်မှာ"

"ဝါးရုံတွေရှိတယ်"

"ခြေရင်းမှာရော"

"အင်း... သရက်၊ ပိန္နဲနဲ့ မာလကာပင်"

"ကုန်းအဆင်းမှာ ဘာရှိလဲ"

"မြေလှေကားထစ်"

"အထစ်ပေါင်း"

"သုံးဆယ့်သုံးထစ်"

"အဲဒါတွေဘေးမှာ ဘာရှိလဲ"

"မြက်ပင်လေးတွေ"



www.burmeseclassic.com

www.burmeseclassic.com



"ကုန်းအောက်ခြေမှာ"

"ကွင်းပြင်နဲ့ မြေကွက်လပ်"

"ခြံထောင့်မှာ"

"စကားပင်နဲ့ ခရေပင်"

"ကဲ. . . အကြမ်းပြီးပြီ"

"အား. . . အကြမ်းတောင်မှ ဒီလောက်လှနေရင် အချောဆိုရင်တော့ Dollar ရပြီပဲ"

"ဟင်းဟင်း. . . ဒေါ်လာရဖို့ပဲ ချောင်းနေ။ ကဲ. . . အရောင်ခြယ်ဖို့ စပ်ရဦးမယ်"

သူမက နောက်ထပ်ဆေးပုလင်းများထဲမှ ဆေးနည်းနည်းဆီက စပ်ရင်း စုတ်တံကို ရေဆေးလိုက်လေသည်။

"ဒါ. . . ရေဆေးလားဟင်. . . အသက်"

"ဟုတ်တယ်။ ဒါကြောင့် အခြောက်မြန်တာပေါ့. . . မောင်ရဲ့ ကဲ. . . ခြယ်ရအောင်။ အိမ်က ရေနုံဝနေတော့ ရေနုံရောင်၊ ခေါင်မိုးနဲ့ သံဇကာတံခါးက သွပ်ရောင်၊ အပင်ပင်စည်က အညိုရောင်၊ အရွက်က အစိမ်း၊ မြေကြီးက မြေကြီးရောင်၊ မြေလှေကားထစ်ကို အရောင်ရှိရမယ်"

သူမက အရောင်တစ်ခုချင်း သေချာဆွဲနေရာမှ ကျွန်တော့်ပခုံးထက်မှာ ဘယ်ဘက်လက်ကလေးကို အမှတ်တမဲ့ တင်ထားလေသည်။ ကျွန်တော်က ထိုလက်ကလေးကို အသာကိုင်ထားလိုက်ပါသည်။

"ဝါးရွက်ကို အဝါနည်းနည်းရောရမယ်။ စကားပွင့်က အဖြူ ငြိမ်ငြိမ်နေလေ"

"မောင်ဘာလုပ်လို့လဲ. . . အသက်ရဲ့"

"ဟွန်းနော်. . . ပြီးခါနီးမို့ သည်းခံနေတယ်မှတ်ပါ"

ရှစ်နာရီထိုးသွားတော့ သူမအိမ်ပုံလေးက အပြီးသတ်ပြေးသွားပါလေ၏။ သူမက အောက်ခြေမှာ ကျွန်တော့်လက်နှင့်ပင် Togethe[r]





[ရေ]းရေးလိုက်ပါသည်။

"တူနှစ်ကိုယ်လားဟင်. . . အသက်"

"ဒါပေါ့"

"ပေးတတ်လိုက်တာနော်။ တော်လိုက်တဲ့ရည်းစား။ ဒီပုံကိုရော [ဘယ]်နားမှာ ထားမှာလဲ"

"ဟင့်အင်း"

"မောင်အပိုင်ရမှာပေါ့"

"ဟင့်အင်း"

"ဟာ. . . အသက်ကလည်း။ ဘယ်လိုကြီးလဲ"

"အမှန်က မောင့်ကိုပေးမလို့ပါပဲ။ ဒါပေမဲ့ ရေဆေးဆိုတော့လေ၊ [ရေစ]ိုတာနဲ့ ပျက်သွားမှာမောင်ရဲ့။ ကျွန်မပဲ သိမ်းထားမယ်နော်။ ကဲ. . . [ဒါ]မှာ မောင့်အတွက် အမှတ်တရ"

သူမက စားပွဲအံဆွဲထဲမှ ဘူးလေးကိုယူ၍ဖွင့်လိုက်ပြီး ကျွန်တော့်[လက်]မှာ ရွှေလက်စွပ်ကို စွပ်ပေးလိုက်ပါ၏။

"ကျေးဇူးပဲ အသက်။ မောင်လည်း အသက်ကိုပေးချင်နေတာ။ [အသ]က်စိတ်ဆိုးမှာစိုးလို့ အိမ်မှာပဲသိမ်းထားတယ်"

"ကိုးနာရီအရောက်ပြန်ရမှာဆို. . . မောင်ပြန်တော့နော်။ တော်[ကြ]ာ နောက်ကျနေလို့ အန်တီဆူနေဦးမယ်"

"မေမေနဲ့မောင်က peace ပါကွာ"

ဩော်. . . မောင်ရယ်။ မောင့်မွေးနေ့မို့ မောင့်အလိုကျ အသာ[ယ]က်လျှောပေးလိုက်တာကို မောင်,မရိပ်မိဘူးပေါ့နော်။ ကျွန်မလည်း [မော]င့်ကိုစိတ်မဆင်းရဲစေချင်တာအမှန်ပါ။ ဒါပေမဲ့. . . မောင်ရယ်။

အိမ်ပေါ်မှအတူဆင်း၍ မြေလှေကားထစ်တို့ကို ဖြည်းဖြည်းချင်း [ဆင်း]လာခဲ့သည်။ သူမက ကျွန်တော့်လက်မောင်းကိုဆုပ်ကိုင်၍ မှီလိုက်[လျက်]။ မှုန်ပြပြလရောင်က ရှင်းလင်းနေသည့်ကုန်းပေါ်ကို ဖြာကျနေ[ပါ]သည်။



www.burmeseclassic.com

www.burmeseclassic.com



"မောင်"

"ဟင်. . . ဘာလဲအသက်"

"ဒီနေ့လေးကို ကျွန်မဘယ်တော့မှမမေ့ပါဘူး။ အမြဲတမ်းအမှ
ရနေမှာပါ"

"မောင်လည်း အသက်လိုပါပဲ. . . အသက်ရယ်"

ကားနားရောက်တော့ ကျွန်မကို မောင်က ထွေးပွေ့လိုက်လေ
မောင့်နှလုံးခုန်သံကို အတိုင်းသားကြားနေရသည်။ ရင်ထဲမှာ ငိုချင်
သည့်စိတ်က တစ်ဟုန်ထိုးဆောင့်တက်လာ၏။ ဟင့်အင်း. . . ငိုလို့မ
သေးဘူး။ ကျွန်မငိုလိုက်မိရင် မောင်စိတ်အနှောင့်အယှက်ဖြစ်သွားလိ
မယ်။ မောင့်ကို. . . မောင့်ကို. . . ကျွန်မဖွင့်မပြောရက်ဘူး။ မောင့်မေ
ပြောတော့မှပဲ မောင်သိပါစေတော့လေ။ မောင်ရင်ကွဲပက်လက်ဖြစ်
ကို ကျွန်မ မမြင်ရက်လို့ပါ။ မကြည့်ရက်လို့ပါ. . . မောင်ရယ်။

"အသက်. . . အသက် ဘာဖြစ်နေလဲ"

"ဟင့်အင်း"

"မဟုတ်သေးပါဘူး။ အသက်တစ်ခုခုဖြစ်နေတာ သေချာတ
ဒီမှာ မောင့်ကိုသေချာကြည့်ပါဦး"

"ဟင့်အင်း"

"အသက်ရယ်၊ ဘာတွေဖြစ်နေလဲ၊ တစ်ယောက်တည်း ဘာ
ကျိတ်ခံစားနေရတာလဲ။ မောင့်ကိုပွင့်ပွင့်လင်းလင်းပြောမှပေါ့"

"မောင်. . . ကျွန်မပြောမှာပါ။ မောင် ဆရာဝန်ဖြစ်ပြီးရင် မေ
မိဘတွေကို အရင်ဆုံးပြန်လုပ်ကျွေးပါဦး။ ပြီးမှ ကျွန်မတို့လက်ထပ်
တာပေါ့"

"ဟင်. . . မောင် ဘယ်လောက်တောင်စောင့်ရမှာလဲ အသ
ရာ"

"အနည်းဆုံး ငါးနှစ်ပေါ့"

"ဟာ. . . ငါးနှစ်ကြီးတောင်၊ မရဘူး၊ မောင်မစောင့်နိုင်ဘူး





အလုပ်လုပ်နေရင်းနဲ့ မိဘကိုပြန်ထောက်ပံ့လည်းရတာပဲဟာ။ ဆေးခန်း
လည်းဖွင့်ဦးမှာဆိုတော့ မောင့်ဝင်ငွေ မဆိုးပါဘူး။ ငါးနှစ်ဆို မောင်တို့
အသက်တွေ ပိုကြီးလာကုန်မှာပေါ့။ ဘာလဲ. . . အိုရမှာကိုတွေးကြောက်
နေပြီလားဟင်"

"မောင်နော်. . . ပြောတော့မယ် ပေါက်ကရ၊ ကျွန်မပြောတာ
ကိုသာ နားထောင်ပါ"

"မသိဘူးကွာ။ မောင်နားမထောင်ချင်ဘူး"

"မောင်ကလည်းလေ၊ အခုကတည်းက ညှိမရရင် နောင် ဘယ်
လိုလုပ်မှာလဲ။ ကျွန်မက မောင်နဲ့နားလည်မှုရချင်တာလေ"

"နားလည်မှုကလည်း ငါးနှစ်ကြီးများတောင်လားကွာ"

ကျွန်မ တိုးတိုးလေးရယ်၍ ကားတံခါးကိုဖွင့်ပေးလိုက်၏။ မောင်
ကားပေါ်သို့တက်ခါနီးမှာ မောင့်လည်တိုင်ကို အနောက်မှ ခပ်ဖွဖွနမ်း
ရှိုက်လိုက်မိသည်။ ဒါ. . . နောက်ဆုံးလည်းဖြစ်ချင်ဖြစ်သွားမှာလေ။

ဟာ. . . အသက်နော်။ မောင်မပြန်ချင်တော့ဘူး"

"အဲဒီလိုမဆိုးရဘူးလေ၊ Birthday Kiss ပေးတာကို"

မောင်က ကျွန်မလက်ဖမိုးလေးကို နမ်းရှိုက်လိုက်ပြီးမှ ကားကို
မောင်းထွက်သွားတော့သည်။ ဪ. . . မောင်ရယ်။



www.burmeseclassic.com

www.burmeseclassic.com





*If a man says, 'Given'. It is, no doubt, 'love and money'.*

*If a woman says, 'Given'. It is, of course, 'Her whole life, mixed with love, pride, dignity and shame.*

ယောက်ျားတစ်ယောက်က မိန်းမတစ်ယောက်ကိုပေးဆပ်ချင်ပါတယ်လို့ပြောရင် သူ့ရဲ့ပေးဆပ်မှုဟာ အချစ်နဲ့ငွေကြေးပဲဖြစ်မယ်။

မိန်းမတစ်ယောက်က ယောက်ျားတစ်ယောက်ကိုပေးဆပ်ချင်ပါတယ်လို့ပြောရင် အချစ်၊ မာန၊ ဂုဏ်သိက္ခာ၊ အရှက်တရားတွေပေါင်းပြီး ဘဝတစ်ခုလုံးပေးဆပ်တာသာဖြစ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၂ )

လေးလေးကိုယ်တိုင် ဧည့်သည်တွေကိုခေါ်လာရမှာမို့ အိမ်မှာပဲ ထမင်းချက်ကျွေးဖို့ ကျွန်မစီစဉ်လိုက်၏။ မနက်စောစောဈေးသွား၍ လိုအပ်သမျှအားလုံးဝယ်ကာ ပြန်လာခဲ့သည်။ ထမင်းကို ပေါင်းအိုးဖြင့် တည်ထားလိုက်ပြီး ဟင်းချက်ရန်စီစဉ်၏။ ကြက်သားဆီပြန်၊ ငါးဆယ် ငါးဆုပ်ဟင်း၊ ငါးကြော်နှပ်၊ ပုစွန်တုပ်ဆီပြန်၊ ဝက်သားနှပ်၊ ပန်းဂေါ်ဖီ နှင့် ဝက်အူချောင်းကြော်၊ ငါးခြောက်နှင့်သီးစုံချဉ်ရည်ဟင်း၊ အစိမ်းကြော် တစ်ခွက်၊ ငါးငါးပိချက်နှင့် တို့စရာကိုရှောက်ရွက်၊ ခရမ်းချဉ်သီး၊ သခွား သီးနှင့် ပဲစောင်းလျားသီးရေနွေးဖျော၊ တညင်းသီးနှင့် ခရမ်းသီးပြုတ်ကာ ဖွယ်ဖွယ်ရာရာလေး ချက်ပြုတ်ထားလိုက်သည်။ အိမ်ထဲနှင့်ခြံထဲကို ခပ် သွက်သွက်သန့်ရှင်းရေးပြုလုပ်ကာ ပန်းချီကားတွေကို အခန်းကျယ်ထဲ မှာ သေချာစနစ်တကျ ထားသိုလိုက်၏။ ပြီးနောက် ရေချိုးခန်းဝင်ခဲ့တော့



www.burmeseclassic.com

www.burmeseclassic.com



တပ်နေကျမျက်မှန်ကိုသာ တပ်လိုက်ပြီး ဆံပင်တွေကို ကျစ်ဆံမြီး ကျစ်၍ သေသပ်စေသည်။ အဖြူနှင့်အနက် ကွက်စိပ်စိပ်ရှပ်အင်္ကျီကို လုံချည်အနက်နှင့် တွဲဝတ်လိုက်သည်။ အားလုံးပြီးတော့ အချုပ်အတွက် လက်ဖက်စုံနှင့်အတူ ငှက်ပျောသီးပေါင်းနှင့် အုန်းနို့ကျောက်ကျောကို ပန်းကန်ထဲ တုံး၍ထည့်ကာ ကြောင်အိမ်ထဲ၌ သိမ်းထားလိုက်သည်။ ဟင်းတွေကို သင့်တော်ရာပန်းကန်လုံးတွေထဲထည့်ကာ အုပ်ဆောင်းဖြင့်အုပ်နေစဉ် အိမ်ရှေ့မှ ဖုန်းသံမြည်လာ၏။

"ဟဲလို"

"သမီးမိုးသက်. . . လေးလေးပါ"

"အော်. . . လေးလေးတို့လာနေပြီလား"

"အေး. . . အခု သူတို့အိမ်ကထွက်လာတော့မှာမို့ သမီးကို ဖုန်းကြိုဆက်တာ။ ပန်းချီကားတွေ အသင့်လုပ်ထားပြီးပြီလား"

"ဟုတ်ကဲ့ပါ လေးလေး။ အခန်းကျယ်ကြီးထဲမှာပဲ အားလုံး စီထည့်ထားတယ်။ မေမေ့ကားတွေကတော့ မေမေ့အခန်းထဲမှာပဲ"

"အေးအေး. . . ဒါဆို လေးလေးတို့လာပြီ"

"ဟုတ်ကဲ့"

ဟင်းအိုးမီးခလုတ်ကိုပိတ်လိုက်ပြီး စတော်ဘယ်ရီဖျော်နေစဉ် အိမ်ပေါ်သို့တက်လာသည့် ခြေသံတို့ကို ကြားလိုက်ရလေသည်။ ဖျော်ရည်လင်ပန်းကိုမ၍ ဧည့်ခန်းကိုထွက်လာတော့ သူမခွဲထားသည့်ဧည့်ခန်းရှိ ပန်းချီကားရှေ့မှာ လူတစ်ယောက် ရပ်ကြည့်နေလေ၏။

"မင်္ဂလာပါ. . . အန်ကယ်။ ထိုင်ခုံမှာ ခဏလောက်ထိုင်နားပါဦး အအေးပြေဖျော်ရည်လေးသုံးဆောင်ပါနော်"

"အော်. . . အားနာစရာကြီးသမီးရယ်။ တကူးတကကြီး"

"အန်ကယ်တို့ အေးအေးဆေးဆေးပဲမဟုတ်လား။ ထမင်းစားပြီး မှပြန်ပါနော်။ ကျွန်မအားလုံး အဆင်သင့်ချက်ပြီးပါပြီ"

"ဟာ. . . အားနာစရာကြီး မမိုးသက်ငြိမ်ရယ်။ ကျွန်တော်တို့





အတွက်နဲ့ ပင်ပန်းပါပြီ"

"ရပါတယ်ရှင်၊ နိုင်ငံပတ်နေရတဲ့ အန်ကယ့်သားကို မြန်မာထမင်းဟင်းကောင်းကောင်းလေးနဲ့ လျှာအရသာတွေ့စေချင်တဲ့စေတနာနဲ့ပါ"

"ကောင်းတယ်ဟေ့။ လေးလေးကတော့ သမီးလက်ရာကို မကြာခဏစားနေကျမို့ ကြိုက်ပြီးသားပဲ"

"အရင်ဆုံး အအေးသုံးဆောင်ပါရှင်။ ပြီးမှ ပန်းချီကားတွေကို ကျွန်မလိုက်ပြပါ့မယ်"

ထိုင်ခုံမှာထိုင်လိုက်ကြပြီး ဖျော်ရည်ကိုသောက်လိုက်ကြသည်။ ကိုဦးဆွေက ကျွန်မကိုအေးငြိမ်းသည့်အကြည့်တို့ဖြင့်ကြည့်၍ ပြောလိုက်ပါ၏။

"ကျွန်တော် ခြံထဲကိုရောက်ရောက်ချင်း စပြီးသဘောကျတာ မြေလှေကားထစ်တွေကိုပါ။ ပြီးတော့ ဝါးရုံတောလေးကိုလည်း ကြိုက်တယ်၊ အိမ်ပေါ်ရောက်တော့ ပန်းချီကားဆီကို ခြေလှမ်းက ဦးနှင့်ရောက်သွားတာပဲ၊ အဲဒီကားက ပြခန်းအတွက်လား မမိုးသက်ငြိမ်"

"ဟုတ်ပါတယ်"

"စိတ်ကူးကောင်းလိုက်တာ။ ဓာခန်းစည်းနောက်ကွယ်က မပေါ့ တပေါ်ခန္ဓာကိုယ်လေးကို နံရံမှာမှီထားပြီး ပြတင်းဝကိုငေးနေပုံက စိတ်ကူးနယ် လွင့်နေပုံကို အထင်းသားမြင်နေရတာ။ လေအတိုက် လွင့်နေတဲ့ဓာခန်းစည်းကြောင့် လူရိပ်ကို ခပ်မှိန်မှိန်ဆွဲထားပေမယ့် ပုံက ဆွေးမြသန်းနေတဲ့မိန်းကလေးရဲ့ခံစားချက်က ကျွန်တော့်ရင်ထဲထိ ကူးစက်လာတာဗျ။ ကြည့်ပါဦး. . . နာမည်က Door of the heart တဲ့"

"သားရယ်. . . အရင်ဆုံးလာကြည့်တာ ထားပါတော့။ မေမေ အမှ မပြောလိုပါဘူး။ သားကြိုက်သမျှတွေ အကုန်ရွေးထားလိုက်ရင် တော်ကြာ ပြခန်းထဲမှာ သမီးကားတွေက Not for sell တွေ ပြည့်နေဦးမယ်"

"အာ. . . မေမေကလည်း"



www.burmeseclassic.com

www.burmeseclassic.com



ဘာရယ်မဟုတ် တီးတိုးရယ်ဖြစ်သွားကြ၏။ ကျွန်မက အခန်းကျယ်ကြီး၏တံခါးကိုတွန်းဖွင့်လိုက်ပြီး အခန်းမီးခလုတ်များကိုဖွင့်လိုက်ပါသည်။ အခန်းထဲရှိ ပန်းချီကားပေါင်း (၂၀)ကျော်ကိုမြင်တော့ သူတို့တအံ့တသြဖြစ်သွားလေ၏။

"ဟာ. . . တော်တော်များနေပြီပဲ။ ဒါတွေ အကုန်ပြခန်းပို့မှာလား"

"မဟုတ်ပါဘူး။ ရေးဆေးကားတွေနဲ့ နောက်. . . ကျွန်မ ချန်ထားချင်တဲ့ကားတွေမပို့ဘူး"

အခန်းထဲရှိပုံတွေကို တစ်ပုံချင်း ဖြည်းဖြည်းစိမ်ပြေနပြေကြည့်နေကြသည်။ လေးလေးက ပုံတစ်ပုံရှေ့မှာရပ်၍ ကျွန်မကိုပြောလိုက်ပါ၏။

"လေးလေးတော့ ဒီကားကိုသဘောကျတယ်ဟေ့။ Foreigner တွေ မျက်စိကျမယ့်ကားပဲ။ ကြည့်ပါဦး. . . ကားနာမည်က A piece of rope ကြိုးတစ်စတဲ့။ ဟုတ်လား. . . ကောင်းကင်ကို ကမ်းနေတဲ့လက်တစ်စုံပဲ ထည့်ဆွဲထားတာ။ ဘယ်မှာလဲ. . . ကြိုးက"

"ဟင်းဟင်း. . . ဒါ မြှုပ်ကွက်ပေါ့ လေးလေးရဲ့။ သေချာကြည့်ရင်တွေ့ရမှာပါ"

"ဟုတ်တယ်။ သေချာကြည့်ရင် တွေ့ရမယ် အန်ကယ်။ တိမ်တိုက်တွေထဲက ကြိုးမျှင်မျှင်လေးတစ်ချောင်း ကျနေတယ်။ ဒါပေမဲ့ကြိုးက လက်ထဲမရောက်ဘဲ လမ်းတစ်ဝက်မှာ လေနဲ့အတူလွင့်ပါနေတာ။ ဟုတ်ရဲ့လား မမိုးသက်ငြိမ်"

"ဟုတ်ပါတယ်"

"အဓိပ္ပာယ်တော့ ရှိမှာပေါ့"

"ရှိပါတယ်။ Don't cry for the moon ပါပဲ"

"အြော်. . . ကောင်မလေးက အခြေခံလူတန်းစားဆိုပါတော့"

"ရှင်!"





"ကျွန်တော် ဆယ်ကားကျော်ပဲကြည့်ရသေးတာနော်။ ပန်းချီကားဆိုတာ ပန်းချီဆရာရဲ့နှလုံးသားပုံရိပ်တွေတဲ့။ ကျွန်တော်နားလည်နေသာတော့. . . မမိုးသက်ငြိမ်ရဲ့ပုံတွေက အလွမ်းတွေထဲမှာ နစ်နေသလိုပဲ ကျွန်တော်ပြောတာ ဟုတ်သလား"

ကျွန်မ ဝန်မခံမိဘဲ မျက်လွှာအသာချ၍ ခေါင်းငုံ့လိုက်မိပါ၏။ အလွမ်းတွေထဲမှာ နစ်နေတာတဲ့လား။ သေချာတာပေါ့မောင်။ မောင်နဲ့ကျွန်မရဲ့ဇာတ်လမ်းက အလွမ်းတွေနဲ့မဲ့ အဆုံးသတ်ရတော့မှာလေ။

"သားစိတ်ကြိုက် ဘယ်နှပုံရပြီလဲ"

"လောလောဆယ် ညှော်ခန်းက နှလုံးသားတံခါး၊ အရုဏ်ထွက်ခါနီး ဟိုဝေးဝေးက ဆည်းလည်းသံ၊ ကြိုးတစ်စ၊ ကျောခိုင်းချိန်၊ နောက်ပြီးမှာ"

"မောင်ဦးက ဘာဖြစ်လို့ ကျောခိုင်းချိန်ကိုကြိုက်ရတာလဲ"

"သူက အဓိပ္ပာယ်နက်နဲတယ် အန်ကယ်ရဲ့။ ကြည့်ပါလား။ ကောင်းကင်က ငှက်နှစ်ကောင်ကလည်း ဆန့်ကျင်ဘက်ကို ပျံသန်းနေကြတာ။ ညနေဆည်းဆာနောက်ခံမြက်ခင်းပြင်မှာ လူနှစ်ယောက်အရိပ်ကလည်း ကျောခိုင်းလျှောက်နေတာပဲ။ ထူးခြားတာက အဲဒီလူ့ရိပ်ကိုမှိုင်းပါးပါးလေးဆွဲထားတာကိုက ဒဿနဆန်တာ။ အင်း. . . ကြိုက်တာတွေပြောရင် အားလုံးကုန်တော့မှာပဲ။ ကျန်တဲ့ကားတွေက မမိုးသက်ငြိမ် ပြန်ဆွဲရင်ရမယ်လို့ထင်ပါတယ်။ ဒါပေမဲ့ နှလုံးသားတံခါးကိုတော့ ကျွန်တော်ဝယ်ပါရစေနော်"

"ရပါတယ်ရှင်၊ ထမင်းစားကြရအောင်။ ထမင်းစားခန်းဆီကြွကြပါ အန်တီရော လေးလေးပါ လာပါရှင်"

ထမင်းဝိုင်းမှာ စကားပြောပြောဖြင့် ပြပွဲအကြောင်း ဆွေးနွေးတိုင်ပင်ရင်း စားဖြစ်ကြသည်။ ဟင်းချက်တာ အစပ်အဟပ်တည့်သည့်မို့ အားကောင်းကြပါသည်။

"ဂျပန်မှာ ပြိုင်ပွဲဝင်ရမယ်ဆို လိုက်ရဲ့မလား မမိုးသက်ငြိမ်"



www.burmeseclassic.com

www.burmeseclassic.com



"သားရယ် ကိုယ့်ထက်အငယ်ပဲ။ နာမည်ခေါ်ရတာ ရှည်လို
တာ။ နည်းနည်းပါးပါး တိုတိုသုံးပါလား။ သမီး စိတ်မဆိုးလောက်
ဘူး"

"ဒါဆို ကျွန်တော်, ညီမလေးလို့ပဲခေါ်ပါရစေ"

"ရပါတယ်။ အရည်အချင်းပြည့်မှီတယ်ဆိုရင်တော့ ကျွန်မလို
ချင်ပါတယ်။ ဆုရတာမရတာထက် ကိုယ့်နိုင်ငံဂုဏ်ကိုဆောင်တဲ့ လ
ရာကို မြင်စေသိစေချင်တာပါ"

"ပြပွဲက အဆုံးအဖြတ်ပေးပါလိမ့်မယ် ညီမလေးရယ်"

အဲဒီနေ့က နေနည်းနည်းညို့မှသာ လေးလေးတို့ပြန်သွားကြ
၏။ ဘဝတက်လမ်းကိုမြင့်နေရပေမယ့် ကျွန်မန်ဘေးမှာ အားပေးပေ
က ရှိမနေပါလား. . . မောင်ရယ်။

● ● ●



## အခန်း ( ၂၃ )

"20th Century Art Exhibition"
နှစ်ဆယ်ရာစုပန်းချီပြပွဲမှာ လူစည်ကားနေ၏။ ပြပွဲတာဝန်ခံများ
တင်ပြထားသည့်ပန်းချီဆရာများကိုယ်တိုင် Foreigner များ
းသမျှကို စိတ်ရှည်လက်ရှည်နှင့်ရှင်းပြနေရ၏။ ကွန်ပျူတာကိုင်
ာရေးမလေးနှစ်ဦးမှာ List ပြုစုရင်း မအားနိုင်ရှာပေ။ ကျွန်မက်
တာနောက်ရှိထိုင်ခုံမှာပင် အသာထိုင်နေမိသည်။

"ဟော. . . ကြည့်စမ်း။ ညီမလေးက ချောင်ထဲမှာ အပါးခိုနေ
အပြင်ထွက်လာခဲ့၊ ဟိုဘက်ထောင့်မှာ ဂျပန်စည့်သည်သုံး
ညီမလေးကားကိုသိချင်နေကြတယ်"

"ဒွေါ. . . ဘာကားမို့လိုလဲ ကိုဦးရယ်"

"ကြိုးတစ်စလေ. . . ကြိုးတစ်စ။ ညည်းက အဲဒီကြိုးနဲ့ လူတွေ
ချည်နေပြီကိုး"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ၊ ကိုဦးဆွေနှင့်အတူ ရယ်မောလိုက်မိသည်။

"ပြီးတော့. . . အဲဒီဘေးက နောက်ထပ်နှစ်ကားကိုပါ ထပ်ရှင်း လိုက်ဦး။ ညီမလေးရဲ့'အနာဂတ်ဆီသို့' ပန်းချီကားရဲ့အယူအဆနဲ့ ဆ ကိုပံသုရဲ့ 'လျှို့ဝှက်သော'ကို။ ကိုပံသုက ဟိုဘက်မှာမအားဘူး။ ညည နဲ့ ကိုပံသုက Idea တူတယ်။ ညည်းပဲရှင်း"

ကျွန်မ ဂျပန်ဧည့်သည်တွေရှိရာဆီ လှမ်းလာခဲ့ပြီး သူတို့နားလည် အောင် ပြန်ရှင်းပြနေရသည်။ သိပ်ခက်ခဲ၍ နားမလည်သည့် ပန် အခေါ်အဝေါ်တွေကိုတော့ ကိုဦးဆွေက ထပ်မံရှင်းပြပေးလေ၏။

"အခုလိုရှင်းပြတာ ကျေးဇူးအထူးတင်ရှိပါတယ် မစ္စသက်ငြိမ် ကျွန်တော်တို့နိုင်ငံမှာကျင်းပမယ့်ပွဲကို လာဖြစ်လိမ့်မယ်လို့ မျှော်လင့် တယ်။ အခုပြခန်းထဲကပုံတွေကို နာမည်စာရင်းပြုစုပြီး ငွေရှင်းပါ့မယ် ကူညီပါဦး"

"ဟုတ်ကဲ့. . . ရပါတယ်ရှင်"

ကျွန်မက စာရွက်ကိုယူ၍ ကောင်တာဆီလျှောက်ခဲ့ပြီး စာေ လေးထံ လှမ်းပေးလိုက်ပါ၏။

"စာရင်းကိုမပိတ်နဲ့ဦးနော် ချို။ သူတို့ထပ်ရွေးဦးမှာ"

"ဟုတ်ကဲ့မမ"

"သမီးရေ. . . ဒါက ပြင်သစ်ဧည့်သည်တွေရဲ့စာရင်းပါ"

"ဟာ. . . ဒီစာရင်းက ဆရာ့ပုံတွေချည်းပါလား"

"အေး. . . ဘယ်သူ့ကားရောင်းရောင်း။ ညည်းတို့ မုန့်ဖိုး ပဲ"

"ကိုပံသုနဲ့ မမိုးသက်ငြိမ် Portrait မှာ ဆရာတို့ကားတွေ မေးနေလို့ဗျို့။ လိုက်ရှင်းပြပါဦး"

"ဟောတော်. ပုံတူကားလည်း ရှင်းပြရမှာပဲလား။ ခက်နေပါ"

ကျွန်မနှင့် ကိုပံသု ရယ်မောလိုက်ရင်း Portrait နေရာသ ခပ်မြန်မြန်လျှောက်လာခဲ့၏။





"ဒါဘယ်သူ့ပုံလဲလို့မေးနေတာ ကိုပံသုရေ၊ ကျွန်တော်ရှင်းပြ တာလည်း သူတို့နားမလည်ကြဘူး။ ကြည့်ရတာ Australian တွေ ဖြစ်မယ်"

"ဟုတ်ကဲ့. . . သွားပါပြီ ဆရာမရေ၊ ကျွန်တော့်ပုံကို လက်ညှိုးထိုး ပြီးမေးနေတာပဲ။ လုပ်ပါဦး"

"ဟင်းဟင်း. . . တကယ့် Great ပုံကို မေးနေတာပဲ ဆရာရဲ့။ ဆရာကြီးသခင်ကိုယ်တော်မှိုင်းရဲ့ရာဇဝင်ကို ကျွန်မ ခင်းရဦး"

အင်္ဂလိပ်လိုရှင်းပြတာကိုနားမလည်၍ ပြင်သစ်လို ကျွန်မရှင်းပြ မှသာ အဆင်ပြေသွားတော့သည်။

"ဟိုဘေးဘေးကဆည်းလည်းသံရဲ့ အရောင်အယူအဆတဲ့ ညီမ လေးရေ၊ ဂျပန် ငွေချေပြီးသားကားကို ကတ်ချိတ်ထားရဲ့သားနဲ့ သီချင် လို့ပါတဲ့။ လာခဲ့ဦး"

"အမယ်လေး. . . ပုံဆွဲတာတောင် ဒီလောက်ခြေမညောင်းဘူး။ အခု အာပါညောင်းလာပြီ ကိုဦးရယ်။ ပစ်သာလှဲချလိုက်ချင်တော့မယ်"

"တောင့်ထားပါ ညီမလေးရယ်။ အနာခံမှ အသာစံရမှာပေါ့။ ကြိုးစားထား၊ ငါဟဲ့. . . မိန်းမလို့"

"အဲဒီကိုဦးကတော့ ပေါက်ကရပြောပြီ"

ကျွန်မ ပန်းချီကားရှေ့မှာ ရှင်းပြနေစဉ် ကိုဦးဆွေက ကောင်တာ မှာ စာရင်းတွေ သွားစုစမ်းလေ၏။ နေလည်းစောင်းလာပြီမို့ ပြခန်းမှာ လူရှင်းသလောက်ရှိပြီ။ သုံးရက်တည်းပြတာမို့ ဒီလောက် လူကြပ်နေရ ခြင်းဖြစ်၏။

မနက်ကတည်းက ဘာမှမစားဖြစ်ဘဲ အအေးတွေသာ ဗိုက်ထဲ ပြည့်နေသည်။ လူကလည်းမော၊ မောလည်းမော၊ ဗိုက်ကလည်း ဟာ နေကြ၏။

"ကဲ. . . အားလုံးနားပါတော့ ပင်ပန်းလှပြီ. . .။ မေမေရေ. . . ကျွန်တော်တို့ဆရာတွေအတွက် ဘာစီစဉ်ထားလဲ"



www.burmeseclassic.com

www.burmeseclassic.com



"အေး. . . သားရယ်။ ဘယ်သူမှမအားကြတော့ မေမေလည်း မမှာပေးတာပါ။ လာလိမ့်မယ်။ ဟိုမှာ ခေါက်ဆွဲကြော်မှာပြီးသား"

"အအေးရော"

"အေး. . . orange မှာထားတယ်"

"ချိုနဲ့စပ်နှံလည်း ပင်ပန်းရှာတယ်။ ညကျရင် လက်တွေရော ဖက်တွေသာ ကိုက်ဖို့သာပြင်"

ကျွန်မစကားကြောင့် စာရေးမလေးနှစ်ဦးက ရယ်လိုက်ကြ၏။ ခေါက်ဆွဲကြော်စားသောက်ပြီး ခဏနားနေစဉ် ကိုဦးဆွေနှင့် ဒေါ်သက်ထားဆွေက ပို့ရမည့်ပန်းချီကားများကို စာရင်းနှင့်တကွ လိပ်စာဖြင့်ထုပ်ပိုး၍ ကပ်ရန်စီစဉ်နေလေသည်။

"ဟယ်. . . ကုန်သလောက်ပါပဲလား"

"အင်း. . . ကျွန်တော်နဲ့ ဆရာမကားတွေက Foreigner တွေ ဝယ်တာများတယ်"

"ဆရာတော့ ထောပြီပေါ့"

"ဆရာမက ကျွန်တော့်လို ငိုစားရယ်စားတွေမှမရှိဘဲ" ပိုထော တာပေါ့"

"ဒါပေမဲ့. . . ဆရာက ဂျပန်သွားဖို့ chance ပိုများပါ၀ယ်။ ဆရာ့ရဲ့သစ်ခွပဒေသာပုံတွေကို သူတို့ အများကြီးဝယ်သွားတာ နော်။ မပြောမရှိနဲ့"

ကျွန်မတို့စကားပြောနေစဉ် ကျွန်ပန်းချီဆရာတွေ ၊ဘစ်အုပ်ကြီး ပြုလာကြ၏။

"Congratulation ပါ ကိုပံသုနဲ့ မမိုးသက်ငြိမ်"

"ဟာ. . . ဘာဖြစ်လို့လဲ"

"ဆရာတို့နှစ်ယောက် Tip Name ထွက်လာပြီ"

"ဟင်. . . ဟုတ်လို့လား ဆရာကိုကျော်စွာရဲ့"

"အဟုတ်ဗျ။ နောက်တစ်ယောက်က နောက်ထပ်အုပ်စုကပါ





တယ်"

ကျွန်မထံသို့ ကိုဦးဆွေရောက်လာပြီး လက်ကမ်းပေးလိုက်သဖြင့် ကျွန်မ ယောင်ယမ်းနှုတ်ဆက်လိုက်ရသည်။

"ညီမလေးရယ်၊ ဆရာကိုပံသုရယ်၊ နောက် ဟိုဆရာငယ်ငယ် လေး ကိုအုံ့မွှယ်ရယ်. . . သုံးယောက်ပါ"

"ဟယ်!"

ကျွန်မတို့နှစ်ယောက် ကလေးတွေလို ထခုန်လိုက်တော့ ကိုအုံ့မွှယ် က စိတ်လှုပ်ရှားစွာဖြင့် အော်ရယ်လိုက်လေ၏၊ ဩော်. . . ဘဝတစ်ဆစ် ချိုးမှာ ငိုရ ရယ်ရ ပျော်ရွှင်းမှာပါလား၊



www.burmeseclassic.com

www.burmeseclassic.com



အဆုံး

www.burmeseclassic.com

www.burmeseclassic.com





*I love him at the bottom of my heart.*
*How can I forget him?*

ကျွန်မ သူ့ကို နှင့်နှင့်သည်းသည်းချစ်တာပါ။
သူ့ကို ဘယ်လိုမေ့လို့ရနိုင်မှာလဲ။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၄ )

BURMESE CLASSIC .com

"ဘာပြောလိုက်တာလဲ. . . လှဲ့ဝါ"

"ကိုမင်းအားရင် လှဲ့ဝါကို မမိုးသက်ငြိမ်ရဲ့အိမ်ကို လိုက်ပို့ပေးပါ လို့ ပြောလိုက်တာပါ"

"လိုက်ပို့တာက ဖြစ်ပါတယ်။ လှဲ့ဝါ ဘာကိစ္စရှိလို့လဲ"

"အဲဒါတော့ လှဲ့ဝါ မပြောပါရစေနဲ့"

ကျွန်တော် မျက်ခုံးနှစ်ဖက် ပင့်တက်သွားရ၏။ ကျွန်သူငယ်ချင်းများက ခပ်အုပ်အုပ်ရယ်လိုက်ကြသည်။

"လျှို့ဝှက်ကိစ္စပေါ့. . . ဟုတ်လား"

"အာ. . . မဟုတ်ပါဘူး။ ကိုမင်းကလည်း လှဲ့ဝါမပြောချင်လို့ပါ"

"ကဲပါ. . . ဉာဏာရာ။ သွားချင်တယ်ဆို လိုက်ပို့ပေးလိုက်၊ ပြီး ဘာပဲမဟုတ်လား"

"မင်းတို့ရော လိုက်မှာလား"



www.burmeseclassic.com

www.burmeseclassic.com



"မလိုက်ချင်ပါဘူး၊ အလိုက်မသိပြောပြန်ပြီ"

ကျွန်တော် မိုးထက်လက်မောင်းကို ဖျတ်ခနဲလှမ်းထိုးလိုက်ပြ စာအုပ်များကို စုသိမ်းလိုက်၏။ နာရီကိုကြည့်လိုက်တော့ ညနေလေးနာ ကျော်နေပြီ၊ ဒီအချိန် သူမ အိမ်လေးထဲမှာ ရှိနေပါ့မလား၊ သိပ်မသေ ချာ။ စာမေးပွဲနီးပြီမို့ တခြေကို ကုန်းရုန်းကျက်နေရသဖြင့် အသက်နှင့် မဆုံဖြစ်တာ တော်တော်ကြာနေပြီပဲ။

မေ့ထားတာ မဟုတ်ပါဘူးအသက်ရယ်၊ မောင် အသက်ကိုအမြ သတိတရရှိနေတာပါ။ အာရုံမှာ အသက်မျက်နှာလေးကိုမြင်ယောင် မိလိုက်၏။ အသက်ရော မောင့်ကိုမျှော်နေမှာလား၊ မထင်ပါဘူး၊ ဘာ ဖြစ်လို့လဲဆိုတော့ ပန်းချီဆွဲနေရရင် ယပင်းမေ့ဟင်းမေ့ မောင့်ကိုပါမေ့ နေမှာပဲမဟုတ်လား၊ ပြီးတော့ အသက်က မောင့်ကိုဆန့်ကျင်ပြီး ပြော တတ်လုပ်တတ်တာမို့လေ။

"ကဲ. . . သွားစို့။ အပြန် နည်းနည်းမှောင်မှာနော်။ လဲ့ဝါအိမ် ကို ကြိုပြီးဖုန်းဆက်ထားဦး၊ တော်ကြာစိတ်ပူနေဦးမယ်"

"ဒယ်ဒီတို့သိပါတယ် ကိုမင်းရဲ့။ ကိုမင်းနဲ့သွားမယ်ဆိုတာလည် သိပြီးသား"

"ဟာ. . . အပိုင်တွက်ထားတာ ပါလား"

"အေး. . . ဒီကောင့်ကို ဒီလိုကျပ်ကျပ်လေးလုပ်ပေး. . . လဲ့ဝါ ဒါမှ"

"ဟေ့ကောင်ဝေယံ၊ မင်းပါလာပြန်ပြီ။ ကဲ. . . တက်. လဲ့ဝါ တော်ကြာ အပြန်သိပ်မှောင်နေလိမ့်မယ်"

ကျွန်တော်, လဲ့ဝါကိုခေါ်၍ သူမရှိရာအိမ်လေးဆီသို့ ကားမောင် ထွက်လာခဲ့သည်။ ပေါ်ပါးသွက်လက်သည့်ခြေလှမ်းများဖြင့် အိမ်လေးပေါ် ရောက်တော့ ညေ့ခန်းမှာ သူမက ပန်းချီဆွဲနေလေ၏။ သူမကို အာ မပျက်စေလို၍ လဲ့ဝါကို တီးတိုးနေရန် အသံတိတ်အချက်ပြလိုက်စဉ် သူမ ဖျတ်ခနဲလှည့်အကြည့်နှင့် ဆုံသွားလေသည်။





"ဟယ်. . . အသံမပေးဘဲ ဘာလုပ်နေတာလဲ"

"အသက်. . . အာရုံပျက်သွားမှာစိုးလို့ပါ"

"ရပါတယ်၊ သူငယ်ချင်းလည်း ပါလာတာကိုး၊ လာထိုင်ကြလေ"

"နေပါစေမမ၊ လဲ့ဝါ, မမနဲ့ စကားနည်းနည်းပြောစရာရှိလို့ ကိုမင်းကို လိုက်ပို့ခိုင်းတာပါ"

"ပြောပါဦး. . . ဘာကိစ္စလဲ"

"ဟိုလေ. . . မမပုံတူဆွဲပေးနိုင်မလားလို့ပါ"

"ပုံတူ. . . ဟုတ်လား"

"ဟုတ်ကဲ့"

"ဘယ်သူ့ကိုလဲ၊ မင်းကိုလား"

"မဟုတ်ပါဘူး၊ လဲ့ဝါရဲ့ဒယ်ဒီ့ပုံကိုပါ။ ဒယ်ဒီ့ရဲ့ အသက်(၅၀) ပြည့်မွေးနေ့အဖြစ် လဲ့ဝါအမှတ်တရပေးချင်လို့ပါ။ အဲဒါ. . ."

"တကယ်တမ်းပြောရရင် ကျွန်မ ဘာကားမှလက်မခံတော့ဘူး ဆုံးဖြတ်ထားတာ။ ကျွန်မမှာ အလုပ်တွေတစ်ပုံကြီးဖြစ်နေပြီ"

"ဖြစ်နိုင်ရင် ဆွဲပေးလိုက်ပါလားအသက်ရယ်။ လဲ့ဝါက သူ့အဖေ သိပ်ချစ်တာ။ သူ့လက်ဆောင်ကို သူ့အဖေသဘောကျတာမျိုး ဖြစ်စေ ချင်လို့ပါနော်"

ကျွန်တော့်စကားကြောင့် သူမက လဲ့ဝါကိုစိုက်ကြည့်နေရာမှ ကျွန်တော့်ကို လှည့်ကြည့်လာ၏။ နှုတ်ခမ်းတစ်ဖက် ကော့တက်သွား သည့်အပြုံးတစ်ခုကို သူမဖန်တီးလိုက်သည်။

"ပွဲစားခ ဘယ်လောက်ရသလဲ"

"ဟာ. . . အသက်ကလည်း"

ရဲခနဲဖြစ်သွားသည့်မောင့်မျက်နှာကိုကြည့်ရင်း ကျွန်မသဘော ကျဖြင့် ရယ်မောလိုက်သည်။ ထို့နောက် လက်ထဲမှာ ကိုင်ထားသည့် ဆေးတံကို ခွက်ထဲသို့ထည့်လိုက်လေ၏။

"ကျွန်မက ကျွန်မဘဝမှာ ကိုယ့်နှစ်သက်မြတ်နိုးတန်ဖိုးထားတဲ့



www.burmeseclassic.com

www.burmeseclassic.com



သံယောဇဉ်အရှိဆုံးလူတွေရဲ့ပုံတူကိုသာ ဆွဲလေ့ရှိတယ်။ ဒါပေမဲ့ မိ
ကိုသိစေတဲ့ အထူးသဖြင့် ဖခင်ကိုသိပ်ချစ်တဲ့မိန်းကလေးတစ်ယော
ရဲ့ဆန္ဒကိုဖြည့်ဆည်းပေးပါ့မယ်။ ဟုတ်ပြီလား"

"တကယ်နော် မမ. . . ကျေးဇူးတင်လိုက်တာ။ လှဲ့ဝါမှာ ဒယ
ဓာတ်ပုံပါလာတယ်။ ဒီမှာပါ"

သူမလှမ်းပေးလိုက်သည့်စက္ကူအိတ်ကို ကျွန်မ ယူလိုက်ပါ၏

"လှဲ့ဝါတို့ကို ခွင့်ပြုပါဦးနော်. . . မမ"

"ကောင်းပါပြီ"

"အသက်. . . မောင့်စာမေးပွဲအရေးကြီးနေလို့ မောင် မလာအ
ဘူးနော်။ အသက်က ဖုန်းမဆက်နဲ့ဆိုလို့ မောင်ငြိမ်နေရတာ။ စာမေ
ကြီးပြီးတာနဲ့ မောင်အပြေးလာခဲ့မယ်နော်"

"ရှူး. . . တိုးတိုးလေ။ သူငယ်ချင်းရှေ့မှာ နည်းနည်းတော့ထ
ပြောဦးမှပေါ့"

"ဘာဖြစ်လဲ အသက်ရာ။ မောင်ပြန်ဦးမယ်။ ပြောပါဦး. . . မော
အတွက် အလွမ်းပြေစကားလေးတစ်ခွန်း"

ကျွန်မ နှစ်ခြိုက်စွာပြုံးလိုက်ပြီး သံဇကာတံခါးနားမှာ ရပ်နေသ
မောင့်အနီးသို့ တိုးကပ်လျှောက်လိုက်ပါ၏။

"မောင့်ကို ကျွန်မသိပ်လွမ်းနေတာပါ"

မောင်က ကျွန်မလက်ဖျားလေးကို လှမ်းဆုပ်လိုက်သဖြင့် ကျွ
က လှဲ့ဝါကိုမျက်စောင်းငဲ့ပြရင်း လက်ကိုပြန်ရုတ်လိုက်ရပါသည်။

"ကပ်စေးနဲ"

မောင်က ခပ်ပြုံးပြုံးပြောလျက် လှေကားမှခပ်သွက်သွက်ဆ
သွားလေ၏။ မောင့်နောက်ကျောပြင်ကိုကြည့်နေရင်း မောင်တို့ကားဝ
ထွက်သွားမှ လက်ထဲမှာကိုင်ထားသည့် စက္ကူအိတ်လေးထဲမှ ဓာ
ကို ထုတ်ကြည့်လိုက်သည်။

"ဘုရားရေ"



BURMESE CLASSIC .com



မျက်စိထဲပြာသွားကာ လူက မိုက်ခနဲဖြစ်သွား၏။ မျက်လုံးအစုံကိုမှိတ်ချလိုက်တော့ မျက်ရည်တို့က ဒလဟောစီးကျလာလေသည်။ ကံကြမ္မာရယ် ဘယ်လိုများ လုပ်လိုက်တာတဲ့လဲ။ ကျွန်မ မမြင်မတွေ့ချင်တဲ့လူတစ်ယောက်ရဲ့ပုံတူကိုမှ ဆွဲရမှာတဲ့လား။ မဖြစ်နိုင်ဘူး၊ မဖြစ်နိုင်ပါဘူး။

ဓာတ်ပုံကို နံရံဆီပစ်ပေါက်လိုက်ပြီး မေမေ့အခန်းထဲ ပြေးဝင်လာခဲ့သည်။ မေမေ့ခံပန်းဆိုပုံကို ကိုဦးက မှန်ဘောင်ထဲသွင်းထားပြီးနေလေပြီ။ ပုံရှေ့မှာ အရုပ်ကြိုးပြတ်ထိုင်ချလိုက်၏။ မေမေ, သမီးဘာဆက်လုပ်ရမလဲ။ သမီးကိုအကြံဉာဏ်ပေးပါဦး။

တစ်ချိန်က မေမေ့ကိုချစ်မြတ်နိုးခဲ့တဲ့လူ။ မေမေ့အပေါ် ကြင်နာယုယခဲ့တဲ့လူ။ မေမေနဲ့အတူတူ ဘဝခရီးလမ်းကို လျှောက်လှမ်းခဲ့တဲ့လူ။ မေမေ့ကို သစ္စာတွေပုံအပ်ပေးခဲ့တဲ့လူဟာ နောင်တစ်ချိန်မှာ မေမေ့အပေါ် သစ္စာမစောင့်ဘဲ မေမေ့နှလုံးသားကို ကွဲကြေ သေဆုံးစေခဲ့တဲ့လူတစ်ယောက်။ မေမေ့ဘဝထဲက ကျောခိုင်းထွက်ခွာခဲ့တဲ့လူတစ်ယောက်။ မေမေ နာကြည်းမုန်းတီးမှုတစ်ဖက်နဲ့၊ မသိစိတ်က မျှော်လင့်စောင့်စားနေခဲ့တဲ့လူတစ်ယောက်ကို အခု သမီးက ပုံတူဆွဲပေးရမယ်တဲ့မေမေ။

ဒါဖြစ်သင့်သလား။ နှစ်ဦးသဘောတူ တည်ဆောက်လာခဲ့တဲ့ဘဝတစ်ခုကို အလွယ်တကူနဲ့ယယ်ဖျက်ခဲ့တဲ့ ယောက်ျားတစ်ယောက်ကို လက်စားချေခွင့်မရှိခဲ့တဲ့မေမေ့ကိုယ်စား သမီးချေချင်တယ်မေမေ။ ကိုယ်လေးလက်ဝန်ကြီးနဲ့ ရရှိခဲ့ရတဲ့စိတ္တဇကို သေသွားချိန်အထိ ပွေ့ပိုက်သယ်ယူသွားတဲ့ မေမေရဲ့ကြေကွဲခြင်းတွေ။ သမီးဆယ်တန်းနှစ်မှာ လောကရဲ့အလင်းတွေကို ဥပေက္ခာပြုပြီး အမှောင်ထဲမှာ ကျင်လည်ခဲ့ရတဲ့မေမေ့ရဲ့ဒုက္ခတွေ။ အဲဒီမျက်ကန်းဒုက္ခိတမိန်းမတစ်ယောက်ကို သနားကရုဏာမဲ့စွာနဲ့ အားပေးကူညီဖော်မရခဲ့တဲ့လူတစ်ယောက်ကို သမီးစိတ်နာတယ်။ လူ့လောကထဲကို ရောက်လာစကတည်းက သမီးကိုမေတ္တာမပေးခဲ့တဲ့လူကို တူညီတဲ့တုံ့ပြန်မှုမျိုးကိုပဲ သမီးပြန်ပေးပါရစေမေမေ။



www.burmeseclassic.com

www.burmeseclassic.com



အို . . . မောင်ရယ်။ အဖက်ဖက်က မိအားတွေတွန်းပို့လာတဲ့ အကြောင်းအရာတွေထဲမှာ မောင့်မေမေတားဆီးလို့ ကျွန်မနောက်ဆုတ်ဖို့ ဆုံးဖြတ်ထားပြီးသားပါ။ ဒါပေမဲ့ အခုလို အဖေတူမအေကွဲ ညီမလေးနဲ့ မောင့်ကိုပြိုင်လုရမှာ ဘယ်လောက်ရှက်စရာကောင်းလိုက်ပါသလဲ။ သူတို့ကိုနိုင်ချင်စိတ်နဲ့ မောင့်ကို အရွဲ့တိုက် အရယူချင်ပေမယ့် ကျွန်မလိပ်ပြာကို ကျွန်မရှက်တာ အမှန်ပဲမောင်။

ကျွန်မ အားလုံးကိုနိုင်ချင်တယ်မောင်။ ဒါပေမဲ့ အဲဒီအရာတွေထဲမှာ ကျွန်မနှလုံးသားကိုတော့ ကျွန်မ ပြန်ချနင်းရတော့မယ်။ ရင်နာစရာကောင်းလိုက်တာကွယ်။ နူးညံ့သိမ်မွေ့လွန်းလှတဲ့ အနုပညာရှင်တစ်ယောက်ရဲ့နှလုံးသားကို မာကျောခက်ထန်အောင် အငြိုးအတေးတွေထားတတ်အောင်၊ နာကြည်းမုန်းတီးတတ်အောင် သင်ကြားပေးခဲ့တဲ့ လူတစ်ယောက်ကို ကောင်းကောင်းကြီးလက်စားချေပြရမှာ ကျွန်မတာဝန်ပဲ။

ညှော်ခန်းရှိ စတန်းပေါ်မှ ဆွဲလက်စပုံကို အောက်ချထောင်လိုက်ပြီး ကင်းဗတ်အသစ်တစ်ခုကို တင်လိုက်သည်။ အညို၊ အနက်၊ အစိမ်းပုပ်ဆေးရည်တို့ကို ကင်းဗတ်ပေါ်လောင်းချလိုက်ပြီး စုတ်တံတို့လျက် ယင်းတို့ပေါ်မှာ ခပ်ကြမ်းကြမ်းရေးဆွဲလိုက်ပါ၏။

မိုးမခရဲ့ဝိညာဉ်ဟာ သူကွယ်လွန်သွားပေမယ့် "အိမ်လေး"ထဲမှာ အမြဲရှိနေသေးတယ်ဆိုတာကို သူကိုယ်ပွားဖြစ်တဲ့ မိုးသဲ ပြင်မ်းက သက်သေပြပေးမှာပါလေ။

🍎 🍎 🍎



***You needn't treat me as if I am a piece of fragile China that will break.***

ထိရင်ကွဲတော့မယ့်ကြွေထည်လို ကျွန်မကို ယုယနေစရာမလိုပါဘူး။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၅ )

အကျဉ်းရုန်းဖြစ်သော်လည်း အတန်ငယ်စည်ကားနေသောမွေးနေ့ပွဲကို သူမဆွဲပေးလိုက်သည့်ပန်းချီကားနှင့်အတူ ကျွန်တော်တက်ရောက်လာခဲ့ပါ၏။ အနည်းငယ်စိမ်းသက်နေသောအကြည့်တို့ကိုဥပေက္ခာပြု၍ လှဲ့ဝါ၏လက်ထဲသို့ ပန်းချီကားကိုထည့်ပေးလိုက်ပါသည်။

"Happy Birthday Daddy. . . ဒါ သမီးရဲ့မွေးနေ့လက်ဆောင်ပါ"

"ဘာကြီးလဲ သမီးရဲ့"

"ဖွင့်ကြည့်ရင် သိမှာပေါ့ ဒယ်ဒီ"

ဒေါက်တာကျော်ခေါင်က မပွင့်တပွင့်ပြုံး၍ သမီးပေးသောအရာကို စားပွဲပေါ်တင်၍ Packing paper ကို အသာအယာဖွင့်လိုက်၏။ ပွဲတက်ပရိတ်သတ်က စိတ်ဝင်တစားဖြင့် အနီးတဝိုက်၌ ရပ်ကြည့်နေ



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ သေသပ်သောဘောင်နားကွပ်ကို မြင်လိုက်သည်နှင့် ပန်းချီကားတစ်ချပ်မှန်း အားလုံးသိလိုက်ကြ၏။ ဖုံးအုပ်ထားသည့် အဖြူရောင်စာရွက်ကိုဆွဲဖွင့်လိုက်စဉ် အာမေဋိတ်သံတို့ပြိုင်တူ ထွက်ပေါ်လာတော့သည်။

အညို၊ အနက်နှင့် အစိမ်းပုပ်ရောင်တို့ဖြင့် ခပ်ကြမ်းကြမ်းရေးခြယ်ထားသည့် အရိုးပြိုင်းပြိုင်းထနေသော သစ်ခြောက်ပင်တစ်ပင်က ထင်းခနဲပေါ်လွင်နေလေသည်။

"ဒါ. . . ဒါ"

"sorry ပါ ဒယ်ဒီ။ ကိုမင်း, ကားမှားယူလာမိပြီထင်တယ်"

"မဟုတ်ဘူး. . . မဟုတ်ဘူး။ ဒီပုံကိုဆွဲတာ ဘယ်သူလဲ"

"မိုးသက်ငြိမ်လို့ခေါ်ပါတယ် ဒယ်ဒီ။ လူသစ်တန်းပန်းချီဆရာတစ်ဦးပါ။ သမီး သွားပြန်လဲပေးပါ့မယ်"

"နေပါစေ။ ဒီပုံကိုပဲ ဒယ်ဒီယူပါ့မယ်သမီး"

မွေးနေ့ရှင်၏ ပျက်ယွင်းညိုမည်းနေသည့်မျက်နှာကို ကျွန်တော် ရဲရဲပင်မကြည့်ရဲတော့ဘဲ လှည့်ထွက်လာခဲ့၏။ ဘာအဓိပ္ပာယ်နဲ့ ဒီလိုလုပ်ပေးလိုက်တာလဲ. . . အသက်ရယ်။



အခန်း ( ၂၆ )

ညက သွားရာသော်လည်း ခြံတံခါး သော့ခတ်ထားတာကိုသာ တွေ့ခဲ့ရ၍ ဒီနေ့မနက်အစောကြီးထထွက်လာတော့ ခြံထဲ၌ရပ်ထားသည့် လဲ့ဝါ၏စလွန်းကားကို တွေ့လိုက်ရ၏။ ကျွန်တော် အပြေးတစ်ပိုင်းဖြင့် လှေကားထစ်တို့ကို ခပ်မြန်မြန်တက်လာခဲ့သည်။ ခပ်ဟဟပွင့်နေသော တံခါးကို ကျောပေးထိုင်နေသည့်အမျိုးသားတစ်ဦး၏ နောက်ကျောကို မြင်လိုက်ရသောကြောင့် အိမ်နှင့်ကွယ်၍ရပ်လိုက်မိသည်။

ပြတင်းဘောင်ကိုလက်တင်၍ ပြင်ပသို့ငေးမောနေသည့်သူမ၏ခန္ဓာကိုယ်နောက်ကျောကို လှမ်းမြင်နေရ၏။ တိတ်ဆိတ်သောဝန်းကျင်ကိုဖောက်ထွင်း၍ ဒေါက်တာကျော်ခေါင်၏အသံသြကြီး ပေါ်ထွက်လာခဲ့လေသည်။

"သမီး"

"ကျေးဇူးပြု၍ ကျွန်မကို သမီးလို့မခေါ်ပါနဲ့။ အဲဒီနာမ်စားကို



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရဲ့တစ်ဦးတည်းသောအမေကလွဲရင် ဘယ်သူမှသုံးပိုင်ခွင့်မရှိဘူး။ ကျွန်မနာမည် မိုးသက်ငြိမ်ပါ"

"ဖေဖေ တောင်းပန်ပါတယ်သမီးရယ်"

"မလိုပါဘူး။ ကျွန်မ ဘယ်သူ့ဆီကမှ ဘာမှမလိုချင်ဘူး"

"သမီး ဘာကိုရည်ရွယ်ပြီး ဒီပန်းချီကားကို ဖေဖေ့ဆီအရောက်ပို့ခဲ့သလဲဆိုတာ ဖေဖေသိပါတယ်။ ဒါပေမဲ့ အဲဒီပန်းချီကားကြောင့် သမီးရဲ့ညီမလေး စိတ်မကောင်းဖြစ်နေရပြီ"

"ညီမလေး. . . ဟုတ်လား။ ကျွန်မဘဝမှာ ဘာညီမလေးမှမရှိဘူး။ မိုးသက်ငြိမ်က မွေးလာကတည်းက တစ်ယောက်တည်းပဲ။ ကျွန်မဘဝမှာ ကျွန်မတစ်ယောက်တည်းပဲရှိတယ်"

"ဘာပဲဖြစ်ဖြစ် သမီးနဲ့ လှဲ့ဝါဟာ ဖေဖေ့သွေးသားတွေဆိုတာကို သမီးနားလည်ပါ"

"အဲဒီသွေးတွေကိုဖောက်ထုတ်ပြီး လဲပစ်လို့ရရင် လဲပစ်လိုက်ချင်တာ။ စမြင်လိုက်ကတည်းက ဒီမျက်လုံး ဒီမျက်ခုံးတွေကို တရင်းတနှီးမှတ်မိနေတာ။ ဒီလောက်အထိ ပတ်သက်ဆက်နွယ်စရာအကြောင်းမရှိဘူးဆိုပြီး ဝေးဝေးနေခဲ့တာတောင်မှ"

"အဲဒီလိုတော့ မပြောပါနဲ့သမီးရယ်။ ဖေဖေ့မှာ အပြစ်ရှိခဲ့တာမှန်ပါတယ်။ ဒါပေမဲ့ သမီးမေမေမှာလည်း အပြစ်နဲ့မကင်းခဲ့ပါဘူး"

"သေပြီးတဲ့လူကို အပြစ်မဖို့ပါနဲ့။ ကျွန်မအမေဟာ သေသွားတဲ့အချိန်ထိ သူ သိပ်ချစ်တဲ့လူတစ်ယောက်အပေါ်မှာ သစ္စာရှိသွားခဲ့တာပါ။ ကိုယ်ဝန်နဲ့စေ့လစေ့ကြီးနဲ့ ရခဲ့ရတဲ့စိတ္တဇကို သူသေသွားတဲ့အချိန်ထိ ပွေ့ပိုက်သယ်ဆောင်သွားခဲ့တာလေ"

ဒေါက်တာကျော်ခေါင် ဆက်ကီပေါ်ထိုင်နေလျက်နှင့်ပင် ခေါင်းငိုက်စိုက်ကျသွားတော့၏။

"မိုးမခဟာ သိပ်ကိုအတ္တကြီးလွန်းတယ်။ တကယ်တော့ အဲဒီအတ္တကပဲ သူ့အသက်ကိုနှုတ်ယူသွားခဲ့တာပါ"





"ကျွန်မကတော့ မေမေ့အတ္တကိုလေးစားတယ်။ ဂုဏ်ယူတယ်။ ဦးညွှတ်တယ်ရှင့်"

"သမီးရယ်. . . ဖေဖေနေရာမှာဝင်ပြီး ကိုယ်ချင်းစာကြည့်ပေးပါ။ ဆရာဝန်တစ်ဦးရဲ့ ရှောင်လွှဲမရနိုင်တဲ့ဂျူတီတွေကြားမှာ လှောင်ပိတ်နေတဲ့စိတ်ကို သမီးမေမေက ချောင်ပိတ်ရိုက်ခဲ့တာကိုတော့ သမီးထည့်တွက်ပေးတော့ဘူးလား။ သူ့နံဘေးမှာ သူ့ရဲ့သံသယအကြည့်တွေကို ဖေဖေအချိန်ပြည့်မခံယူနိုင်ဘူး။ သဝန်တိုတယ်ဆိုတာဟာလည်း အတိုင်းအတာတစ်ခုအထိပဲကောင်းပါတယ်"

"အဲဒါ ဒေါက်တာကျော်ခေါင်ချစ်လို့ ရွေးချယ်ခဲ့တဲ့ မိန်းမတစ်ယောက်လေ။ နှစ်ကိုယ်တူတို့ထပ်တူတို့ဆိုတဲ့စကားလုံးတွေရဲ့အဓိပ္ပာယ်ဟာ သိပ်ကိုနက်ရှိုင်းလွန်းပါတယ်။ ရွေးချယ်တည်ဆောက်ခဲ့တဲ့ အိမ်ထောင်တစ်ခုကို ဖျက်ခနဲဆွဲဖျက်သွားခဲ့တာ ဘယ်သူလဲ"

"မိုးမခဟာ ဖေဖေ့ကို အချိန်ပြည့်သံသယတွေနဲ့ စွပ်စွဲပြောဆိုခဲ့တာပါသမီးရယ်"

"ဟင်းဟင်း. . . နောက်ဆုံးတော့လည်း အဲဒီသံသယအတိုင်းပဲ Nurse တစ်ယောက်ကို ရွေးချယ်ခဲ့တာပဲ မဟုတ်လား"

"တော်ပြီ၊ ဖေဖေ သမီးကိုအရှုံးပေးပါတယ်။ ဒါပေမဲ့ ဖေဖေ့ကို သမီးစိတ်နာမနေပါနဲ့။ သမီး ငရဲရမှာစိုးလို့ ဖေဖေပြောနေတာပါ"

"မလိုပါဘူး"

"ဒါဆိုရင် ဖေဖေပြောတာကို သမီးလက်ခံရဲ့လား။ ဖေဖေတို့နဲ့ လိုက်နေဖို့ရယ်၊ ပြီးတော့ သမီးညီမလေးအတွက်. . ."

"ဟင်းဟင်း. . . ပြောတော့ဖြင့် သေသွားတဲ့ကျွန်မအမေ့ကို အတ္တတွေသိပ်ကြီးတာပဲတဲ့။ နောက်ဆုံးကျတော့လည်း ဘာထူးလို့လဲ။ လူတိုင်းဟာ အတ္တနဲ့မကင်းနိုင်ဘူးဆိုတာကို လက်ခံသင့်ပါတယ်"

"မလှောင်ပါနဲ့သမီးရယ်။ သမီးညီမလေးရဲ့ခံစားချက်ကို ငဲ့ညှာသင့်တယ်ယူဆပြီး ဖေဖေတောင်းဆိုတာပါ"



www.burmeseclassic.com

"ကျွန်မ တစ်နေရာထဲမှာပဲရပ်နေတာ။ ရှေ့တိုးဖို့လည်းစိတ်ကူးမရှိဘူး။ နောက်ဆုတ်ဖို့လည်း ရည်ရွယ်မထားဘူး။ ဒါပေမဲ့ ကျွန်မရှေ့မှာတော့ လာပိတ်မရပ်မိပါစေနဲ့။ ကိုယ့်ကိုယ်ကိုအနာခံပြီး ဖြတ်တိုက်ပစ်ဖို့ ဝန်မလေးဘူး"

ဒေါက်တာကျော်ခေါင် ထိုင်နေရာမှ ထရပ်လိုက်ရင်း တိုးသဲ့သောလေသံဖြင့် သူမကိုဝေဖန်လိုက်လေသည်။

"မိုးသက်ငြိမ်ဟာ မိုးမခရဲ့ကိုယ်ပွားပါပဲလား။ အတ္တဆိုတာ ကိုးကွယ်အပ်တဲ့အရာတစ်ခုမဟုတ်မှန်း တစ်နေ့တော့ သမီးသိလာမှာပါ။ အဲဒီအခါမှာ သမီး နောင်တမရမိပါစေနဲ့လို့ပဲ ဖေဖေ ဆုတောင်းပေးပါတယ်။ ဖေဖေပြန်တော့မယ်"

"ကောင်းပါပြီ၊ ကျွန်မတစ်ခုထပ်ပြောမယ်။ အမှားတစ်ခုကြောင့် နောင်တရခဲ့ရင်တောင် အဲဒီနောင်တကိုပွေ့ပိုက်ရင်း အသက်အသေခံသွားမယ်။ ဒါဟာ မိုးသက်ငြိမ်ရဲ့ခံယူချက်ပဲ"

ဦးခေါင်းကိုခါယမ်း၍ လေးပင်သောသက်ပြင်းကိုချရင်း ဒေါက်တာကျော်ခေါင် အိမ်လေးပေါ်မှ ဆင်းသွားတော့သည်။ ကျွန်တော် အသံမပေးဘဲ ပွင့်နေသောတံခါးမှ အိမ်ပေါ်သို့လှမ်းတက်စဉ် သူမက ဖုံးအုပ်ထားသည့်ပန်းချီကားကို ခေါင်းဖြင့်မှီထားရင်း မျက်စိကိုမှိတ်ထားလေ၏။

"အသက်"

"ဟင်!"

မျက်ရည်တို့ဝေ့သီနေသည့်မျက်ဝန်းတို့ဖြင့် အလန့်တကြားလှည့်ကြည့်လာ၏။

"မောင် ဘယ်တုန်းကရောက်နေတာလဲ"

"ကြာပြီ. . . အသက်။ အန်ကယ်ရှိနေကတည်းကပါ"

"ဒါဆို ကျွန်မတို့ပြောနေတာတွေကို မောင်အကုန်ကြားသွားပြီပေါ့"

"ဟုတ်တယ်၊ မောင်တမင်နားထောင်တာ မဟုတ်ပါဘူး။ တိုက်ဆိုင်သွားတာပါ။ အောက်မှာ လှဲဝါကားကိုတွေ့လို့ မောင်အမြန်တက်လာခဲ့တာ"





သူမက ပန်းချီကားကို လုံခြုံအောင်ဖုံးဖိ၍ ကျွန်တော့်ရှေ့တည့်တည့်မှာ လာရပ်၏။ စူးရှသည့်မျက်ဝန်းတို့ဖြင့် ကျွန်တော့်ကိုစိုက်ကြည့်နေသည်။

"တော်တော်စိုးရိမ်သွားတယ်ပေါ့"

"ဟုတ်တယ်၊ မောင်စိုးရိမ်တာ အသက်အတွက်ပါ"

သူမ ရုတ်တရက် ပြတင်းပေါက်ကိုမျက်နှာမူ၍ သွားရပ်လိုက်ပါ၏။

"မောင်. . . အိပ်မက်ဆိုတဲ့အဓိပ္ပာယ်ကိုသိလား"

"အိပ်မက်. . . ဟုတ်လား။ အိပ်မက်ဆိုတာ အိပ်မောကျနေစဉ်အခိုက်မြင်မက်ပြီး အိပ်ပျော်ရာကာ နိုးသွားတာနဲ့ တစ်ခဏလေးပျောက်ကွယ်သွားတဲ့ဖြစ်စဉ်တစ်ခုပေါ့ အသက်။ ဘာဖြစ်လို့မေးရတာလဲ"

"ဟုတ်တယ်။ တစ်ခဏလေးပျောက်သွားတဲ့ဖြစ်စဉ်ကို အိပ်မက်လို့ ယူဆသတ်မှတ်ရင် ကျွန်မတို့ဖြစ်ပျက်ခဲ့သမျှအဖြစ်အပျက်တွေကို အိပ်မက်လို့ယူဆပြီး မေ့ပစ်လိုက်ပါ"

"ဘာ. . . ဘာပြောတယ်. . . အသက်၊ ဘယ်လိုပြောလိုက်တယ်"

"ကျွန်မပြောတာရှင်းရှင်းလေးပါ မင်းဉာဏ။ နားရှုပ်စရာတစ်ခုမှမပါပါဘူး"

"အဓိပ္ပာယ်မရှိဘူး အသက်၊ ဒါကလေးကစားတာမျိုးမဟုတ်ဘူး။ တစ်မျိုး တော်ကြာတစ်မျိုးမလုပ်ပါနဲ့။ အချစ်ဆိုတာ သိမ်မွေ့နက်ရှိုင်းတဲ့အရာတစ်ခုပါ။ အသက်. . . ပြီးစလွယ်မပြောပါနဲ့"

"အချစ်. . . ဟုတ်လား၊ ဘာအချစ်လဲ။ မိန်းမတစ်ယောက်ကိုဖျားယောင်းသွေးဆောင်သိမ်းသွင်းတဲ့လက်နက်တစ်ခုကို ရှင်အသုံးမချနဲ့ အဲဒီအချစ်က ဘဝတစ်ခုကိုခိုင်မြဲအောင် မတည်ဆောက်နိုင်ဘူးရှင့်။ ကျွန်မ လုံးဝမယုံကြည်ဘူး"

"အသက်. . . အသက်အမေလိုမျိုးဆိုပြီး မောင့်ကို ဝါးလုံးသိမ်း

www.burmeseclassic.com



ပြီး မရမ်းပါနဲ့။ မောင်က အသက်ကိုသိပ်ချစ်မြတ်နိုးတဲ့သူပါ။ ဒါဟာ ဘယ်တော့မှပြောင်းလဲမသွားမယ့် မောင်ရဲ့သစ္စာပဲ အသက်''

''ဟင်းဟင်း. . . မိန်းမတွေအလိုချင်ဆုံးဟာလည်း အဲဒီသစ္စာပဲ အဲဒီလိုပဲ ယောကျ်ားတွေမပေးချင်ဆုံးအရာဟာလည်း ဒီသစ္စာပဲရှင့် ရှင် ဘာမှအပိုတွေပြောမနေနဲ့။ ရှင့်ကိုချစ်တယ်လို့ ကျွန်မတစ်ခါမှပြော ခဲ့ဖူးတာမဟုတ်ဘူး။ ကျွန်မရင်ထဲမှာ အမေမွေးကတည်းက အချစ်ဆို တာ ပါမလာခဲ့ဘူးရှင့်။ ဒီတော့ ရှင်ထွက်သွားပါတော့။ နောက်နောင်ကို ယောင်လို့တောင်မှ ကျွန်မအိမ်ရိပ်ကိုတောင် မနင်းမိပါစေနဲ့''

''အသက်. . . ခင်ဗျားရူးနေလား''

''ဟုတ်တယ်, လူဆိုတာ အရူးမျိုးပဲဟာ။ ရှင် သွားဆိုသွားတော့ ပေါ့''

''ဟာကွာ''

''ဒုန်း! ''

နံရံကို လက်သီးဖြင့်ထိုးချလိုက်မိ၍ ကျွန်တော့်လက်ခုံမှ သွေး များ ဖြာဆင်းလာ၏။ တက်တစ်ချက်ကို ခပ်ပြင်းပြင်းခေါက်လိုက်သည် သူမက လက်နှစ်ဖက်ကို ဟန်ပါပါပိုက်ထားရင်း ကျွန်တော့်ကိုစိမ်းစိမ်း ကြီးစိုက်ကြည့်နေ၏။

''အချစ်ဆိုတာ လိမ်ညာစရာမဟုတ်ဘူး။ တဒင်္ဂလေးဖြစ်ပေမယ့် ခင်ဗျားရင်ထဲကအချစ်ကို လေးလေးနက်နက် ကျွန်တော်ရှာတွေ့ခဲ့တာ ပါ။ ခင်ဗျား ဝဋ်မလည်ပါစေနဲ့ မိုးသက်ငြိမ်''

သူမက မဲ့ပြုံးတစ်ချက်ကိုပြုံးလိုက်ပြီး သံဇကာတံခါးကိုညွှန်ပြ လိုက်၏။ ကျွန်တော်က လှမ်းလက်စခြေလှမ်းကို ရုတ်တရက်ရပ်လိုက် ပြီး ဖုံးအုပ်ထားသောပန်းချီကားထံ အကြည့်ရောက်သွားစဉ် သူမက ပန်းချီကားရှေ့သို့ လျင်မြန်စွာလျှောက်သွားပြီး ပိတ်ဆို့ကာဆီးထား လိုက်လေသည်။

''ခင်ဗျားရင်ထဲကို ကျွန်တော် ဖောက်ထွင်းမြင်နိုင်ပါတယ် မိုး





သက်ငြိမ်၊ ကျွန်တော့်ကို ညာလို့မရပါဘူး။ ဒါပေမဲ့ ကျွန်တော်လက်လျှော့ လိုက်ပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ သူတစ်ပါးမပေးချင်တဲ့အရာတစ် ခုကို အတင်းအဓမ္မ ကျွန်တော်မယူတတ်ဘူး။ ဒါဟာ ယောကျ်ားတစ် ယောက်ရဲ့စောင့်စည်းမှုပဲ။ ဖုံးကွယ်ထားတဲ့ ခင်ဗျားရဲ့ပန်းချီကားပေါ်မှာ ဘာရှိနေလဲဆိုတာ ခင်ဗျားမပြချင်ပေမယ့် ကျွန်တော့်နှလုံးသားထဲက သိလိုသိနေပါတယ်။ ခင်ဗျားဆုပ်ကိုင်ထားတဲ့ခင်ဗျားရဲ့အတ္တတွေဟာ အကြောင်းမရှိတဲ့ ပကာတိနိုင်မာနိုင်ပါစေလို့ ကျွန်တော်ဆန္ဒပြုပါတယ်။ ကျွန်တော့်ဘဝတစ်သက်တာအတွက်တော့ အချစ်ဆိုတာ ခါးသက်ခြင်း ခြင်းစဉ်ကိုပဲ တပ်ခွင့်ရှိတော့တာ ဝမ်းနည်းစရာပါပဲ၊ ကျွန်တော်သွား တော့မယ် မိုးသက်ငြိမ်၊ မိုးစက်တွေကြားမှာ လူတွေမသိမမြင်အောင် မျက်ရည်တွေ ကျိတ်ပြီးကျမနေနဲ့ပေါ့ဗျာ''

လေးပင်သောခြေလှမ်းတို့ကိုအနိုင်နိုင်သယ်မရင်း ကုန်းဆင်း ဆိုင်း နင်းလျှောက်လာခဲ့သည်။ တဖွဲဖွဲကျလာသည့်မိုးမှုန်တွေကြားမှာ မျက်ရည်တွေမှုံဝါးနေခဲ့ရ၏။ အေးမြသောမိုးရေတို့က ကျွန်တော့်ရင်ထဲက အပူကို မငြိမ်းအေးစေနိုင်ခဲ့၊ နောက်ဆုံးသောခြေလှမ်းထစ်ကို ဆင်း ချိန်မှာ သူမရှိနေသည့်အိမ်ကလေးပေါ် လှည့်ကြည့်ချင်စိတ်အား အတင်း ပင် ချုန်းအုပ်ထိန်းသိမ်းလိုက်ရသည်။ မိုးရေတွေကြားမှာ မိုးစက်တွေ သိမ်ချစ်တဲ့ 'မိုးသက်ငြိမ်' ဆိုတဲ့မိန်းမတစ်ယောက်ကို မေ့ပျောက်သွား အောင်လို့ ကျွန်တော်ကြိုးစားရဦးမယ်လေ။



www.burmeseclassic.com

www.burmeseclassic.com





*Years of love have been forgotten in the hated of a minute.*

*Edgar Allan Poe*

နှစ်ပေါင်းများစွာ ချစ်လာကြတဲ့အချစ်ကို မုန်းသွားတဲ့ တဒင်္ဂ(တစ်မိနစ်) မှာ မေ့ပစ်လိုက်ကြတော့တာပါပဲ။

အက်ဂါအယ်လန်ပို



www.burmeseclassic.com

www.burmeseclassic.com



# ၃ ကါကြောင်းဆောနိဂုံး

www.burmeseclassic.com

www.burmeseclassic.com



၃၉

www.burmeseclassic.com

www.burmeseclassic.com





မျက်စိနဲ့မြင်ပြီး

နှလုံးသားနဲ့ချစ်ခဲ့တဲ့

ချစ်ခြင်းတွေဟာ

အသက်ရှင်သန်နေသရွေ့

ထာဝရတည်မြဲနေမှာပါ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၇ )

ရေပြာပြာမြင်ကွင်းမှ အစိမ်းရောင်ပြောင်းသွားသည်နှင့် မြန်မာ
ည့်နယ်ထဲသို့ ဝင်လာပြီမှန်းသိလိုက်သည်။ လေယာဉ်ပြတင်းမှငုံ့ကြည့်
မိသည့်ကျွန်မခေါင်းခေါင်းကို ကိုဦးက အသာပုတ်လိုက်လေ၏။

"ဘယ်လိုလဲ၊ မွေးရပ်မြေကြောင့်လား၊ ဒါမှမဟုတ် တစ်စုံတစ်
ယောက်သောသူကြောင့်လား၊ ညီမလေး ရင်ခုန်သံမြန်နေတာ ကိုယ်သိ
တယ်နော်"

ကျွန်မ လျှို့ဝှက်စွာပြုံးလိုက်မိသည်။ အင်း. . . နှစ်ခုစလုံးကြောင့်
ပြောရင်လည်း မမှားပါဘူး ကိုဦးရယ်။ ဒါပေမဲ့ ရင်ထဲက ဝေဒနာက
တော့ အချိန်တွေဘယ်လောက်ပဲကြာကြာ မေ့ပျောက်လို့ရနိုင်တာမှ
တော်တာလေ။

"တော်သေးတာပေါ့နော်။ သုံးယောက်သွားတာ မမိုးနဲ့ ကိုသု
ယောက် ဆုချိတ်သွားပေလို့ပဲ။ နို့မို့ ဘာဆုမှမရဘဲ ပြန်လာရရင်



www.burmeseclassic.com

www.burmeseclassic.com



မျက်နှာပူစရာကြီး''

ကိုအံ့ဖွယ်စကားကြောင့် ကျွန်မတို့ရယ်လိုက်မိကြ၏။ လက်ထဲမှာ ကိုင်ထားသည့်ဘူးလေးကိုဖွင့်လိုက်တော့ ငွေရောင်စုတ်တံလေးက ငြိမ်သက်စွာရှိနေလေသည်။

''ကိုအံ့ရယ်. . . ကျွန်မတို့သွားကတည်းက ဆုရဖို့မျှော်လင့်ချက်နဲ့ သွားခဲ့တာမှမဟုတ်ဘဲ။ ကိုယ့်နိုင်ငံဂုဏ်ကိုဆောင်နိုင်တဲ့ ပန်းချီသင်တန်းသားတွေအနေနဲ့ပဲ သွားခဲ့တာလေ။ ဒီလောကထဲကိုဝင်လာခဲ့တာ သက်တမ်းတိုတောင်းသေးတော့ ကျွန်မဖြင့် ဘာဆုမှမချိတ်နိုင်ဘူးလို့ လုံးဝကြီးကိုယုံထားတာ''

''ဆရာမက အရောင်ရွေးတဲ့နေရာမှာသာသွားလို့ တတိယချိတ်သွားတာပဲ၊ အင်း. . . နှစ်သိမ့်ဆု ငါးဆုပေးလို့ ကျွန်တော်ကပ်ပြီးရသွားတာ။ ကံကောင်းတယ်လို့ပဲဆိုရမှာပေါ့''

''ဟုတ်တယ်ဆရာရဲ့။ အမှတ်ပေးဒိုင်လူကြီးတွေက ဂျပန်လူမျိုးပဲဆိုတော့ သူတို့အကြိုက်ကို ကျွန်မတို့က သိထားဖို့လိုတယ်လေ။ သူတို့က အရောင်ကို အဖျော့လေးတွေပဲကြိုက်တာ။ ကျွန်မအတတ်နိုင်ဆုံး အရောင်တွေကို အကုန်လျှော့သုံးလိုက်တာပဲ''

''ကျွန်တော့်အမြင်ပြောတာပေါ့နော်. . . ပထမဆုရှင်ဆွဲတာ အရောင်ရင့်နေသလားလို့''

''အင်း. . . ကိုအံ့မြင်တာ မှန်တယ်။ ဒါပေမဲ့ သူက အလင်းအမှောင်ကိုရွေးတတ်တယ်ရှင့်။ အဲဒီမှာ တစ်ပန်းသာသွားတာပဲ။ အချိန်အတိအကျနဲ့ဆွဲရတာဆိုတော့ ကိုယ့်စိတ်တိုင်းကျခြယ်လို့ဘယ်ရမလဲ၊ ကျွန်မသိတယ်။ ကျွန်မဟာကွက်ကို ပြန်မြင်လိုက်ကတည်းက သွားပြီလို့ မှတ်ထားတာ၊ ဒိုင်တွေမျက်စိမှောက်ပြီး ရွေးလိုက်မိတာလို့ထင်တာပဲ''

, ကျွန်မစကားကြောင့် အားလုံးပြုံးမိသွားကြသည်။ ပထမဆုက ပလက်တီနမ်၊ ဒုယတိက ရွှေ တတိယက ငွေနှင့် နှစ်သိမ့်ဆုက ကြေး





နှင့်လုပ်ထားသည့်စုတ်တံတွေဖြစ်ပြီး ပြိုင်ပွဲဝင်သူ (၁၅)ဦးစလုံးကို Us Dollar (၅၀၀) စီချီးမြှင့်ပေးလေ၏။

''ကိုဦးရေ. . . မစ္စတာအိုရှီမားရဲ့သား ဒိုကာတာကိုကြည့်ရတာ မိုးကိုစိတ်ဝင်စားနေပုံပဲ''

''သေချာတာပေါ့ အံ့ဖွယ်ရယ်။ လိပ်စာနဲ့ ဖုန်းနံပါတ်တောင်းတာကို မင်း,မမိုးက ကိုယ့်ဖုန်းနံပါတ်တွေ၊ လိပ်စာတွေပဲ ပေးလိုက်လေ ရဲ၊ ဘယ်လောက်လည်တဲ့မိန်းကလေးလဲ''

''ဒီလိုပဲလုပ်ရမှာပေါ့ ကိုဦးရဲ့။ တစ်ခါသေဖူးတဲ့လူအတွက် မှုဉ်မိုးတော့ နားလည်ဖို့လိုတာပေါ့။ မဟုတ်ဘူးလား''

''ဒိုကာတာကိုကြည့်ရတာ အေးပုံရပါတယ်ဗျာ''

''ဒါဆိုလည်း ရှင့်ညီမလေးနဲ့မြန်းပေးလိုက်ပါလား ကိုအံ့ရယ်''

''ဟာဗျာ. . . မမိုးကလည်း ကျွန်တော့်ညီမလေးက အခုမှ (၈) တန်းပဲ ရှိသေးတာကို''

''ဟွန်း. . . သူ့ညီမကျတော့ တွန့်တိုတတ်ပါ့''

ကိုအံ့ဖွယ်ကိုဗိုင်းစနေကြစဉ် လေယာဉ်က ရန်ကုန်လေဆိပ်ထဲ အသာငြိမ့်ငြိမ့်လေး ဆင်းသက်လိုက်လေသည်။ လက်ဆွဲအိတ်တစ် စီပဲမို့ ပေါ့ပေါ့ပါးပါးဖြင့် လေဆိပ်ထဲမှာ သိပ်မကြာဘဲ အငှားကားနှစ် ငှင့်ပြန်ခဲ့ကြသည်။ ကိုဦးဆွေက ကျွန်မအိမ်ကိုအရင်ပြန်ပို့ရင်း နှုတ် ဆက်လေ၏။

''ညီမလေးက မြင်နေကျပုံစံမျိုးနဲ့မဟုတ်တော့ မျက်စိထဲမှာ မျိုးလေးကြည့်ကောင်းနေတယ်။ ဂုဏ်ပြုညစာစားပွဲမှာ ဒီလိုမျိုးဆန်း နီးလေးပဲဝတ်ခဲ့နော်။ ပုံတုံးကြီးနဲ့မလာပါနဲ့လို့ ကိုယ်ကြိုတင်မှာထား ''

ကျွန်မဘာမှမပြောဘဲ ပြုံးရုံသာပြုံးလိုက်မိသည်။ Taxi ကား ထွက်သွားတော့မှ မြေလှေကားထစ်တို့ကို ခပ်ဖြည်းဖြည်းနင်းတက် ရုပ်အဖြူနှင့် ဂျင်းဘောင်းဘီရှည်အဖြူကိုဝတ်ထားတာကြောင့်



www.burmeseclassic.com

www.burmeseclassic.com



အမြင်ဆန်းသလိုဖြစ်နေတာပါ ကိုဦးရယ်။ အပေါ်ယံအလှာတွေ ဘယ်လိုပြောင်းပြောင်း၊ မိုးသက်ငြိမ်ဟာ မိုးသက်ငြိမ်ပါပဲ။ အသည်းဟက်တက်ကွဲနေတဲ့မိန်းမဟာလည်း အသည်းကွဲနေတဲ့မိန်းမတစ်ယောက်ပါပဲလေ။

သော့ခလောက်ကိုအသာဖွင့်လိုက်ပြီး သံဇကာတံခါးကို တွန်းဖွင့်လိုက်တော့ မှိုအလိမ်းလိမ်းတက်နေသည့်ကြမ်းပြင်ပေါ် ခြေချမိသည်။ သြော်. . . ကြာတော့ကြာခဲ့ပြီပဲ၊ ဒီတံခါးကလေးမှာ ကျွန်မရဲ့လက်ကို မောင်ဆုပ်ကိုင်ခဲ့ဖူးတာလေ။ ဒီတံခါးကနေပြီး မောင်, ကျွန်မကိုကျောခိုင်းထွက်ခွာသွားခဲ့တာ၊ ဒီနံရံထက်မှာ မောင့်လက်က သွေးတွေစွန်းပေခဲ့ဖူးတာပေါ့။

မျက်ရည်တို့က ပါးပြင်ထက် ပေါက်ခနဲလွင့်ကျသွားလေ၏။ နှုတ်ကတည်းက စိတ်မာတဲ့သူမို့ ကျွန်မ ဒီနေ့အထိ အသက်ရှင်ရပ်တည်နေနိုင်တာပါမောင်ရယ်။ ကျွန်မသာ သာမန်မိန်းမတစ်ယောက်ဆိုရင် အခုချိန်ဆို ကိုယ့်ကိုယ်ကိုသတ်သေပြီး ဘဝကူးသွားလောက်ပါပြီ။ သြော် မောင်ရယ်။ တစ်နှစ်ဆိုတာ ဘာမှမကြာလိုက်သလိုပါပဲလာ.:။ ကျွန်မအတွက်ကတော့ မနေ့တစ်နေ့ကလို နွေးထွေးမှုရှိနေဆဲပါ။

ပန်းချီခန်းတံခါးကိုဖွင့်၍ ထောင့်တစ်နေရာမှာ လိုက်က ာအုပ်ထားသည့်ပန်းချီကားကို အသာလေးဖွင့်လိုက်မိ၏။ To≥ⁿther တဲ့၊ တူနှစ်ကိုယ်တည်ထောင်ခွင့်မရှိတော့တဲ့ဘဝဟာ နေပျော်စ ာကောင်းနိုင်ပါ့မလား။ အခုဆို မောင်က ညီမလေးနဲ့လက်ထပ်ပြီးလောက်ပြီထင်ပါရဲ့။ ဘဝမှာ အရှုံးတွေသာ ဆက်တိုက်ရခဲ့တဲ့ကျွန်မအတွက် နှလုံးသားတစ်ခုဆုံးရှုံးခဲ့တာဟာ အကြီးမားဆုံးသောသေမိန့်တစ်ခုပါပဲ၊ ဒါကို မောင်ကတော့ သိနိုင်မှာမဟုတ်ပါဘူး။

မောင်စွပ်စွဲပြောဆိုခဲ့သလို အတ္တကိုကိုးကွယ်ခဲ့တဲ့ မိန်းမတစ်ယောက်ရဲ့ လူမမြင်ကွယ်ရာမှာ ငိုကြွေးနေခဲ့ရတဲ့ အရှုံးမျက်ရည်တွေကို ဘယ်သူကများ လာနှစ်သိမ့်ပေးခဲ့လို့လဲ၊ အသည်းမာလှချည်ရဲ့ဆိုတဲ့





မိန်းမတစ်ယောက်ရဲ့ကျရှုံးခန်းကို ကွယ်ရာမှာ လက်ခုပ်လက်ဝါးတီးနေမှာလား၊ သေချာတာ တစ်ခုကတော့ မောင်, ကျွန်မကို နာကြည်းမုန်းတီးသွားလောက်ပါပြီနော်။

သက်ပြင်းငွေ့ငွေ့ကို ချလိုက်မိသည်။ မေ့နိုင်အောင် ကြိုးစားချင်ပေမယ့် မောင်နဲ့ပတ်သက်ခဲ့ဖူးတဲ့အချိန်ကာလတွေကို ကျွန်မ မမေ့ချင်ဘူးမောင်။ ကျွန်မတို့အဖြစ်အပျက်က အိပ်မက်တစ်ခုလို မှုံဝါးပျောက်ကွယ်သွားမယ်ဆိုရင်တောင် ကျွန်မက အဲဒီအိပ်မက်တွေထဲမှာပဲ ပျော်ဝင်နေချင်ခဲ့သူပါ။ ကျွန်မပိုင်ဆိုင်တာဆိုလို့ ဒီအိပ်မက်တွေပဲရှိတာပါ။

အိပ်ခန်းထဲဝင်လာချိန်မှာ ခုတင်ဘေးနံရံမှာ ထောင်ထားသည့် မောင့်ပုံတူပန်းချီကားကို မြင်လိုက်ရ၏။ ၂/၃ ပုံစောင်းထားသည့်ကိုယ်ပေါ်မှာ နှုတ်ခမ်းတွန့်ရုံပြုံးတတ်သည့်အပြုံးကို မောင့်ထံမှာသာ တွေ့ဖူးတာ မဟုတ်လား။ မောင် ဒီလိုလေးပြုံးတတ်ခဲ့လို့ကို ကျွန်မ စွဲလမ်းခဲ့တာလေ။

ဒါပေမဲ့ မောင်ရယ်။ မချစ်တတ်တဲ့မိန်းမတစ်ယောက်ကို မောင်သင်ပေးခဲ့တဲ့ချစ်ခြင်းတွေ၊ မမုန်းချင်တဲ့မိန်းမတစ်ယောက်ကို မုန်းဖြစ်အောင် သင်ပေးခဲ့တဲ့ကံကြမ္မာရယ်။ မမေ့ချင်တဲ့မိန်းမကို မေ့ဖြစ်အောင်ပြုလုပ်ပေးခဲ့တဲ့ လောကကြီးက ကျွန်မအတွက် သီးသန့်ဘာသာဗေဒတစ်ခုဖြစ်ခဲ့ရပြီပေါ့။ ပန်းချီကားထက်မှ မောင့်နှုတ်ခမ်းနေရာလေးကို အသာတို့ထိလိုက်မိသည်။

"အသက်. . . မောင့်ကိုလွမ်းနေပြီလား"

ရုတ်တရက် ထွက်ပေါ်လာသည့်အသံကြောင့် လက်ကိုဖျတ်ခနဲ ရုတ်လိုက်ရင်း အထိတ်တလန့်ရယ်လိုက်မိသည်။ ဟုတ်တယ်။ မောင်နဲ့ခွဲခွာပြီးကတည်းက မောင့်ကိုလွမ်းလွန်းလို့ ကျွန်မ ရူးသွပ်ခဲ့ပြီးသားပါ မောင်ရယ်။

ခုတင်ခေါင်းရင်းရှိ ပြက္ခဒိန်စာရွက်ကိုလှန်၍ Dinner သွားစားမည့်နေ့ကို ဆေးပင်ဖြင့်ဝိုင်းလိုက်စဉ်. . .



www.burmeseclassic.com

www.burmeseclassic.com



ဘုရားရေ. . . အဲဒီနေ့ဟာ မောင်နဲ့ကျွန်မရဲ့မွေးနေ့ဖြစ်နေပါ
လား။ ဪ. . . မောင်ရယ်။ တိုက်ဆိုင်မှုတွေက ဘယ်အချိန်ထိ
ဦးမှာတဲ့လဲ။ ကျွန်မအာရုံထဲက မောင့်ပုံရိပ်တွေကတော့ အစဉ်အ
ထင်ကျန်ရစ်နေမှာပါလေ။





ရင်ထဲမှာ နင့်နင့်သည်းသည်းချစ်တတ်ကြသူတွေဟာ

တကယ်တမ်း သူတို့မုန်းတီးခဲ့ကြလျှင်

အငြိုးမာန်ကြီးကြီး

အမျက်ကြီးကြီးနဲ့

ခါးသက်မှုတွေ ပြင်းပြနေတတ်တယ်။



www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၂၈ )

Taxi ပေါ်မှဆင်း၍ ဟိုတယ်အဝင်ဝသို့ ခပ်မှန်မှန်လှမ်းဝင်ခဲ့၏။ အပေါ်ထပ်လေဟာပြင်ခန်းမမှာ ကျင်းပမှာမို့ ဓာတ်လှေကားဆီလျှောက်ခဲ့သည်။ ကျွန်မဝင်ခဲ့ပြီး တံခါးပိတ်ခါနီးမှာ လူတစ်ယောက်အပြေးအလွှားဝင်ခဲ့လေ၏။ ကျွန်မက အတွင်းဘက်မှာမရပ်ဘဲ အပေါက်ဝနားမှာပင်ရပ်နေတာမို့ ထိုလူပြေးဝင်လာတာကိုမရှောင်နိုင်ဘဲ ပခုံးချင်းဝင်တိုက်၍ယိုင်သွားရလေသည်။ ရုတ်တရက် လက်တစ်ဖက်က ကျွန်မလက်မောင်းကို ဖျတ်ခနဲဆွဲထိန်းလိုက်၏။

"sorry"

ကျွန်မရင်ထဲ ဒိတ်ခနဲဆောင့်ခုန်မှုတို့နှင့်အတူ ထိုလူကိုမော့ကြည့်လိုက်မိစဉ် အံ့ဩမှုတို့က အထွတ်အထိပ်သို့ရောက်သွားခဲ့ရလေ၏။ ဘုရားရေ. . . မောင်, ကျွန်မရဲ့မောင်ပါလား။ ပထမ အံ့ဩသွားသည့်မျက်နှာ။ ခဏမျှဟသွားသည့်နှုတ်ခမ်းပါးထက်မှာ မဲ့ပြုံးတစ်ခုပေါ်လာ



www.burmeseclassic.com

www.burmeseclassic.com



ပြီး တည်တင်းသောမျက်နှာဖြင့် မောင်က မျက်နှာလွှဲလိုက်လေ၏။

French Role ဆံထုံးနှင့် အဖြူရောင်ဂါဝန်ရှည်ဝတ်ထားသည့် သူမပုံရိပ်က ကျွန်တော့်မျက်ဝန်းထဲမှာ ပျောက်ပျက်မသွားလေခဲ့။ ဆုံမှ ဆုံတတ်ပါလေတယ်။ မဆုံဖြစ်တာ တစ်နှစ်ကျော်ခဲ့ပြီမို့ သူမကိုအကြည့် စိမ်းစိမ်းဖြင့် စူးခနဲတစ်ချက်စိုက်ကြည့်မိလေ၏။ ယခင်နှင့် ဘာမှမဆိုင် သလို ပြင်ဆင်ခြယ်သထားတာမို့ သူမ အလွန်နုပျိုနေတာကို ကျွန်တော် မြင်လိုက်ရသည်။ ကြည့်ပါဦး... တိုက်တိုက်ဆိုင်ဆိုင် ဒီလိုရက်မျိုး ဒီလို နေရာမျိုးမှာမှ လာဆုံရတယ်လို့။ သူမ မည်သူနှင့်ချိန်းဆို၍လာသည်ကို ကျွန်တော် သိချင်စိတ်ပြင်းပြလာ၏။

အပေါ်ဆုံးထပ်ကိုရောက်တော့ ဓာတ်လှေကားထဲမှ ကျွန်တော် အရင်ဆုံးထွက်ခဲ့၏။ ခန်းမထဲမှာ လူအနည်းငယ်သာရှိနေပါသည်။ စား ပွဲတစ်ခုမှ ကောင်လေးတစ်ယောက်က ထရပ်လိုက်လေ၏။

"မမိုး... ကျွန်တော် ဒီမှာ"

"ကိုအံ့... ကိုဦးမလာသေးဘူးလား"

"လာပြီ... မမိုးရဲ့။ အန်တီက နောက်က ကားတစ်စီးနဲ့လိုက် လာတာမို့ ဆင်းကြိုနေတယ်"

"ဪ... ကိုသုတို့အုပ်စု တစ်ယောက်မှရောက်မလာကြသေး ဘူးပေါ့"

"ဟုတ်ကဲ့"

သူမက ခုံမှာဝင်ထိုင်လိုက်သဖြင့် ကျွန်တော့်ရင်ထဲမှာ ကသိ ကအောင့်ဖြစ်သွားမိ၏။ သူမပြောနေသည့်စကားထဲမှာတော့ မရိုးမသား ဘာမှမပါသော်ငြား၊ ရင်ထဲမှာ မနာလိုမရှုစိမ့်သည့်ခံစားမှုက စဘောင် အစပျိုးလာလေ၏။ တစ်ဖက်စားပွဲမှ ကောင်မလေးတစ်ယောက်





ထရပ်လိုက်လေသည်။

"ကိုကို... မှူး ဒီမှာ"

"အမယ်လေးနော်။ ဒီကိုလာနေတာမြင်ရဲ့သားနဲ့ မဏ္ဍပ်တိုင်က ဘက်ပြချင်သေးတယ်"

မှူးက ရက်ပြူးလေးပြုံးလိုက်ပြီး မေဇင့်ကို မျက်စောင်းလှည့်ထိုး လိုက်ပါသည်။ ကျွန်တော် ခုံမှာဝင်ထိုင်ပြီး မကြာမီ သူငယ်ချင်းတွေ တစ်အုပ်ကြီးရောက်လာလေ၏။

"ဟော့... မွေးနေ့ရှင်။ ဘာတွေမှာပြီးပြီလဲ"

"မမှာသေးဘူး။ မင်းတို့ကိုစောင့်နေတာ"

မြတ်ဆွေ၊ ဝေယံ၊ အနှင်းနှင့် မိုးထက်တို့အုပ်စု ခုံအသီးသီးမှာ ဝင်ထိုင်လိုက်ကြ၏။ မျက်နှာချင်းဆိုင်မှာ ထိုင်ဖြစ်သွားသည့်အနှင်းက သူမကိုမြင်သွားလေသည်။

"ဟယ်... မမ"

သူမမျက်နှာထက်မှာ ရှားပါးလွန်းသည့်အပြုံးတစ်ပွင့် ဖျတ်ခနဲ ပေါ်သွား၏။

"နှင်း... လေးလေးနဲ့အန်တီ ကျန်းမာတယ်မဟုတ်လား"

"ဟုတ်ကဲ့၊ ဖေဖေက မမကိုမတွေ့ရတာကြာပြီလို့ပြောနေသေး တယ်"

"ကျွန်မ နောက်မှလာခဲ့မယ်"

"မမ ဘယ်တုန်းက ပြန်ရောက်တာလဲ"

"အင်း... တစ်ပတ်တော့ရှိပြီ"

"ဒီနေ့ မမမွေးနေ့နော်။ ဘယ်သူတွေကိုဖိတ်ထားသေးလဲ"

"ကျွန်မမွေးနေ့မလုပ်ပါဘူး၊ နှင်း စားချင်ရင် နောက်တော့ကျွေး မယ်ပေါ့။ အခုက ကိုဦးလုပ်ပေးတဲ့ပွဲမို့ပါ"

"ရပါတယ်မမရဲ့၊ အနှင်းတို့လည်း မအားကြပါဘူး။ အဟင်း... မမ ဒီနေ့အရမ်းလှနေတယ်သိလား"



www.burmeseclassic.com

www.burmeseclassic.com



သူမမျက်နှာ ပြန်ဆနဲ ရဲတက်သွား၏။ ကိုအံ့ဖွယ်က လှစ်ခနဲပြုံး
လိုက်ပါသည်။ အနှင်းက သူမကိုစကားလှမ်းပြောနေတာမို့ ကျွန်တော့်
မျက်နှာကိုမကြည့်မိပေ။ မျက်နှာထားက လိုသည်ထက် ပိုတင်းမာလာ
ပြီး တစ်ဖွတ်ဖိုးညှဉ်က ကျွန်တော့်ဦးနှောက်ထဲမှ ထိုးထွက်လာ၏။

"အနှင်းရေ... နင် ဒီကိုလာတာ ဘယ်သူဖိတ်လို့လာတာလဲ"

"ဟယ်... ဉာဏကလည်း"

"နည်းနည်းပါးပါး အလိုက်သိမှပေါ့။ ကိုယ့်ကိုအရေးတယူမဖိတ်
တဲ့လူကို ဒီလောက်အောက်ကျို့ပြီး ပြောနေစရာအကြောင်းမရှိဘူး"

သူမထံမှ စူးခနဲအကြည့်တစ်ချက်ကို ကျွန်တော်ရလိုက်၏။ လူ
ပေါ်မှာ အရသာရှိလိုက်တာနော်။ နံဘေးမှာထိုင်နေသည့် ဖူးငုံကိုယ်
အရေးတယူစကားမပြောမိဘဲ သူမကိုတိုက်ခိုက်မိဖို့သာ ကလေးဆန်စွာ
ကျွန်တော်ပြင်ဆင်မိချေပြီ။

"Happy Birthday နော် ကိုကို။ ဒီမှာ ကိုကို့အတွက် ဖူးရဲ့
လက်ဆောင်"

"မလိုပါဘူး... ဖူးရယ်။ ကိုယ်တို့ကြားမှာ ဒီလိုအမှတ်တရတွေ
ပေးဖို့မလိုအပ်တာ သိရဲ့သားနဲ့"

"အဲဒီလိုတော့မပြောပါနဲ့ ကိုကိုရယ်။ ဖူးစေတနာကို အသိအမှတ်
ပြုရင်လက်ခံပါ"

"ဘာဘူးလဲ... ဖူးရဲ့"

"ဟင်းဟင်း... လက်စွပ်"

ကျွန်တော့်ရင်ထဲမှာ စူးခနဲအောင့်သွားသည်။ ဘာဖြစ်လို့များ
ကျွန်တော်နဲ့ပတ်သက်လာတဲ့မိန်းကလေးတွေက ကျွန်တော့်ကို မွေးနေ့
တွေမှာ လက်စွပ်တွေပဲပေးကြတာပါလိမ့်။ ဒါ မတော်တဆ တိုက်ဆိုင်မှု
ပေလား။ နံဘေးဝိုင်းမှ သူမ ဖျတ်ခနဲထရပ်လိုက်တော့ ကြိုးသိုင်းဒေါက်
အဖြူရောင်လေး ဝတ်ထားတာကိုမြင်မိ၏။ ကြည့်စမ်း... အတော့်ကို
မိန်းမဆန်သည့် ဝတ်စားဆင်ယင်မှုတွေကို မြင်နေရပါလား။





"မင်္ဂလာပါ အန်တီ"

"မင်္ဂလာပါ သမီးရယ်။ Congratulation ပါ။ သမီးဆုရခဲ့တဲ့
တ်တံလေးကို အန်တီ တစ်ရက်လောက်လာကြည့်ပါဦးမယ်"

"ဟုတ်ကဲ့ လာခဲ့ပါအန်တီ။ ကျွန်မ ဒီရက်ပိုင်း အပြင်သိပ်မထွက်
ဖြစ်လို့ အိမ်မှာအမြဲရှိပါတယ်"

"သမီးကိုကြည့်ရတာ ဒီနေ့ အတော့်ကိုထူးခြားနေတာပဲ။ လှ
လိုက်တာကွယ်"

အန်တီကြီးနှင့်အတူပါလာသည့်လူက သဘောတကျပြုံးလိုက်
သည်ကို ကျွန်တော်မြင်လိုက်ရသည်။

"Happy Birthday ပါ ညီမလေး။ Birthday Present
ကို ကိုယ် တစ်ခါတည်းဆင်ပေးမယ်နော်"

သူမဘာမှပြန်မပြောနိုင်မီ ထိုလူက ရှင်းသန့်သောသူမ၏လည်
တိုင်သွယ်သွယ်ထက်မှာ စိန်လော့ကတ်လေးပါသည့်ဆွဲကြိုးကို ဆင်ပေး
လိုက်သ၏။ ပန်းရောင်သန်းသွားသည့် သူမမျက်နှာပြင်အပြောင်းအလဲကို
ကျွန်တော်မြင်လိုက်ပါသော်လည်း ရင်တွင်းရှိ မစ္ဆရိယစိတ်က ပိုမိုအုံ
ကြွလာလေသည်။ ကြည့်စမ်း... အတော့်ကိုရင်းနှီးနေပုံရပါလား။

သိပ်မကြာခင်မှာ အမျိုးသားတော်တော်များများ ရောက်လာကြ
ပြီး သူမတို့ခုံနှင့် နံဘေးဝိုင်းနှစ်ဝိုင်းမှာ ဝင်ထိုင်လိုက်၍ စားစရာများ
မှာလိုက်လေ၏။ ရှေ့ကိုရောက်လာသည့်မွေးနေ့ cake ကိုစိုက်ကြည့်
နေရင်း မျက်နှာက တင်းသည်ထက် တင်းလာသည်။

"တိုက်ဆိုင်လိုက်တာနော်။ ညီမလေးနဲ့ ဟိုဘက်ကကောင်လေး
မွေးနေ့တူနေပါရောလား"

"ရှိတတ်ပါတယ်... ကိုဦးရဲ့။ ဒါ အထူးအဆန်းမှမဟုတ်ဘဲ"

"ကိုကိုဘာဖြစ်နေတာလဲ။ မီးမှုတ်ရအောင်လေ"

"အင်း"

စိတ်နှင့်လူမကပ်သည့်ကျွန်တော့်ကို ဖူးငုံသတိပေးလိုက်မှ ကိတ်



www.burmeseclassic.com

www.burmeseclassic.com



နံ့ပေါ်ရှိ ဖယောင်းတိုင်မီးတို့ကို မှုတ်လိုက်ရ၏။ မွေးနေ့သီချင်းဆို စဉ် ကိတ်ကိုလှီး၍ ဖုံးဂုံကိုအရင်ခွဲတော့ သူငယ်ချင်းတွေက တစ်ယော တစ်ပေါက် စနောက်ကြလေသည်။ စားသောက်စရာတွေ စားနေရသေ လည်း ပါးစပ်ထဲမှာ ဘာတစ်ခုမှအရသာမရှိ။ အားလုံးပြီးစီးသွားသော ထရပ်လိုက်စဉ်မှာ သူမတို့အုပ်စုနှင့် ပြိုင်တူရပ်ပြီးသားဖြစ်နေလေ၏

"အန်တီသက်"

"ဩော်. . . ကိုမိုးမြင့်သမီးလေး, ဖုန်းဖုန်းလား"

"ဟုတ်ကဲ့အန်တီ။ အဲဒီကိုကိုဦးက ဖုန်းကိုမှတ်မိရဲ့သားနဲ့ ဖေ လည်းမခေါ်ဘူး"

"ညည်းက ကျောခိုင်းထိုင်နေတာ။ ငါဘယ်လိုသိမှာလဲ မိ ရယ်"

"အန်တီသက်, ဒါ ဒေါက်တာမင်းညာဏ်ပါ။ ဟိုလေ. . . ဖုန် ဟိုဒင်း. . . အဟင်း"

"ဩော်. . . ဟုတ်ပါပြီ။ တွေ့ရတာ ဝမ်းသာပါတယ် ဒေါက်တ လေးရယ်"

"ဟုတ်ကဲ့ခင်ဗျ"

ကိုဦးဆွေက မျက်ခုံးနှစ်ဖက်မြင့်တက်သွားပြီး ကျွန်မကိုဖျတ်ခ လှည့်ကြည့်လိုက်၍ မသိချင်ယောင်ဆောင်လိုက်ရ၏။ မိန်းကလေး အရင်ထွက်လိုက်တာမို့ ကျွန်မ ခုံဖယ်၍ထွက်လိုက်စဉ် သူနှင့်ပြိုင် ထွက်ပြီးသားဖြစ်ကာ သူက ကျွန်မပခုံးကိုပစ်တိုက်လိုက်သလိုဖြစ်သွ လေသည်။

"ဟာ"

ယိုင်ခနဲဖြစ်သွားသည့်ကျွန်မကို ကိုဦးက ဖမ်းထိန်းပေးလိုက် ဒေါက်အမြင့်စီးလာခြင်းမို့ ကိုယ့်ကိုယ်ကိုမထိန်းနိုင်ဘဲ မကြာခဏယိ နေသဖြင့် ကျွန်မစိတ်တိုလာမိသည်။ အန်တီက အရင်ဆင်းသွား မို့ ကားဆီအရင်ရောက်သွားသော်လည်း ကျွန်မတို့ဟိုတယ်ထဲမှထွ





နှုတ်ပြင်စဉ်မှာ မိုးက ဝေါခနဲရွာချလိုက်လေ၏။

"ဟယ်. . . သွားပါပြီ။ ထီးပါမလာပါဘူးဆိုမှပဲ"

ဖုန်းငုံထံမှရေရွတ်သံကို ကျွန်တော်ကြားသော်လည်း အာရုံက သူမ ထံသို့သာရောက်နေမိသည်။

"ကိုယ့်ကားထဲမှာ ထီးပါလာတယ်ညီမလေးရဲ့။ ခဏစောင့်နော် ကိုယ်ပြေးယူလိုက်မယ်"

မိုးရေတောထဲဆင်းတော့မည့်ထိုလူ၏လက်ကို သူမက ဖျတ်ခနဲ လှမ်းဆွဲလိုက်လေ၏။ ရုတ်တရက် ကျွန်တော့်တစ်ကိုယ်လုံး တောင့်တင်း သွားလေသည်။

"ထီးယူဖို့မလိုပါဘူး. . . ကိုဦးရဲ့"

"ဘယ်ဖြစ်မှာလဲ ညီမလေးရဲ့၊ စိုကုန်မှာပေါ့"

"ကျွန်မက မိုးရေတောထဲ ဒီအတိုင်းလျှောက်ရတာကို ပိုကြိုက် နေ့ ကိုဦးမေ့နေပြီလား"

"မမေ့ပါဘူး။ ဒါပေမဲ့ အခု ညီမလေးက လှတပတဝတ်ထား တာလေ"

"ကိစ္စမရှိပါဘူး. . . သွားစို့၊ ဩော်. . . နှင်းရေ လေးလေးကို ပြောလိုက်ပါ။ ကျွန်မ နောက်တစ်ပတ် စနေနေ့လာခဲ့မယ်လို့နော်"

"ဟုတ်ကဲ့ပါ မမ"

သူမက အနှင်းကို ဖော်ရွေစွာနှုတ်ဆက်ပြုံးပြလိုက်ပြီး မိုးရေ တောထဲ ဒီအတိုင်းထွက်သွားလေ၏။ တစ်ခဏချင်း ရွဲရွဲစိုသွားသည့် ဂါဝန်အဖြူလေးက သူမကိုယ်ပေါ်မှာ ချက်ချင်းကပ်သွားလေသည်။ လှပ သွန်းပါသည့်ကိုယ်ခန္ဓာအချိုးအစားကို တစ်အုပ်စုလုံး ငေးကြည့်ကျန်နေ ခဲ့လေ၏။ သူမက အသင့်ဖွင့်ပေးလိုက်သည့်ကားရှေ့ခန်းပေါ် အသာ တက်ထိုင်အပြီး ကားလေးက ထွက်ခွာသွားချေပြီ။

ရင်ထဲမှာ တအုံနွေးနွေးဖြင့် ဘာဖြစ်မှန်းမသိဘဲ ကျွန်တော့်ကား ဒီရာဆီ လှမ်းခဲ့တော့ ဖုန်းငုံက တအံ့တဩဖြစ်၍ ကျန်ခဲ့လေသည်။ ကား



www.burmeseclassic.com

www.burmeseclassic.com



ပေါ်တက်မောင်းထွက်ခဲ့စဉ် ဒေါသမျက်ရည်တစ်ပေါက် စီးကျသွားလေ၏။ အရှုံ့တိုက်တာလား။ ဒါမှမဟုတ် မတော်တဆ တိုက်ဆိုင်မှုလေလား။ သူမမျက်နှာထက်မှာ တင်းမာရိပ်တွေရှိမနေဘဲ အပြုံးတို့ဝေဆာစွာဖြင့် ညှိသည်တွေကို ညှိခံနှုတ်ဆက်သွားတာ ကျွန်တော့်အမြင်ပဲ။

"တောက်!"

ဒီမိန်းမကိုမေ့ပစ်ဖို့ကြိုးစားခဲ့တာ အချည်းနှီးပါပဲလား။ မေ့ဖို့ကြိုးစားရင်းနဲ့ ပိုသတိရလာတဲ့ခံစားချက်ကို ကျွန်တော် ဘယ်လိုကုစားလို့ရနိုင်မှာတဲ့လဲ။ သူမနေရာမှာ အစားထိုးဖို့ကြိုးစားမိတဲ့ဖူးငုံဟာ ကျွန်တော့်စိတ်ကို ကုစားမပေးနိုင်တဲ့အပြင် ကျွန်တော်လျှောက်နေတဲ့လမ်းမှာ အနှောင့်အယှက်တောင်ဖြစ်နေပြီလေ။

နှလုံးသားမရှိတဲ့မိန်းမ. . . အသည်းမာတဲ့မိန်းမ. . . မချစ်တတ်တဲ့မိန်းမ။ အတ္တတွေနဲ့ ပုလောင်နစ်မြုပ်နေတဲ့မိန်းမ။ မကျေမနပ်ရေရွတ်မိရင်း ကျွန်တော်ရယ်မောလိုက်မိသည်။ ကျွန်တော့်ရင်ထဲက ပုလောင်ပြင်းပြမှုတွေကို သူမကတော့ သိနိုင်မည်မထင်ပါ။

ကားပြတင်းမှတစ်ဆင့် ပြင်ပရှုမြင်ကွင်းတွေကို ၄ နံဝါးဝါးငေးကြည့်နေမိသည်။ ကိုဦးဆွေက ကျွန်မဘက်ကို လှည့်ကြည့်ခြင်းမရှိပါချေ။ ကျွန်မရင်ထဲက ဝေဒနာတွေကို ကိုဦးသိထားပြီးသားပါလေ။

ဩော်. . . နောက်ဆုံးတော့ ယောကျ်ားတွေဟာ ယောကျ်ားတွေပါပဲ။ ဘေးမှာ မိန်းကလေးတစ်ယောက်တလေရှိမနေရင် မနေတတ်တာ ယောကျ်ားတွေရဲ့သဘာဝလေလား။ လက်သီးကိုကျစ်ကျစ်ပါအောင် ဆုပ်ထားလိုက်မိ၏။

"သူ. . . တော်တော်အရွေးတော်သားပဲ ညီမလေးရဲ့။ ဦးမိုးမြင့်ဆိုတာ စီးပွားရေးလောကမှာ ဘုရင်တစ်ပါးလို အုပ်စိုးထားနိုင်တဲ့ပုဂ္ဂိုလ်





ပါ။ ဒါပေမဲ့ တကယ့်သူ့ဝါသနာက ပန်းပုထုတဲ့အတတ်ပညာပဲ"

"ကျွန်မက သူ လှဲ့ဝါနဲ့ပဲ လက်ထပ်ဖြစ်လိမ့်မယ်လို့ ထင်ထားတာ"

"ညီမလေး မပတ်သက်စေချင်လို့ သူရှောင်လိုက်တာလည်း ဖြစ်ချင်ဖြစ်မှာပေါ့"

"လှဲ့ဝါက သူ့အပေါ်မှာ သိပ်သံယောဇဉ်ကြီးရှာတာ ကိုဦးရဲ့။ ခုလို သူချိုးလိုက်တာတော့ လွန်ပါတယ်။ လှဲ့ဝါမှာ ဘာအပြစ်မှမရှိဘဲနဲ့"

"သူတကယ်မချစ်လို့ လက်မခံဖြစ်တာပဲနေမှာပါ"

ကျွန်မ မဲ့ပြုံးတစ်ချက်ပြုံးမိ၏။ အိမ်ရှေ့မှာ ကားရပ်ပေးလိုက်တော့ ကားပေါ်မှဆင်းလိုက်ရင်း ကိုဦးထံလှည့်ပြောလိုက်မိသည်။

"ကျွန်မ အဲဒီပန်းပုတွေကိုစိတ်ဝင်စားတယ် ကိုဦးရဲ့"

"ဟော. . . ရောဂါက တစ်မျိုးထလာပြန်ပြီ"

"တကယ်ပြောတာ။ ကျွန်မသင်ချင်တာ ရွှံ့စေးနဲ့လုပ်တဲ့ပန်းပုညာမျိုးပါ"

"ကောင်းပြီလေ။ ကိုယ် တစ်ရက် ညီမလေးကိုလာခေါ်ဖြစ်မှာပါ"

"ဘယ်ကိုသွားဖို့လဲ"

"အန်ကယ်ဦးမိုးမြင့်ဆီကိုပေါ့"

"ကျွန်မသွားချင်တာ သူ့ဆီကိုမှမဟုတ်တာ ကိုဦးရဲ့"

"ဟင်းဟင်း. . . အဲဒီဦးမိုးမြင့်က ရွှံ့စေးနဲ့ထုတဲ့ပန်းပုပညာကို ပိုကျွမ်းကျင်တာလေ"

"ဟောတော်"

"ကဲ. . . ကိုယ်သွားပြီ။ နွေးနွေးထွေးထွေးဝတ်ဦး။ တော်ကြာ အေးနေဦးမယ်။ ဆရာဝန်တွေနဲ့မပတ်သက်ချင်ရင် ကျန်းမာရေးကိုဂရုစိုက်. . . ညီမလေးရဲ့"

"ဟုတ်ကဲ့ပါ"

ကိုဦးက လက်ပြ၍ ကားကိုမောင်းထွက်သွားတော့သည်။ ငြိ



www.burmeseclassic.com

www.burmeseclassic.com



လှမ်းကို မြေလှေကားထစ်တွေပေါ် စနင်းချေ။ မှတ်မိသေးလား. . . မောင်
မနှစ်က ကျွန်မတို့မွေးနေ့တုန်းကလည်း ဒီလိုဂါဝန်အဖြူလေး ကျွန်မဝတ်
ခဲ့တာပဲလေ။ သြော်. . . ခုတော့ဖြင့် ကျွန်မကို မောင်မေ့နိုင်လောက်ပြီ
ပေါ့။ မောင့်အတွက် အချစ်ဆိုတာ ခါးသက်ခြင်းလို့ခေါင်းစဉ်တပ်ခဲ့မေ
မယ်၊ အခု မောင်လက်တွေ့စားသုံးနေတဲ့ချစ်ခြင်းတွေကတော့ ချိုမြိ
တဲ့ သစ်သီးမျိုးပဲဖြစ်နေမှာပါ။

အဝတ်အစားကိုအမြန်လဲ၍ ဆံပင်တွေကို ဖြန့်ချလိုက်၏။ ခြော
သွေ့အောင်သုတ်နေစဉ် မောင့်မျက်နှာကို ကွက်ခနဲမြင်ယောင်မိသည်
ဆရာဝန်ဖြစ်တာတောင် ကလေးစိတ်က မပျောက်သေးပါလား။ ကျွန်
အနီးမှာ အမျိုးသားတွေနှင့်တွဲလိုက်ရုံနဲ့ တမင်တကာ ကျွန်မကို တိုက်
နိုက်ဖို့ကြံစည်တာက အသိသာကြီးပါ။

မင်းညာဏရေ. . . ကျွန်မက လောကကြီးနဲ့ အံဝင်ခွင်ကျနေတတ်
တဲ့သူပါ။ အလိုက်သင့်လေး မျောနေတဲ့ကျွန်မလိုမိန်းမမျိုးကို ရှင်ရွဲ့
မှားမှာပေါ့။ ဆုံးဖြတ်ချက်မှားယွင်းသွားတာနဲ့ ရှင့်ဘဝကြီး ကံဆိုးမိုး
ကျသွားမှာကို ရှင်မတွေးတတ်ရင် ရှင် နောင်တတွေရမှာမ ပွဲ့ဘူး။

မိုးသက်ငြိမ်ဆိုတာ အသက် (၁၆)နှစ်နဲ့ ဘဝကို တစ် ယာ
တည်းရပ်တည်လာခဲ့တဲ့မိန်းမတစ်ယောက်ပါ။ ဒီလိုမိန်းမကို မှင်အ
ယူ တိုက်ခိုက်ဖို့ ဆုံးဖြတ်ရင် ရှင်ပဲ နာမှာရှင့်။ ကျွန်မ ၈ ရှင့်ထက်ပို
ဟန်ဆောင်တတ်တယ်။ ရှင့်ထက်ပိုပြီးမာနကြီးတယ်။ ပြီးတော့ ရှ
ထက်ပိုပြီး အတ္တလည်းကြီးတယ်ရှင့်။





အချစ်ဆိုတာ

ဟိုး. . . ရင်ထဲထိ

စွဲမြဲနေအောင်

ပန္နက်ရိုက်ထားတဲ့

သိင်္ဂါရဆူးတစ်ချောင်းပါပဲ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၂၉ )

Duty Coat ကို ချိတ်မှဖြုတ်လိုက်စဉ် Hand Phone က မြည်လာ၏။ ကျွန်တော်ဖုန်းကိုကိုင်လိုက်စဉ် တစ်ဖက်မှ ယောက်ျားသံ ထွက်လာလေသည်။

"ဟဲလို . . . မစ္စသက်ငြိမ်း၊ ကျွန်တော် အိုကာတာပါ"

ကျွန်တော့်ရင်ထဲ ဒိန်းခနဲဆောင့်ခုန်သွားရ၏။ ဗုဒ္ဓေါ . . . မေမေ လဲပေးထားသည့်ဖုန်းအသစ်က သူမနှင့်နံပါတ်ဆင်နေပြီထင်၏။ ရင်ထဲမှာ သိချင်စိတ်တို့က အဆမတန်တိုးပွားလာမိလေသည်။

"ဘာဖြစ်လို့များ ကျွန်တော့်ကို ဖုန်းနံပါတ်ညာပြီး ပေးရတာလဲ။ တော်သေးတာပေါ့၊ မစ္စတာကိုဦးဆွေရဲ့ ဖုန်းနံပါတ်ဖြစ်နေလို့"

"ဟဲလို . . . မစ္စတာအိုကာတာ။ လူကြီးမင်း ဖုန်းမှားနေပါတယ် ခင်ဗျာ"

"အို . . . ဘယ်လိုများဖြစ်တာပါလိမ့်"

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော့်ဖုန်းနံပါတ်က (09———37) ပါ"

"ဪ ဟုတ်မယ်၊ ကျွန်တော် မှားနှိပ်လိုက်တာပါ။ ကျွန်တော် 73 ကိုခေါ်ရမှာ။ ဆောရီးပါ မစ္စတာ. . . တောင်းပန်ပါတယ်"

ကျွန်တော် ဖုန်းကိုပြန်ပိတ်လိုက်ပြီး ငိုင်သွားရ၏။ ကြည့်ပါဦး။ ဂျပန်ညှော်သည်နှင့်လည်း သူမ ရင်းနှီးနေပြန်တာပဲလား။

"သားရေ. . . ဖူးဖူးလာတယ်"

Duty Coat ကို လက်မှာခေါက်တင်၍ အောက်ထပ်ကိုဆင်းခဲ့တော့ ဖူးငုံက အချိုမြိန်ဆုံးအပြုံးကို ပြုံးပြလိုက်လေသည်။

"ကိုကိုကို ဖူးစိတ်ကောက်နေတာ. . . သူများကို လာလည်းမနေရှောဘူး"

"ဟောဗျာ. . . ဘာကိုစိတ်ကောက်နေရပြန်တာလဲ"

"ကိုကိုပဲ မွေးနေ့တုန်းက ဖူးကိုထားရစ်ခဲ့ပြီးတော့. . . ဟွန်း"

"ဆောရီး ဖူးရယ်၊ ကိုယ် အရေးတကြီးကိစ္စ ခေါ်ထဲဝင်လာလို့ပါ။ နောက်မဖြစ်စေရဘူး. . . ဟုတ်ပြီလား"

"ဒါနဲ့ပဲ ကျေနပ်လိုက်ရတာပဲ၊ သိလားအန်တီ. . . ဖူးက အငယ်ဆိုပြီး တစ်ခါမှမဆိုးရဘူး။ အန်တီ့သားက သူ့စိတ်ကြီးပဲ"

"ဟင်းဟင်း. . . သူကိုတော့ ခွင့်လွှတ်သမီးရေ၊ သားက ဒီလိုပဲ"

"ကျွန်တော်သွားတော့မယ် မေမေ"

"အေးအေး. . . သမီးကိုကျောင်းအရင်ပို့ပေးလိုက်ဦးနော် သား"

"ဟုတ်ကဲ့ပါမေမေ"

ဖူးငုံက ကျွန်တော့်လက်မောင်းကိုချိတ်တွဲ၍ အိမ်ထဲမှထွက်ခဲ့၏။ ရှေ့ခန်းတံခါးကိုဖွင့်၍ ဖူးငုံကိုတက်စေပြီးမှ ကားကိုမောင်းထွက်ခဲ့သည်။

"ကိုကို ကျောင်းအထိမပို့ပါနဲ့။ တော်ကြာ ကိုကို duty နောက်ကျနေမှာစိုးလို့ပါ"

"ကြည့်စမ်း! ဒီချာတိတ်မလေး အလိုက်သိလှချည်လား၊ လိမ္မာ





လိုက်တာ"

"ဟွန်း. . . ညာပြောပြန်ပြီ။ ဒါပေမဲ့ Dreams မှာတော့ ကော်ဖီလိုက်တိုက်နော်"

"Ok"

ကျွန်တော်ကားကို ဘေးလမ်းယူ၍ Dreams ကော်ဖီဆိုင်ရှိရာဘက် ချိုးဝင်ခဲ့သည်။ နှစ်ယောက်သား လက်ချိတ်၍ ဆိုင်ထဲဝင်လာရင်း ထောင့်ကျကျဝိုင်းမှာ ဝင်ထိုင်လိုက်၏။

Hand Phone မြည်သံကြောင့် ကျွန်တော်ဖွင့်ရန်ပြင်လိုက်စဉ် ကျွန်တော့်ဖုန်းမှမဟုတ်ဘဲ နောက်ကျောရှိ ကပ်လျက်ခုံမှာထိုင်နေသည့် အမျိုးသမီးတစ်ဦးထံမှဖြစ်နေလေ၏။ ကျွန်တော်က ဝိတ်တာလေးကို လှမ်းခေါ်၍ ကော်ဖီနှင့်မုန့်တို့ကိုမှာလိုက်ပါသည်။

"ဟဲလို"

ရင်ထဲမှာ ဒိတ်ခနဲဆောင့်ခုန်လျက် ရင်းတွင်းတလှပ်လှပ်ခံစားရကာ စတင်လေပြီ။ ဗုဒ္ဓေါ! ကျွန်တော့်နောက်ကျောမှာထိုင်နေသည့်အမျိုးသမီးဟာ သူမဖြစ်နေပါရောလား။

"မဟုတ်ပါဘူး မစ္စတာအိုကာတာ၊ ကျွန်မ တမင်လုပ်လိုက်တာမဟုတ်ပါဘူး။ အဲဒီနေ့က ကမန်းကတန်းရေးပေးလိုက်တာ 73 ကို 78 ဖြစ်အောင် ဆက်သွားတာမျိုးပဲ နေမှာပါ။ ဆောရီးနော်. . . ကျွန်မတောင်းပန်ပါတယ်"

"ဟုတ်လား။ တစ်လလောက်ဆိုတော့ မြန်မာပြည်မှာ လည်ဖို့အချိန်ပိုရမှာပေါ့"

"ဟုတ်ကဲ့၊ ကျွန်မ မအားလည်း ကိုဦးလိုက်ပို့ပေးမှာပါရှင်၊ ဂျပန်မှာ ညှော်ဝတ်ကျေပွန်ခဲ့တဲ့လူကို ကျွန်မတို့မြန်မာပြည်မှာ တာဝန်မကျေတာမျိုးမဖြစ်စေရပါဘူး"

"ဟင်းဟင်း. . . မဟုတ်ပါဘူး၊ ဝေးဝေးလံလံမြို့တွေဆိုရင်တော့ ကျွန်မလိုက်ပို့ဖြစ်မှာ မဟုတ်လို့ပါ။ ဟုတ်ကဲ့. . . မအားဘူးဆိုပါတော့"



www.burmeseclassic.com

www.burmeseclassic.com



"ရှင်တော်တော်စိတ်ကူးယဉ်ပါလား မစွတာအိုကာတာ။ ရှင် ကိုယ်ရှင် ဘာလူမျိုးလဲဆိုတာ မေ့မထားနဲ့လေ"

"ကောင်းပါပြီ၊ ရှင့်ကိုလေဆိပ်မှာလာကြိုတဲ့နေ့ကျရင် ကျွန် မြန်မာနာမည်တပ်ပြီးခေါ်ပါ့မယ်"

"ဟုတ်ကဲ့. . . နောက်မှဆုံကြတာပေါ့"

ကြည့်စမ်း၊ ဂျပန်ပြည်တစ်လလေးသွားခဲ့တာနဲ့ ဟိုမှာဇာတ်လမ် က စခဲ့ပါရောလား။ ဟိုနေ့က သူမကိုဆွဲကြိုးဆွဲပေးတဲ့ ပုဂ္ဂိုလ်ရဲ့မျက်လ တွေက မရိုးသားမှုကို ကျွန်တော်လက်တွေ့မြင်ခဲ့တာပဲ။ ပြောတော့ယော ယောကျ်ားတွေကို အထင်မကြီးဘူးတဲ့။ ခုတော့. . . ကျွန်တော်နဲ့လ ခွဲပြီးကတည်းက ထင်ရာစိုင်းနေတဲ့မိန်းမတစ်ယောက်ဖြစ်မှန်းမသိဖြစ် ပါရောလား။

"ဖူး. . . သွားကြစို့ကွာ"

"ဟယ်. . . ကိုကိုကလည်း"

ကျွန်တော် ဆတ်ခနဲထရပ်လိုက်စဉ် ဝိတ်တာလေးက ကော ဗန်းအချနှင့်ကြုံပြီး ကျွန်တော့်ပခုံးစောင်းနှင့်ခိုက်မိကာ ကော်ဖီဗန်း နောက်ကျောမှာထိုင်နေသည့် သူမကျောပေါ်သို့ လောင်းချလို့ သ ဖြစ်သွားလေ၏။

"ခွမ်း. . . ချလွမ်း"

"ဟာ!"

"ဟယ်!"

သူမက ကျောမှာပူသွားသဖြင့် အမြန်ထရပ်လိုက်၏။ ဆင်ဖြူ ရောင်ဘလောက်စ်ပေါ်မှာ ကော်ဖီတွေက မြင်မကောင်းအောင် သွားလေသည်။

"ကျွန်တော်. . . ကျွန်တော် တောင်းပန်ပါတယ်အစ်မ။ ဒီ အစ်ကိုထရပ်လိုက်တာနဲ့တိုက်ဆိုင်ပြီး မတော်တဆဖြစ်သွားတာပါ"

"ဟုတ်ပါတယ်မမရယ်၊ ဖူးတောင်းပန်ပါတယ်။ အပူလောင်





တော့ ဆေးခန်းသွားကြရအောင်နော်၊ မမလိုက်ခဲ့ပါ"

"ဟင့်အင်း. . . နေပါစေ"

ကျွန်တော်က ဝိတ်တာလေးကို ကျသင့်ငွေနှင့် ကွဲသွားသည့်ခွက် န်းကန်ပိုးတွေ အရင်ထုတ်ရှင်းလိုက်ပြီးမှ သူမကိုမျက်နှာချင်းဆိုင်လိုက် ၏။ သူမမျက်နှာ အံ့သြရိပ်ပါးပါးလေး ဖြတ်သန်းသွားလေသည်။

"ကျေးဇူးပြု၍ ဆေးခန်းကိုခဏလိုက်ခဲ့ပါ"

သူမထံမှ အကြည့်စူးစူးတစ်ချက်ကိုရလိုက်ပြီး ဘာမှပြန်မပြောဘဲ ည့်ထွက်သွားသဖြင့် ကျွန်တော်. သူမလက်မောင်းကို ဆတ်ခနဲဖမ်း ထားလိုက်မိသည်။

"အို. . . ရှင်ဘယ်လိုလူလဲ"

"ကျွန်တော်ပြောနေတာကို"

"ဒီဒဏ်ရာလောက်နဲ့ ကျွန်မ မသေနိုင်သေးဘူးဆိုတာ ရှင်သိ င် အခုချက်ချင်း ကျွန်မလက်ကိုလွှတ်လိုက်ပါ"

"မမ"

"ကျွန်တော်. . . ကျွန်တော်ပြုမိတဲ့အမှားအတွက် တောင်းပန်ပါ ယ်။ ဆေးကုပေးချင်လို့လိုက်ခဲ့ပါ. . . မိုးသက်ငြိမ်"

"မလိုပါဘူး"

သူမက ကျွန်တော့်လက်ကို ဖျတ်ခနဲဖြုတ်ချလိုက်ပြီး ခပ်မှန်မှန် သွမ်းဟိုဖြင့် ဆိုင်ထဲမှထွက်သွားလေ၏။ ဖူးငုံမျက်နှာထက်မှာ အံ့သြ ကြ အထင်းသား။

"ကိုကို. . . ကိုကို၊ သူ့ကိုသိနေတယ်ဟုတ်လား"

ကျွန်တော်က ဖူးငုံမေးနေသည်ကိုမဖြေမိဘဲ သူမနောက်ကျော ာ တစိုက်မတ်မတ်ငေးကြည့်နေမိသည်။

"ကိုကို"

"ဖူး. . . အဲဒါ ကိုယ့်ရဲ့အသက်ပဲ"

"ဘာရယ်"



www.burmeseclassic.com

www.burmeseclassic.com



"လာ. . . ကိုယ်, ဖူးကို Taxi ပေါ် တင်ပေးလိုက်မယ်"

"ကိုကို့က. . . ကိုကိုက သူနောက်ကိုလိုက်သွားမလို့လား"

"ကျွတ်. . . မဟုတ်ပါဘူး ဖူးရဲ့။ သူက နဂိုကတည်းက ဆေး
ဆေးခန်းတို့ ဆရာဝန်တို့ဆိုတာတွေနဲ့ ခပ်ကင်းကင်းနေနေတဲ့ဟာကို"

ကျွန်တော် ဆိုင်ရှေ့မှာပင် Taxi တစ်စီးကိုတား၍ ဖူးငုံကိုတင်
ပေးလိုက်၏။ ထို့နောက် Hand Phone နံပါတ်တွေကို ခပ်မြန်မြန်
နှိပ်လိုက်ပါသည်။

"တူ. . . တူ"

"ဟဲလို. . . ဥာဏ်လား။ ပြော"

"အနှင်း. . . အိမ်ကထွက်လာနေပြီလား"

"အင်း"

"ဒါဆို ဆေးခန်းကိုမလာနဲ့ဦး။ နှင် (---)လမ်းကို အရင်ဝင်
လိုက်ပါ"

"ဘာဖြစ်လို့လဲ"

"သူ. . . သူ. . . ကျောမှာ အပူလောင်သွားတယ်"

"ဘယ်သူလဲဟဲ့။ ရှင်းရှင်းပြောပါ ဥာဏ်ရဲ့"

"ငါ့ရဲ့အသက်"

"ဘာ!"

"အဲဒါ နှင်သွားကူပေးပါ အနှင်းရယ်။ ငါတောင်းပန်ပါတယ်"

"ဥာဏ်. . . ဒါနင်တမင်လုပ်လိုက်တာ မဟုတ်လား။ ငါသိတ
နော်။ နှင်တို့မဆုံဖြစ်တာ ကံကြမ္မာမှာပဲ အပြစ်ရှိတာပါ။ မမနဲ့မဆိုင်
နှင်အပြုံးကြီးလှချည်လား. . . ဥာဏ်ရဲ့"

"မဟုတ်ပါဘူး အနှင်းရာ။ တကယ့်ကို မတော်တဆပါ"

အနှင်းဖုန်းပိတ်သွားတော့မှ ကျွန်တော်ကားပေါ်တက်၍ ဆေး
ထွက်လာခဲ့သည်။ အသက်, မောင်. . . မောင် တမင်လုပ်လိုက်
မဟုတ်ပါဘူး။ ဒါကို အသက်ယုံအောင် ဘယ်လိုရှင်းပြရမှာလဲကွာ





Taxi ပေါ်မှ ဆင်းလိုက်စဉ်မှာပင် ခြံထဲသို့ နောက်ထပ်ကားတစ်
စီး လိုက်ဝင်လာလေ၏။ ကျွန်မငေးနေစဉ်မှာ ကားပေါ်မှ နှင်းဝေလွင်
ဆင်းလာသည်။

"မမ"

"နှင်း. . . ဘယ်ကလှည့်လာတာလဲ။ ဆေးခန်းမသွားဘူးလား"

"သွားမှာပါမမရဲ့။ အခု မမကိုအရင်လာဝင်ကြည့်တာ။ ကျောမှာ
အပူလောင်သွားတယ်ဆို။ အိမ်ပေါ်တက်ကြမယ်နော်"

"နေပါဦး။ ဒီအကြောင်း နှင်းကို ဘယ်သူပြောလိုက်လို့သိလာ
တာလဲ"

"ဥာဏ်ပေါ့"

"နှင်းသူငယ်ချင်းကိုပြောလိုက်ပါ။ ကျွန်မကို ဒီထက်ပြင်းထန်
တဲ့လက်စားချေမှုနဲ့ လုပ်ကြပါလို့။ ဒီလောက်လေးနဲ့ ကျွန်မအသက်
မသေနိုင်သေးပါဘူး"

"အနှင်းလည်း ဥာဏ်ကိုစိတ်ဆိုးပြီး ဖုန်းထဲကပြောခဲ့တယ် မမ
ရဲ့။ အနှင်းကို ဥာဏ်သူငယ်ချင်းဆိုတာထက် ဖေဖေ့သမီးအနေနဲ့တော့
မမလက်ခံပေးပါ"

"ဒါကို ကျွန်မ နားလည်ပါတယ်နှင်းရဲ့။ နေပါစေ"

"အနှင်း. . . နည်းနည်းတော့ကြည့်ပါရစေ မမရယ်။ ဆေးလူး
ရုံပဲဆိုရင် အနှင်းမှာ ဆေးဘူးပါလာတယ်။ လာပါ. . ."

နှင်းဝေလွင်က ကျွန်မလက်ကိုဆွဲခေါ်လိုက်သဖြင့် အိမ်လေးရှိ
ရာသို့ အတူတက်လာခဲ့သည်။ အိမ်ထဲသို့ရောက်တော့ ကျွန်မက အခန်း
တံခါးဖွင့်ရန် တွန့်ဆုတ်နေမိ၏။ အို. . . အခန်းထဲမှာရှိနေသည့် သူ့ပုံတူ
ကို နှင်းကိုမမြင်စေချင်ပါဘူး။

"မမ. . . ခုတင်ပေါ် မှောက်ခုံလှဲပြီးမှ ကြည့်လို့ရမှာနော်။ ဘာ
ဖြစ်လို့လဲ"

"နှင်း. . . ကျွန်မ"



www.burmeseclassic.com

www.burmeseclassic.com



"အနှင်းကို မမ မယုံဘူးလား၊ အနှင်းက ဖေဖေ့သမီးပါ မမရဲ့။ သူတစ်ပါးမသိစေချင်တာကို လိုက်ဖွမယ့်လူမျိုးမှမဟုတ်တာ။ မမကို အနှင်းနားလည်ပါတယ်"

"ကျွန်မကို ကတိပေးပါ... နှင်းရယ်။ ကျွန်မနဲ့ပတ်သက်ပြီး ကောင်းခြင်းဆိုးခြင်းမှန်သမျှကို သူ့နားမှာ မပေါက်ကြားပါစေနဲ့။ ကျွန်မ သေသွားမှသာ သူ့ကျေနပ်ဝမ်းမြောက်ဖို့ပြောလိုက်ပါ"

"အို... မမရယ်၊ မဟုတ်တာ"

ကျွန်မ အိပ်ခန်းတံခါးကိုဖွင့်လိုက်တော့ အနှင်းထံမှ အာမေဋိတ် သံသဲ့သဲ့မှ ကြားလိုက်ရလေသည်။

"တွေ့လိုက်တာ၊ တကယ့် ဉာဏအစစ်ရုပ်ကြည့်နေသလိုပဲ"

"နှင်း... ကတိတည်ပါနော်"

"စိတ်ချပါ မမရယ်။ သူလည်း သူ့လမ်းသူဆက်လျှောက်မယ့် သူပဲ၊ ကဲ... အကျီချွတ်လိုက်နော်၊ မမ"

ကျွန်မမျက်နှာရဲရဲဖြင့်ပင် အပေါ်အကျီကိုချွတ်လိုက်ရ၏။ အနှင်းက ကျွန်မကျောပြင်ကို သေချာဆေးလူးပေးပါသည်။

"တော်သေးတာပေါ့။ ကော်ဖီက အရမ်းအပူကြီးမဟုတ်လို့။ တစ်ပတ်လောက်တော့ ဆေးလူးပေးမှဖြစ်မှာ၊ အနှင်း မနက်တစ်ခေါက် ညနေတစ်ခေါက် ဝင်ခဲ့မယ်သိလား"

"နေပါစေ... နှင်းရယ်၊ အားနာစရာကြီး။ နှင်းပင်ပန်းပါတယ်"

"ဩော်... မမကလည်း အနှင်းတို့က သူစိမ်းတွေမှမဟုတ်တာ။ ညီအစ်မတွေပဲဟာ။ ဟိုတစ်နေ့တုန်းက ကိုဦးနဲ့တောင် ဆုံသေးတယ်။ မမပြင်တတ်ဆင်တတ်လာလို့သဘောကျပေမယ့် သူစိတ်ပူတယ်တဲ့၊ သိလား... လူပျိုကြီးတော့ ရင်တွေ စခုန်တတ်နေပြီ"

"ဟယ်... နှင်းကလည်း၊ ပေါက်ကရ"

"ဟုတ်တယ် မမရဲ့။ အနှင်းတို့မိသားစုနဲ့ ကိုဦးတို့မိသားစုက အရမ်းရင်းနှီးကြတာ၊ အစစအရာရာ ပွင့်ပွင့်လင်းလင်းပဲ၊ ကိုဦး မမ





အပေါ်မရိုးတာ အနှင်းသိတယ်။ ဖေဖေလည်းရိပ်မိပုံပဲ"

"အဲဒီ ကိုဦးကတော့လေ... ကျွန်မ သူ့ကို ဂျပန်သွားခါနီးက အဲပြတ်ပြောထားပြီးသားပါ... နှင်းရဲ့"

"ဒါကတော့ ယောကျ်ားတို့ရဲ့ သေကာမှလျှော့စမြဲကိုး မမရဲ့။ နားလည်ပေးလိုက်ပါနော်"

"မလည်ချင်ပါဘူး"

ကျွန်မက ရုပ်အကျီပွပွတစ်ထည်ကိုဝတ်လိုက်ရင်း ခုတင်ပေါ်မှ ဆင်းရပ်လိုက်သည်။

"နှင်းတို့ Wedding ဘယ်တော့လောက် လုပ်ဖြစ်မလဲ"

"December လောက်ဖြစ်မယ်ထင်တယ်။ အနှင်းက မယူချင်သေးပါဘူး။ အဲဒီဝေယံက တပူပူတဂျီဂျီလုပ်နေလို့ ခေါင်းညိတ်လိုက်ရတာ"

"ဝေယံက စိတ်သဘောထားဖြူပါတယ်နှင်းရဲ့။ ပျော်ပျော်လည်း နေတတ်တော့ နှင်းတို့အိမ်ထောင်ရေးသာယာမှာပါ"

"မမက အကောင်းမြင်ပေးတယ်နော်။ အနှင်းတို့အုပ်စုထဲမှာ မမနဲ့ဉာဏကိုသဘာမတူဆုံးက ဝေယံပဲ မမရဲ့။ သူက ကန့်ကွက်မှု အပြင်းထန်ဆုံး"

"ကျွန်မ သိပါတယ်။ အင်းပေါ့လေ... သူတို့က သူငယ်ချင်းတွေကိုး"

ကျွန်မက မောင့်ပုံတူကိုငေးကြည့်ရင်း မျက်ရည်တို့ ဝေ့ဝဲတက်လာလေသည်။

"မမရယ်... ဉာဏ, မမကိုသိပ်ချစ်တာ အနှင်းတို့အားလုံးသိတယ်။ မလိုတမာနဲ့ သွေးထိုးခဲ့ကြပေမယ့် တကယ်တမ်း မမတို့နှစ်ယောက် လမ်းခွဲတော့ တစ်ယောက်မှဝမ်းမသာနိုင်ကြတာအမှန်ပဲ။ အနှင်းဆို မျက်ရည်တောင်ကျတာ။ ဉာဏဆိုတာ တစ်လတိတိ အခန်းထဲ ပိတ်နေတဲ့အထိပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ဖူးစာပေါ့ နှင်းရယ်။ ရေစက်က ဒီမှာတင် ဆုံးသွားလေတော့ မမ တိခနဲဖြတ်ပစ်လိုက်တာပါ"

"ညာဏက မမနဲ့ပဲလက်တွဲဖို့ ရဲရဲကြီးဆုံးဖြတ်ထားတာ မမရဲ့။ မမ ဒီလိုလုပ်လိုက်တော့ သူ့မှာ အရှုံးတစ်ပိုင်းပဲ ခံစားခဲ့ရတာ။ အနှင်းတို့တစ်အုပ်စုလုံး သူ့ကိုဝိုင်းသနားလိုက်ရတာ အရမ်းပဲ"

"အခု သူ ပျော်နေပါတယ် နှင်းရယ်"

"ထင်လားမမရဲ့။ အဲဒီဖူးငုံနဲ့ ညာဏက ဆေးခန်းကိုလာရင်း ဆုံခဲ့တာ။ ဖူးငုံက အခု အနှင်းတို့ဆေးခန်းကြီးကိုပိုင်တဲ့ အန်ကယ် ဦး မိုးမြင့်ရဲ့ တစ်ဦးတည်းသောသမီးလေ။ သူလည်း ဒုတိယလှဲ့ဝါသဘော မျိုးပါပဲ။ သူ့အဖေက အရမ်းအလိုလိုက်ထားတော့ မနိုင်ဘူး။ အနှင်း တို့လည်း ညာဏကို စိတ်ပြေလက်ပျောက်တွဲစေချင်ရင်းနဲ့ တွဲဖြစ်သွား တာ။ ဖူးငုံကို ညာဏမချစ်တာလည်း တစ်အုပ်စုလုံးသိတယ်"

"ဒါတော့ ကျွန်မလည်း မတတ်နိုင်ဘူးနှင်းရဲ့။ ကျွန်မက ရင်နဲ့ ရင်းပြီး သူ့ကိုစွန့်လွှတ်ခဲ့ရတဲ့သူပါ။ နှင်းစဉ်းစားကြည့်ပေါ့။ ဒီပန်းချီဆွဲ တဲ့လက်တွေက ယောကျ်ားတစ်ယောက်ကို ကြင်နာယုယမှု မပေးနိုင် ဘူးလား။ အသက်လေးနှစ်ကွာရုံနဲ့ ကိုယ့်အိမ်ထောင်ဦးစီးကို မရှိသေနိုင် တော့ဘူးလား။ ကျွန်မ မာနကြီးတာမှန်ပါတယ်။ ဒါပေမဲ့. . . ကိုယ့်အိမ် ထောင်ရှင်ကို စိုးမိုးချယ်လှယ်အုပ်စိုးမယ့် မိန်းမကြမ်းကြီးမဟုတ်တာ တော့ သေချာပါတယ် နှင်းရယ်"

"မမ. . . မမပြောတဲ့သဘောက မမကို ညာဏမိဘတွေကများ"

ကျွန်မမျက်ဝန်းမှ မျက်ရည်တစ်ပေါက်ကျသွားသည်ကို လက် ဖြင့် ခပ်ကြမ်းကြမ်းသုတ်လိုက်မိသည်။ ဝမ်းနည်းရှိုက်က တဖြည်းဖြည်း မြင့်တက်လာလေ၏။

"ကျွန်မက တွယ်ရာမဲ့ပါ နှင်းရဲ့။ ကျွန်မဘဝမှာ မောင်. . . မောင်သာ တစ်ယောက်တည်းရှိခဲ့တာပါ။ ကျွန်မ. မောင့်ကိုသိပ်ချစ် တယ်။ ဒါက ကျွန်မ နောက်ဆုံးထွက်သက်အထိ ရှေ့ဆက်သွားမယ့်တ





ခွန်းတည်းသောစကားပါပဲ။ ကျွန်မတို့ကြားမှာထားရှိတဲ့ သံယောဇဉ်ကြိုး ဟာ မောင်ဆိုရင် အဲဒီကြိုးဟာ ကျွန်မလက်လှမ်းမမီနိုင်တဲ့နေရာမှာပဲ ရှိနေတာအမှန်ပါ နှင်းရယ်"

"မမရယ်"

နှင်းဝေလွင်က စိတ်မနိုင်တော့ဘဲ ကျွန်မခါးကိုသိုင်းဖက်လိုက် ရင်း ငိုရှိုက်လိုက်လေ၏။

"နှင်းကတိတည်ပါ။ ဒီအကြောင်းတွေကို သူ ဘယ်တော့မှမသိ ပါစေနဲ့။ ကျွန်မကိုသနားရင်"

"အနှင်း သိပါတယ်။ စိတ်ချပါမမရဲ့"

"နှင်းပြန်တော့လေ။ duty ချိန် နောက်ကျနေဦးမယ်"

"ဒါဖြင့် အနှင်းသွားပြီနော်"

နှင်းဝေလွင်ကို အိမ်တံခါးဝအထိ လိုက်ပို့ပေးလိုက်ပြီး တံခါးကို ဆောင့်ထားလိုက်သည်။ နှင်းရယ် တစ်ချိန်က နှင်းပြောခဲ့တဲ့ရင်ဖွင့်ဖော်ဆို တာ ဒါကိုပြောတာထင်ပါရဲ့။

ပြတင်းပေါက်ဘေးရှိ စတန်းပေါ်က ဘုတ်အသစ်ပေါ်မှာ စုတ် ချက်ကို စတင်မိတော့ မျက်လုံးတစ်စုံက ပီပြင်စွာပေါ်လာ၏။ တစ်လုံး က ကြင်နာရိပ်သန်းနေသည့်မျက်ဝန်း။ နောက်တစ်လုံးက ငြိုးမာန်ဖွဲ့ နေသည့် အမုန်းမျက်ဝန်း။ အရောင်ကို စိတ်ကြိုက်ထည့်သွင်းပြီးမှ အောက်ခြေမှာ ကားနာမည်ကို 'ဒွန်' ဟုရေးလိုက်မိသည်။ လောကကြီး ဟာ ဆန့်ကျင်ဘက်တွေနဲ့ ပြည့်နှက်နေတာမှန်ရင် မောင်ဖြစ်စေချင် သလို ကျွန်မနေပေးပါ့မယ်ကွယ်။



www.burmeseclassic.com

www.burmeseclassic.com





အချစ်ဆိုတာ

ကိုယ့်စိတ်ကို

ကိုယ်ပြန်ညှာနေမိတတ်တဲ့

ထူးဆန်းတဲ့အရာတစ်ခုပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၀ )

မီးပွိုင့်မှမီးနီကြောင့် ကျွန်တော် ကားကိုဘရိတ်နင်းလိုက်ရင်း အကြည့်က ဘေးမှာယှဉ်ရပ်လိုက်သည့်ကားပေါ်ကို ရောက်သွား၏။

ဘုရားရေ! သူမပါလား။ သူမက နံဘေးမှာရှိနေသည့်ကိုဦးနှင့် စကားပြောဆိုနေရင်း သဘောတကျရယ်မောလိုက်လေသည်။ ကျွန်တော် ဒေါင်ခနဲဒေါသထွက်လာ၏။ ကျွန်တော်မှာတော့ သူမနှင့်လမ်းခွဲပြီး ကတည်းက အပျော်ဆိုတာ မရှိသလောက်ရှားပါးနေခဲ့ရပြီ။ လေမလို ပ်သွားသည့်စိတ်ကို ချုန်းအုပ်ပြီး အလုပ်ထဲမှာနစ်ထားခဲ့ရတာ ဘယ် လောက်တောင်မှကြာနေပြီလဲ။ သူမကတော့ ပြုံးပျော်နိုင်ဆဲ။

"တောက်. . ."

ကျွန်တော့်တက်ခေါက်သံကြောင့် သူမက တစ်ဖက်ကားပေါ်မှ ရုတ်ခနဲလှည့်ကြည့်လာသဖြင့် ကျွန်တော် အံကိုကျိတ်လိုက်ပြီး မျက်နှာ လွှဲလိုက်သည်။ သူမမျက်နှာထက်မှ မဲ့ပြုံးတစ်ခုကို မြင်ဖြစ်အောင် မြင်



www.burmeseclassic.com

www.burmeseclassic.com



လိုက်၏။ တော်တော်မျက်နှာပြောင်တဲ့မိန်းမ၊ အသည်းမျှားတဲ့မိန်းမ ဒေါသဖြင့်ရေရွတ်ရင်း ပွိုင့်စိမ်းသွားသဖြင့် ကားစက်ကိုနှိုးလိုက်စဉ် သူမ စီးလာသည့်ကားက (------)လမ်းထဲသို့ ချိုးကွေ့သွားတော့သည်။

ဗုဒ္ဓေါ. . . အဲဒါ ဖွားငုံ့တို့နေတဲ့လမ်းပါလား။ သူမ ဘယ်ကိုများ သွားတာပါလိမ့်၊ ကျွန်တော်သိချင်လာပြန်၏။

ဆေးခန်းဘေး ကားပါကင်မှာ ကားကိုထိုးရပ်လိုက်၏။ ကားပေါ်မှဆင်း၍ တံခါးကိုခပ်ကြမ်းကြမ်းပြန်ပိတ်လိုက်သဖြင့် အသံကျယ်ကျယ် မြည်သွားရသည်။ ဆေးခန်းကြီးပေါ်သို့ ခြေလှမ်းမှန်မှန်ဖြင့်တက်လာပြီး နားနေခန်းထဲဝင်ခဲ့၏။ အနှင်းက ပြတင်းတံခါးဘက် မျက်နှာမူနေရာမှပင်ပြောလိုက်သည်။

"ဆရာဝန်ဆိုတာ. . . သူ့မျက်နှာကိုမြင်လိုက်ရတာနဲ့ လူနာရဲ့ ရောဂါတစ်ဝက် ပျောက်ကင်းနိုင်တဲ့ကြင်နာမှုမျိုး မျက်နှာမှာ ပေါ်လွင်နေရတယ်"

"နေပါဦး. . . ငါက ဘာဖြစ်နေလို့လဲ"

"နင့်မျက်နှာ နင် မှန်ထဲပြန်ကြည့်ပါလား။ လူနာက နင့်မျက်နှာ မြင်တာနဲ့ ဗိုင်းခနဲလဲသေချင်စိတ်ပေါက်နေမှာ သေချာတယ်"

ကျွန်တော် မသက်မသာပြုံးလိုက်တော့ သူငယ်ချင်းတွေက တီးတိုးရယ်မောလိုက်ကြ၏။ ကျောင်းပြီးကတည်းက ရန်ကုန်မြို့တွင်းရှိ ဆေးရုံတွေမှာဖြန့်၍ တာဝန်ယူခဲ့ကြသည်။ ဒီဆေးခန်းကြီးမှာ အချိန်ပိုင်း တာဝန်ကိုအလှည့်ကျယူရင်း သူငယ်ချင်းတွေဆုံခဲ့ကြ၏။

အနှင်းက OG၊ ဝေယံက ကလေးအထူးကု၊ မိုးထက်က ဦးနှောက်နှင့်အာရုံကြော၊ မြတ်သွေးက နှလုံးနှင့် ကျွန်တော်က မျက်စီအထူးကုစသည်ဖြင့် လိုင်းတွေခွဲယူခဲ့ကြ၏။ လှဲ့ဝါကတော့ မိသားစုနှင့်အတူ နိုင်ငံခြားသို့ထွက်ခွာသွားလေပြီ။ ကျွန်တော်က ထိုင်ခုံမှာဝင်ထိုင်ရင်း သက်ပြင်းကို ခပ်လေးလေးချလိုက်ပါ၏။

"ဘာဖြစ်လာပြန်တာလဲ"





"ဟင့်အင်း. . . ဘာမှမဖြစ်ပါဘူး"

"ဘာမှမဖြစ်ဘူးသာဆိုတယ်။ မင်းပုံစံက လွန်ခဲ့တဲ့ခြောက်နှစ်တုန်းက ဆေးကျောင်းသား ဉာဏပုံဖြစ်နေတယ်"

"ဟုတ်လား"

ကျွန်တော် သဘောတကျဖြင့်ရယ်လိုက်မိ၏။

အနှင်းက ကျွန်တော့်ဘေးခုံမှာ ဝင်ထိုင်လိုက်သည်။

"သူဘယ်လိုနေလဲ အနှင်း"

"တွေ့လား၊ အစမရှိအဆုံးမရှိပြောချလိုက်ပြန်ပြီ။ ငါ ဦးနှေပါဦး မဟုတ်ဘူး ဉာဏရဲ့။ ဟွန်း. . . သူ့အကြောင်း နင်သိစရာ ဘာမှရှိမနေဘူး။ နှင်နဲ့ဘာမှမဆိုင်တော့တာကို"

"ငါ. . . ငါ သူ့ကို ခုလေးတင်ပဲတွေ့ခဲ့တာ"

"အဲဒါဘာဖြစ်လဲ။ တစ်မြေထဲနေနေတာ တွေ့ချင်တဲ့အခါ တွေ့မှာပဲ၊ စိတ်ကိုပြတ်သားမှာပေါ့"

"မဟုတ်သေးဘူးထင်တယ်။ ဒီနေ့ အနှင်းစကားတွေက ငါ့ကို တိုက်ခိုက်နေသလိုပါပဲလား။ ပြေးကြည့်မှ တို့သူငယ်ချင်းတွေ Sunday တစ်ရက်ပဲ ဒီမှာဆုံကြတာနော်။ ပြေပြေလည်လည်ပြောပါဟ"

"သူက ငါ့ကို စကားတစ်ခွန်းလက်ဆောင်ပါးလိုက်တယ် ဉာဏရဲ့"

"ဟင်. . . ဘာကိုလဲ"

ကျွန်တော် လှုပ်လှုပ်ရှားရှားဖြစ်သွားတော့ ဝေယံက မဲ့ပြုံးတစ်ချက်ပြုံးလိုက်သလို မိုးထက်က ကျွန်တော့်လက်မောင်းကို ဖျတ်ခနဲထိုးလိုက်လေ၏။

"ဒီလောက်နဲ့ သူ မသေနိုင်သေးဘူး။ တခြား ဒီ့ထက်ပြင်းထန်တဲ့တိုက်ခိုက်မှုမျိုးနဲ့ လုပ်ကြပါတဲ့"

"ဟာကွာ"

"ကောင်းတယ်၊ နည်းတော်နည်းသေးတယ်။ မင်းကွာ. . . ဟို



www.burmeseclassic.com

www.burmeseclassic.com



က မိန်းကလေးကွ။ မင်း ဒီလိုမိန်းမဆန်ဆန်လုပ်ရပ်တွေကို မလုပ်သင့်ဘူး''

"ငါမလုပ်ပါဘူးကွ၊ ဒါမတော်တဆတိုက်ဆိုင်မှုပါ။ ဝေယံနော်၊ မင်း အခုမှ အနှင်းနဲ့တစ်လေသံတည်း လိုက်ပြောမနေပါနဲ့"

"အံမာ. . . မင်းမွေးနေ့တုန်းက သူ့ကိုတမင်ပန်းပစ်တိုက်လိုက်တာ မျက်မြင်သက်သေပဲ ညာမနေနဲ့၊ မင်းနှုတ်က ဘယ်လိုပဲဖုံးပစ်မယ် ပြောပြော၊ မင်းနှလုံးသားထဲမှာ သူရှိနေတုန်းပဲ၊ ဝန်ခံလိုက်စမ်းပါ"

"အေးလေ. . . မမက သူ့အနုပညာအဖော်တွေနဲ့ တွဲထိုင်တာကိုတောင် မဒီတာမပွားနိုင်ဘဲ မနာလိုမရှုစိမ့်သဝန်တိုနေတာ သိသာလွန်းတယ်၊ နင် ကလေးမဟုတ်တော့ဘူး ညာထာ။ နင်ဒီလိုလုပ်နေလည်း မမက စိတ်ခုမှာမဟုတ်ဘူး။ နင့်ကိုသည်းခံခွင့်လွှတ်နေဦးမှာပဲ။ နင့်လုပ်ရပ်တွေ ရယ်တန်းကရပ်တော့။ မမကို ဒီ့ထက်ပိုပြီးမထိခိုက်စေချင်ဘူး။ သနားပါတယ်''

"မင်းတို့က ခုတော့ ငါ့ဘက်မှာမရှိတော့ပါလား''

ကျွန်တော်မျက်နှာကို လက်ဝါးဖြင့်အုပ်၍ ငြိမ်သက်သွားမိ၏။ မိုးထက်က ကျွန်တော့်ပခုံးကိုအသာပုတ်လိုက်သည်။

"ငါတို့က မင်းကိုအပြစ်ဖို့နေတာ မဟုတ်ပါဘူး ညာထာရာ။ လက်တွဲဖြုတ်ခဲ့ပြီးတဲ့လူတစ်ယောက်ကို ပတ်သက်ဆက်နွယ်မှုရှိမနေစေချင်တော့တာပါ။ အေး. . . သူ့ကိုသတိရတိုင်း ဖုဇုံကိုမြင်လာအောင် ကြည့်ဖို့မမေ့နဲ့၊ ဒီဆေးခန်းကြီးကိုပိုင်တာ ဘယ်သူလဲ။ ဒီတော့ မင်းဘာလုပ်သင့်သလဲဆိုတာကိုစဉ်းစား''

"ငါ့နှလုံးသားကို ငွေနဲ့ပေါက်ဝယ်လို့မရဘူးကွ''

"ကျွတ်. . . ပြောနေတဲ့ကြားက ထဖောက်လာပြန်ပြီ''

"မင်းတို့က ကိုယ်ချင်းမှမစာနာတတ်တာ။ ငါ. . . ငါ, သူ့ကို ဒီနေ့အထိမေ့လို့မရဘူး။ အဲဒါအမှန်ပဲ''

ကျွန်တော့် ဘယ်ဘက်လက်သူကြွယ်မှာ ဝတ်ထားသည့် ငွေ





လက်စွပ်လေးကို အသာပွတ်ပွတ်လေး ပွတ်သပ်လိုက်သည်။ သူငယ်ချင်းတွေက ဘာမှမပြောတော့ဘဲ အခန်းထဲမှ အသီးသီးထွက်ခွာသွားလေ၏။

အသက်ရယ် . . . မောင့်ချစ်ခြင်းတွေက ဘယ်တော့မှသေဆုံးပျောက်ကွယ်သွားမှာ မဟုတ်ဘူးဆိုတာကိုသိနိုင်ပါ့မလား။

ခြံကျယ်ကြီးထဲ ကားကိုချိုးကွေ့ဝင်လိုက်၏။ ရောက်နှအလယ်မှာဆောက်ထားသည့် ခြေတံရှည်သစ်သားအိမ်လေးကို လှမ်းကြည့်ရင်း ကျွန်မ ကြည်နူးစွာပြုံးလိုက်မိသည်။

"လှလိုက်တာ''

"လာလေ ညီမလေး၊ အဲဒီအိမ်ထဲမှာ အန်ကယ်စောင့်နေလိမ့်မယ်''

တခမ်းတနားဆောက်လုပ်ထားသည့်တိုက်အိမ်ကြီးကို တစ်ချက်မျှလှမ်းကြည့်လိုက်ပြီး သစ်သားတံတားလေးပေါ်မှတစ်ဆင့် အိမ်လေးဆီသို့ တဖြည်းဖြည်းလှမ်းခဲ့၏။

ဟင်းလင်းဖွင့်ထားသည့်တံခါးပေါက်မှ အိမ်ထဲဝင်လိုက်စဉ် ညှော်နံ့နေရာမှာ ရွှံ့စေးရုပ်ထုများက နေရာအပြည့်။ ကျွန်မသဘောတကျလှည့်ပတ်ကြည့်နေမိသည်။

ကြည့်ပါဦး. . . ဘယ်လောက်များ အသက်ဝင်လိုက်သည့်လက်ရာပါလဲ။

"မောင်ဦးပြောတာထက်တောင် ပိုပြီးများ ငယ်နေသလားလို့''

"သြော်. . . အန်ကယ်''

ကျွန်မ ဖျတ်ခနဲလှည့်ကြည့်လိုက်တော့ အတွင်းခန်းထဲမှထွက်လာသည့်လူကြီးတစ်ဦးကို မြင်လိုက်ရလေ၏။

"ကျွန်မ မိုးသက်ငြိမ်ပါ အန်ကယ်''



www.burmeseclassic.com

www.burmeseclassic.com



"တွေ့ရတာ ဝမ်းသာပါတယ်သမီး၊ ထိုင်ပါ"

"သူက လောကကို ဘေးတိုက်ကြည့်တဲ့လူစားမျိုး အန်ကယ်ရဲ့ ကျွန်တော်ပြောထားလို့သာ ဒီလိုပြင်ပြင်ဆင်ဆင်လေးမြင်ရတာ"

"အဲဒီကိုဦးကတော့ ပြောတော့မယ်"

"အန်ကယ်ကတော့ အဲဒီစရိုက်မျိုးကိုကြိုက်တယ်။ Self-control တွေက ဒီလိုပဲ။ ဒါမှ ကိုယ့်စိတ်ကို လွတ်လပ်စွာထားပြီး ရှုသန့်ခွင့်ရတာ။ အန်ကယ်ဆို စီးပွားရေးတွေပဲ ကျုံးလုပ်နေရတော့ အရမ်းကို စိတ်ကျဉ်းကျပ်ရတာပဲ။ ဒါကြောင့် ကိုယ်နှစ်သက်တဲ့အလုပ်ကို ဒီလိုအခါမျိုးမှာ စိတ်နှစ်ပြီးလုပ်ခွင့်ရတာ။ အန်ကယ်က သမီးဘဝကို ပိုနှစ်သက်တယ်။ ဒီလမ်းကြောင်းပေါ်မှာပဲ ရပ်တည်ခွင့်ရတာ ဘယ်လောက်စိတ်ကြည်နူးစရာကောင်းလိုက်သလဲ"

"ဘဝကိုတင်းတိမ်ရောင့်ရဲနိုင်ရင် ကိုယ်နေချင်တဲ့ပုံစံနဲ့ အံဝင်ခွင်ကျ ရပ်တည်ရှင်သန်ခွင့်ရမှာပါ အန်ကယ်။ ကျွန်မက အဲဒီထဲစိတ်ရောက်သွားရင် လောကကိုမေ့သွားတတ်တယ်၊ ထမင်းမေ့ဟင်းမေ့ပဲ။ တစ်ခါတလေ ထမင်းမစားဖြစ်တဲ့နေ့တွေရှိတယ်။ ထိုင်ခုံပေါ်မှာ တ...ညှာင်းထိုင်ဆွဲတတ်လို့ ချိမလိုတောင်ဖြစ်တဲ့အထိပဲ"

"ဟုတ်တာပေါ့၊ မှန်လိုက်တာသမီးရယ်။ အန်ကယ်နဲ့ စိ...တ်တထပ်တည်းတူတဲ့မိန်းကလေးကို အခုမှတွေ့ဆုံခွင့်ရတာ ...မ်းသာစရာပဲ။ မောင်ဦးကို အန်ကယ်သိပ်ကျေးဇူးတင်တယ်။ တကယ်ပဲ"

ဦးမိုးမြင့်က ရေခဲသေတ္တာထဲမှ အအေးပုလင်းတွေကိုဖောက်၍ ပိုက်တပ်ပေးကာ စားပွဲထက်တင်လိုက်၏။ ထို့နောက် အာလူးကြော် အထုပ်ကြီးနှစ်ထုပ်ကိုဖောက်၍ ပန်းကန်ပြားထဲထည့်ကာ ညှော်ခံလေသည်။

"ဖူးဖူးက ဘာမှဝါသနာမပါဘူးလား အန်ကယ်"

"ဟင်း. . . မပြောချင်ပါဘူး မောင်ဦးရယ်။ သမီးက ဘဝကိုခပ်ပေါ့ပေါ့ပဲတွေးတတ်တယ်။ အချိန်တန် အဖေ့ဆီမှာ လက်ဖြန့်ဖို့ပဲတတ်





တာ၊ ကျောင်းစာထဲ စိတ်ဝင်စားလို့တော်သေးတယ်။ မဟုတ်ရင် မလွယ်ပါဘူး"

"ငယ်သေးတာကိုး အန်ကယ်ရယ်"

"ဟင်းဟင်း. . . သမီးက ဖော့တွေးပေးတာကို၊ သမီးဆို (၁၆) နှစ်သမီးကတည်းက ရင့်ကျက်ခဲ့တာလေ။ အန်ကယ့်သမီးက အခုပဲ Second Year ရောက်နေပြီ။ ခေါင်းထဲမှာ ကလေးအတွေးပဲရှိတယ်။ ဒီတော့ ရှေ့ခရီးကို သူဘယ်လိုဆက်လျှောက်မလဲဆိုတာ တွေးမိရင် အန်ကယ်တော်တော်ရင်လေးမိတာ"

"ပြည့်စုံတဲ့ဘဝမှာ ရှင်သန်ခွင့်ရသူပဲအန်ကယ်ရယ်။ ဒီလောက်တော့ရှိမှာပေါ့။ အချိန်တန် အိမ်ထောင်ရက်သားကျသွားရင် သူ့အလိုလိုတည်ငြိမ်သွားမှာပါ"

"မထင်ပါဘူး မောင်ဦးရယ်။ အခု သမီးလက်ခံထားတဲ့ဆရာဝန်လေးရဲ့လောင်းရိပ်အောက်မှာ သူဘယ်အချိန်ထိနေနိုင်မှာတဲ့လဲ။ ဒါကိုတော့ လေးလေးနက်နက်ကြီးကိုစဉ်းစားရမှာ"

ကိုဦးက ကျွန်မကို ဖျတ်ခနဲလှမ်းကြည့်လိုက်သဖြင့် ဦးမိုးမြင့်က ကိုဦး၏အကြည့်ကို ရိပ်မိသွားလေ၏။

"ဘာဖြစ်လို့လဲ ကိုဦး၊ ဒေါက်တာမင်းညာဏကိုသိလို့လား"

"ကျွန်တော် မသိပါဘူး၊ ညီမလေးသိတာ"

"ဟုတ်လား သမီး"

"ကျွန်မနဲ့သိပ်မရင်းနှီးပါဘူး အန်ကယ်။ ဦးမင်းလွင်ရဲ့သမီး, နှင်းသလွင်နဲ့က Group တစ်ခုတည်းဆိုတော့ သိရုံတင်ပါ"

"ဒါဆို သူနဲ့တွဲခဲ့တဲ့ကောင်မလေးအကြောင်း သမီးသိမှာပေါ့"

"ရှင်"

ကျွန်မရင်ထဲမှာ ဒိန်းခနဲမြည်သွားသလို မျက်ယွင်းသွားသည့်မျက်နှာကို ချက်ချင်းပြင်လိုက်ရ၏။

"အန်ကယ်သိထားတာက သူ ပထမတွဲခဲ့တာ ဆရာဝန်မလေး



www.burmeseclassic.com

www.burmeseclassic.com



တစ်ယောက်ပဲ။ သူတို့ ဘာကြောင့်လက်မထပ်ဖြစ်တာလဲဆိုတာတော့ မသိဘူး။ အခု အဲဒီဆရာဝန်မလေးမိသားစုက နိုင်ငံခြားကိုပြောင်းသွားတယ်လို့ကြားတာပဲ။ သမီးကတော့ ဒီကောင်လေးကို တော်တော်စွဲစွဲလမ်းလမ်းချစ်ရှာတာ''

''ဟုတ်ကဲ့. . . ကျွန်မသိထားတာက အဲဒီဆရာဝန်မလေးကသာ သူ့ကိုတစ်ဖက်သတ်စိတ်ဝင်စားခဲ့တာပါ။ မိဘချင်းမြန်းတဲ့အဆင့်ထိ ရှိခဲ့တယ်လို့ကြားတာပဲ။ ကျန်တာတော့ သိပ်မသိပါဘူး''

''အင်း. . . အန်ကယ်တို့တွေ့ဆုံပွဲက ခေါင်းစဉ်လွဲနေပြီထင်တယ်။ ဘယ်ကနေဘယ်လို ဒီဆရာဝန်ဆီရောက်သွားတာပါလိမ့်''

ကျွန်မတို့ပြုံးလိုက်မိကြသည်။ သက်ပြင်းငွေ့ငွေ့ကို တိတ်တိတ်လေး နှိုးရှိုက်လိုက်မိ၏။

''တစ်ကိုယ်တော်ပွဲအတွက် သမီးပြင်ဆင်ပြီးပြီလား''

''ဟုတ်ကဲ့အန်ကယ်။ ဆွဲနေပါပြီ''

''ဒီပန်းပုကို ဘာဖြစ်လို့စိတ်ဝင်စားရတာလဲ။ အန်ကယ်ကတော့ သမီးကို လိုင်းမပြောင်းစေချင်ဘူး။ ဒါ စေတနာပါ''

ကျွန်မ စားပွဲထက်ရှိ မှန်ချပ်ပြင်ကို အချိန်တော်တော်ကြာသည် အထိ ငေးကြည့်နေရင်း ငိုင်သွား၏။

''အကြောင်းရှိလို့ပါ အန်ကယ်''

''အန်ကယ့်ကိုပြောပြနိုင်မလား''

''ဟုတ်ကဲ့''

လက်ထဲမှာဆုပ်ကိုင်ထားသည့် လက်ကိုင်ပဝါကို ကျစ်ကျစ်ပါအောင် ဆုပ်ထားမိ၏။ ရင်ထဲမှာ လှိုင်တက်လာသည့်ဝမ်းနည်းမှုကို အတင်းမျိုချပစ်လိုက်ရသည်။

''ရည်ရွယ်ချက်ကြီးကြီးမားမား ရှိနေလို့ပါ အန်ကယ်။ ဒီလိုပါ ကျွန်မ (၁၅)နှစ်အရွယ်မှာ မေမေမျက်စိကွယ်ခဲ့တယ်။ မျက်မမြင်ဒုက္ခကြမေမေဟာ သူဝါသနာပါခဲ့တဲ့ ပန်းချီပညာကိုဆက်လုပ်ခွင့်မရတော့ပေမယ့်





အရောင်တွေနဲ့ရင်းနှီးကျွမ်းဝင်ခဲ့လို့ ကျွန်မကို တော်တော်များများနှုတ်နဲ့ပဲ သင်ကြားပေးခဲ့တာပါ။ ဒီတော့ မေမေ့သမီးဖြစ်တဲ့ကျွန်မလည်း တစ်နေ့ ဒီလိုဖြစ်လာခဲ့ရင် ဘာလုပ်မလဲ. . . ဒါကို ကျွန်မစဉ်းစားခဲ့တယ်။ အရောင်တွေကို အမြင်နဲ့မကြည့်နိုင်တော့တဲ့အခါ အာရုံပြောင်းရတော့မှာ သေချာပြီ။ ကျွန်မအတွက် အချိန်သိပ်မကျန်တော့ဘူး အန်ကယ်။ အလွန်ဆုံး တစ်နှစ်ပဲ။ ဒါကြောင့် ပန်းချီကားတွေထဲ စိတ်နှစ်ထားသလို ဒီဘက်လမ်းကြောကို ပြောင်းယူချင်တာ''

''သမီးဆိုလိုတာက. . .''

''မျက်မမြင်ဘဝနဲ့ ပန်းပုပညာကိုတော့ လုပ်နိုင်ကောင်းရဲ့ဆိုပြီးတော့. . .''

''အို. . . ညီမလေးရယ်။ ညီမလေးနားမှာ မိတ်ဆွေစစ်တွေရှိနေပါသေးတယ်။ ဒါကိုမေ့မထားနဲ့လေ။ ဘယ်လိုကြီးပြောလိုက်တာလဲ''

''ကျွန်မကြောင့် သူတစ်ပါးကို ဝန်မပိစေချင်ဘူး ကိုဦးရဲ့။ အဲဒါ အမှန်ပဲ။ ကျွန်မကိုနားလည်ပါ''

''သမီးမေမေရဲ့မျက်စိက ကုသလို့မရတဲ့အထိ ကွယ်ခဲ့တာလား''

''ဟုတ်ပါတယ်''

''ဖြစ်မှဖြစ်ရလေ''

''ဒါပေမဲ့. . . ဒီခေတ်မှာ ဆေးဝါးတွေအစုံအလင်နဲ့''

''ဟင့်အင်း. . . ကျွန်မက မျက်စိကွယ်ခဲ့ရင် အဲဒီအကန်းဘဝနဲ့ ဘဝကိုအဆုံးသတ်ဖို့ ဆုံးဖြတ်ထားတယ်ကိုဦးရဲ့''

''ဘယ်လို''

တအံ့တသြနှင့် ကျွန်မကိုကြည့်လိုက်ကြသည့်အမျိုးသားနှစ်ဦးကို သွမ်းလျှော့ ပြုံးပြလိုက်ပါ၏။

''ဟုတ်တယ်အန်ကယ်. . . မေမေ့တုန်းက ကုသခွင့်မရခဲ့သလို ကျွန်မလည်း မကုတော့ဘူး။ မေမေ့ကို ကျွန်မသိပ်ချစ်တယ်။ မေမေဖြစ်ချင်တဲ့ဘဝကို ကျွန်မယူခဲ့ပြီးပြီ။ မေမေရစေချင်တဲ့အရာကိုလည်း



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မရခဲ့ပြီးပြီ။ ဒီတော့. . . မေမေနဲ့ထပ်တူဝေဒနာကို ဝေမျှခံစားနိုင်ဖို့ ကျွန်မပြင်ဆင်ရုံပဲရှိတော့တယ်''

''မဟုတ်သေးပါဘူး ညီမလေးရယ်''

''အန်ကယ်. . . ကျွန်မကိုသင်ပေးနိုင်မလားဟင်''

''ကောင်းပြီသမီး အန်ကယ် သင်ပေးမယ်၊ နောက်ပြီး သစ်သားနဲ့ထုတဲ့ပညာကိုပါ သင်ပေးမှာပါ။ အန်ကယ်ကတိပေးပါတယ်''

''ကျေးဇူးတင်လိုက်တာ အန်ကယ်ရယ်၊ ဒီစကားဟာ ကျွန်မရင်ထဲက လှိုက်လှိုက်လှဲလှဲပြောတဲ့စကားဆိုတာကိုယုံပါ''

''သမီးကို အန်ကယ်နားလည်ပါတယ်''

''ကိုယ်ကတော့ မထောက်ခံချင်တော့ဘူး၊ ညီမလေးရဲ့စကားတွေက ကိုယ့်ရင်ကိုအစိမ်းလိုက်ခွဲပစ်သလိုပဲ အံ့ချက်စေတယ်''

''ကျွန်မကြောင့် စိတ်မကောင်းဖြစ်သွားရရင် တောင်းပန်ပါတယ် ကိုဦးရယ်။ ကိုဦးဟာ ကျွန်မရဲ့အစ်ကိုပါပဲ''

''အဲဒီအစ်ကိုက ညီမတစ်ယောက်ကို ရိုးသားစွာစောင့်ရှောက်ပိုင်ခွင့်ရှိသင့်တာပေါ့''

''ကျွန်မ ကိုယ့်ခြေထောက်ပေါ်ပဲ ကိုယ်ရပ်တည်တတ်တာ ကိုဦးမမေ့နဲ့လေ''

''ညီမလေးကာလည်းကွာ''

''နောက်တစ်ခုက ကျွန်မ, မတွေ့ချင် မမြင်ချင်တဲ့မျက်နှာတွေကို မကြည့်ချင်တော့တာလည်းပါပါတယ်''

ဦးမိုးမြင့်မျက်ခုံးအစုံ မြင့်တက်သွားလေ၏။ ကြည့်စမ်း! ဒီကလေးမလေးရဲ့ရင်ထဲမှာ အစိုင်အခဲတွေပြည့်သိပ်နေတာပါပဲလား။ ဘဝရဲ့ဖိစီးမှုဒဏ်တွေကို ဘယ်အထိ ခါးစည်းခံခဲ့ရရှာသလဲ။

''ကျွန်မကို ပြန်ခွင့်ပြုပါဦး. . . အန်ကယ်''

''ကောင်းပြီသမီး၊ လာမယ့် Sunday ကစပြီး အန်ကယ့်သင်တန်း စကြတာပေါ့။ ဟုတ်ပြီလား''





''ဟုတ်ကဲ့''

အန်ကယ်ဦးမိုးမြင့်ကိုနှုတ်ဆက်၍ ကိုဦးနှင့်အတူ ပြန်ခဲ့လေ၏။

မောင်ရယ်. . . ကျွန်မမျက်နှာကို တစ်ခဏမြင်တွေ့ရုံနဲ့ မောင်ဒီလောက်ထိ ပူလောင်နေရတာကို မကြည့်ရက်ပါဘူး၊ ကျွန်မ, မောင်နဲ့မတွေ့မိအောင် အတတ်နိုင်ဆုံးရှောင်ပါ့မယ်လေ။



www.burmeseclassic.com

www.burmeseclassic.com



အချစ်ကြောင့်

လူတွေပြုံးပျော်ကြတယ်။

အချစ်ကြောင့်ပဲ

လူတွေငိုကြွေးကြတယ်။

အဲဒီအချစ်ကြောင့်ပဲ

လူတွေနာကြည်းမုန်းတီးကြတယ်။

အခန်း ( ၃၁ )

"တစ်ကိုယ်တော်ပွဲအတွက်ကိုတော့ အတတ်နိုင်ဆုံး ပြီးအောင် ပ်ပါ သမီးရယ်"

"လေးလေးကလည်း ကိုဦးဆီက သတင်းပြန်ကြားတာနဲ့ စိုးရိမ် တွေ ပိုနေပါရောလား"

"မပိုဘဲနေမလားသမီးရယ်၊ အန်တီတို့က သမီးကိုငယ်ငယ်လေး ည်းက အချစ်ပိုခဲ့တာကိုသိရဲ့သားနဲ့"

"အနုင်းက ပိုပြီးစိုးရိမ်တာပေါ့။ မမမှာ ကူဖော်လောင်ဖက်ဆို တစ်ယောက်မှရှိမနေဘဲနဲ့"

"ဩော်. . . နှင်းရယ်။ လူဆိုတာ သေတစ်နေ့မွေးတစ်နေ့ပဲဟာ။ ကို ဘယ်သူက လွန်ဆန်လို့ရလို့လဲ"

"ကြည့်. . . တွေ့လား။ ပြောနေရင်းနဲ့ကို ထပ်ပြောနေပြန်ပြီ"

ကျွန်မ မသိမသာပြုံးလိုက်မိ၏။ ထမင်းဝိုင်းက စိုစိုပြည်ပြည်



www.burmeseclassic.com

www.burmeseclassic.com



လေးနှင့် စားမြိန်ပါသည်။

"ဒေါက်တာကျော်ခေါင် ဟိုတလောက ဖုန်းဆက်တယ်သမီးရဲ့၊ သမီးအခြေအနေတွေလည်းမေးတယ်။ ပြီးတော့ နောက်သုံးလေးလကြာ ရင် သူတို့ပြန်လာမယ်လို့ပြောတာပဲ"

"ကျေးဇူးပြု၍ ကျွန်မအကြောင်းတွေကိုတော့ ဘယ်သူမှမသိပါ စေနဲ့ လေးလေးရယ်။ ဒီအကြောင်းတွေသိကုန်ရင် ကျွန်မ ဒီမှာမနေတော့ ဘူး။ ဖြစ်ချင်ရာဖြစ်၊ တစ်နေရာကိုထွက်သွားမှာ"

"ထွက်သွားစရာလားမမရဲ့။ အနှင်းတို့အိမ်မှာ လာနေပေါ့"

"နှင်းက အိမ်ထောင်ပြုတော့မှာလေ"

"ဘာဖြစ်လဲ၊ အနှင်းကိုယ်စား မမ ဒီမှာလာနေပေါ့။ အနှင်းတို့ လည်း ဒီအိမ်တစ်လှည့်၊ ဟိုအိမ်တစ်လှည့် နေ့နေမှာပဲဟာ"

"နှင်းအိမ်မှာ လာနေတော့. . . သူတို့နဲ့မဆုံဘဲနေမလား နှင်းရဲ့ စဉ်းစားပြီးပြောပါဦး"

"ဩော်. . . အဲဒီတော့လည်း နှင် ငါ့အိမ်ကို ဒီတစ်သက် လာ စရာမလိုဘူးလို့ အပြတ်ပြောလိုက်ရုံပဲ။ လွယ်လွယ်လေး"

"ဟယ်. . . သမီးကလည်း"

"အနှင်းက မမကို အရုံလုပ်စေချင်တာ"

"အာ. . . ဘယ်ဖြစ်မှာလဲ"

"မမကလည်း အားလုံးက လုံ့ဝါကို လျှာထား ဘာ။ အနှင်း သိပ်မရင်းနှီးတဲ့သူမျိုးလည်း မလုပ်စေချင်ပါဘူး။ ဘာဖြစ်လဲ. . . မမက အနှင်းအစ်မပဲဟာကို"

"သူတို့စုံတွဲကိုပဲ ထည့်လိုက်ပါ နှင်းရယ်။ ကျွန်မ အေးအေးပဲနေ ပါရစေ"

"အဲဒီဖူးဖူးကို အနှင်းတို့ကြည့်မရဘူးမမရဲ့"

"လုပ်ပြန်ပြီ။ Second မိုးသက်ငြိမ် မဖြစ်ပါစေနဲ့. . . နှင်းရယ်"

"ဉာဏက မမကို ဒီနေ့အထိ မမေ့နိုင်သေးဘူး"





"နှင်းရယ်။ ကျေးဇူးပြုပြီး အနာဟောင်းကို မဆွပါနဲ့လား"

ထမင်းစားပြီးတော့ အန်တီခင်တိုက်သည့် သစ်သီးဖျော်ရည်ကို ကုန်အောင်သောက်ပြီးမှ ကျွန်မ ထပြန်ဖြစ်၏။ မြို့ထဲမှာ စာအုပ်ဝယ်ရန် စိတ်ကူးဖြင့် Taxi ကိုတား၍ စီးလာခဲ့သည်။ သိမ်ကြီးဈေးမှာပင် ဈေး အရင်ဝယ်ရန်ဆင်းကာ လမ်းလျှောက်ခဲ့၏။ ကျွန်မရှေ့မှာ ဈေးခြင်းတောင်း မနိုင်မနင်းဖြစ်နေသည့်အမျိုးသမီးကြီးကိုမြင်နေရ၍ ကူညီချင်စိတ်ကြောင့် ခြေလှမ်းကိုခပ်သွက်သွက်လှမ်းလိုက်စဉ် ထိုအမျိုးသမီးကြီးက လမ်း လျှောက်နေရာမှ ပုံလဲကျသွားသဖြင့် ကျွန်မအမြန်ပြေးတွဲလိုက်ရသည်။

"အင်း. . . ဟင်းဟင်း. . . မူးလိုက်တာ"

"အန်တီ. . . ခဏ, စိတ်ကိုတင်းထားနော်။ ဆေးခန်းသွားရ အောင်။ ကျွန်မ Taxi ငှားလိုက်ဦးမယ်"

"ဟင့်အင်း. . . အိမ်ပဲပြန်မယ်။ အန်တီ ဒီလိုပဲ ဖြစ်နေကျပါ။ အိပ်ရာထဲ ခဏမှေးလိုက်ရင် သက်သာသွားမှာ"

"ဒါဖြင့် အိမ်ကိုပဲ မောင်းနိုင်းလိုက်မယ်နော်"

ကျွန်မ Taxi တစ်စီးကိုလှမ်းတားလိုက်ပြီး အန်တီပြောသည့် လိပ်စာအတိုင်း ညွှန်လိုက်သည်။ အိမ်ကိုရောက်တော့ ကိုယ်တိုင်ပင် သော့ဖွင့်၍ အိပ်ခန်းထဲတွဲခေါ်လာခဲ့၏။

"အိမ်မှာ အဖော်မရှိဘူးလားအန်တီ"

"အင်း. . . အန်တီက လူပိုမထားဘူးသမီးရဲ့"

"ခဏနော်။ ကျွန်မ ဆရာဝန်ဆီ ဖုန်းဆက်ပေးမယ်"

"မဆက်နဲ့သမီး။ အန်တီ့ကို သံပုရာရည်လေးတစ်ခွက်ဖျော်တိုက် ပါကွယ်။ မနက်က ငါးခြောက်ကြော်စားလိုက်မိလို့ သွေးတိုးတာပဲနေမှာ"

"ဟုတ်ကဲ့။ ဒါဖြင့် ခဏစောင့်ပါနော် အန်တီ"

ကျွန်မ အိမ်နောက်ဖေးဘက်ဝင်လာခဲ့ပြီး သံပုရာရည်ကို ချိုချဉ် လေးဖျော်ကာ တိုက်လိုက်၏။ အန်တီက ခဏမှိန်းနေသဖြင့် သက်သာ သွားပြန်ရန်ဆုံးဖြတ်ပြီး ထိုင်စောင့်နေမိသည်။ Aircon ကို အနိမ့်ဆုံးသို့



www.burmeseclassic.com

www.burmeseclassic.com



လွှတ်ထားပြီး အန်တီ့ထက်မှသွေးခုန်နှုန်းကို မကြာခဏ စမ်းသပ်နေမိ၏။ ခဏအကြာမှာ အန်တီ့မျက်လုံးများ အသာအယာပွင့်လာလေသည်။

"ကျေးဇူးတင်လိုက်တာသမီးရယ်။ ဒီနေ့မှ နေ့ပူထဲ ဈေးဝယ်ထွက်မိရင်း သွေးတိုးတာပါ"

"နောက်ဆို တစ်ယောက်ယောက်ကို အဖော်ခေါ်ပြီးမှ သွားပါ အန်တီရယ်"

"အင်းပါ. . . သမီးရယ်။ ခါတိုင်းက သားနဲ့အတူတူ ဈေးဝယ်နေကျပါ။ ဒီနေ့ သားက Operation ရှိနေလို့ အန်တီလည်း မစောင့်နိုင်ဘဲထွက်ခဲ့မိတာ"

"အန်တီ့သားက"

"ဆရာဝန်လေ သမီးရဲ့။ ဒေါက်တာမင်းဉာဏ်တဲ့။ သမီး ကြားဖူးလား"

ကျွန်မကိုယ်ခန္ဓာ ချက်ချင်းတောင့်တင်းသွားလေ၏။

ဘုရားရေ. . . မောင့်မေမေနဲ့မှ ကျွန်မ တန်းတိုးခဲ့တာပါလား။

"သမီးက ကျက်သရေရှိလိုက်တာကွယ်။ နာမည်ကရော ဘယ်လိုခေါ်သလဲ၊ ပြောပါဦး"

"ဟို. . . ကျွန်မကိစ္စအရေးကြီးနေလို့ ပြန်လိုက်ပါဦးမယ် အန်တီ"

"အို. . . ဟုတ်သားပဲ၊ သွားပါသမီးရယ်၊ သွားပါ အခုချိန်ဆို သားဖေဖေ ပြန်လာနေပါပြီ"

"ကျွန်မကို ခွင့်ပြုပါဦး. . . အန်တီ"

ကျွန်မ အခန်းထဲမှ ခပ်သွက်သွက်ထွက်လာရင်း ကြိတ်ခါးကိုပြန်စေ့ပိတ်စဉ် မျက်ရည်တစ်ပေါက်က လွင့်ကျသွားလေ၏။ မျက်ရည်ကို လက်ခုံဖြင့် အမြန်ပွတ်သုတ်လိုက်ပြီး လမ်းပေါ်တက်လိုက်စဉ် နံဘေးမှ ဖြတ်သွားသည့်ကားတစ်စီးကိုတော့ သတိမထားမိခဲ့ချေ။





ဈေးထဲမှာသစ်သီးတွေဝယ်ပြီး ပြန်ရန်ပြင်စဉ် လူတစ်ယောက်က ကျွန်မကိုဝင်တိုက်လိုက်သဖြင့် အိတ်က ကွဲထွက်သွားပြီး အသီးတွေလိမ့်ကုန်၏။ ကားလမ်းပေါ် လိမ့်ဆင်းသွားသည့် သစ်သီးတွေကိုကြည့်ကာ တိုက်မိသည့်လူကို ရန်တွေ့ရန်လှည့်ကြည့်လိုက်တော့ ထိုလူက ရှိမနေတော့ချေ။

"ကျွတ်"

ကျွန်မ သစ်သီးတွေကို ကောက်နိုင်သလောက် ပြန်ကောက်နေစဉ် ကျွန်မနှင့်အနီးဆုံးမှာ ကားတစ်စီးရပ်လာလေ၏။ ကားထဲမှဆင်းလာသည့် ရှူးအနက်ရောင်ကို မြင်လိုက်ရသဖြင့် ကျွန်မ ဖျတ်ခနဲထရပ်လိုက်မိသည်။ သူ့မျက်ဝန်းမှအရိပ်အကဲကို ကျွန်မ ပုံမဖော်နိုင်မီ သူ့ထံမှ အသံထွက်လာလေ၏။

"ဘာဖြစ်လို့ အောက်ကိုကျတဲ့အသီးတွေ ပြန်ကောက်နေရတာလဲ"

"အဲဒါ ရှင်နဲ့မဆိုင်ဘူး၊ ရှင် ဘာမှပြောစရာအကြောင်းမရှိဘူး"

သူက ကျွန်မလက်ထဲမှာ မွေ့ထားသည့်သစ်သီးတွေကို ရုတ်တရက်ပုတ်ချလိုက်သဖြင့် ကျွန်မ အတော့်ကိုဒေါသထွက်သွားရ၏။

"ကြည့်စမ်း! ရှင် အဲဒါဘာလုပ်တာလဲ"

"ပြန်လွှင့်ပစ်လိုက်တာလေ။ လာ, ကျွန်တော်ပြန်ဝယ်ပေးမယ်"

"မလိုပါဘူး"

ကျွန်မ ဆတ်ခနဲကျောခိုင်းထွက်ခွာစဉ် သူက ကျွန်မလက်မောင်းကို မြဲမြံစွာဆုပ်ကိုင်လိုက်သဖြင့် ကျွန်မကိုယ်လုံးလေး သူ့ဘက်ကိုယိုင်ဆင်းသွားရလေသည်။

"အို. . . ရှင်နော်, ဘယ်လိုလုပ်လိုက်တာလဲ"

သူက ဘာမှမပြောဘဲ ကျွန်မကိုဆွဲ၍ ခပ်လှမ်းလှမ်းမှာ ကျန်ခဲ့သည့်သစ်သီးဆိုင်ကိုခေါ်လာခဲ့လေ၏။ ကျွန်မ သူ့လက်ထဲမှ ရုန်းလိုက်သော်လည်း လက်မောင်းက တော်တော်နာသွားသဖြင့် မရုန်းရဲတော့။



www.burmeseclassic.com

www.burmeseclassic.com



"ခုန သူဝယ်တဲ့အတိုင်းပဲ အလုံးလှလှလေးတွေရွေးပေးပါ အစ်မ"

"ဟင့်အင်း. . . နေပါစေ။ ကျွန်မ မယူဘူး"

ဈေးသည်က ထည့်ပေးရမလိုဘာလိုလို ပြူးကြောင်ကြည့်နေသဖြင့် သူ့အသံ ခပ်ဆတ်ဆတ်ထွက်လာ၏။

"ကျွန်တော်ဝယ်နေတာကို ထည့်ပေးပါအစ်မ"

"ဟုတ်ကဲ့"

"မင်းညာကာ. . . ရှင်တရားလွန်လွန်းနေပြီနော်။ ရှင်ဝယ်ပေးတဲ့ ပစ္စည်းကို ကျွန်မလက်ခံမယ်လို့များ ထင်နေသလား။ ဖယ်လွှတ်နော်။ အခုချက်ချင်းလွှတ်"

သူက ကျွန်မလက်ကိုထပ်တိုး၍ ဆုပ်ကိုင်လိုက်သဖြင့် ကျွန်မလက်တစ်ဖက်က သူ့ပါးပြင်ပေါ် ဖျတ်ခနဲရောက်သွားတော့သည်။

"ကဲ"

"ဖြန်း"

"ဟာ. . . အသက်"

"မခေါ်နဲ့၊ ဒီနာမည်ကို ရှင့်မှာခေါ်ခွင့်မရှိတော့ဘူး။ ရှင်သိထားဖို့က ရှင်စော်ကားတိုင်း ခံမယ့်မိန်းမတွေထဲမှာ မိုးသက်ငြိမ်မပါဘူးဖယ်"

ကျွန်တော် သူမလက်ကိုအသာလွှတ်ပေးတော့ သူမက ကျွန်တော့်အနီးမှပြေးထွက်သွားကာ Taxi တစ်စီးကိုတား၍ တက်သွားလေ၏။ အသက်ရယ်. . . ပါးပြင်ပေါ်က ဒဏ်ရာထက် မောင့်ရင်ထဲဒဏ်ရာက ပိုပြီးအခံရခက်စေတာ၊ အသက်နားမလည်ဘူးလား။

သစ်သီးဆိုင်ရှေ့မှာ ကျောက်ရုပ်တစ်ရုပ်လို ရပ်နေမိသဖြင့် ဆိုင်ရှင်က ကျွန်တော့်ကိုငေးကြည့်နေ၏။

"ဒီမှာမောင်လေး. . . သစ်သီးရပြီ"

"ဪ. . . ဟုတ်ကဲ့"

ကျွန်တော် ဆိုင်ရှင်ကို ကျသင့်ငွေရှင်းပေးပြီး အိမ်ကိုပြန်လာ





ခဲ့၏။ မီးဖိုခန်းထဲရှိ ရေခဲသေတ္တာထဲ အသီးတွေ စီထည့်နေစဉ် ခြေရာနှင့်ခတ်မိသွားသည့်အရာကလေးကြောင့် ကျွန်တော် ငုံ့ကောက်လိုက်မိသည်။ လက်ကိုင်ပဝါမှ ရနံ့လေးက ကျွန်တော်နှင့်ရင်းနှီးနေသလိုပါပဲလား။

ပဝါကိုဖြန့်၍ကြည့်လိုက်စဉ် ထောင့်နားမှာထိုးထားသည့် M.T.N ဟူသည့်စာလုံးကို အံ့သြစွာမြင်လိုက်ရ၏။ ဒါ. . . ဒါ၊ အသက်ရဲ့လက်ကိုင်ပဝါပါလား။

အသက်. . . အသက်. . . မောင့်အိမ်ကိုရောက်ခဲ့တာပေါ့။ ဘယ်လိုများရောက်လာတာလဲ။ ဇဝေဇဝါဖြင့် မီးဖိုခန်းထဲမှ လှည့်ထွက်လာစဉ် ဖေဖေနှင့် လှေကားရင်းမှာဆုံလေ၏။

"သားမေမေ နေ့လယ်က ဈေးထဲမှာမူးလဲတာ၊ မိန်းကလေးတစ်ယောက်ကူညီလို့ အိမ်ကိုပြန်ရောက်လာတာပဲ၊ ဖေဖေပြန်လာတော့ သူ့ကို ရိပ်ခနဲပဲတွေ့လိုက်ရတယ်"

"မေမေရော ဖေဖေ"

"အပေါ်ထပ်အိပ်ခန်းထဲမှာ"

ကျွန်တော် အပေါ်ထပ်ကိုပြေးတက်ခဲ့၏။ အခန်းထဲဝင်ခါနီးမှာ လက်ကိုင်ပဝါကိုအသာခေါက်၍ ရှပ်အင်္ကျီအိတ်ကပ်ထဲထည့်လိုက်သည်။ မေမေက ခုတင်ထက်မှာ ဘေးတိုက်လှဲနေလေ၏။

"သားပြန်လာပြီလား"

"ဟုတ်ကဲ့၊ သက်သာရဲ့လားမေမေ၊ မဖြစ်ပါဘူး၊ မေမေ့အတွက် အဖော်တစ်ယောက်ယောက်တော့ ရှာပေးဖို့လိုနေပြီ"

"ဟင်းဟင်း. . . အဲဒါ သားအိမ်ထောင်ပြုလိုက်တာနဲ့ ပြေလည်သွားမယ့်ကိစ္စပါ"

"မေမေကလည်း တစ်ဆိတ်ရှိ ဒီဘူတာပဲ ဆိုက်တာပဲ"

"ဟုတ်တယ်လေ သားရယ်။ ဒါပေမဲ့. . . ဖူးဖူးကတော့ မေမေလိုချင်တဲ့ချွေးမစံနဲ့ မကိုက်ညီတာအမှန်ပဲ"



www.burmeseclassic.com

www.burmeseclassic.com



"ကျွန်တော်သိပါတယ်။ ကျွန်တော် သူ့ကိုရွေးချယ်ဖြစ်မှာမဟုတ်ပါဘူးမေမေ"

ကျွန်တော်, မေမေ့ကို သွေးပေါင်ချိန်ပေးစဉ် မေမေက ကျွန်တော့်လက်ဝါးကို လှမ်းကိုင်လိုက်လေ၏။

"ဒီနေ့ မေမေ့ကိုကူညီပေးတဲ့မိန်းကလေးက ကျက်သရေရှိလိုက်တာသားရယ်။ သူ့ခမျာ မေမေ့ကိုကူညီပြီးကိစ္စရှိလို့ အမြန်ပြန်သွားလေရဲ့။ နာမည်လေးမေးတာတောင် ပြောမသွားဘူး။ ဒါပေမဲ့ သူ့ကိုနောက်တစ်ခါမြင်ရင် မေမေမှတ်မိပါတယ်။ သူ့မျက်နှာလေးက တစ်ခါမြင်ရုံနဲ့ မျက်စိထဲ စွဲနေတဲ့ရုပ်မျိုးလေး။ သားဖေဖေက ဘေးတိုက်လေးပဲ တွေ့လိုက်တယ်တဲ့"

ကျွန်တော် နှုတ်ခမ်းတွန့်ရုံ ပြုံးလိုက်မိသည်။ မေမေရယ်. . . အဲဒီမိန်းကလေးဟာ ကျွန်တော့်ရဲ့အသက်ဆိုတာ မေမေ့ကို ကျွန်တော် ဘယ်လိုပြောထွက်ပါ့မလဲ။ မေမေ မရှုံမကဖြတ်ပစ်ခဲ့တဲ့ ကျွန်တော့်ရဲ့အသက်တမျှချစ်သူပါဗျာ။

"မိန်းကလေးကြည့်ရတာ အိမ်တွင်းမှု နိုင်နင်းမယ့်ပုံမျိုးကွယ့်သားရဲ့"

"ကျွန်တော်ပေးထားတဲ့ဆေးကို ထမင်းစားပြီးတိုင်း သောက်ပါမေမေ။ ပြီးတော့ အငန် လုံးဝမစားမိပါစေနဲ့။ အင်း. . . အနုင်းတို့နဲ့ဆက်သွယ်ပြီး မိန်းကလေးတစ်ယောက်ယောက် ခေါ်ထားမှပါပဲ"

"ဟင့်အင်း. . . မေမေ့သားက လုပ်ချင်လေး မေမေစိတ်မချပါဘူး ဒီခေတ်မိန်းကလေးတွေက သိပ်လည်တာ, သားရဲ့"

"သြော်. . . မေမေရယ်၊ ကျွန်တော်က ပေါက်စလေးမှမဟုတ်တဲ့ မေမေ့သား ဆရာဝန်ဖြစ်နေပါပြီ၊ ဘွဲ့လွန်တက်ဖို့ စာမေးပွဲဖြေထားတာလည်း မေမေအသိပဲ"

"ဖြစ်နိုင်ရင် သူများနိုင်ငံကို မေမေမလွှတ်ချင်ပါဘူးသားရယ်။ သားကလည်းလေ၊ မေမေပြောနေတာကို စိတ်မဝင်စားဘူး။ ပြောချင်





ရာ စွတ်ပြောနေတာပဲ"

"မေမေသဘောတူနိုင်မယ့်ချွေးမမျိုးကို ရှာကောရှာတွေ့ပါ့မလား။ စဉ်းစားပါဦး"

"တွေ့တယ်လေ၊ နေ့လယ်ကပဲ"

"ဟာ. . . မေမေကလည်း သူက လူလွတ်မဟုတ်ဘဲ အိမ်ထောင်သည်ဖြစ်နေရင် ဘယ့်နှယ်လုပ်မလဲ"

"အို. . . မဟုတ်တာ လျှောက်မပြောစမ်းပါနဲ့။ သားကလည်း မဟုတ်နိုင်လောက်ပါဘူး။ နောက်တွေ့မှ မေးကြည့်ဦးမယ်"

"သြော်. . . ခက်တော့နေပါပြီမေမေရယ်"

"ဘာဖြစ်လဲ. . . မေမေကတော့ သူနဲ့ထပ်တွေ့ချင်သေးတယ်။ အင်း. . . ကမ္ဘာကြီးက ကျဉ်းကျဉ်းလေးပါသားရယ်"

မေမေက ပြောချင်ရာပြောပြီး မျက်စိမှိတ်လိုက်သဖြင့် ကျွန်တော် မေမေ့ကို လွှာစောင်လေးခြုံပေးပြီး လသာဆောင်ဘက် ထွက်လာခဲ့၏။

အသက်ရယ်. . . မေမေဟာ အသက်ကို မုန်းနေခဲ့ရာက အခု ချစ်နေပြန်ပါရောလား။ တစ်နေ့မှာ အသက်ကို တစ်ယောက်တည်းဖြစ်နေတာများ သိသွားရင် မေမေ ဘယ်လိုခံစားသွားရမလဲဆိုတာ မောင် တွေးမကြည့်ရဲဘူး။ မေမေ့ကို မောင်သိပ်သနားတယ် အသက်ရယ်။ ပြီးတော့ အသက်ကိုလည်း မောင်သနားတယ်။

အိပ်ရာထက်မှာ ငိုကြွေးနေလျက်က ဘယ်ဘက်လက်ကို စားပွဲစောင်းနှင့် အကြိမ်ကြိမ်ရိုက်နှက်နေမိ၏။ ဒီလက်တွေက ကျွန်မသိပ်ချစ်ရတဲ့မောင့်ကို အနာတရဖြစ်စေခဲ့တာလေ။

မောင်ရယ် မရည်ရွယ်ပါဘူး။ မောင့်အတွက်ဆိုရင် မောင် နာကျင်



www.burmeseclassic.com

www.burmeseclassic.com



ခံစားရမယ့်အရာမှန်သမျှကို ကျွန်မသာ ကိုယ်စားခံယူပေးချင်တဲ့သူပါ။ ခုတော့. . . ခုတော့. . .

Hand Phone နံပါတ်တွေကို အနိုင်နိုင်နှိပ်လိုက်၏။ တစ်ဖက်မှ တော်ရုံနှင့်မကိုင်သဖြင့် နှင်းအိပ်နေပြီလား။ ခုမှ (၆)နာရီပဲရှိသေးတာမို့ မအိပ်လောက်သေးပါဘူး။

"ဟဲလို"

"နှင်း. . . ကျွန်မပါ"

"သြော်. . . မမ ပြောလေ"

"နှင်း, ကျွန်မဆီ ခဏလောက်လာနိုင်မလားဟင်"

"ဘာဖြစ်လို့လဲမမ။ မမ ဒိုထားလား။ ရှိက်သံပါနေသလားလို့"

"နှင်း, ကျွန်မ သူ့ကို. . . သူ့ကို"

"နေနေ မမ။ အနှင်း အခုလာပြီ"

နာရီဝက်ကျော်ကျော်မှာရောက်လာသည့်နှင်းကို တံခါးဖွင့်၍ကြိုလိုက်သော်လည်း ရှိုက်သံက မပျောက်နိုင်သေး။ နှင်းက ကျွန်မလက်ကို ကိုင်ကြည့်ရင်း တအံ့တသြဖြစ်သွားလေသည်။

"ဟယ်. . . မမရယ်။ အရိုးတွေအဆစ်တွေတော့ ကျိုးကုန်တော့မှာပဲ။ မနက်ဖြန်တော့ ဓာတ်မှန်ရိုက်ကြည့်မှဖြစ်မှာပါ"

"နှင်း, ကျွန်မ. . . သူ့ကို ပါးရိုက်လိုက်မိတယ်"

"ဟောတော်. . . ဘယ်လိုဖြစ်ကုန်တာလဲ"

"သူက ကျွန်မကို လူပုံအလယ်မှာ လက်ဆွဲတာကိုး။ ကျွန်မသည်း ရက်ရက်နဲ့ရိုက်လိုက်မိတာ။ သူတော့. . . သူတော့ တော်တော်ရှက်သွားမှာပဲ။ လူတွေကြားထဲမှာ ဘယ်လိုဖြစ်ကျန်ခဲ့သလဲ မသိတော့ပါဘူး"

နှင်းက တီးတိုးရယ်မောလိုက်ရင်း ကျွန်မလက်ကို ဆေးလူး၍ ပတ်တီးစည်းနှောင်ပေးလေ၏။

"မမတို့နှစ်ယောက်ကတော့ ဟုတ်နေတာပဲ။ ဉာဏကလည်း ဆိုရင် မမကိုတမ်းတ။ မမနဲ့တွေ့ရင်လည်း ဉာဏအကြောင်းပြော။





လောက် စိတ်ချင်းဆ. . .သွယ်နေတာတောင်မှ ကိုယ့်စိတ်ကိုကိုယ်ညာပြီး နှိပ်စက်နေတယ်လို့"

ကျွန်မက အနှင်းကို မျက်စောင်းပိတ်ထိုးလိုက်တော့ နှင်းက ကျွန်မဘေးမှာ ပူးပူးကပ်ကပ်ဝင်ထိုင်၍ ဖက်လိုက်လေသည်။

"ဟဲ့. . . ကျွန်မက ဒေါက်တာဝေယံမဟုတ်ဘူးနော် နှင်း"

"ဟင်းဟင်း. . . အခု ဒေါက်တာမင်းဉာဏ ခဏလုပ်ပေးမယ်လေ မမရဲ့နော်"

"အာ. . . နှင်းကလည်း"

"မမရယ်. . . အချစ်ဆိုတာ ဆန်းကြယ်လွန်းပါတယ်။ အနှင်းဆို ဝေယံနဲ့ ဘယ်လိုမှမျက်နှာကြောတည့်တာမဟုတ်ဘူး။ နောက်တော့လည်း ငယ်သံယောဇဉ်နဲ့ ရွေးဖြစ်ခဲ့တာပဲကြည့်။ အန ်းနဲ့လက်ထပ်ပြီးရင် သူ့ကို မောင်လို့ခေါ်စေချင်တာ။ အနှင်းက ဉာဏရှေ့ ခေါ်မိရင် အသည်းကိုဆွသလိုဖြစ်နေမှာစိုးလို့ မခေါ်နိုင်ဘူးပြော ထားရတယ်"

"မဆိုင်ပါဘူး"

"ဆိုင်တာပေါ့။ ဟင်း. . . မမတို့နှစ်ယောက်ကြည့်ရတာ ဒီလိုကြီး မျှော်နေတော့မယ့်အတိုင်းပဲ။ အသက်တွေ လေးငါးဆယ်ရောက်လာတဲ့အထိ ဒီတိုင်းကြီးနေနေမှာလား"

ကျွန်မက မျက်ရည်တို့ကိုသုတ်၍ လှစ်ခနဲပြုံးလိုက်မိသည်။

အင်း. . . နှင်းနဲ့ဆုံရတိုင်း ကျွန်မစိတ် အဝေ ်ကိုချမ်းသာရပါလား။

"ကျွန်မကတော့ နေဖြစ်မှာ။ သူကတော့ သားသမီးမြေးမြစ်တွေနဲ့ လုံးထွေးနေမှာပါ နှင်းရယ်"

"ဟွန်း. . . မမလူက ဘယ်သူ့ကို လက်ထပ်မယ်လို့များ ထင်ထားလို့လဲ"

"စောင့်ကြည့်ပါနှင်းရယ်။ ယောကျ်ားဆိုတဲ့အမျိုးဟာ ဘယ်တော့မှ တစ်ယောက်တည်းမနေတတ်ဘူးတဲ့"



www.burmeseclassic.com

www.burmeseclassic.com



"လျှောက်ပြောနေပြန်ပြီ၊ နှင်းကတော့ သူနဲ့ မမတို့ရတဲ့ကလေးကို ကိုယ်တိုင်မွေးပေးဖို့ ကြိုးမြင်ယောင်ပေးနေပြီ၊ ဒါပဲ"

"ဟယ်. . . နှင်းကလည်း ပေါက်ကရတွေ"

"ကဲ. . . မနက်ခေးဆန်းတစ်ခုမှာ ဓာတ်မှန်ရိုက်ဖြစ်အောင် ရိုက်နော်၊ အနှင်းတို့ခေးဆန်းမှာက သူရှိနေလို့ မမလာမှာမဟုတ်မှန်းသိတယ်၊ အမျိုးကြီးတွေက အဲဒီလိုပဲ၊ လူရှေ့သူရှေ့ကျရှက်နေပြီး ကွယ်ရာမှာ ကျိတ်လွမ်းနေတတ်တာလေ"

"နှင်းနော်"

အနှင်းက ရယ်မောစနောက်ပြီး ပြန်သွားလေ၏။ ကျွန်မ ပတ်တီးစည်းထားသည့်လက်ကို တစ်ချက်ငုံ့ကြည့်လိုက်ပြီး ပန်းချီကားအသစ်တစ်ခုကို တစ်ညလုံး ထိုင်ဆွဲဖြစ်ခဲ့ပါသည်။





ဒ. မျှစ်က. . .

လူကိုဖမ်းစားတတ်တယ်။

ပြီးတော့. . .

လူကိုရူးစေတတ်ပြန်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၂ )

ဂုံးခန်းထဲဝင်လိုက်သည်နှင့် အနှင်းထံမှ မျက်စောင်းတစ်ချက်ကို ရလိုက်၏။

"ဟာ. . . ဘလိုင်းကြီး မျက်စောင်းထိုးနေပါလား"

"နင့်အပြစ် နင်သိပေါ့"

"ဘာကိုလဲ"

"နောက်တစ်ခါ နင် မမကိုထိရင် ငါ နင့်မိဘတွေကို လာတိုင်မှာ"

"ဟာ. . . တင်းလှချည်လား"

"တင်းမှာပေါ့၊ ဟိုမှာ အရိုးကျိုးပြီလားမသိဘူး။ (၉)နာရီလောက်မှ ဖုန်းဆက်ကြည့်မလို့စောင့်နေတာ"

"ဘာဖြစ်လို့လဲ ပြောပါဦး, အနှင်းရဲ့"

"အေး. . . မင်းက လက်ဆွဲရုံလေးလုပ်ပေးမယ်၊ ဟိုမှာ မင်းကို



www.burmeseclassic.com

www.burmeseclassic.com



ရိုက်မိတဲ့လက်ကို ပြန်ရိုက်ချိုးလို့မော့"

"ဟာကွာ. . . အသက်ရာ"

ကျွန်တော် ဖုန်းနံပါတ်တွေကိုနှိပ်လိုက်တော့ အနှင်းက ကျွန်တော့် ဖုန်းကို ဆတ်ခနဲလုလိုက်၏။

"နင် ထပ်အတင့်မရဲနဲ့နော် ဉာဏ။ သူ ဒီက အပြီးထွက်သွားအောင်လုပ်တဲ့တရားခံဟာ နင်ဖြစ်သွားမယ်"

"ငါ့မှာ ဖုန်းဆက်မေးခွင့်တော့ရှိပါတယ် အနှင်းရာ"

"မဆက်ရဘူး။ ကြည့်စမ်း! သူ့ Hand Phone နံပါတ်ကို ဘယ်တုန်းက ရလိုက်တာလဲ"

"ဒါ ငါ့ကိစ္စပါ"

"မဆက်နဲ့ဆို မဆက်နဲ့ပေါ့. . . ဉာဏရာ။ မင်းကလည်း"

"ဟာ. . . မင်းတို့က ငါ့အုပ်ထိန်းသူတွေမို့လို့လား။ ဘာဖြစ်လို့ ဒီလောက်ထိ စွက်ဖက်နေရတာလဲ။ ငါ လုကိုယ်တိုင် ထလိုက်မိတော့မယ်"

"အေး. . . နင်လိုက်သွားရင် သူကိုယ်သူ သတ်သေတဲ့အဆင့်ကို ရောက်သွားလိမ့်မယ်"

"ခြိမ်းခြောက်လှချည်လား အနှင်းရာ"

"ငါကြားထဲက တောင်းပန်ပါတယ် ဉာဏရယ်။ သူ့ကိုသနားပါ။ သူ့ဟာသူ အေးအေးဆေးဆေးနေပါစေလား။ ကြာရင် နင့်စိတ်နဲ့ သူ သေသွားလိမ့်မယ်။ သူ့မာနလေးနဲ့သူ တင်းမာနေတာ ဒီအတိုင်းလေးပဲ ရှိပါစေ"

စားပွဲပေါ်တင်ထားသည့် အနှင်း Hand Phone က မြည်လာတော့ ကျွန်တော်က နံပါတ်ငုံ့ကြည့်ရင်း ဆတ်ခနဲယူကိုင်လိုက်၏။

"ဟဲ့. . . ဉာဏ"

"နှင်း. . . ကျွန်မပါ။ ဓာတ်မှန်ရိုက်ပြီးပြီ ဘာမှမဖြစ်ပါဘူး။ ရာသီဥတုအေးတော့ နည်းနည်းကိုက်ချင်တာပဲရှိတယ်။ ဆရာဝန်က သောက်





ဆေးပါ ပေးလိုက်တယ်။ နှင်း. . . ကျွန်မဆီကို မလာနဲ့တော့နော်။ ကျွန်မ အဲဒီဆေးခန်းမှာပဲ ဆေးဆက်စည်းလိုက်မယ်။ သိလား"

"မမ ဘယ်ဆေးခန်းမှာပြတာလဲ"

"ဒီနားက ရောမွန်ဆေးခန်းမှာပဲ။ ဒါပဲနော်"

အနှင်းက ဖုန်းကိုကာပ်ပြောလိုက်ရင်း ကျွန်တော့်ကို တစ်ချက်ထုကာ ဖုန်းကိုသိမ်းလိုက်၏။ ကျွန်တော် ရီဝေသည့်အကြည့်တို့ဖြင့် မှန်စားပွဲကို စိုက်ကြည့်နေမိသည်။

"အနှင်း. . . နင် သူနဲ့တော်တော်ရင်းနှီးနေပုံပဲ"

"ရင်းနှီးတာပေါ့။ ညတိုင်းဖုန်းဆက်တဲ့အဆင့်ပဲ။ နင်က ဘာလုပ်ချင်လို့လဲ"

"ငါနဲ့ ဖုန်းချင်းလဲမယ်. . . အနှင်းရာ"

"ဟာ. . . ဘယ်ဖြစ်မလဲ၊ ဉာဏနော်။ မင်း ကျားမြီးမဆွဲချင်နဲ့။ ငြိမ်ငြိမ်နေ"

"ငါ. . . ငါ. . . သူ့အသံလေးကို နေ့တိုင်းကြားချင်လို့ပါ"

"အရူးမထနဲ့၊ မရဘူး။ ရော့. . . နင့်ဖုန်း နင်ပြန်ယူ"

အနှင်း ကျွန်တော့်ဖုန်းကိုပြန်ပေးလိုက်တော့ ကျွန်တော် မသက်သာပြုံးလိုက်မိသည်။

"အေးပါ, မင်းတို့လုပ်ထားနှင့်ကြပေါ့။ သူနဲ့ငါ တစ်နေ့ နီးတော့မှ မအံ့သြကြနဲ့"

"ဟော့ကောင်, မင်း သူ့ကိုနီးပြေးဖို့တော့ မကြံစည်နဲ့နော် ဉာဏ"

"နိုးပြေးစရာလား ငါ အဲဒီလိုအကျင့်မယုတ်ဘူး။ ငါ့မိဘ သဘောတူအောင်လုပ်မှာပေါ့"

"မုဒ္ဒေါ. . . သွားပြီ။ ဉာဏတော့ ကုရာနတ္ထိ ဆေးမရှိဘဲဟော့"

အခန်းထဲဝင်လာသည့် မိုးထက်နှင့် မြတ်ဆွေက ဝေယံစကားကြောင့် တအံ့တသြဖြစ်ရင်း အနားသို့လျှောက်လာသည်။

"ဉာဏရေ စိတ်ကိုကောင်းကောင်းထားနော်။ တို့ထဲမှာ စိတ်



www.burmeseclassic.com

www.burmeseclassic.com



အထူးကုတစ်ယောက်မှမပါဘူး"

"မင်းဘိုးအေလား။ ငါမရူးသေးဘူး"

"အေးအေး. . . ဖူးဖူးကိုရော မှတ်မိရဲ့လား"

"ငါထထိုးမိတော့မယ်. . . မြတ်ဆွေနော်။ မင်းညီမ ဆိုချောကို ပါ မှတ်မိတယ်ဟေ့"

ကျွန်တော့်စကားကြောင့် မြတ်ဆွေမျက်နှာ ရွှတ်သွားသဖြင့် တစ်အုပ်စုလုံး ဝိုင်းရယ်လိုက်ကြ၏။

"မင်းတို့သိထားဖို့က ငါ မနေ့ညကပဲ မေမေ့ကိုပြောထားပြီးပြီ။ ဖူးကို လက်မထပ်နိုင်ဘူး။ မေမေပေးစားတဲ့သူကိုပဲ ယူမယ်လို့"

"ဟယ်. . . အဟုတ်၊ ကြည့်စမ်း. . . ဉာဏလိမ္မာလာပြီ"

"မြောက်မနေနဲ့ အနှင်းရဲ့။ လောလောဆယ် ငါ့အိမ်ကို ကောင်မလေးတစ်ယောက်ရှာပို့ပေးပါဦး။ အရေးကြီးလို့ပါ"

"ဟယ်. . . ကိုယ့်အဆင့်နဲ့ တန်ရာကိုမှန်းပါလား ဉာဏရယ်။ နင့်မှာ မရှားပါဘူး"

"ဟာ. . . လုပ်ချလိုက်ပြန်ပြီ။ မေမေ့အတွက် အဖော်ခေအောင် ရှာပေးတာပါ။ ငါယူဖို့မဟုတ်ပါဘူးကွ"

"မသိဘူးလေ။ နင်က အဆက်စပ်မရှိပြောချလိုက်တာကိုး"

ကျွန်တော် လျှို့ဝှက်စွာ ကျိတ်ပြုံးလိုက်စဉ် အခန်း ဘဲခါး ချပ်ခနဲ ပွင့်လာပြီး တစ်ဖက်အခန်းမှ ဒေါက်တာဇီဇဝါ့မျက်နှာလေး ပေါ်လာ၏။

"ဟော့. . . ကိုမင်းဉာဏနဲ့ ကိုမိုးထက်ရွှေ ယူတို့ case ရောက်လာပြီ။ Operation ဝင်ဖို့ပြင်တော့"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

"ယူတို့ကိုကြည့်ရတာ သိပ်စိတ်ချမ်းသာတာပဲ။ တစ်ခန်းတည်း စုပြီး ရုံးထိုင်နေရတာ။ ကိုယ်တို့ကတော့ ဆေးရုံအုပ်ကြီးက တစ်မျိုး ဦးမိုးမြင့်က တစ်ဖုံပဲ"

"ဒီကောင့်ယောက္ခမလောင်းကြီးက သဘောကောင်းပါတယ်





ဇီဇဝါရာ"

ကျွန်တော့်မျက်နှာ ရဲခနဲဖြစ်သွားပြီး မြတ်ဆွေကို အသံတိတ် ကျိန်ဆဲလိုက်မိ၏။ ခွေးကောင်၊ နေနှင့်ဦး။ ငါ့အကြောင်းသိစေရမယ်။

ညဘက်ပြန်လာကြတော့ မိုးကတဖွဲဖွဲကျနေလေ၏။ ကျွန်တော်က မိုးထက်အိမ်ရှေ့မှာ ကားကိုရပ်ပေးလိုက်ပြီး အိမ်ကိုပြန်ခဲ့သည်။ လမ်းထိပ်စတိုးဆိုင်ရှေ့မှာကားရပ်၍ ဆိုင်ဖုန်းမှ ခလုတ်တို့ကို နှိပ်လိုက်၏။ မိုးသံတွေကြားမှာ သူမအသံချိုချိုလေးကို ငိုးတဝါးလေးကြားလိုက်ရစဉ် ရင်ထဲမှာ နွေးခနဲဖြစ်သွားရသည်။

"ဟဲလို. . . မိုးသက်ငြိမ်ပါရှင်။ ဟဲလို. . ."

ကျွန်တော် အတန်ကြာနားထောင်ပြီးမှ ဖုန်းကိုချလိုက်ပြီး ဖုန်းဖိုးချေလိုက်ပါ၏။ ဆိုင်ထဲမှပြန်ထွက်ရန်ပြင်ပြီး သတိရသွားသဖြင့် ဖုန်းဆိုင်မှကောင်လေးကို လှမ်းပြောလိုက်သည်။

"ဖိုးနိုင်ရေ. . . ခုန ဖုန်းဆက်တဲ့လူဘယ်သူလဲမေးလာရင် မသိဘူးလို့ပြောပေးပါ။ ကျေးဇူးပြုရှ်နော်"

"ဟုတ်ကဲ့ပါ ဒေါက်တာ"

ကျွန်တော်လှည့်လိုက်စဉ် ဖုန်းသံကမြည်လာသဖြင့် အသာရပ်နေလိုက်၏။

"ဟဲလို. . . ဟုတ်ပါတယ်ခင်ဗျာ။ အဲဒီနံပါတ်ပါ"

"ခင်ဗျား မသိပါဘူး။ လမ်းသွားလမ်းလာမို့ ကျွန်တော် မမှတ်မိဘူးခင်ဗျ"

"ဟုတ်ကဲ့"

စိုးနိုင်က ဖုန်းကိုပြန်ချလိုက်ပြီး ကျွန်တော့်ကိုပြုံးပြလိုက်၏။

"ဒေါက်တာနော်. . . ဘယ်ကမိန်းကလေးကို သွားနောက်တာလဲ။ ဟိုက တအံ့တသြနဲ့အတင်းမေးနေပြီ"

"ဟင်းဟင်း. . . ကိုယ့်ချစ်သူပါကွာ"

"ဟောဗျာ! ကိုယ့်ဖုန်းနဲ့ကိုယ် မဆက်ဘဲနဲ့။ တကူးတကကြီး"



www.burmeseclassic.com

www.burmeseclassic.com



"ဘယ်ဖြစ်မလဲကွ။ ကိုယ့်ဖုန်းဆို သူ နံပါတ်သိသွားမှာပေါ့။ ခုပဲကြည့်။ မင်းဖုန်းကို သူပြန်ခေါ်တာပဲ"

"ဒေါက်တာက တော်တော်ထူးဆန်းတာပဲ"

ကျွန်တော် သက်ပြင်းတစ်ချက်ကို ကျိတ်ချလိုက်မိ၏။

အသက်ရယ်၊ မောင်. . . အသက်ကိုသိပ်တွေ့ချင်တာပဲ။

"သူ့, ကိုယ့်ကိုစိတ်ဆိုးနေလို့ပါကွာ"

"ခြော်"

အိမ်ကိုပြန်ရောက်တော့ မေမေက ကျွန်တော့်ကို တံခါးဖွင့်လျက်ကြိုလိုက်ပါသည်။

"ခုနပဲ အနှင်း ဖုန်းဆက်တယ်။ မနက်ဖြန်ညနေ Dinner ရှိတာပြောဖို့ မေ့သွားလို့တဲ့။ သတိလှမ်းပေးတယ်။ သား ဘယ်ကိုဝင်နေလို့ နောက်ကျတာလဲ"

"မဝင်ပါဘူး မေမေရာ၊ ဒီလောက်မှောင်နေတာကို။ Dinner က အနံကယ်မှီကျွေးတာပါ။ ကျွန်တော်သိပါတယ်"

"ဘာအတွက် ကျွေးတာလဲ"

"မသိပါဘူး။ သွားမှပဲ သိမှာပေါ့"

ကျွန်တော် အပေါ်တက်၍ ရေချိုးလိုက်ပြီး ခေါင်းအုံးအောက်ကိုလှမ်းလိုက်စဉ် မနက်ကကျန်ခဲ့သည့်လက်ကိုင်ပဝါလေးက ရှိမနေတော့ချေ။ လူက ထူပူသွားရင်း အခန်းပြင်ကို ပြန်ထွက်လိုက်မိ၏။ လှေကားမှတက်လာသည့်မေမေက ကျွန်တော့်ကို ဖျတ်ခနဲပြန်ကြည့်လိုက်သည်။

"မေမေ. . . ကျွန်တော့်ခေါင်းအုံးအောက်က လက်ကိုင်ပဝါလေးတွေ့မိလား"

"တွေ့တယ်၊ မေမေလျှော်ပစ်လိုက်ပြီ။ သူနဲ့အဆက်အသွယ်ရှိနေတုန်းပဲလားသား"

"ဟာ. . . ရက်စက်လိုက်တာ မေမေရာ။ ကျွန်တော် အမှတ်တရသိမ်းထားတဲ့အရာကိုမှ။ ဘယ်ကိုပစ်လိုက်တာလဲ"





"အမှိုက်ပုံးထဲကိုလေ။ ဒီညနေ အမှိုက်ကားနဲ့ ပါသွားလောက်ပြီပေါ့"

ကျွန်တော်ဘာမှမပြောတော့ဘဲ အခန်းထဲပြန်ဝင်လိုက်ရင်း ခုတင်ပေါ်ထိုင်ချလိုက်သည်။ ရင်ထဲမှ လှိုက်ဖိုတက်လာသည့်ခံစားမှုက နှလုံးသားတစ်ခုလုံးကို ဆုပ်ညှစ်လိုက်သည့်နှယ်။

အံကိုတင်းတင်းကျိတ်ထားလျက်က မျက်ရည်တစ်ပေါက်က ကျဖြစ်အောင် ကျသွားသေးသည်။

အသက်ရယ်, မောင်က အသက်ရဲ့အငွေ့အသက်လေးကို ကိုယ်စား ရှူရှိုက်ခွင့်ရဖို့ဆိုပြီး ကြည်နူးနေမိတာ။ ဒီမနက်လေးယူဖို့ ကျန်ခဲ့မိတာနဲ့ ဒီရပိုင်ခွင့်လေး မရှိတော့ပါလား။

ပခုံးပေါ် လက်တစ်ဖက် တင်လာမှုနှင့်အတူ ကျွန်တော့်ရှေ့သို့ ကမ်းပေးလ သည့်လက်ကိုင်ပဝါအဖြူလေးကို ကျွန်တော် ဝမ်းသာအားရယူလိုက်မိ၏။ လက်ထဲမှာ အမြတ်တနိုးနှင့် ယုယုယယကိုင်လျက် တစ်ချက်မျှ နမ်းရှိုက်လိုက်မိလေသည်။

"သားရယ်. . . ဒီသက်မဲ့အရာလေးကတောင် မေမေ့သားကို မျက်ရည်ကျအောင် ဖန်တီးပေးနိုင်တဲ့တန်ခိုးရှိနေတာပါလား"

"ကျွန်တော့်ကိုခွင့်လွှတ်ပါမေမေ။ ကျွန်တော်, မေမေ မကြိုက်တာကို ဘာတစ်ခုမှမလုပ်ပါဘူး။ ဒါပေမဲ့. . . ကျွန်တော့်နှလုံးသားကိုတော့လွတ်လပ်ခွင့်ပေးပါဗျာ"

"မေမေ အဲဒီကောင်မလေးကို မြင်ဖူးချင်လိုက်တာ။ မေမေ့သားကို ဒီလိုဖြစ်အောင် သူ ဘာကြောင့် ဘာနဲ့ဆွဲဆောင်နိုင်သလဲဆိုတာကိုမျက်ဝါးထင်ထင်တွေ့ချင်တာအမှန်ပဲ"

"ကျွန်တော်, သူ့ကို နှလုံးသားနဲ့ချစ်တာပါမေမေ။ ရုပ်လှလို့ချစ်ခဲ့တာမဟုတ်ပါဘူး။ အချစ်ချင်းတူခဲ့လို့ ချစ်သူဖြစ်ခွင့်ရခဲ့တာပါ။ ကျွန်တော်ဘို့နှစ်ယောက်ကြားမှာ အချစ်ဆိုတာကလွဲပြီး ဘာတစ်ခုမှမရှိခဲ့ဘူး။ ချစ်သူဖြစ်ခွင့်တောင်မှ လပိုင်းလေးပဲရခဲ့ရတာပါ"



www.burmeseclassic.com

www.burmeseclassic.com



"မေမေက. . . မေမေက သားကို မေမေသဘောတူတဲ့ မိန်းကလေးနဲ့ပဲ လက်ထပ်ပေးစေချင်တာ"

"ဒါကတော့ မေမေ့သဘောပါပဲ။ မေမေပေးစားတဲ့အိမ်ထောင်က မသာယာနိုင်ရင်တော့ ကျွန်တော့်အပြစ်မဟုတ်ဘူးနော် မေမေ။ ကျွန်တော့်အိမ်ထောင်ဘက်ကို နှလုံးသားကလွဲပြီး ကျန်တာအားလုံးပေးနိုင်မယ်။ အချစ်တော့ ရမယ်မထင်နဲ့။ ကျွန်တော့်ချစ်ခြင်းတွေအားလုံးက သူ့ကိုအပြီးတိုင်ပေးခဲ့ပြီးပြီ။ ရင်ထဲမှာ ဗလာသက်သက်ပဲကျန်တော့တယ်"

"သားရယ်"

"စိတ်မကောင်းမဖြစ်ပါနဲ့မေမေ။ ကျွန်တော်ဟာ မေမေမွေးထားတဲ့သားပါ။ မေမေ့စကားကို မြေဝယ်မကျ ကျွန်တော်နားထောင်ခဲ့တာပဲ။ လူ့ချင်း ပေါင်းဆုံခွင့်မရပေမယ့်. . . လွမ်းဆွေးတမ်းတခွင့်လေးကိုတော့ ကျွန်တော်ရပါရစေ။ ကျွန်တော့်မှာ ဒီအခွင့်အရေးလေးပဲရှိတာပါဗျာ"

မေမေက မျက်ရည်ကိုကျိတ်သုတ်လိုက်ပြီး ကျွန်တော့်အခန်းထဲမှ ညင်သာစွာထွက်သွားလေ၏။ လက်ထဲမှာကိုင်ထားသည့် ပဝါလေးကို တစ်ခါထပ်နမ်းလိုက်ပြီး ရင်ဘတ်ပေါ်တင်လျက် ခုတင်ထက် လှဲချလိုက်ရင်း မျက်လုံးအစုံကိုမှိတ်ထားလိုက်သည်။

အသက်ရယ်. . . အသက် ဘယ်လိုပဲ စိမ်းကားပြတ်သားစေဦးတော့ မောင့်နှလုံးသားထဲမှာ အသက်က ထာဝရရှိနေမှာပါ။ 'ရောမှန်' ဆိုတာ ဟိုတစ်ခါ မောင်, အသက်ကိုပို့ပေးခဲ့တဲ့ဆေးခန်းပါလား။ မနက်ကျမှပဲ အသက်ကို မောင် တိတ်တိတ်လေး လာခိုးကြည့်တော့မယ်နော်

ဖုန်းနံပါတ်ကို စိတ်ထဲမှအသာမှတ်လိုက်ပြီး ဖုန်းကိုပိတ်လိုက်၏။ နောက်မှ ဖုန်းနံပါတ်ကိုစုံစမ်းရန်ဆုံးဖြတ်ပြီး ဆွဲပြီးသွားသည့်ပန်းချီကားကို အခန်းထဲမှာ ထည့်သိမ်းလိုက်သည်။





နောက်တစ်ပုံကိုဆွဲရန် ပြင်ဆင်လိုက်ရင်း ဆေးရောင်ကိုစပ်လိုက်၏။ ဘယ်လက်ကိုအသုံးပြု၍ မရသေးတာကြောင့် ဘုတ်ပြားအတင်အမကို ဂရုစိုက်နေသည်။ သစ်ပင်ပုံကို အကြမ်းဆွဲနေစဉ် ညှော်ခန်းရှိ ဖုန်းက မြည်လာ၏။ ကျွတ်. . . ဒီည အနှောင့်အယှက်တယ်များပါလားနော်။

ကျွန်မ ဖုန်းကိုသွားကိုင်လိုက်ပါ၏။

"ဟဲလို. . . မစွသက်ငြိမ်း"

"ဟဲလို"

"ကျွန်တော် နောက်လ(၁၂)ရက်နေ့ လာခဲ့မယ်လို့ အကြောင်းကြားတာပါ။ အဲ ့ ကျွန်တော်ပြောထားတာ မမေ့ပါနဲ့နော်"

"ကျွန် ၊ မအားလည်း ကိုဦးလာကြိုမှာပေါ့ မစွတာအိုကာတာ။ မမေ့ပါဘူး ၊ ဦ"

"နိုး. . . နိုး. . . ကျွန်တော်ပြောတာ အဲဒါမဟုတ်ဘူးလေ"

"ဟင်းဟင်း. . . ကျွန်မ မှတ်မိပါတယ်ရှင်"

"တကယ်နော်. . . ပြီးတော့ ကျွန်တော့်ကို ပန်းချီကားတစ်ချက် လက်ဆောင်ပေးပါနော်။ ကျွန်တော်. . . ခင်များအတွက် လက်ဆောင်ယူလာခဲ့ပါ့မယ်"

"လက်ဆောင်မလိုပါဘူး မစွတာအိုကာတာ။ ကျွန်မတို့မြန်မာပြည်ကိုအလည်လာတာနဲ့တင် ဝမ်းသာလှပါပြီ။ တွေ့မှပဲ စကားတွေပြောကြတာပေါ့"

"ဟုတ်ကဲ့. . . ကျေးဇူးတင်ပါတယ်။ ဒါပဲနော်"

ကျွန်မ ဖုန်းကိုချလိုက်ရင်း ခေါင်းကိုအသာယမ်းလိုက်မိသည်။ ခက်တော့မှာပါပဲလား။



www.burmeseclassic.com

www.burmeseclassic.com





သံယောဇဉ်ဆိုတာ

ချစ်ခြင်းရဲ့အစပျိုးရာဌာနေ . . .

ချစ်ခြင်းဆိုတာကတော့

အလွမ်းရဲ့အစပျိုးရာနေရာတစ်ခု . . .

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၃ )

မနက် (၈)နာရီခန့်မှာ ကုန်းပေါ်မှ တဖြည်းဖြည်းဆင်းလာသည့် သူမကို ကားပေါ်မှအသာငေးကြည့်နေမိ၏။ ဖေဖေ့ကားကိုယူလာတာမို့ သူမ, ကျွန်တော့်ကိုသိပုံမရပါ။ တစ်လမ်းကျော်မှာရှိနေသည့် ဆေးခန်းဘဲ ဝင်သွားတော့မှ ကျွန်တော် အိမ်ကိုပြန်လာခဲ့သည်။ ရုပ်အဖြူလေးနှင့် ဆံပင်ရှည်တွေကို ခပ်လျော့လျော့လေး စည်းနှောင်ထားပုံက ကပိုကယိုလေး လှနေလေ၏။

ဩော်. . . အသက်ရယ်. . .

မောင်နဲ့ခွဲခွာပြီးမှ ဘာဖြစ်လို့များ ဒီလောက်လှလာရတာလဲ။ ခုဆို အသက်မျက်နှာမှာ မျက်မှန်ထူထူကို မတွေ့ဖြစ်တာကြာလှပြီပေါ့။ မောင်ပေးထားတဲ့ ရောင်စုံမျက်ကပ်မှန်လေးတွေကိုမတပ်ဘဲ အနက်ရောင်တစ်မျိုးကိုသာ အသက် တပ်ဖြစ်တာမို့ မောင်စိတ်မကောင်းဖြစ်ရတာအမှန်ပါ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဆေးခန်းမှထွက်လာခဲ့ပြီး အန်ကယ်မိုးအတွက် မွေးနေ့လက်ဆောင်ပေးရန် Taxi ဖြင့် မြေနီကုန်းသို့လာခဲ့၏။ Dagon Center မှာ ဟိုဒီလျှောက်ငေးရင်း ဝယ်စရာကိုလိုက်ရှာနေမိစဉ် လက်တစ်ဖက်က ကျွန်မလက်မောင်းကို လာကိုင်လေသည်။

"သမီး. . . အန်တီ့ကိုမှတ်မိရဲ့လား"

"ဩော်. . . ဟုတ်ကဲ့ မှတ်မိပါတယ်အန်တီ၊ တစ်ယောက်တည်းလား"

"အဖော်ပါတယ် သမီးရဲ့"

ကျွန်မရင်ထဲ ထိတ်သွားမိ၏။ ဘုရားရေ. . . အန်တီ့အဖော်က သူဖြစ်နေရင်တော့ ကျွန်မဘယ်သူလဲဆိုတာ အန်တီသိသွားပေတော့မည်။ ဒုက္ခပါပဲ။

"ဘာလာဝယ်တာလဲ သမီး"

"မိတ်ဆွေတစ်ယောက် မွေးနေ့ရှိလို့၊ အဲဒါ ဘာဝယ်ပေးရင် ကောင်းမလဲစဉ်းစားပြီး လိုက်ကြည့်နေတာပါ အန်တီ"

"သမီးမိတ်ဆွေက ဘယ်အရွယ်လဲ. . . ယောကျ်ားလေးလား မိန်းကလေးလား"

"အမျိုးသားပါ"

"သမီးနဲ့ ဘာများတော်သလဲကွယ်"

"ဦးလေးဆိုပါတော့ အန်တီ၊ အင်း Necktie တစ်ကတ်ပဲ ဝယ်ရင် ကောင်းမယ်ထင်တယ်"

ကျွန်မက ကောင်တာထဲမှ အစင်းလေးတွေပါသည့် Necktie တစ်ကတ်ကိုညွှန်ပြ၍ Packing ထုတ်စေလိုက်၏။ ယခုချိန်ထိ အနားမှမခွာသေးသည့်သူ့မေမေကြောင့် ဇောချွေးက အလိုလိုစို့လာရသည်။

"သမီးအားရင် အိမ်ကိုခဏလောက်လိုက်ခဲ့ပါလားကွယ်။ ဒါမှမဟုတ် တစ်နေရာမှာ တစ်ခုခုလိုက်စားပါလား"

"စိတ်မရှိပါနဲ့ အန်တီ။ ကျွန်မအမျိုးသားက အချိန်အတိအကျနဲ့





ပြန်လာနိုင်းလို့ပါ။ နောက်မှပဲဆုံကြတာပေါ့။ ခွင့်ပြုပါဦးရှင်"

သူ့မေမေက ကွက်ခနဲမျက်နှာပျက်သွားပြီး ကျွန်မကိုငေးကြည့်ကျန်ခဲ့လေ၏။ ကုန်တိုက်ပေါ်မှ မပြေးရုံတမယ် ကျွန်မဆင်းလာခဲ့သည်။

ခွင့်လွှတ်ပါအန်တီ၊ ဒီလိုမှမညာရင် အန်တီက ကျွန်မကို အိမ်အထိပါအောင် ခေါ်နေမှာစိုးလို့ပါ။

မျက်နှာမသာမယာဖြင့် ဈေးမှပြန်လာသည့်မေမေ့ကိုကြည့်၍ ကျွန်တော် အံ့သြသွားရ၏။ ဖေဖေက ကူမှထိသွားရန် လှေကားမှဆင်းလာသော်လည်း မေမေက နှုတ်ပင်မဆက်ဘဲ အောက်ထပ်နားနေခန်းသို့ တန်းဝင်သွားတော့သည်။ မိစုက ဈေးခြင်းတောင်းတွေဖြင့် မီးဖိုခန်းထဲဝင်သွား၏။

"ဘာ . . မင်းမေမေဘာဖြစ်လာလဲမသိဘူး၊ မေးစမ်းကြည့်ဦးကွယ်"

ကျွန်တော်, မေမေ့နောက်မှလိုက်ဝင်လာတော့ မေမေက ခုတင်ပေါ်မှာ ငူငူငိုင်ငိုင်ဖြင့်ထိုင်လျက် မျက်ရည်တို့ဝဲနေသဖြင့် ရင်ထဲမှာ ထိတ်လန့်သွားရသည်။

"မေမေ"

မေမေ့မျက်ဝန်းမှ မျက်ရည်စီးကြောင်းတစ်ခု ဖြစ်ထွန်းလာသဖြင့် ကျွန်တော်, မေမေ့ကိုအသာထွေးဖက်လိုက်မိ၏။

"မေမေ ဘာဖြစ်လာတာလဲ"

"မေမေနဲ့ပြောလိုက်တာ သားရယ်။ သူက သူက အိမ်ထောင်သည်တဲ့။ မေမေ ထင်တောင်မထင်ရက်ဘူး"

"ဗျာ! "

ဖြစ်မှဖြစ်ရလေ မေမေရယ်၊ အသက်က ကျွန်တော့်မေမေမှန်းသိနေလို့ မေမေ့ကိုရှောင်ရှားရင်း ညာလိုက်တာပဲဖြစ်မှာပါ။ ဒါကို မေမေက ဝမ်းနည်းနေရသတဲ့လား။

"ဟုတ်ချင်မှဟုတ်မှာပါ မေမေရယ်။ စိတ်ကို ဒီလောက်လွှတ်



www.burmeseclassic.com

www.burmeseclassic.com



မပေးရဘူးလေ။ ကလေးလေးကျနေတာပဲ"

"သူနတ်က ဖွင့်ပြောတာသားရဲ့။ ပုံစံကြည့်ရတာလည်း သုတ်သီးသုတ်ပြာပဲ။ ဟုတ်မှာပါလေ။ မေမေ့မှာတော့ မျှော်လင့်တကြီးနဲ့ သူ့လက်ကို အပြေးဆွဲလိုက်ရတာ။ နာမည်တွေလိပ်စာတွေမေးဖို့တောင် အချိန်မရဘူး။ ဈေးဝယ်ပြီးတာနဲ့ တစ်ချိုးတည်းပြေးဆင်းသွားတာပဲ"

"ဘာဖြစ်လဲမေမေရယ်။ နောက်ကြုံတော့မှ လက်ဆောင်တစ်ခုခု ဝယ်ပေးလိုက်ပေါ့။ သူ့မှာ အချိန်မရလို့နေမှာပါ"

"မေမေက သားကို သူနဲ့သဘောတူနေတာ သားရဲ့။ ခုတော့"

ကျွန်တော် စိတ်ထဲတော်တော်မကောင်းဖြစ်သွားရ၏။ မေမေ၊ မေမေ အစကဖြင့် သဘောမတူနိုင်ဘူး အတန်တန်ပြောခဲ့ပြီးတော့၊ အခု သူ့မှကို မည်သူမည်ဝါမှန်းမသိဘဲ ကျွန်တော်နဲ့သဘောတူနေပါရောလား။

"ဘယ်တတ်နိုင်မှာလဲ မေမေရာ။ နောက်တစ်ယောက်ရှာကြည့်ပါဦး"

"တော်ပါပြီ၊ သားဟာသား ရှာချင်ရှာတော့။ မရရင် လူပျိုကြီးပဲလုပ်တော့"

"ဟော. . . မေမေပဲ မြေးတွေမြစ်တွေနဲ့ပျော်ချင်သေးတယ်ဆို။ ဘယ်လိုဖြစ်သွားရတာလဲ"

"မေမေက သူ့ကိုမြင်မြင်ချင်းချစ်နေတာ။ သူကတော့ မေမေ့ကို ဘာသံယောဇဉ်မှမရှိသလိုပဲ။ စကားတောင်မှ မပြောချင်ပြောချင်နဲ့ ပြန်ပြောတာ။ သိပ်စိမ်းကားတာပဲ။ မေမေ စိတ်ထဲမကောင်းဘူး သားရယ်။ မေတ္တာဆိုတာ ရောင်ပြန်ဟပ်တယ်ဆိုပြီးတော့"

ကျွန်တော်, မေမေ့ကို ဘာမှပြန်မပြောနိုင်ဘဲ ငိုင်သွားရသည်။ အဘက်တကာ့အခက်ဆုံးပါလား မေမေ၊ အသက်ကို မေမေ့ရှေ့ကိုခေါ်လာရင် အသက် ဘယ်သူဆိုတာကို ဖွင့်ပြောပြီးတာနဲ့ မေမေ, အသက်ကို ကြည်ဖြူမှာတဲ့လား။ အခြေအနေက မရေမရာကြီးပါမေမေရယ်။





"သား. . . duty နောက်ကျမယ်လေ။ သွားတော့"

"စိတ်မကောင်းဖြစ်မနေပါနဲ့မေမေ၊ တစ်နေ့နေ့မှာ မေမေလိုချင်တဲ့ပုံစံမျိုးနဲ့ ထပ်တူကျတဲ့ချွေးမမျိုးကို ကျွန်တော်ခေါ်လာပြပါ့မယ်"

မေမေက မဲ့ပြုံးတစ်ခုကို မသက်မသာပြုံးလိုက်၏။ ကျွန်တော် မေမေ့ပါးတစ်ဖက်ကို အသာနမ်းရှိုက်လိုက်ပြီးမှ ဆေးခန်းဆီသို့ထွက်ခဲ့လေ၏။ ရုံးခန်းထဲရောက်တော့ အနှင်းက ကျွန်တော့်မျက်နှာကိုသိသိသာသာကြီးအကဲခတ်နေသဖြင့် မေးခွန်းထုတ်လိုက်မိသည်။

"ဘာလဲ အနှင်းရဲ့။ ငါ့ကိုဘယ်လိုကြည့်နေတာလဲ"

"ကြိုသိထားစေချင်လို့"

"ဘာလဲ"

"စိတ်နာနေရင် ဒီည Dinner ပွဲကို မတက်နဲ့ပြောမလို့"

"ဟာ . . . ဘာဖြစ်လို့လဲ။ အန်ကယ်က အားလုံးကိုသေချာဖိတ်ထားတာ။ မသွားရင် ရိုင်းရာကျမှာပေါ့"

"အန်ကယ့်မွေးနေ့မှာ သူလာမှာနော်။ ကိုဦးဆွေနဲ့ သူအတူတူလာမှာ။ နင်စိတ်ကိုထိန်းနိုင်ရင် ပြီးတာပဲ"

"သူကလည်း တွဲစရာ ဒီတစ်ယောက်တည်းရှိလား။ အားအားရှိ ဒီလူနဲ့ပဲ သွားနေလာနေတာပဲ"

"တွေ့လား. . . အနှင်းရေ၊ သူ့ကို မတက်နိုင်းတာကောင်းမယ်ထင်တာပဲ၊ တော်ကြာ Dinner ပိုင်းမှာ အဆင်မသင့်ထိုးပွဲဖြစ်ကုန်မှ မျက်နှာပူစရာတွေဖြစ်ကုန်မယ်"

"အံမာ. . . ဖြစ်တော့ရော ဘာဖြစ်လဲ။ မင်းတို့အနေသာကြီး"

"အန်ကယ့်ကို အားနာလေးစားမှုရှိမှပေါ့ကွ. . . ကိုဦးဆွေက အန်ကယ်နဲ့အင်မတန်ရင်းနှီးတာ"

"ငါလည်း ရင်းနှီးတာပဲ"

"ဒါက သူ့သမီးနဲ့ပတ်သက်ပြီး ရင်းနှီးတာပဲ။ ဒါတောင် အန်ကယ်က မင်းကိုကြည်ဖြူဦးမှကိုး"



www.burmeseclassic.com

www.burmeseclassic.com



"သူက ဘယ်လိုက ဘယ်လို အန်ကယ်နဲ့ဆက်နွယ်နေတာလဲ"

"သူ. . . အန်ကယ့်ဆီမှာ ပညာသင်နေတယ်။ သူတို့က အနု ပညာနဲ့ပတ်သက်ပြီး အင်မတန်နွေးထွေးတာနော်။ ငါတို့လိုမဟုတ်ဘူး။ နှင်လျှော့မတွက်နဲ့"

"မရဘူး။ သွားမှာပဲ။ မျက်စိထဲ အချိုးမပြေရင် ဘယ်သူ့မျက်နှာ မှမထောက်ဘူး။ အဘိုးကြီးမကြည်လေ ပိုကောင်းလေပဲ။ ဒါမှ သူ့သမီး နဲ့ပြတ်မှာ"

"ဟောကောင်. . . ဒါ သူ့အဖေပိုင်တဲ့ဆေးခန်းနော်"

"ဘာလဲ၊ အလုပ်ပြုတ်မှာစိုးရိမ်လို့လား။ အေးတာပဲ၊ လုပ်ချင်တဲ့ ဆေးရုံဆေးခန်းတွေများ ပုံလို့"

"ဟာ. . . ဉာဏတို့တော့ ဆရာဝန်ဖြစ်လာမှပဲ မိုက်လုံးကြီးနေ လိုက်တာ။ ဒီကောင်တော့ မလွယ်ကြောပဲ"

သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်ပြောကြတာကို မကြား ချင်ယောင်ဆောင်၍ duty ဝင်ရန် ထွက်လာခဲ့၏။ အသက်ရယ်၊ ဖူးစာ ဆိုတာ ဟိုးဘဝကတည်းက ရေစက်တစ်ခုဆိုရင် မောင်နဲ့အသက် ဒီဘဝ မှာ ပေါင်းစည်းခွင့်ရလိမ့်မယ်လို့ မောင့်ရင်ထဲမှာ စွဲစွဲမြဲမြဲယုံကြည်နေတာ ကို အသက်သိရဲ့လား။

ညနေ ရေမိုးချိုး အဝတ်အစားလဲပြီး အိမ်ကထွက်လာတော့ (၆)နာရီကျော်နေလေပြီ။ ဟိုတယ်ကားပါကင်မှာ ပြိုင်တူဝင်ရပ်လိုက်သည့် ကားကို ကျွန်တော်ကြည့်လိုက်တော့ သူ့မစီးနေကျပရာဒိုဖြစ်နေ၏။

ကိုဦးဆွေက သူ့မဆင်းရမည့်ဘက်မှ တံခါးကိုဖွင့်ပေးစဉ် စလစ် ပါအဖြူလေးဖြင့် သူမဆင်းလာလေသည်။ အဝါဖျော့ဖျော့ မြန်မာဆန် ဆန်အင်္ကျီကို အစိမ်းပုတ်မှာ အဝါဖောက်ထားသည့်ချိတ်လုံချည်နှင့် တွဲ ဝတ်ထားသည်။

တင်ပါးဖုံးနေသော မည်းညိုသည့်ဆံနွယ်တွေကိုတော့ လက်ကိုင် ပဝါလေးဖြင့် ခပ်လျော့လျော့စည်းထား၏။ လက်မှပတ်တီးဖြူဖြူကြောင့်





ကျွန်တော့်ရင်ထဲမှာ စူးအောင့်သွားရသည်။

အသက်ရယ်. . . မောင့်အလွန်ကြောင့်ပေမယ့် အသက်တုံ့ပြန် လိုက်တဲ့အပြုအမူအတွက် ခုလို ကိုယ့်ကိုယ်ကိုပြန်ပြီး ဒဏ်ခတ်တာတော့ မကောင်းပါဘူး။ အသက်နာကျင်တာကို မောင်မကြည့်ရက်ဘူးကွာ။

မလှမ်းမကမ်းမှာ အသာလိုက်လာခဲ့စဉ် ကျွန်တော့်ကို ဖူးငုံက လှမ်းမြင်ပြီး အပြေးကြိုလိုက်၏။

"ကိုကိုက ဝတ်လာတဲ့ဝတ်စုံလေးနဲ့ သိပ်လိုက်ဖက်တာပဲ။ ကို မိုးထက်ရော"

"မြတ်ဆွေနဲ့လာခဲ့မယ်တဲ့၊ ကိုယ်က တမင်စောစောလာခဲ့တာ"

"လာ"

ကျွန်တော့်လက်ကိုဆွဲ၍ ခုံမှာထိုင်နိုင်းလိုက်တော့ သူမနှင့်မျက်နှာ ချင်းဆိုင်ခုံဖြစ်နေလေသည်။ သူမက အေးအေးချမ်းချမ်းမျက်နှာနှင့်ပင် အန်ကယ်မိုးကို လက်ဆောင်ကမ်းပေးလိုက်လေ၏။

"Happy Birthday ပါ အန်ကယ်၊ အခုကျရောက်တဲ့ (၅၅)နှစ် မြောက်မွေးနေ့မှ နောင်နှစ်ပေါင်း (၁၀၀)ကျော်အထိ အန်ကယ်နှစ်သက် မြတ်နိုးတဲ့အနုပညာအလုပ်ကို ဆက်လုပ်သွားနိုင်ပါစေလို့ ကျွန်မ ဆု တောင်းပေးပါတယ်ရှင်"

"ကျေးဇူးအထူးပါပဲ သမီးရယ်။ အန်ကယ်အလိုချင်ဆုံးဆုကို တောင်းပေးတဲ့အတွက် တကယ့်ကိုကျေးဇူးတင်တာပါ"

"ဒါက ကျွန်တော့်ရဲ့လက်ဆောင်ပါ။ ညီမလေးတောင်းပေးတဲ့ ဆုနဲ့ထပ်တူပဲမို့ အန်ကယ့်အတွက် ကျွန်တော် သီးသန့်ဆုမတောင်းပေး ဘာကိုခွင့်လွှတ်ပေးပါ"

"ရပါတယ် မောင်ဦး။ လေးလုချည်လား။ ဘာတွေလဲကွ"

"ပြင်သစ်ကလာတဲ့ ဆေးတံနဲ့ဆေးဘူးပါ အန်ကယ်"

"ကြည့်စမ်း! မောင်ဦးက အန်ကယ့်အကြိုက်ကို တယ်သိတာ ပဲ။ ကျေးဇူးပါဗျာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်ပေးတဲ့လက်ဆောင်ကိုတော့ အန်ကယ်က ဘာမှမပြောဘဲ လက်ခံလိုက်ပါ၏။ ခဏအကြာမှာ ဆေးခန်းမှ ဆရာဝန်အချို့နှင့် မိုးထက်စို့အုပ်စုရောက်လာ၏။ လူစုံတော့ စားသောက်စရာတွေ မှာထားတာကို ပြင်ဆင်ပေးလေသည်။ မြန်မာထမင်းဟင်းပွဲကျွေးတာမို့ လူတိုင်းသက်တောင့်သက်သာစားနိုင်မည်ဖြစ်သဖြင့် ဝမ်းသာသွားကြ၏။

သူမက အန်ကယ့်ပန်းကန်ထဲ ဟင်းဦးဖယ်ထည့်ပေးတော့ ဖူးငုံမျက်နှာ မည်းခနဲဖြစ်သွားသည်။ ကိုဦးဆွေက သူမပန်းကန်ထဲသို့ ငါးမြင်းဆီပြန်တစ်တုံး ဆယ်ထည့်ပေးလေ၏။

"အားလုံးပဲ ပျော်ပျော်ပါးပါးသုံးဆောင်ကြပါနော်။ စီးပွားရေးလုပ်ငန်းရှင်တွေကို အန်ကယ်သီးသန့်တစ်ပွဲလုပ်ပေးမှာမို့ အချင်းချင်းလွတ်လွတ်လပ်လပ်ပဲပေါ့။ သုံးဆောင်ပါ. . . သုံးဆောင်ပါ"

ဦးမိုးမြင့်က မတ်တတ်ရပ်၍ အားလုံးကိုပြောအပြီး ပြန်ထိုင်ချလိုက်စဉ် ဖူးငုံထံမှ အသံထွက်လာလေ၏။

"ဒယ်ဒီ. . . ဒီလောကကြီးမှာ ဒယ်ဒီအချစ်ဆုံးက ဘယ်သူလဲ"

"ဟော. . . တယ်ထူးဆန်းပါလား ဘေဘီ။ ဘာကိုဆိုလိုချင်တာလဲ။ ဒယ်ဒီအချစ်ဆုံးက ဘေဘီပဲရှိတာလေ"

"ဒါဆို ဖူး တောင်းဆိုတာကို ဒယ်ဒီလိုက်လျောမှာလား"

ဦးမိုးမြင့်က ဇွန်းနှင့်ခက်ရင်းကို အသာပြန်ချထား‌လိုက်၏။ သူမက ထမင်းကိုစားနေရင်း အသာနားစွင့်နေလေသည်။

"ပေးသင့်တယ်လို့ယူဆရင်ပေးမယ် ဘေဘီ။ ပြော"

"အဲဒါဆို ဒယ်ဒီ့ကိုပေးတဲ့လက်ဆောင်ထဲက တစ်ခုကို ဖူးတောင်းချင်လို့ပါ"

"ရပါတယ် ဘေဘီရဲ့။ ဒါဒယ်ဒီပိုင်တဲ့ပစ္စည်းတွေဖြစ်သွားပြီပဲ။ ဒယ်ဒီပေးချင်တဲ့လူတွေကို ပြန်ပေးလို့သည်းဖြစ်ပါတယ်။ ဒါပေမဲ့ ကောင်းတော့မကောင်းဘူးပေါ့။ ပြော. . . ဘယ်ဟာကိုတောင်းမလို့လဲ"

"မမိုးသက်ငြိမ် ပေးတဲ့ဟာ"





သူမ စားလက်စထမင်းကိုဆက်မစားဖြစ်ဘဲ ဖူးငုံကို တအံ့တသြ ကြည့်လိုက်သည်။ ဖူးငုံမျက်ဝန်းမှာ တင်းမာရိပ်ကို အတိုင်းသားမြင်နေရ၏။ ကိုဦးဆွေက သူမလှမ်းတောင်းလိုက်သည့် ရေသန့်ဘူးထဲမှ ရေတစ်ခွက်ကို ငှဲ့ပေးလိုက်သည်။

"ဒါ အိမ်ရောက်မှတောင်းလည်းဖြစ်တာကို ဘေဘီရယ်။ ဘာဖြစ်လို့ ကာယကံရှင်ရှေ့မှာ တောင်းရတာလဲ"

"ဖူးငုံလိုချင်ရင် ကျွန်မ သီးသန့်ပစ္စည်းဝယ်ပေးပါ့မယ်။ အန်ကယ့်ကိုပေးထားတဲ့လက်ဆောင်ကိုတော့ မယူချင်ပါနဲ့"

"ဟင့်အင်း. . . ဖူး အဲဒီအထုပ်လေးကိုပဲ လိုချင်တာ"

"ဘေဘီ. . . မဂျစ်နဲ့နော်"

"ဒယ်ဒီက ဖူးကို ဒါလေးတောင် မပေးချင်ဘူးလား။ အဲဒီပစ္စည်းက ဒယ်ဒီ့အတွက် တော်တော်အဖိုးတန်နေလို့လား။ ပြောပါဦး"

"ဖူးငုံ မရိုင်းနဲ့နော်။ ဒယ်ဒီ မကြိုက်ဘူး"

မျက်ရည်ရွဲရွဲဖြစ်လာသည့်ဖူးငုံကို လက်တို့သတိပေးလိုက်သော်လည်း ကျွန်တော့်ကိုဂရုမစိုက်ဘဲ သူမကိုသာ စူးစူးရဲရဲစိုက်ကြည့်နေလေ၏။ သူမက ရေကိုမော့သောက်လိုက်ပြီး အသာထရပ်လိုက်ပါသည်။

"ကျွန်မကိုခွင့်ပြုပါဦး အန်ကယ်။ အခုလိုကျွေးမွေးပြုစုတဲ့အတွက် ကျေးဇူးအများကြီးတင်ပါတယ်ရှင်"

သူမက ဘေးဝိုင်းမှ နှင်းကိုပြုံးပြနှုတ်ဆက်လိုက်ပြီး ထိုင်ခုံကို ရွှေ့ဖယ်လိုက်သည်။

"သူလိုချင်တာကိုပေးလိုက်ပါ အန်ကယ်။ ဒါပေမဲ့ အဲဒီပစ္စည်းက သူ့အတွက် အသုံးဝင်မှာတော့မဟုတ်ဘူး။ တခြားလူတစ်ယောက်အတွက်ပဲ ဖြစ်သွားမှာပါ"

"သမီးပေးတာက"

"အမျိုးသားသုံး Necktie ကတ်ပါ အန်ကယ်"

ဖူးငုံကိုင်ထားသည့်ဇွန်းနှင့်ခက်ရင်းက ပန်းကန်ထဲ လွတ်ကျသွား



www.burmeseclassic.com

www.burmeseclassic.com



သဖြင့် အသံကျယ်ကျယ်မြည်သွားလေ၏။ သူမက ကျွန်တော့်ကို စူးခနဲ တစ်ချက်စိုက်ကြည့်လိုက်ပြီး ကိုဦးဆွေနှင့်အတူ ထွက်သွားတော့သည်။ ဖူးငုံ ဒေါသဖြင့် မျက်ရည်တွေကျလာသော်လည်း ကျွန်တော် မနှစ်သိမ့် မိပေ။

"ဒယ်ဒီမွေးထားတဲ့သမီးဟာ ဒီလောက်အထိ ရိုင်းစိုင်းလိမ့်မယ် လို့ ထင်မထားဘူး။ ဖူးငုံ. . . ဒါ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ် ဖြစ်ပါစေ။ နောက်တစ်ကြိမ် ထပ်ဖြစ်ခဲ့ရင် သမီးကို ဒယ်ဒီ နှုတ်နဲ့မဆုံး တော့ဘူး။ အဲဒါသေချာမှတ်ထား"

"ဒယ်ဒီ. . . ဖူး သူ့ကိုမကြိုက်ဘူး"

"သူက သမီးကို ဘာများလုပ်မိလို့လဲ။ သမီးရဲ့ရန်သူလည်းမဟုတ် သူဟာသူ အေးအေးချမ်းချမ်းနေတဲ့မိန်းကလေးကို စိတ်ဒုက္ခပေးဖို့ သမီး မကြိုးစားပါနဲ့"

"သူ, သမီးကို စိတ်ဒုက္ခပေးတာကိုတော့ ဒယ်ဒီကကြည့်နိုင်တယ် ပေါ့။ သမီးတစ်ယောက်လုံးရှေ့မှာတောင် ဒယ်ဒီ့ကို ဟင်းထည့်ပေးရဲတာ သမီးကို သူစိမ်ခေါ်လိုက်တာပဲ"

"ကျွတ်. . . မဟုတ်တာ။ ဒီဝိုင်းထဲမှာ ဒယ်ဒီက အသက် ကြီး ဆုံးလူကြီးလေ။ ပြီးတော့ မွေးနေ့ရှင်။ သူ ဒီလိုပဲ ရိုးရိုးသားသား လုပ် လိုက်တာပဲ။ ဘာကိုမနာလိုမရှုစိမ့်ဖြစ်နေတာလဲ"

"မသိဘူး။ သူ ဒယ်ဒီနဲ့လာပတ်သက်နေတာကို သမီး လုံး မကြိုက်ဘူး။ ဒါပဲသိတယ်"

"ကဲ. . . ပြောစမ်းပါဦး, ဖူးငုံမြင့်။ သမီးက ဒယ်ဒီ့အုပ်ထိန်းသူ လား"

"ဖူး. . . တော်တော့လေ။ သူများဝိုင်းတွေကြားကနှိုက်ရင် မကောင်း ဘူး"

"ကိုကိုဝင်မပါနဲ့။ ကိုကိုကပါ သူ့ဘက်ကလိုက်ပြီး မနာပါနဲ့"

"ဟာ. . . ကျွတ်! မဆိုင်တာကိုမရမ်းချင်နဲ့ဖူးငုံ. . . တော်တော့"





"မတားနဲ့။ ဖူး မကျေနပ်တာက မကျေနပ်တာပဲ။ ကိုကိုနော် ဖူးကိုချန်ရစ်ပြီး ဟိုမိန်းမကိုပဲ"

"ဖူးငုံ တော်တော့လို့ဆို"

"ဖူးကို အော်စရာမလိုဘူး ကိုကိုရဲ့"

"သမီး"

"ဒယ်ဒီ. . . ဒီမိန်းမက ဖူးရဲ့ချစ်သူကိုပါ မကဘူး။ ဒယ်ဒီ့ကိုပါ အပိုင်စီးဖို့. . ."

ဖူးငုံစကားမဆုံးမီမှာ ဦးမိုးမြင့်လက်ဝါးရိုက်ချက်ကြောင့် မျက်နှာ လည်ထွက်သွားပြီး ကျွန်တော့်ဘက် ယိုင်ကျလာသဖြင့် ကျွန်တော်ဖမ်း ထိန်းလိုက်ရသည် ၊ ဦးမိုးမြင့် မျက်သားတွေနီရဲလာသည်အထိ ဒေါသမီး ဝင်းဝင်းတော ် နေလေပြီ၊ မိုးထက်က အနီကယ့်လက်တစ်ဖက်ကိုအသာ ဆွဲထားလို ပါ၏။ ဖူးငုံက ကျွန်တော့်ရင်ခွင်ထဲမှာ တရှုပ်ရှုပ်ငိုနေလေ သည်။ ကြည့်စမ်း! ဖူးငုံဟာ တော်တော်သဘောထားနုတဲ့မိန်းကလေး တစ်ယောက်ဖြစ်နေပါရောလား။

အိမ်အပြန်လမ်းမှာ သူမကို မိုးထက်ထံမှ ဝေဖန်သံကြားရလေ၏။

"စိတ်ကို အင်မတန်ထိန်းနိုင်တဲ့အမျိုးသမီးပဲ။ ပြဿနာဖြစ်မှာ စိုးလို့ သူထပြန်တာကို ငါတို့မြင်တယ်။ အချိန်ကြာလာတာနဲ့အမျှ ဘယ် မိန်းမနဲ့မှမတူတဲ့ ဟန်အမူအရာ ဣန္ဒြေမျိုးကို သူ့ဆီမှာပဲတွေ့ရတာ။ ငါတို့ဆုတောင်းပေးမယ် ဉာဏ။ မင်း သူနဲ့ပဲလက်ထပ်ဖြစ်ပါစေကွာ"

ကျွန်တော် မချိပြုံးသာ ပြုံးလိုက်မိ၏။ မိုးထက်အိမ်ရှေ့မှာ ကား ကိုရပ်ပေးလိုက်ရင်း ပြောလိုက်ပါသည်။

"ငါလည်း မျှော်လင့်နေတာပါပဲ မိုးထက်ရာ။ အချိန်က စကား ပြောပါလိမ့်မယ်"

မိုးထက်က ကျွန်တော့်ကို လက်ထောင်ပြနှုတ်ဆက်လိုက်ပြီး ခြံ ထဲဝင်သွားလေ၏။

လမ်းထိပ်သို့ရောက်စဉ် စတိုးဆိုင်ထဲ ဝင်လိုက်သည်။



www.burmeseclassic.com

www.burmeseclassic.com



"ဟော. . . ဒေါက်တာ။ မနေ့ကလိုပဲ စဉ်းမလို့လား"

ကျွန်တော် ပြုံးရုံပြုံးလိုက်ပြီး ဖုန်းနံပါတ်များကို နှိပ်လိုက်ပါ တစ်ဖက်မှ ဖုန်းကိုင်လိုက်သံကို ကြားလိုက်ရသည်။ [illegible]ထဲမှာ တထိတ်ထိတ်နှင့် စတင်အခုန်မြန်လာလေပြီ။

"ဟဲလို"

" . . . "

"ဟဲလို. . . ဘယ်သူပါလဲ။ ဘာကိစ္စရှိပါသလဲရှင်"

ကျွန်တော် ဖုန်းကိုအသာလေးချလိုက်ပါတော့သည်။

အသက်. . . မောင်. . . အသက်ကိုသိပ်ချစ်တယ်။

ယုံပါကွာ. . .

◆ ◆ ◆





အချစ်ဆိုတာ

အဖြေရှာလို့မရတဲ့

ပုစ္ဆာတစ်ပုဒ်လိုပဲ

လျှို့ဝှက်နက်နဲလွန်းပါတယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၄ )

လေယာဉ်ဆိုက်ချိန်နီးနေပြီမို့ အဆောက်အဦးထဲ ခပ်သွက်သွက် ဝင်လာခဲ့၏။ လက်မှနာရီကိုကြည့်လိုက်စဉ် ကျွန်တော့်ဘေးမှ အရိပ်တစ်ခု ဖြတ်သွားလေသည်။ အဖြူရောင်ဘလောက်စ်အင်္ကျီကို အနက်ခံမှာ အဖြူစင်းလေးတွေပါသည့်လုံချည်နှင့် တွဲဝတ်ထားပြီး ဆံပင်ရှည်တွေကို လက်ကိုင်ပဝါအဖြူဖြင့် စည်းနှောင်ထားသည့်သူမက ကျွန်တော့်ကို တစ်ချက်တောင်မှမကြည့်ဘဲ ထိုင်ခုံမှာ ထိုင်ချလိုက်လေ၏။ သူမ ဘယ်သူ့ကိုများ လာကြိုတာပါလိမ့်။

စာအုပ်တစ်အုပ်ကိုဖွင့်ဖတ်၍ ပတ်ဝန်းကျင်ကို မေ့လျော့နေသည့် သူမ၏နောက်တည့်တည့်မှာ ကျွန်တော် အသာလေးဝင်ထိုင်လိုက်မိသည်။ သည်ဂုတ်သားဝင်းဝင်းလေးပေါ်မှာ မျှင်မျှင်လေးပေါက်နေသည့် မွေးနုမိန်းစိမ်းလေးများက ကျွန်တော့်စိတ်ကို ကလူကျီစယ်နေသည့်နှယ် မရိုးရှုဖြစ်စေလေ၏။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



အသက်ရယ်. . . မောင့်ရဲ့အသက်ဟာ ဘယ်အချိန်ကြည့်ကြည့် အမြဲရှင်းသန့်တည်ငြိမ်နေတာပါပဲလား။ အသက်နဲ့အနီးဆုံးမှာ ရှိနေတတ်တဲ့မောင့်ကို တမင်မသိချင်ယောင်ဆောင်နေတာလား။ ဒါမှမဟုတ် သတိမထားမိတာလားကွယ်။

လေယာဉ်ဆိုက်လာတော့ သူမက ဖတ်လက်စစာအုပ်ကို အိတ်ထဲပြန်ထည့်လိုက်ပြီး ညှိသည့်များကြိုရမည့်နေရာ ခပ်လှမ်းလှမ်းမှာ သွားရပ်နေလေ၏။ ကျွန်တော်က ဖေဖေ့မိတ်ဆွေပို့လိုက်သည့်ပစ္စည်းကို လာထုတ်တာမို့ လူစောင့်ရန်မလိုပါချေ။ သို့သော် သူမနောက်နား မလှမ်းမကမ်းမှာ ရပ်စောင့်ကြည့်နေမိ၏။

ပျို့မြစ်နှငယ်လွန်းပါသည့် ဂျပန်ညှိသည်လေးက သူမကို လက်ပြလိုက်ပြီး အထဲမှထွက်လာလေသည်။ ထို့နောက် သူမလက်ကလေးကို ပိုင်စိုးပိုင်နင်းဆွဲယူနှုတ်ဆက်လျက် ချက်ချင်းပြန်မလွှတ်သေးဘဲ ဆက်ကိုင်ထားလေ၏။

"မင်္ဂလာပါ မစ္စတာအိုကာတာ"

"နိုး. . . နိုး. . . ကျွန်တော်ပြောထားတာကိုမမေ့ပါဘူး၊ ဘို မိုးရယ်"

"ဟင်းဟင်း. . . ကျွန်မ, မစ္စတာ့ကို ကိုသန့်စင်ဂျိုမြန်မာနာမည်ပေးထားတယ်။ သိပ်ဖြူစင်တဲ့အဓိပ္ပာယ်ကိုဆောင်လို့ နှစ်သ ်ပါရဲ့လား"

"ကြိုက်ပါတယ်၊ ကျေးဇူးပါပဲ၊ ဒါနဲ့ မစ္စတာကိုဦးဆွေ့ ရော မတွေ့ပါလား"

"သူ အလုပ်သိပ်များနေလို့ လာမကြိုနိုင်တာ ခွင့်လွှတ်ပါလို့ တောင်းပန်စကားမှာလိုက်ပါတယ် ကိုသန့်စင်။ လာပါ. . . ကျွန်မ, ရှင်တည်းရမယ့်ဟိုတယ်ကို လိုက်ပို့ပေးပါ့မယ်"

"ကျေးဇူးတင်ပါတယ်. . . မိုးရယ်"

ကြည့်ပါဦး။ ဘယ်ဘဝကတည်းက ရင်းနှီးပတ်သက်လာကြမှန်းကို မသိနိုင်တော့ပါဘူး။ အပြုံးကိုယ်စီဖလှယ်ပြီး လှည့်ထွက်လိုက်စဉ်





ကျွန်တော်နှင့်မျက်နှာချင်းဆိုင်ဖြစ်သွားသဖြင့် ကျွန်တော် သတ်ခနဲမျက်နှာလွှဲလိုက်သည်။

ကျွန်မ, သူ့ကိုတစ်ချက်မော့ကြည့်လိုက်ပြီး မျက်လွှာချလိုက်သည်။ ကြည့်ပါဦး။ သူဟာ ကျွန်မနှင့်အနီးတဝိုက်မှာ မကြာခဏတွေ့တွေ့နေရတာ တိုက်ဆိုင်မှုလား။ ဆုံလိုက်တိုင်း သူ့မျက်နှာက ဖိစီးမှုဒဏ်အရိပ်အယောင်တွေကြောင့် ကျွန်မ, သူ့ကိုသနားမိရသည်။ သူ့ကိုကြည့်ရတာ ချောင်ပိတ်နေတဲ့စိတ်တစ်ခုနှင့် ပူလောင်နေသည့်နှယ်။

ငြော်. . . ခုချိန်ထိ လက်ထပ်ဖို့အချိန်ဆွဲနေတာ ဘာကြောင့်များလဲမောင်ရယ်။ မောင့်မိဘစိတ်တိုင်းကျ တည်ဆောက်ပေးတဲ့အိမ်ထောင်တစ်ခုကို မောင်ဘာဖြစ်လို့ မရွေးချယ်ချင်ရတာလဲ။ ကျွန်မတို့နှစ်ယောက်ဘဝက မြင်သာမြင် မကြင်ရတဲ့ဘဝပါ။ မောင်နဲ့ကျွန်မကြား ခြားထားတဲ့သမုဒ္ဒရာက နက်ရှိုင်းကျယ်ဝန်းလှပါတယ်ကွယ်။

မစ္စတာအိုကာတာကို ဟိုတယ်မှာ နားနေနိုင်းထားပြီး ကိုဦး ရုံးထိုင်ရာကုမ္ပဏီသို့ Taxi ဖြင့် ထွက်ခဲ့၏။ အပေါ်ထပ်ကိုတက်ရန် ဓာတ်လှေကားဝင်လိုက်စဉ် ကျွန်မအနောက်မှ လူကြီးတစ်ဦး လိုက်ဝင်လာလေသည်။

ကျွန်မ, နောက်နားခပ်ကျကျကို ရွှေ့ရပ်လိုက်သဖြင့် လူကြီးက ကျွန်မကို ခဏမျှအကဲခတ်ကြည့်လိုက်လေ၏။

"သမီးကို တစ်နေရာမှာ တွေ့ဖူးသလိုပဲ"

"ရှင်! "

"စိတ်မဆိုးပါနဲ့၊ ဟုတ်တယ်. . . သေသေချာချာကိုတွေ့ဖူးတာ။ အင်း. . . အသက်ကလည်း ကြီးလာတော့ မှတ်ဉာဏ်က သိပ်မကောင်းချင်တော့ဘူး။ ဘယ်မှာတွေ့မိတာပါလိမ့်"

ကျွန်မ ပြုံးလိုက်မိပါ၏။ လေးလေးနှင့်ရွယ်တူမို့ မလေးမစားအပြုအမူမျိုး ကျွန်မ မလုပ်ပါချေ။ လူကြီးက မျက်မှောင်ကြုတ်၍ စဉ်းစားလိုက်ပြီး ခေါင်းကို ခပ်ဖြည်းဖြည်းခါယမ်းလိုက်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



"စဉ်းစားလို့မရလည်း မစဉ်းစားပါနဲ့ ဦးရဲ့။ ဦးနောက်ခြောက်ပါ တယ်"

"တကယ့်ကိုမြင်ဖူးတာပါ သမီးရယ်။ နေဦး. . . ဘယ်နေရာမှာ ပါလိမ့်"

ဓာတ်လှေကားက အပေါ်ဆုံးထပ်မှာရပ်လိုက်သည်မို့ ကျွန်မနှင့် လူကြီး အထဲမှထွက်လိုက်သည်။ ကိုဦးရုံးခန်းရှေ့အထိ အတူတွဲလျှောက် လာမိသဖြင့် ကျွန်မ အံ့ဩစပြုလာလေပြီ။ ဘယ်သူများပါလိမ့်။ မျက်နှာ နှင့်မျက်လုံးများကို ရင်းနှီးနေသလိုရှိမှန်းသိလာတော့ ရင်ထဲမှာ ဒိန်းခနဲ ဆောင့်ခုန်သွားရသည်။

ဘုရားရေ! မောင်နဲ့. . . မောင်နဲ့ချုတ်စွတ်တူနေတာ မောင့်ဖေဖေ များလား။ ကလစ်ခနဲ တံခါးပွင့်လာပြီး အခန်းထဲမှ လူတစ်ယောက် ထွက်လာလေ၏။

"ဩော်. . . ညှိုသည်တွေရောက်နေတာကိုး။ ဝင်ပါခင်ဗျာ. . . ကိုဦးရေ. . . ဒီမှာ ခင်ပွန်းသည်သည်တွေချို့"

"ဟော. . . ဘယ်သူများလဲလို့ အန်ကယ်ပါလား။ ထိုင်ပါ အန် ကယ်။ ညီမလေးနဲ့ ဘယ်မှာဆုံလာကြတာလဲ"

"ဓာတ်လှေကားစီးရင်းနဲ့လေ။ ဒါ. . . မောင်ဦးရဲ့ညီမလေး ဘာ"

"ဟုတ်ကဲ့ခင်ဗျ။ အန်ကယ်က မန်နေဂျာကိုမင တ်ဘဲ ကိုယ် တိုင်လာတော့ ပင်ပန်းတာပေါ့ဗျာ"

"ကိုယ်တိုင်လုပ်မှ စိတ်ချရတာကိုး မောင်ဦးရဲ့။ ရော့. . . ဒီမှာ ငွေရေကြည့်ပါဦး။ မန်နေဂျာကို ကမ်းနားဆင်ဆိုင်းလိုက်လို့ အန်ကယ် ကိုယ်တိုင်လာလိုက်တာပါ"

ကိုဦးဆွေက ခလုတ်တစ်ခုကို နှိပ်လိုက်စဉ် အခန်းအတွင်းသို့ ကောင်မလေးနှစ်ယောက် ရောက်လာ၏။

"သီရိနဲ့ နွယ်နီ, ငွေရေပေးပါဦး။ ဒီမှာ လက်မှတ်ထိုးပါ အန်ကယ် ဒါက အန်ကယ်လက်ခံဖို့ စာချုပ်။ ဒါက ကျွန်တော်ယူထားမယ့်စာချုပ်





ပါ။ နှစ်စောင်စလုံးမှာ ထိုးပေးပါနော်"

"အေးအေး. . ."

ကျွန်မက ကိုဦးအလုပ်ရှုပ်နေတာမို့ အနှောင့်အယှက်မပေးဘဲ ယွန်းပန်းချိကားနားမှာ သွားရပ်နေလိုက်၏။ ဦးအာကာ လက်မှတ်တွေ ထိုးအပြီး ကလေးမကို လှမ်းကြည့်လိုက်စဉ် သေးတိုက်အနေအထား ကြောင့် မှတ်မိသွားလေသည်။

"ဟော. . . ဟုတ်ပါပြီ၊ ဒါကြောင့် တွေ့ဖူးပါတယ်လို့ထင်နေတာ။ သမီးနာမည် ဘယ်လိုခေါ်သလဲကွယ်။ အန်ကယ်က သမီး တစ်ခါကူညီ လိုက်တဲ့အမျိုးသမီးကြီးရဲ့ခင်ပွန်း, ဒေါက်တာမင်းညာထာရဲ့ဖခင်ပါ"

"ရှင်"

"ဩော် . . အန်ကယ်က ဒေါက်တာမင်းညာထာရဲ့အဖေကိုး"

"မေ ဦးက သားကိုသိလို့လား"

"ဟင့်အင်း. . . မသိပါဘူးခင်ဗျ။ ညီမလေးကတော့ သိတယ်"

"ဟုတ်လား သမီး"

"ကျွန်မက နှင်းဝေလွင်ရဲ့အစ်မဝမ်းကွဲပါ,ဦး။ သူနဲ့တော့ မသိ ပါဘူး"

"မြက သမီးနဲ့ဆုံပြီးကတည်းက သမီးအကြောင်းပြောလို့မဆုံး တော့ဘူးကွယ်။ ဟိုတလောက ဒဂုံစင်တာမှာဆုံတုန်း သမီးပြောလိုက် တဲ့စကားကြောင့် စိတ်ထိခိုက်ပြီး နေမကောင်းတောင် ဖြစ်သေးတယ်။ မြက နလုံးရောဂါရှိတယ်သမီးရဲ့"

"ညီမလေးက ဘာပြောလိုက်လို့လဲ အန်ကယ်"

"သူ့မှာ အိမ်ထောင်ရှိတယ်ဆိုလား။ အန်ကယ်လည်း သေချာ တော့မသိပါဘူး"

"ဟောဗျာ! မဟုတ်တာတွေ။ အဲဒီညီမလေးကတော့လေ၊ လူကြီး ကို မညာစဖူးညာရတယ်လို့"

"ဒါဆို သမီးမှာ အိမ်ထောင်မရှိဘူးပေါ့နော်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ, ကိုဦးကို မျက်စောင်းလှမ်းခဲလိုက်တော့ ကိုဦးက မသိချင် ယောင်ဆောင်လိုက်လေ၏။

"ကျွန်တော့်ညီမက အပျိုကြီးပါဗျာ။ အန်တီ နားကြားလွဲသွား တာပဲဖြစ်မှာပါ"

"ကိုဦးအလုပ်ရှုပ်နေရင် ကျွန်မပြန်တော့မယ်လေ။ သူ့ကို ဟိုတယ် ကိုပို့ပေးပြီးပြီ။ မနက်သွားဖြစ်ရင် ကျွန်မကိုဝင်ခေါ်နော်"

"ကောင်းပြီလေ။ ဘယ်လိုလဲ, အိုကာတာလေးက ကိုယ်မပါလို့ ကျိတ်ပြီးဝမ်းသာမနေဘူးလား"

"ကြည့်။ အဲဒါ စ,စရောလား. . . ကိုဦးနော်"

"အန်ကယ်လည်းပြန်ဦးမယ် မောင်ဦး။ ငွေ အရွက်ပြည့်တာ သေချာပြီနော်"

"ဟုတ်ကဲ့ပါ အန်ကယ်"

"သမီး အချိန်ရှိရင် အိမ်ကိုလိုက်လည်ပါဦးလားကွယ်။ ဒါမှမဟုတ် သမီးရဲ့လိပ်စာလေးဖြစ်ဖြစ် ပေးပါလား"

ကျွန်မ ပျာပျာသလဲဖြစ်သွားသည်ကို ကိုဦးက ကျိတ်ရယ်လေ ၏။ ဒုက္ခပါပဲ။ ကျွန်မ ဘယ်လိုပြောရမလဲမောင်။ မောင့်ဖေဖေနဲ့ မေမေ က ကျွန်မကိုသိချင်နေကြပြီ။ ဒါပေမဲ့. . . ကျွန်မ, သူတို့နဲ့မပတ်သက် ရဲဘူး။ အဲဒါအမှန်ပဲ။

"ကျွန်မ, နှင်းတို့နဲ့အတူတူနေတာပါ ဦး"

"ဪ. . . ဒါဆို သားသိမှာပေါ့"

"ဟုတ်ကဲ့, ကျွန်မနာမည် ချစ်သမီးပါ,ဦး။ နှင်းတို့ကိုမေးရင် ပြောပြပါလိမ့်မယ်"

"ကျေးဇူးပါပဲ သမီးရယ်"

ရုံးပြင်ရောက်တော့ ကျွန်မ Taxi တစ်စီးကို အမြန်တားလိုက်ပြီး တက်ခဲ့၏။ သက်ပြင်းတစ်ချက်ကို ခပ်လေးလေးချလိုက်မိသည်။

မောင်ရယ်. . . ကျွန်မတော့ ဒီမြေကနေ အဝေးဆုံးကိုပြေးထွက်





သွားတာကမှ ကောင်းမယ်ထင်ပါရဲ့။ ကြာရင် မောင်နဲ့ပတ်သက်တဲ့ပတ် ဝန်းကျင်မှာ ကျွန်မခံစားချက်တွေ ပိုပိုစီးလာပြီး သွက်သွက်ခါရူးသွား လိမ့်မယ်။

အို . . . မိုးသက်ငြိမ်ဆိုတာ နာမည်ကလွဲလို့ ဘဝကြီး မတည် ငြိမ်တဲ့မိန်းမတစ်ယောက် ဖြစ်မှန်းမသိဖြစ်နေပါရောလားကွယ်။



www.burmeseclassic.com

www.burmeseclassic.com



အလယ်

www.burmeseclassic.com

www.burmeseclassic.com





အချစ်ကို

အချစ်နဲ့ပဲ ညှိယူလို့ရမယ်။

တခြားဘယ်အရာနဲ့မှ

ညှိယူလို့မရဘူး။

ဒါဟာ. . .

အချစ်ရဲ့ထူးခြားချက်တစ်ခုပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၅ )

"ကျွန်မ. . . အခုပဲ ဖုန်းဆက်မေးမယ်"

"ဟော. . . ချက်ချင်းကြီးပါလား,မြရဲ့။ အချိန်နည်းနည်းလေး တောင် မစောင့်နိုင်ဘူးလား။ သားပြန်လာတော့ မေးလည်းရတာပဲကို"

"ရှင်ပဲ ကိုမင်းလွင်ကိုမေးရင် သိတယ်ဆို။ စကားကိုအမျိုးမျိုး မပြောပါနဲ့ ကိုအာကာရဲ့။ လူကို သူငယ်နှပ်စားများမှတ်နေလား"

ညှို့ခန်းထဲဝင်လျှင်ဝင်ချင်း မေမေ့အသံကြောင့် ပဋိပက္ခဖြစ်နေ မှန်းသိသဖြင့် ရှူးကိုချွတ်၍ ခြေစွပ်ကိုပါ အမြန်ချွတ်လိုက်သည်။

"ဘာဖြစ်လို့လဲမေမေ"

"ဟော. . . သားတောင်ပြန်လာပြီ။ သားရေ, သားဖေဖေ ဒီနေ့ ကိုဦးဆွေဆီကို လုပ်ငန်းကိစ္စနဲ့ပတ်သက်ပြီး ရောက်သွားတော့လေ အဲဒီ မှာ ဘယ်သူနဲ့တွေ့ခဲ့တယ်ထင်လဲ"

"ဖြည်းဖြည်းချင်းပြောပါလားမေမေ၊ ထိုင်လေ, ကျွန်းမာရေးက



www.burmeseclassic.com

www.burmeseclassic.com



သိပ်ကောင်းတာမဟုတ်ဘဲနဲ့။ နားနားနေနေလေးနေပါ"

"မေမေပြောတဲ့ကလေးမလေးကိုတွေ့တာ သားရဲ့။ နာမည်က ချစ်စရာလေး ချစ်သမီးတဲ့။ အိမ်ထောင်ရှိတယ်ဆိုတာလည်း မဟုတ်ဘူးဆိုပဲ။ အင်း. . . မေမေပဲ နားကြားလွဲတာပဲထင်ပါရဲ့။ အနုင်းရဲ့မယ်ဆိုအဲဒါ မေမေ အခု ဖုန်းဆက်မေးမလို့ကို သားဖေဖေက အချိန်ဆွဲနေလို့"

ကျွန်တော်တအံ့တဩဖြင့် မေမေ့မျက်နှာကို ငေးလိုက်မိသည်။ တက်ကြွနေသည့်မေမေ့ဟန်ပန်ကြောင့် အသက်အကြောင်းကို အစအဆုံးသိတာနှင့် မေမေတစ်ခုခုဖြစ်သွားမှာကို ကျွန်တော်စိုးရိမ်လာ၏။

ဘုရား . . . ဘုရား. . . မေမေတော့ ဒုက္ခဖြစ်တော့မှာပါပဲ။

"သားနဲ့ မရင်းနှီးဘူးလားကွယ်။ အနုင်းနဲ့အတူတူပဲနေတာဆို"

"ကျွန်တော် သူ့ကိုသိတယ်မေမေ။ အနုင်းတို့ဆီ ဖုန်းမဆက်နဲ့တော့။ သူတို့ပြောပြမှာမဟုတ်ဘူး။ မသိဘူးလို့ပဲ မေမေ့ကိုငြင်းမှာ"

"ဘာဖြစ်လို့လဲသားရဲ့။ သားက အစကတည်းက သိနေတာကို မေမေ့ကို ဘာဖြစ်လို့ ပွင့်ပွင့်လင်းလင်းမပြောရတာလဲ"

"နောက်မှ အေးအေးဆေးဆေး ကျွန်တော်ပြောပြပါ့မယ် မေမေရယ်။ အခု မေမေနားပါ။ ဒီလောက်စိတ်လှုပ်ရှားနေရင် မေမေတစ်ခုခုဖြစ်သွားလိမ့်မယ်။ ကျွန်တော်ပြောတာကို ကျေးဇူးပြု၍နားထောင်ပါမေမေရယ်နော်"

"မေမေက ခုပဲသိချင်တာသားရဲ့"

"ကျွန်တော်, မေမေ့ဆီ သူ့ကိုခေါ်လာပေးမယ်ဗျာ။ ကဲ ကျေနပ်ပြီလား။ အဲဒီတော့မှ မေးချင်တာအကုန်မေး"

"တကယ်နော်, မေမေ့သားက သိပ်အလိုက်သိတဲ့ကလေးလေးပါလား"

မေမေ့ကိုနှုတ်ဆက်၍ အိပ်စေပြီး ကျွန်တော် လသာဆောင်ဘက်ထွက်ရပ်နေမိသည်။ ရင်ငေးမောလိုက်တာ. . . အသက်ရယ်။ မောင်မှာ ဆုပ်လည်းစူး စားလည်းရူးဖြစ်နေပြီ၊ မောင် ဘာဆက်လုပ်ရမှာလဲ





မောင့်ကို အကြံဉာဏ်တွေ ပေးလှည့်ပါဦးကွာ။

"သားမေမေက အရမ်းကိုမျှော်လင့်ထားတာနော်။ သားညာလို့မဖြစ်ဘူး။ ဖေဖေ့စိတ်ထဲမှာ ထင့်နေတယ်။ ဘာမှန်းသာ သေချာမသိတာ"

ကျွန်တော် လေပူတစ်ချက်ကို မှုတ်ထုတ်လိုက်၏။ ကောင်းကင်ကိုမော့ကြည့်လိုက်တော့ လမင်းက မသာ၊ ကြယ်ရောင်မှိတ်တုတ်မှိတ်တုတ်လင်းနေတာကိုငေးကြည့်နေရင်း အသက်နှင့်ချစ်သူဖြစ်ခဲ့ရသည့်ညလေးကို လွမ်းဆွတ်တမ်းတနေမိသည်။ အသက်ရယ်. . .

"သား. . . ဖေဖေပြောနေတာကိုကြားရဲ့လား"

"ဟုတ်ကဲ့ ကြားပါတယ်ဖေဖေ။ ဒါပေမဲ့ ကျွန်တော်ပြောသလို မေမေ့ရှေ့ကို ကိုခေါ်လာခွင့်မရှိတော့ဘူးဖေဖေ။ သူ. . . သူ. . . ဒီကို ဘယ်ေ မှလာမှာမဟုတ်ဘူး"

"ဘာတွေလဲ သားရယ်။ ဖေဖေ နားမလည်ဘူး။ ရှင်းရှင်းပြောမှပေါ့"

"သူဟာ. . . သူဟာ ကျွန်တော်နဲ့သဘောမတူဘူးလို့ မေမေပြင်းပြင်းထန်ထန်တားမြစ်ခဲ့တဲ့ မိုးသက်ငြိမ် ဖြစ်နေလို့ပါဖေဖေ။ ကျွန်တော့်ရဲ့အသက်ဖြစ်နေလို့ပါ"

"ဘုရားရေ. . . ဘာတွေဖြစ်ကုန်တာလဲ"

ကျွန်တော် ခေါင်းကိုငုံ့ချလိုက်တော့ မျက်ရည်တို့က အလိုလိုစီးကျသွား၏။ ဖေဖေက ကျွန်တော့်ပခုံးကို အသာပုတ်ပေးနေပါသည်။ ဝမ်းနည်းရှိုက်က တစ်စထက်တစ်စမြင့်တက်လာတော့ မျက်နှာကို လက်ဝါးဖြင့် အုပ်လိုက်မိ၏။

အသက်ရယ်. . . အသက်ကိုချစ်လွန်းလို့ မခွဲချင်ဘဲ ခွဲခဲ့ရလို့ မောင်မျက်ရည်ကျနေရပြီ၊ မောင်တို့ခရီးလမ်းက လမ်းတိုမှာ အဆုံးသတ်ခဲ့တာကြာပြီပဲ။ ဒါကို ဘယ်လိုဆန့်ထုတ်ပြီး လျှောက်လှမ်းခွင့်ရမလဲကွယ်။



www.burmeseclassic.com

www.burmeseclassic.com



"စိတ်ကိုထိန်းမှပေါ့သားရယ်။ ဘယ်လိုဖြစ်ပြီး ဒီလောက်စိတ်ပျော့နေရတာလဲ"

"ကျွန်တော့်ခံစားချက်ကို ဘယ်သူမှနားလည်ပေးနိုင်မှာမဟုတ်ဘူး ဖေဖေ။ မေမေ့စိတ်တိုင်းကျ ကျွန်တော်နေပေးခဲ့လို့ ကျွန်တော့်ချစ်သူနဲ့ လမ်းခွဲခဲ့ရပြီးပြီ။ အခု မေမေသိပ်တွေ့ချင်နေတဲ့မိန်းကလေးဟာ မေမေသိပ်မုန်းနေတဲ့သူတစ်ယောက်တည်းဖြစ်နေတာကိုသိသွားရင် မေမေတစ်ခုခုဖြစ်မှာသေချာတယ်ဖေဖေရဲ့။ ကျွန်တော် အဲဒါကိုစိုးရိမ်နေတာ။ ရင်တွေပူနေတာ။ ကျွန်တော်တို့အတိတ်သိမ်းက ကောင်းခန်းမှမဟုတ်ခဲ့တာပဲ"

ဖေဖေက သက်ပြင်းရှည်ကြီးကိုချလိုက်ရင်း ကျွန်တော့်ခေါင်းမှဆံပင်တို့ကိုအသာသပ်တင်ပေးကာ အိမ်ထဲဝင်သွားတော့သည်။ နှင်းမှုန်တို့က တစ်စစသည်းလာ၏။ ကျွန်တော့်ရင်ထဲမှ မီးတောက်ကြောင့် ဝန်းကျင်၏ချမ်းစိမ့်မှုကို ဂရုမထားဖြစ်ခဲ့။ နာရီသံချောင်းခေါက်သံနှစ်ချက်ကြားလေမှ အိမ်ထဲသို့ဝင်လိုက်ပြီး ခုတင်ထက်ပစ်လှဲလိုက်၏။ လက်က Hand Phone ခလုတ်တို့ကိုမရည်ရွယ်ပါဘဲ နှိပ်မိပြီးသားဖြစ်နေလေသည်။

"ဟဲလို. . . ကျွတ်. . . မင်းညာထာ။ ရှင်လုပ်ရပ်ကို ရယ်တန်းကရယ်ပါ။ ကျွန်မကိုအနှောင့်အယှက်ပေးတာလွန်နေပြီ။ အချိန်မတော်ကြီးဖုန်းခေါ်စရာလား။ ရှင်ဦးနှောက်မကောင်းရင် စိတ်ကျန်းမာရေးဆေးရုံကိုသွားတော့။ ဒီမှာ အလုပ်ပျက်တယ်ရှင့်"

"အသက်. . . ခုချိန်ထိ မအိပ်သေးဘူးလား"

"အဲဒါ. . . ရှင့်အပူတစ်ပြားမှမပါဘူး။ ရှင်နော်၊ ကိုယ့်သိက္ခာ၊ ကိုယ့်ဂုဏ်ကိုလည်းကြည့်ထိန်းဦး။ ကျွန်မနောက်မှာ မကြာခဏပါတတ်တာတွေ၊ ဖုန်းဆိုးဆက်တာတွေကို ကျွန်မလုံးဝမကြိုက်ဘူး။ ရှင် မရှက်ဘူးလား။ ရှင် မရှက်ပေမယ့် ကျွန်မရှက်တယ်ရှင့်။ ရှင်ပညာတတ်ဆိုရင် ဘာမဆိုစဉ်းစားချင့်ချိန်ပြီး လုပ်သင့်မှလုပ်ပေါ့။ နောက်တစ်ခါကျွန်မမျက်စိရှေ့မှာ ရှင့်ကိုတွေ့ရင် ခေါင်းရိုက်အခွဲပဲ၊ မလုပ်ဘူးမထင်နဲ့"





"အသက်လုပ်ရက်ရင် ခေါင်းတင်မကာဘူး။ မောင့်ရင်ကိုပါ ခွဲလိုက်ပါ။ ရပါတယ်. . . မောင် ရဲရဲကြီးခံဝံ့ပါတယ်"

"ကျွတ်. . . ရှင်ဟာ အလကားလူပဲ မင်းညာထာ။ ရှင့်ဦးနှောက်ထဲမှာ ဘာမှမရှိတဲ့အလကားလူ။ ဒါကြောင့်မို့ မဟုတ်တာတွေလျှောက်လုပ်နေတာပဲ။ တော်ပြီ. . . နောက် ကျွန်မကို ဘယ်တော့မှဖုန်းမဆက်နဲ့။ ကျွန်မ သက်ဆိုင်ရာကို By name တပ်ပြီး တိုင်မှာ။ ဒါပဲ"

ဖုန်းကိုဆောင့်ချလိုက်ပြီး တက်ခေါက်လိုက်မိ၏။

မင်းညာထာရေ . . . ရှင်အရူးထတာက အကြောင်းမဟုတ်ဘူး။ ရှင့်မိဘတွေက ကျွန်မကို လိုက်ပတ်သက်ချင်နေတာကမှ ပြဿနာ။ အဲဒါမှ ကျွန်မအတွက် အန္တရာယ်ရှင့်။ ဒါတွေကို ရှင်မသိဘဲ ဘာတွေလျှောက်လုပ်နေတာလဲ။

ဆွဲလက်စပန်းချီကားပေါ် ဆေးရောင်ထပ်တင်လိုက်စဉ် မျက်လုံးက တော်တော်အောင့်လာ၏။ တော်လောက်ပြီထင်တယ်။ မျက်စိကို အနားပေးဦးမှပါပဲ။ ပြီးတော့ မျက်ကပ်မှန်ကို ဖြုတ်ထားမှသင့်တော်မည်။

နားထင့်နေရာကို လက်ဖြင့်ဖိ၍ အိပ်ခန်းထဲဝင်ခဲ့၏။ အံဆွဲထဲထည့်သိမ်းထားသည့်ပါဝါမျက်မှန်ထုထုကို အိတ်ထဲမှထုတ်ကာ အဝတ်ဖြူဖြင့် သေချာသုတ်လိုက်သည်။ မျက်စိထဲထည့်ထားသည့် မျက်ကပ်မှန်ကိုဖြုတ်၍ ခုတင်ထက်လှဲချလိုက်၏။

မှေးခနဲအိပ်ပျော်သွားချိန်မှာ အိပ်မက်ထဲ၌မေမေ့ကို ကျွန်မတွေ့နေရသည်။ မေမေက ကျွန်မငယ်စဉ်ကလို အရွယ်ပင်ဖြစ်နေလေ၏။ ရှေ့မှခပ်ဖြည်းဖြည်းသွားနေသည့် မေမေ့နောက်ကို ကျွန်မအပြေးလိုက်နေမိသည်။ မှုန်ဝါးဝါးမြူတွေကြားမှာ မေမေ့ပုံရိပ်ပျောက်ကွယ်သွားတော့ ကျွန်မ ယူကျုံးမရအော်ကြွေးလိုက်၏။ ခြော်. . . အိပ်မက်တွေထဲမှာတောင် အပျော်ဆိုတာ မရှိတဲ့ဘဝပါလား။

● ● ●



www.burmeseclassic.com

www.burmeseclassic.com





အချစ်ဆိုတာ

တစ်ခါတစ်ရံ

အေးမြတဲ့ရေခဲ

တစ်ခါတစ်ရံတော့

ပူလောင်တဲ့မီးခဲ

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၆ )

ရောက်ခါစမို့ မစ္စတာအိုကာတာကို ရန်ကုန်မြို့တွင်းရှိ ဘုရားအစုံကိုလိုက်ပို့ဖြစ်သည်။ နောက်နေ့ ပဲခူး ပြီးရင် မော်လမြိုင်၊ ပုဂံ စသည်ဖြင့် အစီအစဉ်ဆွဲထား၏။

"မိုးရော မလိုက်ဘူးလား"

"ပုဂံတော့လိုက်မယ် ကိုသန့်စင်ရဲ့။ ကျန်တဲ့နေရာတွေကိုတော့ လိုက်တော့ဘူး"

"သူက တစ်ချက်ခုတ်၊ နှစ်ချက်ပြတ် မစ္စတာအိုကာတာရေးထဲမှာ ပန်းချီဆွဲချင်လို့လိုက်မှာ"

"ဩော်. . . ဒီလိုလား"

စားသောက်ဆိုင်တစ်ခုမှာ ညနေစာစားကြပြီး အိမ်ပြန်ရန်ထွက်လာပြီး ကိုဦးက ညွှန်သည်ကို ဟိုတယ်အရောက်ပြန်ပို့၏။ ပြီးမှ ကျွန်မကိုတော့ အိမ်ကိုပြန်ပို့လေသည်။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဖုန်းသံ တတွတ်တူမြည်နေတာကြောင့် ဦးမင်းလွင် ဖုန်းကိုကောက်ကိုင်လိုက်၏။

"ဟဲလို. . . အမိန့်ရှိပါခင်ဗျာ"

"ဟဲလို. . . အနှင်းတို့အိမ်ကလားရှင်"

"ဟုတ်ပါတယ်၊ ကျွန်တော်အနှင်းရဲ့ဖေဖေပါ"

"ဪ. . . ကိုမင်းလွင်။ အတော်ပဲ ကျွန်မ မြမြစိမ်းပါ"

"ဪ ဟုတ်ကဲ့. . . မမြ၊ ဘာကိစ္စရှိလို့လဲခင်ဗျာ၊ သမီးက ပြန်မရောက်သေးဘူးဗျ"

"အိမ်က သားလည်း ပြန်မလာသေးပါဘူးရှင်။ ကျွန်မက သိချင်တာလေးရှိလို့ ဆက်လိုက်တာပါ"

"ပြောပါဗျာ. . . ပြောပါ"

"ဟိုလေ. . . သမီးအနှင်းရဲ့မမအကြောင်း သိချင်လို့ပါ ကိုမင်းလွင်ရဲ့"

"ဗျာ!"

"ဪ. . . အနှင်းရဲ့ဝမ်းကွဲအစ်မလေ။ နာမည်က ချစ်သမီးတဲ့ အနှင်းနဲ့အတူတူနေတာဆို"

ဦးမင်းလွင် မျက်လုံးပြူးသွားရသည်။ ဘယ့်နှယ်, သမီး မိုးသက် အကြောင်းကို ဘယ်ကနေဘယ်လို အစဖော်နေပြန်တာလဲမသိ။ ခက်ကုန်တော့မှာပဲ။

"ကိုမင်းလွင်. . . ဟဲလို"

"ကျွန်တော် ဒီနာမည်ကိုမကြားဖူးလို့ ခွင့်လွှတ်ပါ. . . မမြပြောတကယ့်ကိုမသိတာပါ"

"မေအာတော်. . . အိမ်က ကိုအာကာကို သူပြောတော့ အနှင်းနဲ့ တစ်အိမ်တည်းနေတဲ့အစ်မလို့ သေချာပြောလိုက်တာရှင့်"

"ခက်တာပဲ၊ အိမ်မှာ သမီးတစ်ယောက်တည်းပဲရှိပါတယ် မမြရယ်။ လူပိုဆိုလို့ ဒေါ်အေးပဲရှိတာပါ။ တခြား ဘယ်သူမှမရှိပါဘူး၊ မယုံ





ရင် ကျွန်တော်တို့အိမ်ကို လာသာကြည့်ဗျာ"

"ဟုတ်လား. . . ဟင်း. . . ထားလိုက်ပါတော့လေ။ ကျွန်မ မှားတာပဲဖြစ်မှာပါ။ ကိုမင်းလွင် စိတ်အနှောင့်အယှက်မဖြစ်ပါနဲ့နော်။ ကျေးဇူးပါပဲရှင်"

ဒေါ်မြမြစိမ်း ဖုန်းချလိုက်စဉ် ခြံထဲသို့ ကားတစ်စီးဝင်လာလေ၏။ အိမ်ရှေ့ဘာကျာတံခါးကို ဆွဲဖွင့်ပေးလိုက်တော့ ကားပေါ်မှ ဖူးငုံဆင်းလာလေသည်။

"ဟော. . . သမီးဖူးဖူးပါလား"

"ဟုတ်ကဲ့. . . အန်တီ၊ ကိုကိုရော"

"ပြန်မရော က်သေးဘူးသမီးရဲ့။ လာ. . . ထိုင်"

"အန် ။. ..ဲရောဟင်"

"သား မဖေလည်း ဒီနေ့နောက်ကျလိမ့်မယ်ပြောတယ် သမီးရဲ့။ အန်တီလည်း ဘုရားကိုးဆူပွဲသွားမလို့ အဖော်မရှိဘူးဖြစ်နေတာ"

"ဝေးလို့လား အန်တီ"

"သိပ်မဝေးပါဘူး သမီးရယ်။ ဒီ သုံးလမ်းကျော်လောက်ပါပဲ"

"ဒါဆို သမီးလိုက်ပို့ပေးမယ်လေ အန်တီ"

"အမယ်လေး အလိုက်သိလိုက်တာနော်။ ဒါဆို ခဏလေးစောင့် သမီးရယ်။ အန်တီ အဝတ်အစားသွားလဲလိုက်ဦးမယ်"

"ဟုတ်ကဲ့ အန်တီ"

သုံးလမ်းကျော်ကို ကားဖြင့်ထွက်ခဲ့၍ ဘုရားကိုးဆူပွဲအိမ်မှာ တော်တော်ကြာသွားသည်။ (၈)နာရီကျော်ကျော်မှ ပြန်လာခဲ့ကြ၏။ လမ်းမတန်းကြီး၏ကော်ဖီဆိုင်ရှေ့မှာ ကောင်မလေးတစ်ယောက်က လက်ပြတားလိုက်သဖြင့် ဖူးငုံက ကားကိုရပ်လိုက်သည်။

"ဟေ့. . . ဖူး၊ စာတွေပိုင်နေပြီလား"

"ဟယ်. . . စနိုးပါလား၊ ဘယ်ကိုလာတာလဲ"

"ဒီဆိုင်ပဲ၊ Taxi စောင့်နေတုန်း ယှူကားကိုတွေ့တာပဲ၊ မေဇင်



www.burmeseclassic.com

www.burmeseclassic.com



တို့နဲ့က လမ်းမတူလို့ခွဲလိုက်တာ။ စောတော့စောပါသေးတယ်"

"ငါနဲ့အတူတူ ပြန်လေဟာယ်။ လာ. . . တက်"

"နေပါစေ။ နင့်မှာ ညှော်သည်ပါလာတာ"

"ရပါတယ်။ အန်တီက ရှေ့လမ်းထဲမှာ ဝင်ဖို့လိုက်ရုံပဲ။ လာပါ"

ဒေါ်မြမြစိမ်းအကြည့်က ကော်ဖီဆိုင်ထဲမှထွက်လာသည့်အရိပ်လေးကြောင့် ဝမ်းသာအားရလှမ်းခေါ်လိုက်မိ၏။

"သမီး"

ရုတ်တရက်ပေါ်လာသည့်အသံကြောင့် ဟိုဒီလှည့်ကြည့်လိုက်စဉ် စလွန်းကားပေါ်မှာထိုင်နေသည့် မောင့်မေမေကိုတွေ့လိုက်ရ၏။

ဘုရားရေ . . . ဖုးငုံနှင့်အတူလိုက်လာတာပါလား။

"သမီးဖုးဖုးရေ၊ အန်တီ ဒီမှာပဲ ဆင်းလိုက်တော့မယ်။ ကျေးဇူးပဲနော် သမီး"

"မဆင်းပါနဲ့ အန်တီ။ အဲဒီမိန်းမကို အန်တီသိလို့လား"

"သိတယ် သမီးရဲ့။ အန်တီနဲ့ရော သားဖေဖေနဲ့ပါ ရင်းနှီးတာပါ"

"အံ့ဩစရာပဲ။ ဒါနဲ့များ အန်တီက သူ့ကို ကိုကိုနဲ့သဘောမတူဘူးပြောခဲ့ပြီးတော့ ဘာသဘောလဲရှင်"

"ဘယ်လို. . . သမီးဖုးဖုး"

"အဲဒါ. . . ကိုကို့အဆက်ဟောင်း မိုးသက်ငြိမ်လေ အန်တီရဲ့"

"ဘာရယ်"

တအံ့တဩဖြင့် ကျွန်မကိုလှမ်းကြည့်လိုက်သည့်အန်တီ့မျက်ဝန်းများရှေ့မှ ကျွန်မအသာရှောင်ထွက်ခဲ့၏။

ရင်ထဲမှာ နာလိုက်တာ မောင်ရယ်။ မောင့်ချစ်သူလေးက ကျွန်မနဲ့မောင့်မေမေ့ကို ထိပ်တိုက်တွေ့ပေးလိုက်ပါပြီ။ ကျွန်မတို့ဇာတ်လမ်းက အခုမှတကယ်ပြတ်တာပါပဲ။ ကျွန်မ လမ်းလျှောက်နေလျက်မှ တင်ယောက်တည်း ဟားတိုက်ရယ်မောလိုက်၏။





ဘေးနားရပ်လာသည့်ကားပေါ်မှ ကိုဦးက ကျွန်မလက်ကိုလာဆွဲလေ သည်။

"ညီမလေးကလည်း ကိုယ့်ကိုမစောင့်ဘဲထွက်သွားရလား။ ဟိုမှာ ငွေရှင်းနေတုန်းကို"

ကျွန်မ, ကိုဦး၏ကားပေါ်တက်ထိုင်လိုက်စဉ် ဖူးငုံ၏ကားက ရှေ့လမ်းထဲ ချိုးကွေ့ဝင်သွားလေ၏။

ကားပေါ်မှဆင်း၍ ဘာဂျာတံခါးကို ဆုပ်ကိုင်ထားလိုက်ပါသည်။ ဘာတွေဘယ်လိုဖြစ်ကုန်တာလဲ။ မိုးသက်ငြိမ်ဆိုတာ မြသဘောကျနေတဲ့ ကလေးမလေးတဲ့။ သားသိပ်ချစ်တဲ့ကောင်မလေးပေါ့။ သား သိရဲ့သားနဲ့ မေမေ့ကိုဖုံးကွယ်ထားခဲ့တဲ့မိန်းကလေးပေါ့။ ဒါကြောင့် မြကိုတွေ့တာနဲ့ ထိတ်လန့်တကြား ရှောင်သွားတတ်တာလား။ ရင်ဘတ်ထဲမှာ စူးအောင့်လာမှုက မခံရပ်နိုင်တော့ ခေါင်းထဲမှာ တရိပ်ရိပ်မူးလာသဖြင့် မျက်ဝန်းအစုံကိုမှိတ်ချလိုက်သည်။

"မေမေကြီး"

"မီစူး. . . သမီးဘာဘကြီးကိုခေါ်"

"ဟယ်. . . မေမေကြီး။ ဘာဘကြီးရေ. . . ဒီမှာမေမေကြီး ဘာဖြစ်သွားလဲမသိဘူး။ လုပ်ပါဦး"

Hand Phone မြည်သံကြောင့် ရုံးခန်းထဲမှထွက်ခါနီး ဖွင့်လိုက်ရသည်။

"သား. . . ဖေဖေပါ။ သားမေမေ အရေးကြီးတယ်။ ဆေးခန်းက မပြန်နဲ့ဦး။ ဖေဖေအခုလာနေပြီ"

"ဗျာ! "

ကျွန်တော် အပြေးဆင်းခဲ့တော့ သူငယ်ချင်းတွေပါ တစ်ပြုံကြီး



www.burmeseclassic.com

www.burmeseclassic.com



လိုက်ချလာ၏။ ဆေးခန်းကြီးရှေ့မှာ ဂနာမငြိမ် ဟိုဒီရှောက်နေစဉ် မေမေ့ကားက ဝင်းထဲဝင်လာသည်။ ဝန်ထမ်းတွေက တွန်းလှည်းဖြင့် မေမေ့ကိုပွေ့တင်လိုက်စဉ် သတိမရတစ်ချက်၊ ရတစ်ချက်ဖြင့် မေမေ လက်လှမ်းလာ၍ ကျွန်တော်ဆုပ်ကိုင်လိုက်၏။

"မေမေ. . . မေမေ, စိတ်ကိုတင်းထားနော်။ ကျွန်တော်ရှိတယ်။ အခု ဆေးခန်းရောက်ပြီ။ သိလား"

"သား. . . မိုး. . . မိုး. . . သက်ငြိမ်"

"မေမေ"

Operation ခန်းဘက် တွန်းသွားစဉ် ကျွန်တော်တက်ခေါက်သံက ဆေးခန်းထဲမှာ အကျယ်ကြီးပဲ့တင်ထပ်သွားသည်။ ဘယ်လိုကနေ ဘယ်လို မိုးသက်ငြိမ်အကြောင်းကို မေမေသိသွားရတာလဲ။ သူမကိုယ်တိုင်ပြောလိုက်လေသလား။ စိတ်တွေယောက်ယက်ခတ်နေစဉ် Nurse တစ်ဦးက အပြေးလာပြောလေ၏။

"Heart Attack ဖေါက်တာ၊ Operation လုပ်ရမယ်။ သွေး အရေးတကြီးလိုပြီ။ အန်တီ့သွေးက ဒီမှာအပိုမရှိဘူး"

"ဟယ်. . . ဘာသွေးမို့လို့လဲ. . . နီနီ"

"AB"

"ဟာ!"

တစ်အုပ်စုလုံး Hand Phone ခလုတ်တွေ ကိုယ်စီနှိပ်လိုက်ကြ၏။ ကျွန်တော်မတ်တတ်ရပ်၍ မျက်နှာကျက်ပြူပြူကို ကြောင်ကြည့်နေမိသည်။ ရင်ထဲမှာလှုပ်ခုန်သံက ရေတွက်၍မရတော့။ ဖေဖေက ကျွန်တော့်လက်ကို လာဆုပ်ကိုင်လိုက်လေ၏။

"ဒုက္ခပါပဲ၊ အန်တီက တခြားသွေးသွင်းလို့မရဘူး။ အသိထဲမှာလည်း ဒီလိုသွေးမျိုးမရှိ"

"ကျွန်တော်. . . ကျွန်တော်သွားမယ်ဖေဖေ။ သွားရှာဦးမယ်"

"သား သတိထားလေ"





"ကျွန်တော်, အန်ကယ်မိုးကို ဆက်သွယ်လိုက်ဦးမယ်"

ကျွန်တော် အပြင်ဘက်ထွက်၍ ကားကိုမောင်းထွက်ခဲ့သည်။ စိတ်တွေက ကယောင်ချောက်ချား

ဘုရား. . . ဘုရား. . . မေမေ့အသက်ကိုကယ်တင်နိုင်ဖို့ အချိန်မှီ သွေးရပါစေဗျာ။

"အနင်း. . . သူ့ကိုပဲ အကူအညီတောင်းတော့မယ် အန်ကယ်။ သူကူညီနိုင်ပါစေလို့ ဆုတောင်းရမှာပဲ"

"ဘယ်သူလဲ သမီး"

"မမ. . . မိုးသက်ငြိမ်။ သူ့သွေးက AB ပါ"

ဦးအာကာခေါင်းကို အနိုင်နိုင်ညိတ်လိုက်ရ၏။ အနင်း ဖုန်းဆက်ပြီး မကြာမီ Taxi ဖြင့် သူမရောက်လာတော့သည်။

"ဘာတွေ ဘယ်လိုဖြစ်ကုန်တာလဲ နှင်းရယ်။ ကျွန်မရင်ထိတ်လိုက်တာ"

"အန်တီ့အတွက် Operation လုပ်ဖို့ သွေးလိုတယ်မမ။ အဲဒီသွေးက အနီးစပ်ဆုံးဆိုလို့ မမမှာပဲရှိတာပါ။ ကူညီပါဦး"

"ကူညီတာဖြစ်ပါတယ် နှင်းရယ်။ ဒါပေမဲ့ ကျွန်မသွေးလှူတာကို အန်တီသိလို့မဖြစ်ဘူး။ ပြီးတော့ သူသိလို့လည်းမဖြစ်ဘူး"

"အန်ကယ် နားလည်ပါတယ်သမီး"

"လာ. . . မမ"

ဦးမိုးမြင့် အိပ်ပျော်နေပြီထင်၏။ ဖုန်းခေါ်၍မရသဖြင့် လမ်းတစ်ဝက်အရောက်မှာပင် ဆေးခန်းသို့ ကျွန်တော်လှည့်ပြန်လာခဲ့သည်။ ခန္ဓာကိုယ်ထဲမှ သွေးတွေက တဖွက်ဖွက်ဆူနေသည့်နှယ် ပူလောင်လေစွ။

ဆေးခန်းအပေါ်ထပ်သို့ ဓာတ်လှေကားဖြင့်တက်ခဲ့စဉ် မြတ်ဆွ



www.burmeseclassic.com

www.burmeseclassic.com



က ကျွန်တော့်ကို လက်မထောင်ပြလိုက်လေ၏။

"သွေးရပြီလား"

"ရပြီ Operation စနေပြီ"

အရေးတကြီးမို့ ကျမ်းကျင်သည့်ပါရဂူတွေသာ တာဝန်ယူသဖြင့် ကျွန်တော်တို့ဆရာဝန်ပေါက်စတွေ အခန်းပြင်ရှိခုံမှာ ငုတ်တုတ်ထိုင်နေကြသည်။ ဖေဖေက မျက်ဝန်းအစုံကိုမှိတ်၍ နှုတ်မှ ဘုရားစာတွေ တတွတ်တွတ်ရွတ်ဆိုနေ၏။

တစ်ဖက်အခန်းထဲမှထွက်လာသည့်လူရိပ်ကြောင့် ကျွန်တော် အလိုလိုထရပ်ပြီးသားဖြစ်သွားသည်။ သက်ငြိမ်. . . မိုးသက်ငြိမ်ပါလား။ ဒီနေရာကို ဘာလာလုပ်တာလဲ။ မေမေ့ကို မသေသေအောင် မျက်နှာလာပြတာလား။ ဘာကိုမှ ရေရေရာရာမတွေးမိဘဲ သူမရှိရာဆီ ခြေလှမ်းကျဲကြီးဖြင့် အလိုလိုရောက်သွားလေ၏။

"မင်းညာဏ"

"မိုးသက်ငြိမ်. . . ခင်များ ဒီကိုဘာလာလုပ်တာလဲ။ ဒီနေရာမှာ ဘာကြောင့်ရှိနေရတာလဲ၊ ခင်များကြောင့် ကျုပ်အမေသေမလိုဖြစ်နေတာကို ဝမ်းသာအားရကြည့်ဖို့လာတာလား။ ကျုပ်အမေ အသက်ထွက်တာကို စောင့်ကြည့်မလို့လား။ သွား. . . ခင်များမျက်နှာကို ကျုပ်မမြင်ချင်ဘူး။ ခင်များကြောင့် ကျုပ်အမေ ခုလိုဖြစ်ရတာ"

"ညာဏ. . . လွန်မယ်"

"သား"

"မင်းညာဏ. . . ကျွန်မ"

"သွားဆို"

"ဟယ်"

"ဟာ"

ကျွန်တော့်လက်အစုံက သူမရင်ဝကိုဆောင့်တွန်းလိုက်သည်နှင့် နောက်ဘက်နံရံကို လန်ကျသွားပြီး သူမခေါင်းမှသွေးတွေ ဖြာခနဲထွက်





လာလေ၏။ ရုတ်တရက်မို့ ကျွန်တော်ကြောင်ပြီးကြည့်နေစဉ် အနားသို့ရောက်လာ သူမကိုတွေ့ပွေ့လိုက်လေသည်။

"ညာဏ. . . နင်တော်တော်ရက်စက်တာပဲ။ မမ. . . မမရေ. . . မိုးထက်. . . လုပ်ပါဦး"

မိုးထက်က သူမကိုပွေ့ခနဲပွေ့၍ အခန်းထဲခေါ်သွား၏။

ရုတ်တရက် ကျွန်တော့်မေးရိုးကိုထိုးလိုက်သဖြင့် နာကျင်လျက် ကြည့်လိုက်တော့ ဖေဖေဖြစ်နေလေသည်။

"ခွေးကောင်. . . အဲဒီ မင်းအမေရဲ့အသက်ကိုကယ်ဖို့ သွေးလှူပေးတဲ့ကလေးကွ။ ဘာမှမသိဘဲ အရမ်းလုပ်ရလား"

"ဖေဖေ. . . သူ"

ဖေဖေ ကျွန်တော့်ကိုဘာမှမပြောတော့ဘဲ သူမရှိရာအခန်းဆီသို့ လိုက်ဝင်သွားလေ၏။

"ဘာမှမဖြစ်ပါဘူး အန်ကယ်။ သွေးဖောက်ထားတာမို့ အားနည်းနေချိန်, လဲသွားရတာပါ။ ခေါင်းနည်းနည်းပဲပေါက်သွားပါတယ်"

မိုးထက်က ပတ်တီးကိုလက်စသတ် ချည်လိုက်၏။

သူမကို ခုတင်ထက်ပြန်လှဲလိုက်စဉ် မျက်တောင်တို့က ပိတ်ထားရာမှ တဖြည်းဖြည်းပွင့်လာလေသည်။

"အသက်. . . အသက်, မောင့်. . . မောင့်ကိုခွင့်လွှတ်ပါ"

သူမနှုတ်ခမ်းများ ခပ်ဟဟလေးပွင့်သွားလေ၏။ ဘာများပြောမလဲ စောင့်နေစဉ် နှုတ်ခမ်းဖျားလေးတွေ တဆတ်ဆတ်တုန်လာသည်ကို အတိုင်းသားမြင်နေရသည်။

"နှင်း. . . နှင်း"

"မမ. . . အနှင်း ဒီမှာ"

"ကိုဦး. . . ကိုဦးကို ဖုန်းဆက်ခေါ်ပေးပါ"

"အသက်. . . မောင်တစ်ယောက်လုံးရှိနေတာ။ ဒီလူကိုခေါ်စရာလား။ တောက်! မခေါ်နဲ့ အနှင်း"



www.burmeseclassic.com

www.burmeseclassic.com



"ဟာ. . . မင်းကလည်းတမျှောင့်"

"ကိုဦးကို အခုချက်ချင်းခေါ်ပေးပါ"

"ဟုတ်ကဲ့မမ"

"အနှင်း"

အနှင်းက ကျွန်တော်တားသည်ကို မကြားချင်ယောင်ဆောင်၍ အခန်းပြင်သို့ထွက်သွားလေ၏။

"Operation Ok ပြီ အန်ကယ်။ လူနာကို ဟိုဘက်ခန်းမှာ ရွှေ့လိုက်ပြီ"

"ဟုတ်ကဲ့ပါ"

မေမေထွက်သွားသော်လည်း ကျွန်တော်က ခုတင်ခြေရင်းမှာ ရပ်နေလျက် လုံးဝမခွာဘဲ သူမကိုသာ စိုက်ကြည့်နေမိသည်။ ခဏအကြာမှာ အခန်းထဲသို့ ကိုဦးဆွေဝင်လာလေ၏။

"ညီမလေး"

"ကိုဦး"

သူမက ခုတင်ဘေးမှာရပ်လိုက်သည့် ကိုဦးဆွေ၏ရင်ခွင်ထဲဝင်၍ ကလေးတစ်ယောက်လိုပင် ချုံးပွဲချငိုကြွေးလိုက်လေ၏။ ကျွန်တော်၏မနာလိုမှုက အထွတ်အထိပ်သို့ရောက်ရှိသွားသဖြင့် နံရံကိုလက်သီးဖြင့် ပိတ်ထိုးပစ်လိုက်သည်။

"ဟာ. . . ဉာဏ"

ဝေယံက ကျွန်တော့်ကိုချုပ်ထားလိုက်သဖြင့် ဒေါသကို အတင်းမျိုချလိုက်ရ၏။ သူမက ကိုဦး၏အင်္ကျီရင်ဘတ်စကို မြဲမြဲစွာဆုပ်ကိုင်ထားရင်း တီးတိုးဆိုလိုက်လေသည်။

"ကျွန်မ အိမ်ပြန်ချင်ပြီ"

"ကိုယ်ပို့ပေးမယ် ညီမလေး"

ကိုဦးဆွေက သူမကိုယ်နွှာပါးပါးလေးကို အသာလေးပွေ့ချီ၍ အခန်းထဲမှ ခပ်မှန်မှန်ထွက်သွားလေတော့သည်။





"အသက်. . . အသက်"

ကျွန်တော် အပြင်ဘက် လိုက်ပြေးထွက်တော့ မြတ်ဆွေကပါ ကျွန်တော့်လက်ကို ကိုင်ဆွဲထားလိုက်၏။ အခန်းအပြင်ဘက်မှာ ရပ်နေသည့်အနှင်း၏မျက်လုံးများက မီးဝင်းဝင်းတောက်နေသည့်အလား။

ကျွန်တော်, အနှင်းကိုကြည့်လိုက်စဉ် အနှင်းထံမှ မမျှော်လင့်သည့်စကားတွေထွက်လာလေ၏။

"ကောင်းတယ်, အဲဒါမှ သူ့အတွက်ပိုကောင်းသွားတာ။ နှင့်အမေက သူ့ကိုနှစ်ပြားမတန်ပြောခဲ့တာတောင် အာဃာတမထားဘဲ သွေးလှူပေးတဲ့ကျေးဇူးရှင်ကို ဒီနည်းနဲ့ကျေးဇူးဆပ်လိုက်တာပေါ့။ ဟုတ်လား! နင်သိပ်ချစ်တဲ့ချ' သူ့ကို ဒုက္ခိတဘဝမြန်မြန်ရောက်အောင် ပို့လိုက်တာပေါ့လေ"

"အနှင်း. . . ငါ"

"အခု မမျက်စိ စုံလုံးကွယ်သွားပြီဟဲ့ ဉာဏရဲ့။ သူသိပ်မြတ်နိုးတဲ့ပန်းချီကားတွေကို ဘယ်လိုဆွဲမှာလဲ။ သူဝါသနာသိပ်ပါတဲ့ စာအုပ်တွေကို ဘယ်လိုဖတ်မှာလဲ။ နင်ဟာ လူမဟုတ်ဘူး။ လူသတ်သမား။ လူတစ်ယောက်ရဲ့နှလုံးသားကိုရော ဘဝကိုပါ အသေသတ်တဲ့လူသတ်သမား။ နင့်ကို ငါ သူငယ်ချင်းစာရင်းက အပြီးပယ်လိုက်ပြီ။ နောက်ကို ငါတို့နဲ့လာမပတ်သက်နဲ့။ ဒါပဲ"

"ဟာ. . . ဟာ. . . ဘာတွေဖြစ်ကုန်တာလဲ။ ဘာတွေဖြစ်ကုန်ပြီလဲကွာ"

အနှင်းနှင့်ဝေယံ ဆေးရုံပေါ်မှ အပြေးဆင်းသွားတော့သည်။ မိုးထက်နှင့်မြတ်ဆွေက သူ့လက်ကို တစ်ဖက်စီဆွဲ၍ ထိန်းပေးကြပါ၏။

"ဉာဏ, စိတ်ကိုထိန်းကွာ။ မင်းအမေကိုသွားကြည့်ရဦးမယ်"

"အသက်. . . အသက်၊ ငါ့ကိုသိပ်မုန်းသွားပြီကွ။ အရင်တစ်ခါက မေမေ့ကြောင့် သူနောက်ဆုတ်ရုံပဲရှိခဲ့တာ။ အခုမှ. . . အခုမှ၊ ငါ့ကြောင့် . . . ငါ့ကြောင့်၊ ဒီလက်တွေကြောင့်"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် လက်နှစ်ဖက်စလုံးကို နံရံဆီထိုးရန် ရွယ်လိုက်တော့ မိုးထက်တို့က နှစ်ယောက်အားဖြင့် ဝိုင်းချုပ်ကြလေ၏။

"ဦးထာ. . . မင်းအဓေ,ရင်ကျိုးအောင် မလုပ်ပါနဲ့ကွာ၊ စိတ်ကို လျှော့. . . လျှော့ချလိုက်"

"သူ. . . သူ. . . သိပ်ကိုနာကြည်းသွားမှာကွ။ အနှင်းပြောတာ ဟုတ်တယ်. . . မှန်တယ်. . . ငါ သူ့နှလုံးသားကို သတ်ခဲ့ဗျာ၊ သူ့ဘဝ ကိုသတ်ခဲ့မိတာပါကွာ"

အရူးတစ်ယောက်လိုပြောချင်တာပြောပြီး ငိုချလိုက်သဖြင့် သူငယ် ချင်းတွေက မနှစ်သိမ့်ပေးနိုင်တော့ဘဲ အသာရပ်ကြည့်နေတော့သည်။

အသက်. . . မောင့်အသက်. . . မောင့်အသက်နဲ့ထပ်တူမြတ်နိုး ရတဲ့အသက်တော့ မောင့်ဘဝထဲက အပြီးမွှန်ရှူသွားခဲ့ပါပြီကော။

ရွှေပဒေသာစာပေ



အချစ်ဟာ

လူတွေကို. . .

ရှင်သန်စေနိုင်တယ်။

ပြီးတော့

လူတွေကို. . .

သေလည်းသေဆုံးစေနိုင်တယ်။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၇ )

"မေမေ သူ့ကိုတွေ့ချင်တယ်,သား။ သူ့ကိုခေါ်ပေးပါ"

ညှိုးနွမ်းနေပါသည့်ကျွန်တော့်မျက်နှာ ပြင်မရအောင် ပျက်ယွင်းသွားရ၏။

ဆေးခန်းခုတင်ထက်မှာ လှဲနေသည့်မေမေ့မျက်ဝန်းတွေက မျှော်လင့်ခြင်းအပြည့်ဖြင့် အရောင်တလက်လက်တောက်ပနေလေသည်။

"သူ ခရီးထွက်သွားတယ်,မြရဲ့။ ဒီမှာမရှိဘူး"

"ဟင်. . . ဘယ်ကိုလဲ။ ကျွန်မ ဒီရောက်နေတာကိုတောင် မသိဘူးလား"

"အဲဒီနေ့ ည Flight နဲ့ပဲ နိုင်ငံခြားထွက်သွားတာ,မြရဲ့။ ဒီတစ်ခါတော့ ပန်းချီပြပွဲအတွက်မဟုတ်ဘူး။ သူ့အဖေဆီထင်ပါရဲ့"

"ဒါဆို ကျွန်မ, ဒေါက်တာကျော်ခေါင်ကိုဆက်သွယ်မယ်"

"သူတို့မိသားစု နောက်နှစ်ဆိုပြန်လာမှာပဲ,မြရယ်။ အဲဒီတော့



www.burmeseclassic.com

www.burmeseclassic.com



မှတွေ့ပေါ့"

"ကျွန်မ ဖုန်းထဲကပဲ သမီးလုပ်တောင်းမှဖြစ်မယ်ထင်တယ်"

"မလောပါနဲ့မြရယ်။ လူချင်းတွေ့မှသေချာပြောပါ။ တော်ကြာ အငယ်ကိုတောင်းတယ်ထင်ပြီး လွဲကုန်ဦးမယ်"

"အင်း. . . ဒါလည်းဟုတ်တာပဲ။ အမယ်လေး. . . နှစ်နဲ့ချီပြီး တောင် စောင့်ရမှာပါလားနော်။ သားက ဘာဖြစ်နေတာလဲ။ မျက်နှာလည်း မကောင်းဘူး။ မေမေ့ကိုစိုးရိမ်လို့လား။ မေမေနေကောင်းပါပြီသားရယ်။ မေမေ့သားက တကယ့်ကလေးလို့ပါပဲလား"

ရင်ထဲမှာစို့နင့်စွာဖြင့် စကားပြန်မပြောနိုင်ဘဲ မေမေ့လက်ဝါးကို ကျွန်တော်ဆုပ်ကိုင်ထားမိသည်။ အခန်းထဲသို့ အနုင်းဖေဖေနှင့်မေမေ ဝင်လာလေ၏။

"ဟော. . . ကိုမင်းလွင်နဲ့ မခင်မေလွင်ပါလား"

"ဟုတ်ပါ့ဗျာ။ သက်သာပြီမဟုတ်လား မမြရေ။ ကျွန်တော်တို့ လည်း သတင်းကြားတာနဲ့ တော်တော်စိတ်ပူသွားတာ။ သမီးအနုင်း ဆို အဲဒီညက တစ်ညလုံးငိုနေတာ၊ ချော့မရဘူး"

"သြော်. . . ကလေးတွေက ကျွန်မကိုတော်တော်ခင်ကြတာ ကိုမင်း အနုင်းက မိန်းကလေးဆိုတော့ ပိုစိတ်ပူတတ်တာပေါ့ရှင်။ သာလေ လွင် ထိုင်"

ဖေဖေက အန်ကယ့်ကိုအပြင်ခေါ်ထုတ်သွားသဖြင့် ကျွန်တော် ပါ အမြန်ထလိုက်လာခဲ့၏။

"ကျွန်တော်လုံးဝမသိတာပါဗျာ။ မောင်ဦးလည်း ပုဂံခရီးဆိုပြီး ဂျပန်ဧည့်သည်နဲ့ထွက်သွားတာ တကယ်ပါ။ ကျွန်တော် အခါခါမေးပါ တယ်။ အဖြေက No ပဲ။ မောင်ဦးတို့သားအမိက သူ့ကိုသိပ်ချစ်တာ ဗျ"

"ဘာပဲဖြစ်ဖြစ်၊ ကျွန်တော်က သူနဲ့ ကိုမင်းလွင် အဆက်အသွယ် ရှိလိမ့်မယ်ထင်ထားတာ"





"အစကတော့ ရှိတာပေါ့ဗျာ။ အခုလိုဖြစ်ပျက်ပြီးတော့ ဘာဆက် လုပ်လို့ရမှာလဲ။ တစ်ကိုယ်တော်ပြပွဲအစီအစဉ်တောင် ကြော်ငြာဝေပြီး နေပြီ။ သတင်းစာထဲက ဖျက်သိမ်းကြောင်းကြော်ငြာထည့်ရမှာ သေချာ သလောက်ပဲ"

"သူ့အိမ်ကိုရော"

"ဒီအတိုင်းသော့ပိတ်ထားတာပါဗျာ။ တစ်ပတ်တစ်ခါ လူလွှတ် ပြီး ကျွန်တော်ရှင်းခိုင်းထားပါတယ်"

"သူ့ပန်းချီကားတွေရော အန်ကယ်။ ဆွဲထားပြီးသားကားတွေ အများကြီးရှိတာ ကျွန်တော်သိတယ်"

"အကုန်ပဲ ၊ မောင်ဦးပဲ သိမ်းသွားတယ်။ ကြည့်ရတာ မောင်ဦး ကတော့ ပွဲအစီ. အစဉ်ကိုမဖျက်ဘူးထင်ပါရဲ့"

"ဒေါ်သက်ထားဆွေ. . . ဒီမှာကျန်ခဲ့လား"

"မသက်က မန္တလေးသွားလိုက်၊ ရန်ကုန်ပြန်လိုက်နဲ့ပဲဟာ။ အခု မန္တလေးမှာ ယွန်းလိုက်ကာတွေ သွားယူနေတယ်။ ဒီမှာမရှိဘူး"

ကျွန်တော် စိတ်ခတ်တော်တော်ကျသွားရ၏။ အနုင်းနှင့်ဝေယံ ရောက်လာတော့ အနုင်းက ကျွန်တော့်ကိုတစ်ချက်မှမကြည့်ဘဲ မေမေ့ ထံ တစ်ခါတည်းဝင်သွားလေသည်။

"ဥာထရေ. . . မင်းဘယက်က ငိုပါ လာထိတာ။ အခု အနုင်းက လက်ထပ်ရက်ကို အကန့်အသတ်မရှိရွှေ့လိုက်ပြီ"

"ငါစိတ်မကောင်းပါဘူး ဝေယံ။ နည်းနည်းတော့ သည်းခံပေးပါ ကွာ။ မေမေနေကောင်းတာနဲ့ ငါ သူ့ကိုမတွေ့တွေ့အောင် လိုက်ရှာမှာ ပါ။ စိတ်ချပါကွာ"

ကျွန်တော်၊ မေမေ့အခန်းထဲဝင်လာတော့ အနုင်းက မေမေ့လက် လေးကိုဆုပ်နယ်ပေးလျက် စကားပြောနေပါ၏။

"သူ အနုင်းကိုဖုန်းဆက်သွယ်ရင် အနုင်းပြောပါ့မယ် အန်တီ။ အခု တကယ်ပဲအဆက်အသွယ်ပြတ်နေတာအမှန်ပါ"



www.burmeseclassic.com

www.burmeseclassic.com



"သမီးတို့ညီအစ်မချင်းဆိုတော့ သူ့အကြောင်း အကုန်သိတာပေါ့နော်"

"ဟုတ်ကဲ့၊ တကယ်က ညီအစ်မ မဟုတ်ပါဘူးအန်တီ။ သူ့မေမေနဲ့ဖေဖေတို့က အရမ်းရင်းနှီးခဲ့ကြတော့လေ၊ ဖေဖေက ပိုသိပါတယ်။ မမက သိပ်သနားဖို့ကောင်းတာ အန်တီရဲ့။ ဘဝကို အောက်ခြေကစပြီး ရုန်းကန်လာခဲ့ရတာ။ သိပ်သတ္တိရှိတဲ့မိန်းကလေး။ သူက အမေကိုသိပ်ချစ်တာ အန်တီရဲ့။ သူ့အမေမရှိတော့တဲ့နေ့တုန်းကများ သူမှာ ကမ္ဘာပျက်သလိုပဲ ကူကယ်ရာမဲ့နေခဲ့ရရှာတာ"

"ဒေါက်တာကျော်ခေါင်က လှည့်မကြည့်ဘူးလားကွယ်"

"ကြည့်ရှာပါတယ် အန်တီ။ ဖေဖေကိုယ်တိုင်ခေါ်သွားပေးတာပါ။ သူ့အမေရိုက်သွင်းပေးခဲ့တဲ့စကားတွေက သူ့ခေါင်းထဲမှာအပြည့်ရှိနေလေတော့ အဖေကိုတော်တော်စိတ်နာနေရှာတာ"

"အေးကွယ်၊ အန်တီလည်း သူနဲ့သားကွဲတော့မှ သူဘယ်သူ့သမီးလဲသိခဲ့ရတာ။ အဲဒီအချိန်ကျတော့ သားက သူတို့ညီအစ်မနဲ့ကင်းနေ,နေပြီလေ"

"ဒါပေမဲ့ သူ့အဖေကိုသိပ်ချစ်မှန်းတော့ သိသာစေခဲ့ပါတယ် အန်တီတားသလို အန်ကယ်က ကိုယ်တိုင်သွားတားခဲ့တာ အန်တီရဲ့ သူချက်ချင်းနောက်ဆုတ်လိုက်တာပဲ"

"အန်တို့အမှားတွေပါသမီးရယ်။ အန်တို့ကြောင့် သားလေးစိတ်ဆင်းရဲရတာ၊ မျက်ရည်ကျနေရတာတွေကိုပြန်မြင်နေရတာ ရင်ထဲမှာ မချိဘူး။ ဒါနဲ့ပဲ အန်တီနှလုံးရောဂါရခဲ့တာထင်ပါရဲ့"

"စိတ်မကောင်းမဖြစ်ပါနဲ့အန်တီရယ်။ အချိန်တန်တော့ သူရောက်လာမှာပါ။ သူက မြန်မာပြည်ကို သိပ်ချစ်တဲ့သူ. . . အန်တီရဲ့"

သေချာလို့လား. . . အနှင်းရယ်။ ဒီလိမ်ညာမှုတွေက မေမေ့ တယ်အချိန်ထိ ဖုံးကွယ်ထားနိုင်မှာတဲ့လဲ။ အဖြစ်မှန်ကိုသိသွားတဲ့တစ်နေ့၊ ငါ့ကို မေမေအပြစ်ဖို့မှာ သေချာပါတယ်။





ဪ. . . အသက်ရယ်။ မောင့်ကိုစွန့်ခွာပြီး မောင်ရှိနေတဲ့နေရာကနေ အဝေးဆုံးကိုပြေးထွက်သွားတာလား။

ဒါမှမဟုတ်. . . မောင်မမြင်မတွေ့အောင် ရှောင်ပုန်းနေတာများလား။ ဘာဆိုဘာမှမရေရာပါလား အသက်ရယ်။ နောင်တတွေ ထွေးပိုက်ပြီး မောင်သေဆုံးသွားခဲ့ရင်တောင် ဒီဘဝက ကျွတ်လွတ်နိုင်ပါ့မလား။

ညဘက် ၁၁ နာရီမှာ သားအဖနှစ်ယောက် အိပ်မပျော်နိုင်ဘဲ လသာဆောင်မှာ ထိုင်ပြီးနေမိ၏။ လရောင်က မှုန်ပြပြဖြင့် ကျွန်တော်တို့ခေါင်းပေါ်မှာ ဖြာကျနေလေသည်။

"ဘယ်သူမပြု မိမိမှုဆိုပေမယ့် ကံ,ကံ၏အကျိုးကြောင့် ခုလိုတွေဖြစ်လာရတာ၊ သားက စိတ်ဓာတ်တွေကျမနေနဲ့လေ၊ သားမေမေ စိတ်ချမ်းသာစေဖို့ အနှင်းတို့မင်္ဂလာဆောင်ဖြစ်မြောက်ဖို့ သူတစ်ကိုယ်တော်ပွဲ အောင်မြင်ဖို့တွေဟာ သားအပေါ်မှာပဲ မူတည်နေတာကိုသိပါ။ သူ့ကိုမတွေ့တွေ့အောင်ရှာဖို့က သားတာဝန်ပဲ"

"ကျွန်တော် နားလည်ပါတယ်ဖေဖေ။ ဒီလောကကြီးထဲမှာ သူဘယ်နေရာမှာပဲရှိရှိ ကျွန်တော်မတွေ့တွေ့အောင်ရှာမှာပါ။ တွေ့ခဲ့ရင် သူ့မျက်လုံးတွေအစား ကျွန်တော့်မျက်လုံးတွေကိုပဲ ထည့်ပေးလိုက်မယ်။ အဲဒါ ကျွန်တော့်ရဲ့သစ္စာတရားပဲ"

"ဖေဖေ ယုံပါတယ်။ ခက်တာက. . . သူက သူ့မျက်လုံးတွေကိုဘယ်တော့မှ မကုချင်တဲ့ဆန္ဒတွေရှိနေတာကို မမေ့နဲ့နော်။ ဦးမိုးမြင့်စကားက အတည်ပဲ၊ ဘယ်တော့မှမလွဲဘူး။ ဒါကို သားနားလည်ပါ"

သိပ်ကိုသေချာလှချည်လား. . . အသက်။

အသက်က ကိုယ့်ကိုယ်ကို ဘာဖြစ်မယ်ဆိုတာကို ကြိုတင်နိမိတ်



www.burmeseclassic.com

www.burmeseclassic.com



ဖတ်ခဲ့တာလား။

အို. . . အသက်ရယ်. . .

မောင်တော့ လွမ်းရင်းနဲ့သေသွားတော့မှာပဲ။

● ● ●





အချစ်ဆိုတာ

ဘဝရဲ့

အစိတ်အပိုင်းတစ်ခု

ပြီးတော့...

ဘဝရဲ့

အလင်းရောင်တစ်ခုပါ။

www.burmeseclassic.com

www.burmeseclassic.com



အခန်း ( ၃၈ )

တုတ်ကောက်လေး တဆောက်တောက်ဆောက်ရင်း စမ်းချောင်းလေးနား လျှောက်လာခဲ့၏။ ရေစီးသံကြားရမှ ခြေလှမ်းတို့ကိုရပ်လိုက်သည်။ လက်ထဲရှိ ဖောကကုံးထဲမှ စပယ်ပွင့်လေးတွေကို တစ်ပွင့်စီ ချောင်းထဲ မျှောချလိုက်သည်။ အားလုံးကုန်သွားတော့ ကျောက်တုံးလေးထက်မှာ ထိုင်ချလိုက်၏။ လေတိုက်ခတ်မှုကြောင့် ဆံနွယ်တွေ ပျံ့လွင့်သွားသည့်အသိကို ရလိုက်သည်။

ဒီနေ့ ဘာနေ့လဲ. . . လပြည့်လား၊ လကွယ်လား၊ ကျွန်မဘာမှ မသိပါ။ ကြည့်လေရာ နေရာတိုင်းမှာ အမည်းရောင်တို့က ဖုံးလွှမ်းလျက်သား၊ သြော်. . . မျှော်မှန်းထားမိသည့် ကာလက အချိန်မတန်သေးခင် ရုတ်တရက်ကြီး ရောက်ခဲ့ရတာလေ။

နားထဲမှာ မောင့်အသံတို့ကိုသာ အထပ်ထပ်ကြားနေရ၏။ လှုပ်ရှားလေခြင်းဟု နားကြည်းစိတ်တို့အလျဉ်းမရှိလေခဲ့။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဩော်. . . အချစ်ဆိုတာ အရာရာကိုခွင့်လွှတ်စေနိုင်တယ်။ အရာရာကိုလည်း စွန့်လွှတ်စေတတ်တာ တကယ်ပါပဲလား။

ခြေသံတရှပ်ရှပ်ကြားလိုက်ရ၍ နားကိုစွင့်လိုက်မိသည်။

ဒါ. . . မနန်းခြေသံပဲ။

"ဆရာမ. . . အစ်ကိုကြီးဆီက ဖုန်းလာနေပါတယ်"

"ကျွန်မကိုပေးခဲ့ပါ မနန်း။ ကျေးဇူးပဲနော်။ လုပ်စရာရှိတာ သွားလုပ်ပါ"

"ဟုတ်ကဲ့"

"ဟဲလို. . . ကိုဦး။ ပြောပါ"

"ညီမလေး နေလို့ကောင်းရဲ့လား"

"ကောင်းပါတယ် ကိုဦး။ ဒီနေရာမှာ ရှင်းတွေအရမ်းလှနေမှာပဲနော်။ ကျွန်မ ပန်းချီသိပ်ဆွဲချင်တာပဲ။ ဆောရီး. . . ကျွန်မစကားများသွားပြီ"

"ရပါတယ်။ ကိုယ် ပြပွဲအတွက်စီစဉ်နေတုန်း သတိရလို့ တိုင်ပင်တာပါ"

"ပြောလေ. . . ဘာပြောချင်လို့လဲ"

"My heart နဲ့ Together ကို ပြပွဲတင်မှာလား"

ကျွန်မ အသံတိတ်သွားရ၏။ မောင့်မျက်နှာကို ဒီငစ်သက်မြင်ခွင့်မရတော့တဲ့နောက် ဒီပုံတွေကို ကျွန်မဘာလုပ်လို့ရတော့မှာလဲ။

"တင်လိုက်ပါ"

"ဈေးနှုန်း ကပ်မှာလား။ ဒါမှမဟုတ်။ Not for sell ပဲလား"

"ကိုဦးသဘောပဲလေ။ ကြိုက်သလိုသာ လုပ်လိုက်ပါ"

"ညီမလေးရယ်. . . ပြောနေပုံက ငြီးငွေ့လှပါပဲလား။ မျှော်လင့်ချက် နည်းနည်းလေးတောင်မှမထားဘူးလားဟင်. . . ညီမလေးမျက်စိပြန်ကောင်းလာရင် ဒီလိုပုံတွေကိုပြန်ဆွဲလို့ရနိုင်ပါ့မလား။ သေချာစဉ်းစားပြီးမှပြောပါ"





"ကျွန်မ. . . ဒီဘဝထဲမှာပဲ ပျော်အောင်နေဖို့ ဆုံးဖြတ်ထားပြီးသားလေ"

"ညီမလေးကလည်းကွာ"

"ဩော်. . . ကျွန်မ ပန်းချီမဆွဲနိုင်တော့ပေမယ့် ပန်းပုတော့ ဖြစ်အောင်ထုပါတယ် ကိုဦးရဲ့။ ကျွန်မဒီမှာလုပ်ထားတာ ရွှံ့စေးနဲ့ ဆယ်ရုပ်ရပြီ။ သစ်သားနဲ့ ရုပ်ရုပ်ရှိပြီ ကိုဦးရဲ့။ လိုအပ်တာတွေ လာကြည့်ပြောဦး"

"အနက်ကယ်မိုးနဲ့တိုင်ပင်လေ"

"အနက်ကယ် [illegible] လုပ်သာလုပ်ထားတဲ့။ သူလာမှပြောမယ်လို့ မှာထားတယ်။ ကျွန်မကို တစ်ကိုယ်တော်ပန်းပုပွဲလုပ်ပေးမယ်တဲ့ ကိုဦးရဲ့။ ကျွန်မလက်ထဲမှာ တန်ဖိုးရှိပါသေးတယ်နော်။ သိလား"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ကဲ. . . ဒါဆိုဒါပဲနော်၊ ပြခန်းအတွက် ကိုယ်စီစဉ်နေရလို့ အလုပ်တွေအရမ်းရှုပ်နေတယ်"

"ကိုဦး. . . ဘယ်မှာလုပ်မှာလဲ"

"မိုးမခမြိုင်မှာ"

"ဟင်!"

"ဟုတ်တယ်။ မိုးမခရဲ့ပုံရိပ်တွေက မိုးမခမြိုင်မှာလုပ်မှ ပိုပြီးပီပြင်မှာပေါ့။ မဟုတ်ဘူးလား ညီမလေးရဲ့"

"ကြည့်လည်းလုပ်ပါဦး. . . ကိုဦးရယ်၊ တော်ကြာ မေမေ့အိမ်လေး ပြိုသွားပါဦးမယ်"

"ဒီလောက်တော့ ကိုယ်သိပါတယ်ကွာ။ နိုင်အောင် နည်းနည်းပါးပါးတော့ ပြင်ရမှာပေါ့။ ဖြစ်နိုင်ရင် လေ့ကားထစ်တွေအားလုံးကို ကျောက်ပြား စီလိုက်ချင်တာ။ ဒါမှ မိုးရေနဲ့ လူတွေမချော်မှာလေ"

"စီနိုင်ရင်တော့ ကောင်းတာပေါ့။ ဒါပေမဲ့ ကုန်ကျစရိတ်က တော်တော်များမှာနော်"

"များပါစေပေါ့။ ညီမလေးလက်တွေက နောက်ထပ် ပွဲတစ်ပွဲမြ



www.burmeseclassic.com

www.burmeseclassic.com



လုပ်ပြီး ငွေထပ်ရှာဦးမှာပဲမဟုတ်လား"

ကျွန်မ. ကိုဦးနှင့်အတူ လွတ်လပ်စွာ ရယ်မောဖြစ်လေသည်။ လေက အေးကော်အေးလာပြီမို့ ညနေစောင်းနေပြီမှန်းသိ၍ အသာထပြန်ခဲ့၏။ တိုက်အိမ်ပုလေးထဲဝင်စဉ် ခြံမှ မြင်းလှည်းသံကိုကြားလိုက်ရသည်။

"ဆရာမအတွက် ပန်းတွေပါတယ်ဗျ. . . ရော့"

"ကျေးဇူးပါပဲ ကိုစိုင်းရယ်။ ကျွန်မ အစက ပန်းတွေကိုမချစ်တတ်ဘူးရှင့်။ မိန်းမသိပ်မဆန်တဲ့မိန်းမတစ်ယောက်ဖြစ်ခဲ့တာ"

"ဟုတ်ပါ့မလား ဆရာမရယ်။ ကျွန်တော်တို့ကြည့်ရတာ ဆရာမက အင်မတန်မှ မိန်းမဆန်တဲ့အမျိုးသမီးတစ်ယောက်ပါ"

"ကဲ. . . မြှောက်ပြန်ပြီ။ ဒါဆို ကိုစိုင်းအတွက် ဆေးတံကောင်းကောင်းတစ်ခုလောက် ထွင်းပေးရတော့မယ်ထင်ပါရဲ့"

"ဆရာမရေ. . . ဒါဆိုရင် ကျွန်မအတွက်ရော"

"ဩော်. . . မနန်းအတွက်က ဆေးလိပ်ပြာခွက်ပေါ့"

"ဟောတော်. . . ဒါဆိုရင် သူပဲအကုန်ရတော့မှာပေါ့ဆရာမရဲ့"

သုံးယောက်သား ရယ်လိုက်ကြ၏။ နန်းမွှန်ပြင်ပေးသည့် ထမင်းပွဲကို စားပြီးစဉ် တော်တော်အေးလာပြီမို့ အနွေးထည်ဝတ်ရန် အခန်းထဲဝင်ခဲ့သည်။ ချိတ်မှာချိတ်ထားသည့်အနွေးထည်လေးကို လက်လျှိုသွင်းလိုက်ပြီး ထိုးလက်စသိုးမွေးချည်ကိုယူ၍ အိမ်ရှေ့ပြန်ထွက်စဉ် မနန်းထံမှ ရယ်သံထွက်လာ၏။

"ဆရာမရေ. . . ဒီဘက်က အပွင့်မလှလို့ ဟိုဘက်လှန်ပေးမယ်နော်"

"ဩော်. . . ကျွန်မဝတ်တာ ပြောင်းပြန်ကြီးကိုး"

"ဟယ်. . . ဒါ စားပွဲခင်းလား။ လှလိုက်တာနော်။ ဆရာမက သိပ်တော်တာပဲ"

"ဟုတ်မှလည်းလုပ်ပါ မနန်းရယ်။ ကျွန်မက လက်နဲ့ပဲစမ်းပြီး လုပ်နေရတာ။ ဘာမှမမြင်တဲ့လူကို မြှောက်မပြောပါနဲ့"





"ဩော်. . . တကယ်ပြောတာပါရှင်။ ပန်းပွင့်လေးတွေ တစ်ပွင့်စီ ဆက်ထားတာ လှမှလှ"

"ခုမှသတိရတယ်။ ဆရာမလိုချင်တဲ့သစ်လုံး ကျွန်တော် ဦးစိုင်းလုံခြံမှာ တွေ့ခဲ့တယ်။ အစ်ကိုကြီးနဲ့တိုင်ပင်ပြီး ဈေးညှိပေးမယ်နော်"

"ကျေးဇူးတင်ပါတယ် ကိုစိုင်းရယ်"

"ကျွန်မသိချင်လို့မေးပါရစေ ဆရာမရယ်၊ ဒီအရွယ်အစားလောက်ကြီးလိုချင်တာ ဆရာမ ဘာပုံထုမလို့လဲ"

"လူပုံပါပဲ မနန်းရဲ့"

"ဟင်. . . ဒီလောက်အကြီးကြီးကို"

"ဟင်းဟင်း. . . သူ့အရွယ်အစားတိုင်းထုမှာကိုး မနန်းရဲ့။ ထွင်းရင်းနဲ့ သေးသွားမယ်ဆိုတော့ ကျွန်မ ခပ်ကြီးကြီးမှာလိုက်တာပါ"

မနန်းဖျော်ပေးသည့်ကော်ဖီကိုသောက်အပြီးမှာ ပန်းပုခန်းထဲဝင်လာခဲ့သည်။ အပေါ်က်ဝမှတစ်ဆင့် အခန်းထဲရှိအရုပ်တွေကို တစ်ခုချင်းလိုက်လံပွတ်သပ်နေမိ၏။

အန်ကယ်လာမှပဲ ပြင်သင့်တာပြင်ပြီး Polish တင်ရမှာပဲလေ။ ထုလက်စရုပ်ထုရှေ့မှာ လာရပ်လိုက်ပြီး ဆောက်နှင့်တူကို စမ်းလိုက်သည်။ အရုပ်၏ပခုံးနှင့်ကျောပြင်ကို ဆောက်သွားဖြင့် တဖြည်းဖြည်းစားနေ၏။

နေ့အချိန်လားညအချိန်လား၊ ကျွန်မသိစရာမလိုအပ်ပါ။ ကျွန်မအတွက် အိပ်ရာဝင်ချိန်ဟာ ညဖြစ်ပြီး အိပ်ရာမှနိုးထချိန်ဟာ နေ့ပါပဲ။ တဒေါက်ဒေါက်မြည်သံက ညဦးယံမှာ ခပ်တိုးတိုးထွက်နေလေ၏။ ဖွင့်ထားသည့်ပြတင်းပေါက်သံဇကာမှ လေနုအေးတို့က တသုန်သုန်တိုက်ခတ်လာသည်။

ဒီအချိန် မောင်ဘာလုပ်နေမလဲ။ ဆေးခန်းမှာ duty ကျနေမလား၊ ဒါမှမဟုတ် မောင့်ချစ်သူလေးနဲ့ ကော်ဖီဆိုင်မှာ ထိုင်နေမလား၊ သို့တည်းမဟုတ် မောင့်မေမေနဲ့ shopping ထွက်ချင်ထွက်နေမှာပေါ့။



www.burmeseclassic.com

www.burmeseclassic.com



ဘုရားသိကြား မလို့ မောင့်မေမေ အမြန်ဆုံးကျန်းမာပါစေ။

ဘုရားစင်ရှိရာဆီ စိတ်မှန်းဖြင့် လက်အုပ်ချီ ပူဇော်လိုက်မိ အဝေးမှကြက်တွန်သံသဲ့သဲ့ကို ကြားနေရသည်။ နောက်တစ်ရက် ကျ ပြန်ပြီထင်ပါရဲ့။



အချစ်ဆိုတာ

မြေရှင်းရခက်ခဲတဲ့

ပြဿနာတစ်ရပ်လို

ရှုပ်ထွေးတတ်ပြန်တယ်။



www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၃၉ )

မြင်းလှည်းရပ်လိုက်သံကြောင့် ညှော်ခန်းမှ အိမ်ရှေ့ဆီသို့ တုတ်ကောက်ဖြင့်စမ်း၍ ထွက်လာခဲ့သည်။ မလှမ်းမကမ်းမှ သင့်လာသည့် ကိုယ်သင်းနံ့ကြောင့် ကျွန်မပြုံးလိုက်မိ၏။

"ကိုဦး"

"ဟောဗျာ. . . ညီမလေးက တန်းသိတာပဲလား"

"လူတစ်ယောက်နဲ့တစ်ယောက် ကိုယ်နံ့မှမတူတာကိုး"

"ဒါဆို ညီမလေးက အနံ့ခံကောင်းတဲ့ခွေးမလေးပေါ့"

"ဟင်. . . လူကိုများ ခွေးနဲ့နှိုင်းစရာလား၊ မသကာ ယုန်လောက်ဆို ဟုတ်တုတ်တုတ်"

"ဟုတ်ပါပြီဗျာ၊ ဟုတ်ပါပြီ၊ ယုန်မလေးရယ်။ ကဲ. . . အထဲဝင်ကြစို့"

"ကိုဦးပြောတော့ဖြင့် မအားဘူးဆို။ ခု ဘယ်လိုကနေ ဘယ်လို

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ရောက်လာတာလဲ''

''ပြောပါ့မယ်ဗျာ။ နန်းမှုံရေ . . . အစ်ကိုကြီးကို ရေအေးအေးလေး တစ်ခွက်တိုက်ပါကွယ်။ မောလိုက်တာ''

ကိုဦးက ကျွန်မလက်ကိုဆွဲ၍ ထိုင်ခုံမှာထိုင်လိုက်စဉ် ကျွန်မက ကိုဦးလက်ကိုမလွှတ်ဘဲ သေချာကိုင်ထားလိုက်သည်။

''ကိုဦး . . ပြဿနာတစ်ခုခုတက်လာသလိုပဲ။ လက်တွေမသိ မသာတုန်နေတယ်''

''ကဲ . . . မေဒင်သာဟောစားတော့မိုးရယ်။ ညည်းက အကုန် သိသိနိုင်လွန်းတယ်''

''ဟယ် . . . တကယ်ဟုတ်နေတာကိုး။ ပြောပါဦး . . . ကိုဦးရဲ့''

ကိုဦးက မနန်းပေးလာသည့်သောက်ရေကို ကုန်အောင်မော့ သောက်လိုက်ပြီး သက်ပြင်းမောကိုချလိုက်၏။

''ကိုယ် . . . ပြခန်းအတွက် အားလုံးအဆင်သင့်ဖြစ်နေပြီ။ ပြပွဲ က စပိုတစ်ပတ်ပဲလိုတော့တယ်''

''အဲဒီတော့''

''ခုဏလေး . . . အရင်ဆုံးပြောချင်တာက ဒေါက်တာကျော်ဇေ င် တို့မိသားစု အခုမြန်မာပြည်ကိုပြန်ရောက်နေပြီ''

ကျွန်မခန္ဓာကိုယ်လေး တောင့်ခနဲဖြစ်သွား၏။ ကိုဦး က ကျွန်မ လက်ကလေးကို ပြန်ဆုပ်ထားလေသည်။

''ခု ကိုယ်လုပ်ပေးတဲ့ပွဲကို သူက ဖျက်လိုဖျက်ဆီးလုပ်နေတယ် ညီမလေးရဲ့။ အဲဒါကမှ ပြဿနာအစစ်''

''ဖေဖေက, ဟုတ်လား''

''ဟုတ်တယ်။ သူ့သမီးကြီးကိုဝှက်ထားမှုနဲ့ ပြန်ပေးဆွဲမှု ခေါ်င်း စဉ်တပ်ပြီး တရားစွဲမယ်။ ဒီအစီအစဉ်ကိုလည်း အကုန်ဖျက်ပစ်မယ်တဲ့''

''အို . . . သူနဲ့ဘာဆိုင်လို့ ဒီလိုလုပ်ရတာလဲ''

''လောလောဆယ် နှုတ်နဲ့လူကိုယ်တိုင် လာပြောတာ ညီမလေးရဲ့။





အပေးအယူတည့်ရင်တော့ ကိုယ်တို့အစီအစဉ်မပျက်တော့ပါဘူး။ ဒါ ပေမဲ့ . . . ဒါ, ညီမလေး သဘောတူမှုဖြစ်မှာပါ''

''ဘာတဲ့လဲ. . . ကိုဦးရယ်''

''ညီမလေးကိုပို့ထားတဲ့နေရာကို သူ့ကိုပြောလိုက်တာနဲ့ အားလုံး ခွင့်ပြုမယ်တဲ့''

''မဖြစ်နိုင်တာ''

ကျွန်မ ထရပ်လိုက်မိ၏။ ကြည့်စမ်း! ဖေဖေ ဘာဖြစ်လို့ ဒီလိုလုပ် ရတာလဲ။ ခေါင်းထဲမှာ တစ်စစ်စစ်နှင့်ကိုက်တက်လာသည်။

''ညီမလေးရဲ့ ဖြစ်အပျက်အလုံးစုံကို ဦးမင်းလွင်တို့ဖွင့်ပြော လိုက်လို့ သိသွားပြီ။ ဒီကို အလောတကြီးပြန်လာကြပုံပဲ။ လုံ့ဝါဆို ကိုယ့်ရုံးခန်းထဲ ချုံးပွဲချငိုလိုက်တာ''

''လေးလေးရယ်''

''သူတို့နိုင်ငံခြားမှာကတည်းက သိလာတာ။ ကိုယ့်ကိုပြောတာ ဒိမ်းခြောက်သလိုဖြစ်နေတာတောင် သတိမထားမိတဲ့အထိ ညီမလေး ရဲ့''

''ကျွန်မ GP လွှဲပေးမယ် . . . ကိုဦး။ ဒီကိစ္စဖြစ်အောင်သာ ဆက် လုပ်ပါ။ ပျက်လို့မဖြစ်ဘူး''

''လွယ်ပါ့မလား။ ကိုယ့်ကိုပြန်ပေးမှုနဲ့ ထောင်ချမှာနော်''

''ကိုဦးက ကျွန်မကိုပြန်ပေးဆွဲထားတာမှမဟုတ်ဘဲ''

''အခုက ဒီပုံအတိုင်းဆိုက်နေတာလေ။ ပြီးတော့ ညီမလေးက မျက်စိမမြင်တဲ့သူဆိုတော့ အမှုက ပိုကြီးတယ်''

ကျွန်မထိုင်ခုံမှာ ပြန်ထိုင်ချလိုက်သည်။ ကိုဦးထံမှ သက်ပြင်းချ သံကို ခဏခဏကြားနေရသဖြင့် မသက်မသာဖြုံးလိုက်မိ၏။

''ကိုယ်က ညီမလေးအတွက်ဆိုရင် ထောင်ပဲကျကျ အသက်ပဲ သေသေ၊ အရာရာကိုစွန့်လွှတ်ဝံ့တာ ညီမလေးသိပြီးသားပါ''

''ကျွန်မ ယုံပါတယ်ကိုဦးရယ်။ ဒါအလေးအနက်ထားပြီးပြော



www.burmeseclassic.com

www.burmeseclassic.com



တဲ့စကားပါ။ ကိုဦး မနက်စောစောပြန်လိုက်ပါ။ အစစအရာရာအဆင်ပြေအောင် ကျွန်မဖြေရှင်းပေးပါ့မယ်။ စိတ်ချပါ''

''ညီမလေး. . . ကိုယ့်ကြောင့် ညီမလေးရဲ့မာနကို ချိုးရမယ်ဆိုရင်တော့''

''ဟင့်အင်း. . . အဖေနဲ့သမီးကြားမှာ ဘာမာနမှမရှိသင့်တာကို ကျွန်မသိပြီးသားပါ. . . ကိုဦး''

''ဝမ်းသာလိုက်တာ ညီမလေးရယ်။ တကယ်ပါ၊ ဒေါက်တာကျော်ခေါင်ဟာ ညီမလေးကိုပူပန်စိတ်နဲ့ ရုပ်တော်တော်အိုစာသွားတာပါ။ သနားပါတယ်''

''လဲ့ဝါကိုရော မသနားဘူးလား''

''ဟာ. . . ညီမလေးနော်။ အစ်ကိုကို စ,စရာလား''

ကျွန်မ တီးတိုးရယ်လိုက်မိ၏။ ဖုန်းစင်ရှိရာသို့ လျှောက်လာခဲ့ရင်း ကိုဦးကိုလှမ်းမေးလိုက်သည်။

''ဖေဖေ့ဖုန်းနံပါတ်ပြောပါ. . . ကိုဦး''

''Hand Phone လား''

''အင်း''

''09-------''

ကျွန်မနံပါတ်တွေကို သေချာစမ်း၍ နှိပ်လိုက်ပါ၏။ ကျင့်သားရနေပြီမို့ ဖုန်းနံပါတ်တို့က မှန်ကန်စွာ ရန်ကုန်ကိုဝင်သွားလေပြီ၊ တစ်ဖက်မှ အသံသြသြထွက်ပေါ်လာသည်။

''ဟဲလို. . . ဒေါက်တာကျော်ခေါင် ပြောနေပါတယ်ခင်ဗျာ''

''ဖေဖေ''

''ဟင်. . . သမီး. . . သမီးကြီး. . . သက်ငြိမ်''

တစ်ဖက်မှ လှုပ်လှုပ်ရှားရှားခြေသံတွေ ကြားလိုက်ရသဖြင့် ကျွန်မစကားကိုခဏရပ်လိုက်သည်။

''ဖေဖေ့ဘေးမှာ ဘယ်သူတွေရှိလဲ''





''မမ. . . လဲ့ဝါနဲ့ မာမီပါ''

''သမီး ဘယ်ကဆက်နေတာလဲ။ ဖေဖေ အရမ်းစိတ်ပူနေတာကို သမီးသိပါကွယ်''

''ဖေဖေ. . . ကိုဦးကို ကျွန်မလုပ်ခိုင်းထားတာတွေ ဆက်လုပ်ခွင့်ပေးလိုက်ပါ။ ကျွန်မကို သူပြန်ပေးဆွဲတာမဟုတ်လို့ အမှုမလုပ်သင့်ပါဘူး''

''သမီး. . . သမီးကို မျက်မြင်ကိုယ်တွေ့ မတွေ့ရမချင်း ဖေဖေ့မှာ ဒီနည်းပဲ အကျပ်ကိုင်စရာရှိတာပါကွယ်''

''ကျွန်မပြောတာကို လက်ခံပေးပါဖေဖေ''

''သမီးကို ဖွေ့ခွင့်ရရင် လက်ခံမှာပါ''

ကျွန်မ ‥ ဒုံးပြောနေရာမှ လုစ်ခနဲ ပြုံးလိုက်မိ၏။

အင်း. . . မိုးသက်ငြိမ်အဖေဟာလည်း မိုးသက်ငြိမ်လို ခေါင်းမာမာပါပဲလား။

''ကျွန်မပြောမယ်''

''သမီးလဲ့ဝါ၊ မှတ်. . .''

''စာရွက်နဲ့မမှတ်ပါနဲ့ ဖေဖေ။ ကျွန်မ သေချာပြောမှာမဟုတ်ဘူး။ ကျွန်မဆီကို ဖေဖေတစ်ယောက်တည်းပဲလာပါ''

''မမ. . . လဲ့ဝါလည်း တွေ့ချင်နေတာ။ လဲ့ဝါကိုပါခေါ်ပါ မမရဲ့''

ရှိုက်သံဖြင့်ပြောလိုက်သည့်လဲ့ဝါကြောင့် ကျွန်မစိတ်မကောင်းဖြစ်သွားမိသည်။ ဪ. . . သွေးက စကားပြောတယ်ဆိုတာ ဒါပဲကိုး။

''ဖေဖေတို့မိသားစုလာခဲ့မယ် သမီး''

''သူ့,လုံးဝမရိုပ်မိပါစေနဲ့ဖေဖေ''

''ဘယ်သူလဲ သမီး''

''ဒေါက်တာမင်းညာဏ''

''ကောင်းပြီ သမီး ပြောပါ''

''ဒီည နံပါတ် (၁) အစီအစဉ်က မနက်ရှစ်နာရီရထားချိန် မှီ



www.burmeseclassic.com

www.burmeseclassic.com



အောင် ဘူတာကိုရောက်အောင်လာပါ။ စီးရမယ့်ရထားကို (၈)နာရီမှပဲ ကျွန်မပြောပါ့မယ်''

''ဟာ. . . သမီးရာ၊ လျှို့ဝှက်သည်းဖိုဇာတ်လမ်းကြီးပါလား''

''ကျွန်မမှာ ဒီနည်းပဲရှိတာပါဖေဖေ။ ဒါတောင် ဖေဖေ့ကို''

စကားသံက ခေတ္တမျှတိတ်သွား၏။ အသက်ကိုခပ်ပြင်းပြင်းလေးရှူသွင်းလျက် အားတင်း၍ဆက်ပြောလိုက်ရသည်။

''ဖေဖေ့ကိုချစ်လွန်းလို့ပြောရတာ''

''သမီးရယ်''

ကျွန်မ ဖုန်းကိုအသာချလိုက်၏။ ကိုဦးက ကျွန်မပခုံးကိုတင်းတင်းလေး ဆုပ်ကိုင်လိုက်လေသည်။

''ဒါဆို. . . ကိုယ် မနက်စောစောပြန်တော့မယ် ညီမလေး''

''ဟုတ်ကဲ့''

''အစ်ကိုကြီး. . . သစ်တုံးဈေး လိုက်ညှိပေးခဲ့ဖို့ မမေ့နဲ့ဦး''

''ငါသိပါတယ် စိုင်းမောင်ရယ်။ ညနေသွားကြတာပေါ့''

ညနေကို မြင်းလှည်းဖြင့် ဦးစိုင်းလုံခြံကို ထွက်လာခဲ့ကြသည်။ ချယ်ရီနံ့က တစ်ခြံလုံးသင်းပျံ့ပျံ့။ မြေညီလမ်းကလေးကို တဖြည်းဖြည်း လျှောက်လာခဲ့၏။

လည်တိုင်မှာ ပတ်ထားသည့် Scarf က လေနှင့်အတူ လွင့်ကျသွားလေသည်။

''ဟယ်!''

လက်ဆွဲထားရာမှဖြုတ်၍ ကိုဦးသွေ အနောက်ကို လေးငါးလှမ်းပြန်လျှောက်သွား၏။ ဖုန်ပေသွားသည့်လည်စည်းပဝါကိုခါလျက် ညီမလေး၏လည်တိုင်မှာ သေချာပြန်စည်းပေးလိုက်သည်။

''အင်မတန်လိုက်ဖက်လှတဲ့ မြင်ကွင်းလေးပါပဲလား ကိုဦးရေ''

''ဘယ်လိုလဲ ဦးစိုင်းလုံရဲ့. . . ချယ်ရီပန်းခင်းပေါ်မှာ ကျွန်တော့်ညီမလေးက မိုပြီးလှမနေဘူးလား''





''သိပ်ကို ကျက်သရေရှိတဲ့မိန်းကလေးပါဗျာ''

''ဒါပေမဲ့. . . အဲဒီမိန်းကလေးဟာ လောကရဲ့အလှအပကို ရှုမြင်ခံစားခွင့်ရှိမနေတာ သိရဲ့သားနဲ့ဦးရယ်''

''အခိုက်အတန့်လေးတော့ ဒီလိုပဲရှိနေဦးမှာပေါ့ မိန်းကလေးရယ်။ ဒါပေမဲ့ အချိန်က သူ့အလိုလိုဖန်တီးပေးလာမှာပါ။ အဲဒီတော့မှ သဘာဝတရားကြီးထဲမှာ ပြန်စီးမျောပေတော့ မိန်းကလေးရေ။ ကဲ. . . လာ၊ ဒီမှာထိုင်ကြ''

သစ်သားခုံတန်းလေးမှာ ထိုင်ချလိုက်တော့ ကိုဦးက အဖန်ရည်ကိုငှဲ့ကာ နွေးအောင်မှုတ်ပြီးမှ ကျွန်မလက်ထဲကို အသာထည့်ပေးလေ၏။

''ကျွန်တော် မနက်ပြန်မှာဗျ။ စိုင်းမောင်ပြောထားတဲ့သစ်ကို ဈေးလာညှိတာ''

''သူပြတဲ့သစ်ကရှားတယ် ကိုဦးရေ။ ဖြစ်နိုင်ရင် ကျုပ်က လက်ဆောင်အဖြစ် မိန်းကလေးကိုပေးချင်တာပါ။ ခက်တာက သစ်က သစ်နက်ဖြစ်နေတယ်''

''သစ်နက်လည်း သူ့ဈေးနဲ့သူပေါ့ဗျာ။ သွားကြည့်ရအောင်။ ညီမလေး ဒီမှာခဏနေခဲ့ဦးနော်''

''ဟုတ်ကဲ့''

အဝေးသို့ထွက်သွားသည့်ခြေသံများနှင့် ခပ်ဖြည်းဖြည်းလျှောက်လာသံက မရှေးမနှောင်း၊ နှာခေါင်းဝမှာ ခေါ်ပုတ်နံ့ကိုရလိုက်၏။

''ဒေါ်လေးအဲနန်း ထင်တယ်''

''ဟုတ်တယ်ဆရာမလေးရဲ့။ ခေါ်ပုတ်လေးမြည်းပါဦး''

ကျွန်မလက်ထဲကို အသင့်ထည့်ပေးသည့်မုန့်ကို အသာကိုက်လိုက်၏။ ပူပူနွေးနွေးနှင့် စိမ့်သက်မွှေးမြသည့်အရသာကို လျှာက သိနေသည်။

''ဆရာမလေးက ဗိုရောက်မှ အသားလေး ပိုဖြူလာသလိုပဲ။ ကြည့်ပါဦး၊ သွေးကြောစိမ်းလေးတွေတောင် မြင်နေရတာ။ လှလိုက်တာ''



www.burmeseclassic.com

www.burmeseclassic.com



"ဟင်းဟင်း. . . ဒေါ်လေးတို့ရှမ်းမျိုးဖြူလေးတွေက ပိုလှတာပါရှင်။ ပါးအိုနီနီရဲရဲလေးနဲ့ အသားလေးဆွတ်ဆွတ်ဖြူနေတာ ဘယ်လောက်လှသလဲ။ ရှမ်းဝတ်စုံနီနီလေး ဝတ်လိုက်ရင် အရမ်းကိုလှတာ"

"ဩော်. . . ဆရာမလေးရယ်။ ကျွန်မတို့မိန်းကလေးတွေက အသားကြမ်းတယ်ရှင့်။ ပြီးတော့ မျက်နှာမှာ အစက်အပျောက်တွေရှိတာများတယ်"

"သဘာဝရာသီဥတုကြောင့်ဖြစ်တာပါရှင်။ ဒါလည်း အလှတစ်ပါးပါပဲ ဒေါ်လေးရယ်"

"ဟင်. . . ဆရာမလေးကတော့လေ။ သူတစ်ပါးစိတ်ချမ်းသာအောင် အမြဲပြောတတ်တယ်။ တကယ်ပါပဲ"

ပေါင်ပေါ်သို့လွင့်ကျလာသည့် ချယ်ရီပွင့်ဖတ်လေးကို အသာစမ်း၍ မွှေးကြည့်လိုက်မိသည်။ ချယ်ရီပန်းနုသင်းသင်းလေးက ရင်ကိုအေးမြစေ၏။ ခဏအကြာမှာ ကိုဦးတို့ပြန်လာသံကို ကြားရသည်။

"ကိုဦးရေ. . . အဆင်ပြေလား"

"ကြေးက တော်တော်ကြီးတယ် ညီမလေးရေ။ သဘောမတူရင်တော့ မလွယ်ဘူး"

"ဟင်. . . ဘယ်လောက်တောင်မို့လို့လဲ"

"ဦးစိုင်းလုံက သူ့ကို ကျွဲရုပ်တစ်ခုလုပ်ပေးရင် ၅ သစ်ပင်တစ်ပင်လုံး ပေးမယ်တဲ့"

"ဟယ်. . . အရုပ်ထုတာက ဘယ်လောက်မှတန်ဖိုးမရှိတာကို။ အဲဒီလိုတော့ မလုပ်ပါနဲ့။ ပြီးတော့ အပင်က အရင်းဘက်ကပဲ ထုလို့ဖြစ်တာ။ သုံးချိုးတစ်ချိုးပဲ သုံးလို့ရမှာ။ ရပါတယ် ဦးရယ်။ ကျွန်မလိုချင်တဲ့အတိုင်းအတာလောက်ရရင် တော်ပါပြီ။ ဒီသစ်နဲ့ပဲ ဦးလိုချင်တာကို လုပ်ပေးပါ့မယ်။ အိမ်ကို အတိုနဲ့အရှည်နှစ်ပိုင်းသာ ပို့ပေးပါ။ သစ်ဖိုးငွေ ကျွန်မပေးပါ့မယ်ရှင်"

"မလုပ်ပါနဲ့ မိန်းကလေးရယ်။ ကျုပ်ကို အရုပ်ထုပေးရင် တော်





ပါပြီ။ ကိုဦးက ဒီမှာ လေးငါးဆယ်ရက် ဘာဖြစ်လို့မနေတာလဲ။ အေးအေးဆေးဆေးမဟုတ်ဘူးလား"

"ရန်ကုန်မှာ ညီမလေးပြပွဲကို စီစဉ်နေလို့ပါ။ နောက် ဆယ်ရက်လောက်မှလာခဲ့မယ်။ မနက်ဖြန် ညီမလေးအဖေတို့ လာကြမှာ"

"ဟော. . . ဆရာမလေးက အဖေရှိသေးတာကိုး"

"ရှိတာမှ ညီမလေးတောင်ရှိသေးတာ ဒေါ်အဲနန်းရေ၊ သူ့ညီမလေးက ဆရာဝန်မျ။ သိပ်ချောတာ"

"ဟုတ်လား။ ဆရာမလေးထက် ပိုချောတာလား ကိုဦးရဲ့"

"တစ်မျိုးစီလှတာပါ ဒေါ်အဲနန်းရဲ့။ ညီမလေးက ရင့်ကျက် တည်ငြိမ်တဲ့အလှ၊ မာန်ရှိတဲ့အလှ။ သူ့ညီမလေးက ဘိုမရုပ်လေးလို ယယ်ရှယ်နုပျိုစေတဲ့အလှ၊ ချစ်စရာကောင်းတဲ့အလှဗျ"

"ကိုဦးရေ. . . ကျွန်မ, လှဲဝါကို ပြန်ဖောက်သည်ချမှာနော်"

"ဟာ. . . မလုပ်ပါနဲ့ညီမလေးရဲ့။ တောင်းပန်ပါတယ်"

"ဆရာမလေးရဲ့ညီမလေးက ဆရာဝန်ဆိုတော့ ဆရာမလေးရဲ့ မျက်စိကို ကုပေးနိုင်မှာပေါ့နော်"

"ဟင်းဟင်း. . . ညီမလေးလှဲ့ဝါက နှလုံးအထူးကုပါ ဒေါ်လေးရဲ့။ ကျွန်မက ဒီမျက်စိတွေကို ပြန်မမြင်ချင်တော့ပါဘူး။ ကုလည်း မကုသချင်တော့လို့ပါ"

"အို. . . ဆရာမလေးရယ်။ မဟုတ်တာ"

တအံ့တသြ ရေရွတ်သံတို့ကို ဥပေက္ခာပြု၍ အပြန်လမ်းဘက်ကို ဦးတည်လိုက်သဖြင့် ကိုဦးက ကျွန်မလက်လေးကို အသာဆုပ်ကိုင်၍ လျှောက်ခဲ့ပါ၏။

ဩော်. . . ရှမ်းပြည်နယ်ရဲ့အလှအပတွေကို အမြင်အာရုံနဲ့ ခံစားခွင့်မရှိတဲ့ဘဝပါလား။



www.burmeseclassic.com





“ တ္တာတရားဆိုတာ

ပေးသူနဲ့ယူသူ

သာတူညီမျှရှိမှသာ

အသွားအပြန်ရှိတာပါ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၀ )

မြင်းလှည်းရပ်သံ၊ ခြေသံများ အိမ်ထဲဝင်လာသည့်အသံတို့ကြောင့် ပန်းပုထုနေရာမှ အသာနားစွင့်လိုက်၏။ အခန်းတံခါး အသာအယာပွင့်သွားသံကိုကြားရစဉ် လက်ထဲမှ ဆောက်နှင့်တူကို စားပွဲပေါ် လှမ်းတင်လိုက်ရသည်။

ခပ်ဖြည်းဖြည်း အနီးသို့လျှောက်လာသည့်ခြေသံကို အာရုံခံစိုက်ထား၏။ လေးမင်သည့်ခြေသံ Body Spray နံ့ ခပ်သင်းသင်းကြောင့် အချိုမြိန်ဆုံးသောအပြုံးကို ကျွန်မပြုံးလိုက်မိသည်။

"ဖေဖေ"

"သမီး. . . သမီးကြီး"

ဖေဖေက ကျွန်မကို တင်းတင်းကျပ်ကျပ်ကြီးပြေးဖက်လိုက်လေသည်။ ငိုချင်လာသည့်စိတ်တို့ကို အသာမျိုချပစ်လိုက်ရ၏။ ကျွန်မကြောင့် စိတ်ထိခိုက်နေသည့်ဖေဖေ့ကို မျက်ရည်တို့ဖြင့် ထပ်နှိပ်မစက်ရက်ပါချေ။



www.burmeseclassic.com

www.burmeseclassic.com



"သမီးရယ်. . . အရင်ထက် ပိုလှယ်သွားသလိုပါပဲလား။ အရမ်းပင်ပန်းတာတွေ မလုပ်ရဘူးလေ။ ကြည့်ပါဦး. . . ဆံပင်တွေက ခြေသလုံးထိတောင် ရှည်နေပြီ"

အခန်းဝမှရှိက်သံသဲ့သဲ့ကြောင့် ကျွန်မ, ဖေဖေ့ရင်ခွင်ထဲမှ ခေါင်းထောင်လိုက်သည်။ အခန်းဝရှိရာဆီ လက်တစ်ဖက်ကိုကမ်းလိုက်မိ၏။

"မမ. . . မမရယ်"

"ညီမလေး"

လဲ့ဝါက ကျွန်မခါးလေးကိုအတင်းဖက်လိုက်သဖြင့် ကျွန်မ ရယ်မောလျက် ညီမလေး၏မျက်နှာကို လှမ်းစမ်းလိုက်သည်။ ထိပ်ဘက်မှာစုစည်းထားသည့် ဆံနွယ်ကောက်ကောက်လေးများက ကျွန်မလက်ခုံပေါ် ကျလာ၏။

"ဇကော်ပတ်ရုပ်"

"လဲ့ဝါက ကော်ပတ်ရုပ်ဆို မမက ဘာဘီရုပ်"

သားအဖတွေ သဘောတကျ ရယ်မောလိုက်မိ၏။ Heart to Heart ရေမွှေးနံ့ကို စူးခနဲရလိုက်သဖြင့် အန်တီလီလီယံ ဝင်လာပြီမှန်းသိလိုက်သည်။

"Good evening ပါ အန်တီ"

"Good evening ပါ သမီးရယ်။ အန်တီ့သမီးကတော့ စာရေးဆရာမလုပ်လို့ရပါပြီ။ လျှို့ဝှက်သည်းဖိုတွေ့ရေးဖို့လေ။ ဘယ့်နှယ်. . . ဘူတာကို ရှစ်နာရီအရောက်မှာ ဘယ်ရထားလက်မှတ်ကိုင်ယ်။ ဟော, ရထားပေါ်တက်ပြီး တစ်နာရီကြာမှ ဘယ်ဘူတာမှာဆင်း၊ ဘူတာကနေ မြင်းလှည်းပေါ်တက်မှ ဘယ်လမ်း ဘယ်အိမ်ကိုမောင်းနဲ့၊ ရင်တထိတ်ထိတ်နဲ့ ဒီကိုရောက်လာတာ။ အံ့ဩမိပါရဲ့။ ကိုသမီးက လီလီတို့ကို ရင်တုန်အောင် လုပ်တတ်တာ၊ တကယ်ပါပဲ"

"ကျွန်မ တောင်းပန်ပါတယ်အန်တီ၊ ဒါမှ နောက်ယောင်ခံလိုက်တဲ့လူတွေ မျက်စိလည်မှာမို့လို့ပါ"





"ဟောတော်. . . အန်တီတို့နောက်ကို ဘယ်သူကလိုက်မှာမို့လို့လဲ သမီးရဲ့"

ကျွန်မ သိုသိပ်စွာပြုံးလိုက်မိတော့ လဲ့ဝါက ကျွန်မပါးတစ်ဖက်ကို ရွှတ်ခနဲနမ်းလိုက်လေသည်။

"ညီမလေးကို မမ အကူအညီတောင်းစရာရှိတယ်"

"တောင်းပေါ့ မမရဲ့။ လဲ့ဝါ ဘာလုပ်ပေးရမှာလဲ။ ရေချိုးပေးရမှာလား။ ခေါင်းလျှော်ပေးရမှာလား"

"မဟုတ်ပါဘူး။ မမအရုပ်ထုရင် လိုအပ်တာကို ဘေးကပြောဖို့ပါ"

"ဩော်. . . ဟုတ်တယ်။ လဲ့ဝါက ကျွမ်းကျင်ရှာတာကိုး"

"ညီမလေး ရင်းနှီးပြီးသားလူမို့ပါကွယ်။ နောက်ပြီးတော့ မမကိုကြက်ဥပုတင်း လုပ်ကျွေးပါ။ မနန်းက မလုပ်တတ်တော့ မစားရတာကြာပြီ။ ကိုယ်တိုင်လုပ်ချင်တာလည်း ကိုဦးက မီးဖိုထဲကို လုံးဝအဝင်မခံဘူးလေ၊ မနန်းကလည်း သူ့အစ်ကိုကြီးပြောထားတဲ့စကားကို တစ်သွေမတိမ်း နာခံတယ်။ သူ့မီးဖိုတံခါးကို အမြဲကလန့်ထိုးထားတာပဲ"

"ပူတင်းကို အန်တီလုပ်ပေးပါ့မယ် သမီးရယ်။ ပူမနေနဲ့၊ သမီးစားချင်တာမှန်သမျှ အန်တီ အကုန်ချက်ကျွေးမှာ၊ Kitty က မမနားမှာပဲ နေနော်။ ကဲ. . . ကိုရေ ညနေစာအတွက် လီလီ သွားစီစဉ်လိုက်ဦးမယ်"

"အေး. . . ညနေစျေးလေးဘာလေးဝယ်ဖို့လည်း စီစဉ်ဦးမှ"

ညနေစာစားသောက်ပြီးချိန်မှာ ခြံထဲသို့ကားဝင်သံကြား၍ ကျွန်မအိမ်ရှေ့ကိုထွက်ခဲ့၏။ ကားပေါ်မှ သစ်ပင်လုံးကြီးချသံကို ကြားနေရသည်။

"ဆရာမရေ. . . အခန်းထဲ တစ်ခါတည်းပို့မှာလား"

"ဟုတ်ကဲ့ ကိုစိုင်း၊ ညာဘက်က သီးသန့်ခန်းကိုပို့ပေးပါနော်။ ဟိုအခန်းထဲမှာဆို တခြားအရုပ်တွေ ပွဲကုန်မှာစိုးလို့"

"နှစ်တုံးစလုံးလား ဆရာမ"



www.burmeseclassic.com

www.burmeseclassic.com

"ဟုတ်ကဲ့။ အရှည်ကိုက ပြတင်းပေါက်နားမှာ ထောင်ပေးပါ။ အတိုကိုက အခန်းအလယ်မှာ လှဲထားပေးပါရှင်"

"ဟုတ်ကဲ့ ဆရာမ"

ကျွန်မ အနောက်ကိုရွှေ့ရပ်လိုက်တော့ လှဲဝါက ကျွန်မကိုအသာ ဖက်ထားလိုက်၏။

"ဟယ်. , . သစ်တုံးကြီးက အနက်ရောင်ကြီးပါလား။ လေးလည်း လေးပုံရတယ်။ လှလိုက်တာ. . . မမ ဘာပုံထုမှာလဲ"

"အတုံးသေးက ကျားပုံလေ။ အဲဒါကို အရင်ထုပေးမှာ။ ဟိုတစ်ခုက လာမယ့်လပြည့်ညမှာ စထုမှာ။ ညီမလေးပါ သေချာ စောင့်ကြည့်ပေးရမှာနော်"

"ဟုတ်ကဲ့ပါမမရဲ့"

အခန်းထဲမှထွက်လာသည့်အလုပ်သမားတွေကို ဖေဖေက မုန့်ဖိုးထုတ်ပေးလေ၏။

"အားလုံးကိုကျေးဇူးတင်ပါတယ်နော်"

"ရပါတယ်ဆရာမရယ်။ ကျွန်တော်တို့ကိုခွင့်ပြုပါဦး"

"ဟုတ်ကဲ့"

ကားပြန်ထွက်သံကြားအပြီးမှ အသုပ်နံ့ကို နှာခေါင်းရလိုက်သဖြင့် ကျွန်မလှည့်လိုက်သည်။

"အသုပ်နံ့ရတယ်"

"ဟင်းဟင်း. . . ဖေဖေ့သမီးက တယ်အနံ့ခံကောင်းပါလား။ ဒီမှာလေ, သမီးဖို့ အန်တီခေါက်ဆွဲခြောက်ကို ပြန်ပြုတ်ပြီး သုပ်ပေးလိုက်တယ်။ လာ. . . ခြံထဲမှာ သွားစားရအောင်။ ဖေဖေ ခွံ့ကျွေးမယ်ဟေ့"

"ဒယ်ဒီ. . . သမီးလည်းပါတယ်နော်"

"ဩော်. . . ပါတာပေါ့ သမီးရယ်။ သမီးမမက. . . ဒီပန်းကန်အမောက်ကြီး ကုန်မှာမှမဟုတ်တာ။ နောက်ဖေးမှာ မာမီ ဟင်းချိုလုပ်ပေးနေတာ သွားယူခဲ့ဦး"





"ဟုတ်"

ခြံထဲရှိ ခုံတန်းလေးမှာ အတူတူထိုင်ကြရင်း ဖေဖေခွံ့ကျွေးသော အသုပ်ကိုစားရ၏။ ချိုချဉ်စပ်အစုံပါသဖြင့် အရသာတော်တော်ရှိပါသည်။

"မမကို အနားသားတူးတူး ကြက်ဥ Half-fried လေး ကြော်ကျွေးဦးနော်"

"လုပ်ပြီ. . . မမကတော့ လှဲဝါကို ဒေါက်ဖြုတ်ချင်တာပဲ။ အခု လှဲဝါ ကျွမ်းကျင်နေပါပြီမမရဲ့"

"မမက ချစ်လို့စတာပါညီမလေးရယ်။ စိတ်မဆိုးပါနဲ့"

ပြတင်းတံခါးကိုဖွင့်လိုက်၏။ သံဇကာ မတပ်ထားသဖြင့် လေတိုက အတားအဆီးမဲ့ တိုးဝင်လာသည်။ ဆံပင်ရှည်တွေက လွင့်ခနဲဖြစ်သွားလေ၏။ ညာလက်ဖြင့် သစ်တုံးကိုလှမ်းစမ်းလိုက်မိသည်။ နှာခေါင်းထဲမှာ သစ်နက်သားနံ့ကို ရှူလိုက်ရ၏။ ကျွန်မ စိတ်ထဲမှ အလိုလိုပြုံးလိုက်မိသည်။ ဒီသစ်တုံးကို ဘယ်လိုပုံထုရမလဲဆိုတာ သိထားပြီးသားမို့ ကြည်ကြည်နူးနူးလေးခံစားနေရ၏။ ဩော်. . . အမြင်အာရုံမရှိနိုင်တော့ပေမယ့် လက်တို့ဖြင့် အသိအာရုံဖြင့်သာ မောင့်ကိုယ်စား ဖန်တီးယူရမည့်အရာ မဟုတ်လား။

ခြေလှမ်းလေးငါးခြောက်လှမ်းအကွာမှာ ထိုင်ချလိုက်ရင်း လှဲထားသည့်သစ်တုံးကို စမ်းလိုက်သည်။ ဒီဘက်ကို ခေါင်းလုပ်ရမှာ။ မာန်ဖီမည့်ပုံမို့ ပိုပြီးမြင့်ရမည်။ ချပ်ခနဲ တံခါးဖွင့်သံနှင့်အတူ ကော်ဖီနံ့ကို ရလိုက်၏။

"အန်တီလား"

"ဟုတ်ပါ့ရှင်၊ သမီးက သိသိနိုင်လွန်းတယ်။ ဒီနားက စားပွဲပေါ် တင်ပေးခဲ့တယ်နော် သမီး။ ကုလားထိုင်ကိုအရင်စမ်းပြီးမှ ခွက်ကိုင်။



www.burmeseclassic.com

www.burmeseclassic.com



Kitty က ကိုရီးယားဇာတ်လမ်းတွဲပြီးမှ လာခဲ့မယ်တဲ့"

"ရပါတယ် အန်တီ။ သူပျော်သလိုနေပါစေ"

"မီးမထွန်းဘူးလား. . . သမီးရယ်။ မှောင်လာပြီ၊ သြော်. . . sorry ။ အန်တီ စကားများသွားပြီ"

"ရပါတယ်. . . အန်တီ၊ နေပါစေ။ လရောင်ကိုခံစားပြီး ထုတာကို ကျွန်မပိုကြိုက်လို့ပါ။ ညီမလေးဝင်လာမှပဲ မီးဖွင့်ပါလေ့စေပေါ့"

"ဒါဖြင့် အန်တီသွားပြီနော်.သမီး"

"ဟုတ်ကဲ့ပါအန်တီ၊ ကျေးဇူးပါ"

တံခါးပြန်ပိတ်သံကြားအပြီးမှာ အခန်းက တိတ်ဆိတ်သွား၏။ သေတ္တာထဲမှပစ္စည်းတွေကို တစ်ခုချင်းစမ်းလိုက်သည်။ သိပ်မကြာခင်မှာ ပတ်ဝန်းကျင်ကိုမေ့လျော့လျက် တဘောက်ဘောက်သံစဉ်တွေကြားမှာ ကျွန်မ နစ်မျောသွားတော့၏။

အားစိုက်၍လုပ်ရတာကြောင့် နဖူးနှင့်လည်ပင်းမှာ ချွေးတွေစို့လာသည်၊ စားပွဲနံဘေးရှိ ကုလားထိုင်ကျောမှီမှာတင်ထားသည့် တဘက်ကို စမ်းလိုက်၏။ ချွေးတွေကိုသုတ်အပြီးမှာ ကော်ဖီကို ယူသော..က်လိုက်တော့ အေးနေလေပြီ။

အခန်းပြင်ထွက်လာစဉ် တစ်အိမ်လုံး ငြိမ်သက် တိတ်ဆ..တ်နေလေ၏။ ညီမလေးတော့ TV ကြည့်ရင်း အိပ်ပျော်သွားပုံ ..ာင်ပါရဲ့။ အိမ်ရှေ့ဘာကျာတံခါးကိုအသာဟ၍ ခြံထဲကိုဆင်းလာခဲ့သည်၊

ညဉ့်ယံသတ္တဝါလေးများ၏အော်သံတွေကို အတိုင်းသားကြားနေ၏။ လေအေးထဲမှာ မိုးနံ့ရလိုက်သည်မို့ ရင်ထဲကြည်နူးသွားမိသည်။ ရွာချင်ရင်လည်း ရွာချလိုက်ပါလားမိုးရယ်၊ ကျွန်မက မိုးစက်တွေကိုသိပ်ချစ်တဲ့မိန်းမတစ်ယောက်ပါ။ မိုးရေတွေတောထဲမှာ လမ်းလျှောက်ရတဲ့အရသာကို ကျွန်မသိပ်နှစ်ခြိုက်တာ မိုးမင်းကြီးသိပါတယ်နော်။

ခဏအကြာမှာ တဖြောက်ဖြောက်နှင့်ကျလာသည့် မိုးစက်များကြောင့် ကျွန်မ အသံထွက်အောင် ရယ်လိုက်မိ၏။





မျက်နှာကိုမော့၍ လက်နှစ်ဖက်ကိုဆန့်တန်းလိုက်စဉ် မိုးရေတို့က ဒလဟောရွာသွန်းကျလာသည်။ ခန္ဓာကိုယ်တစ်ခုလုံး ရွှဲရွှဲစိုသွားချိန်မှာ အိမ်ထဲမှအသံများကြားရပြီး ကျွန်မဆီပြေးလာသံတို့ကို ကြားလိုက်ရ၏။

"သမီးရယ်, မိုးရေထဲ ထွက်ဆော့ရတယ်လို့။ ဖျားနာကုန်တော့မှာပဲ။ လာ.အထဲပြန်ဝင်ရအောင်"

ကျွန်မ သက်ပြင်းတစ်ချက်ကိုချလိုက်၏။ ကိုယ်ထဲမှာ တော်တော်ချမ်းစိမ့်လာတာမို့ မေမေဆွဲခေါ်လာသည့်အတိုင်း အိမ်ထဲလိုက်ဝင်ခဲ့ရသည်။ အန်တီ ခေါင်းသုတ်ပေးတာကိုငြိမ်ခံရင်း ခုတင်ပေါ်မှာ ဘယ်လိုကနေဘယ်လို အိပ်ပျော်သွားသည်ကိုမသိတော့။

ဒ..ိုး..က်ထဲမှာ မောင့်ကိုတွေ့နေရသည်၊ တစ်ဖက်မှာက မေမေ အလယ်ခေါင်မှာရပ်၍ ဘယ်ဘက်ကိုလိုက်ရမယ်မှန်းမသိသဖြင့် ကျွန်မဇဝေဇဝါဖြစ်နေစဉ် အသံတို့ကိုပြိုင်တူကြားလိုက်ရ၏။

"သမီး"

"အသက်"

"သမီး. . . မေမေနဲ့လိုက်ခဲ့နော်"

"အသက်, မောင့်နောက်အတူလိုက်ခဲ့ပါနော်။ မောင်, အံသက်ကို လာခေါ်တာ"

"ဟင့်အင်း"

"မငြင်းပါနဲ့ သမီးရယ်။ သမီးကို မေမေစောင့်နေရတာ ကြာလှပြီ။ မေမေ, သမီးကိုလွမ်းနေတာ နှစ်တွေအတော်များနေပြီ.သမီးရဲ့ သမီးပဲ မေမေ့ကိုချစ်တယ်ဆို။ လာ.အခုလိုက်ခဲ့တော့"

မေမေက ကျွန်မလက်ကိုဆွဲလိုက်သလို မောင်ကလည်း နောက်လက်တစ်ဖက်ကို လှမ်းဆွဲလိုက်၏။

"အသက်. . . မလိုက်ရဘူး။ မောင်နဲ့ပဲလိုက်ပါ. . . အသက်"

ကျွန်မ ရုန်းလိုက်သလား၊ ဘာမှမသိနိုင်သေးခင် လူက ဖွင့်ခနဲ



www.burmeseclassic.com

ပြုတ်ကျသွားချေ၏။ ရင်ထဲမှာ အောခနဲခံစားချက်ဖြင့် နှုတ်မှ အသံအကျယ်ကြီး ထွက်သွားတော့သည်။

"အား"

မျက်ဝန်းတွေလေးပင်မှုကြောင့် မဖွင့်နိုင်ဘဲ အာခေါင်တွေခြောက်သွေ့နေ၏။ နံဘေးမှ မေမေ့နှင့် ညီမလေးအသံတို့ကို ကြားနေရပါသော်လည်း ပြန်မထူးနိုင်တော့။ တင်ပါးဆီမှ စစ်ခနဲနာကျင်မှုနှင့်အတူ ခဏအကြာမှာ အိပ်ပျော်သွားတော့သည်။

သေချာပါတယ်။ ကျွန်မ မိုးမိပြီး ဖျားနေပြီကို။



# အဆုံး

www.burmeseclassic.com





အချစ်ဟာ

လှုံ့စိတ်ကို

အမြဲနုပျိုစေတယ်။

ပြီးတော့

အမြဲရှင်သန်စေနိုင်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၁ )

ညီမလေး အဝတ်လဲပေးသည်ကို ငြိမ်ခံ၍ ခုတင်ပေါ်မှာထိုင်နေသော ဖျစ်တောက်ဖျစ်တောက်ပြော၍ တစ်ချပြီးတစ်ခုလုပ်ပေးနေတာမို့ ကျွန်မ ပြုံးလိုက်မိသည်။

"ကလေးပေါက်စနလေး ကျနေတာပဲ။ အခုမှ စရှာတဲ့မိုးက လူကို မကျန်းမမာဖြစ်စေတာ သိသိကြီးနဲ့ အပြင်ထွက်ရတယ်လို့၊ လှဲ့ဝါက မမ အခန်းထဲမှာရှိနေတယ်ထင်တာ၊ မီးဖိုသည်းဖွင့်ကြည့်ရော လူကို မတွေ့ရတော့ ထူပူသွားတာပဲ။ မမကိုကျူးအော်ခေါ်မိလို့ ဒယ်ဒီတို့ပါ နိုးကုန်တာ၊ ဘယ်လိုလေးမှန်းကို မသိပါဘူး. . . လှဲ့ဝါက အငယ်မို့လို့ အကြီးသာဆိုရင် မမကိုနားနားလေးရိုက်ပြီးပြီ"

"အခုလည်း အပ်နဲ့ထိုးတာပဲမဟုတ်လား၊ ခုထိ တင်ပါးမှာ နာနေတုန်းပဲ ဒေါက်တာရဲ့"

"ဆေးမထိုးလို့ရမလား. . . ဒီလောက် အဖျားတွေတက်နေတာ။

ရွှေပဒေသာစာပေ

www.burmeseclassic.com

www.burmeseclassic.com



ဒယ်ဒီဆို စိတ်ပူပြီး တစ်ညလုံးမအိပ်နိုင်ဘူး။ သနားပါတယ်"

"ခု အိပ်နေပြီလား"

"ဘယ်သိမှာလဲ။ လှဲ့ဝါက မမအေးမှာမဲ့ရှိနေတာကို"

"သွားကြည့်မယ်လေ"

"အင်းပါ။ နေဦး. . . ဒီမှာ ရှပ်လက်ရှည်လေးဝတ်ဦး။ ဆံပင်ကို ကျစ်ဆံမြီးကျစ်ပေးရဦးမှာ"

"အိမ်ရှေ့ရောက်မှပဲ ကျစ်ပါကွာ"

"ကြည့်ပါလား၊ မမဟာလေ တကယ့်တစ်ဖွတ်ထိုး၊ ဒါကြောင့် ဒယ်ဒီကပြောတာ"

"ဘာပြောလို့လဲ"

"ခေါင်းမာတဲ့နေရာမှာ ငါ့အတိုင်းပဲတဲ့"

ကျွန်မ အသံထွက်အောင် ရယ်မောလိုက်ပြီး ထရပ်လိုက်သည်။ အခန်းပြင်ထွက်လာစဉ် လှဲ့ဝါက မီးဖိုခန်းဘက် ဝင်သွားလေ၏။ ဧည့်ခန်းမှ ဖေဖေဖုန်းပြောနေသံကို ကြားလိုက်ရသည်။

"ခက်တာပဲ မောင်ဦးရယ်။ သမီးက တစ်ညလုံး အပြ ်းမျှားထား တာ၊ သူစိတ်ညစ်သွားမှာပေါ့။ အေးလေ. . . မနက်ဖြန်ပွဲဖွင့်မှာ ဦးတော့ မပြောလို့မဖြစ်ဘူး။ ပြောတော့တော့ ပြောရမှာပဲ၊ ခက်ပါတယ်"

"ဘာဖြစ်လို့လဲ ဖေဖေ"

"ဟော. . . သမီးနိုးပြီလား။ သက်သာရဲ့လား၊ ဒီမှာ မောင်ဦး ဖုန်းဆက်တာသမီးရဲ့။ အရေးကြီးတယ်၊ မောင်ဦးရေ. . . သမီးနဲ့ပဲတိုက် ရိုက်ပြောလိုက်တော့"

"ဟဲလို. . . ကိုဦး, ပြော"

"ညီမလေးရေ. . . တစ်ခုပြီးတစ်ခု ထပ်ဖြစ်ပြန်ပြီ။ အဲဒါကမှ တကယ့်ပြဿနာ"

"ဘာဖြစ်ပြန်ပြီလဲ"

"မင်းဉာဏတို့မိသားစုပေါ့။ ညီမလေးပုံတွေအားလုံးကို ငွေချေ





ပေးမယ်။ ဘာတစ်ခုမှမရောင်းတော့ဖို့ လာဗိတ်လေရဲ့။ ပြပွဲက မနက် ဖြန်ပဲ စပြီဟာကို။ ကိုယ်တော့ ခေါင်းခဲနေပြီ"

"ဒီလိုလုပ်လို့ဘယ်ဖြစ်မှာလဲ။ ကိုဦးက အပြတ်ငြင်းလေ"

"ငြင်းတာမှ ခေါင်းရော၊ ခြေရော၊ ပါးစပ်ပါ စုံနေပြီ။ Amount တွက်ပြီး ဘဏ်ကငွေတွေထုတ်ဖို့ ပြင်နေကြပြီ ညီမလေးရဲ့။ ဒီတစ်ခါ တော့ စီးပွားရေးလောကမှာ ကိုဦးဆွေတို့ နာမည်လုံးလုံးပျက်ပါပြီ"

"ခေါင်းမခဲပါနဲ့ ကိုဦးရယ်၊ ကျွန်မစီစဉ်ပေးမှာပါ။ စိတ်မပူပါနဲ့၊ မနက်ဖြန်ဖွင့်ပွဲမှာ လှေကားရင်းကစောင့်ပြီး ပန်းနဲ့ကတ်လေးတွေ ကမ်း ဖို့ မမေ့နဲ့နော်"

"ကိုယ်မ‌ေ့ ပါဘူး ညီမလေးရာ၊ ကဲ. . . ဒါဆိုဒါပဲနော်"

ကိုဦး ^ မှ ဖုန်းချသွားစဉ် ကျွန်မ ခဏရပ်နေမိ၏။ ဖုန်းနံပါတ် ခလုတ်တွေပေ‌ါ် လက်ကို ဖြည်းဖြည်းချင်း ရွှေ့နှိပ်လိုက်သည်။

"တူ. . . တူ"

"ဟဲလို. . . မင်းဉာဏပါခင်ဗျာ"

"ကျွန်မပါ"

"ဟာ! အသက်၊ အသက် ဘယ်ကနေ ဆက်[illegible]ဘာလဲ၊ မောင် . . . မောင်အသက်ကို စုံစမ်းနေတာကြာပြီ အသက်ရဲ့။ အဲဒီ ကိုဦးဆွေ ကို ကြားလာတာနဲ့အမျှ မောင် လက်သီးစာကျွေးချင်လာပြီကွ"

"ရှင်, ကိုဦးအသားကို ထိဖို့မကြိုးစားပါနဲ့။ ရှင်နဲ့ကျွန်မ ရန်သူ တွေ မဖြစ်ချင်ဘူး မင်းဉာဏ"

"အသက်ရယ်. . . မောင့်မှာ"

"ရှင်, ကျွန်မကိုနှောင့်ယှက်ဖို့မဝသေးဘူးလား မင်းဉာဏ၊ ကျွန်မ လုပ်သမျှကို ဖျက်လိုဖျက်ဆီးလုပ်ရမှ ရှင်ကျေနပ်နိုင်တာပေါ့လေ"

"အသက်ရယ်. . . မောင်တောင်းပန်ပါတယ်။ အသက်ကို ဘယ် လိုနည်းနဲ့တောင်းပန်မှ ကျေအေးမှာလဲ၊ ပြောပါဦး၊ အသက်အတွက်ဆို မောင် ဘာပဲလုပ်ပေးရ လုပ်ပေးရပါကွာ။ မောင်. . . မောင့်မျက်လုံးတွေ



www.burmeseclassic.com

www.burmeseclassic.com



ကိုပဲ အသက်ကိုပြန်ပေးပါရစေ''

''မလိုချင်ပါဘူး။ ရှင်တို့မိသားစုလုပ်ရပ်တွေ ရပ်တန်းက ရပ်ပါ။ ဒီလိုမှမဟုတ်ရင် ကျွန်မ ဒီလောကကြီးကိုစွန့်သွားတော့မယ်''

''မလုပ်ပါနဲ့. . . အသက်ရယ်။ မောင်တောင်းပန်နေတာကို နားထောင်ပါ။ အသက်မျက်လုံးတွေကို ဒီမှာလာပြန်ကုပါနော်။ အဲဒီတစ်ခုကို အသက်လက်ခံရင် အသက်ဖြစ်ချင်တာမှန်သမျှ မောင်လုပ်ပေးမယ်''

''သေချာလား။ ရှင်ကတိတည်မှ ရမှာနော်''

''တည်ပါတယ်. . . အသက်ရယ်။ အသက် ဘာဖြစ်ချင်သလဲ။ ပြောပါ''

''ရှင်. . . လှဲ့ဝါကိုပဲ လက်ထပ်ရမယ်''

''ဟာ. . . အသက်''

''ရှင်, လှဲ့ဝါကိုမယူရင် ကျွန်မမျက်စိကို ဘယ်တော့မှမကုတော့ဘူး''

''ဒီလိုတော့ အကျပ်မကိုင်ပါနဲ့လားအသက်ရယ်၊ မောင့်ကို''

''ရှင်ပြောတော့ ကတိတည်မယ်ဆို''

သူ့ဘက်မှ အသံတိခနဲတိတ်သွားငေါ။ ကျွန်မ နာကျင်စွာပြုံးလိုက်မိသည်။ ရင်ထဲမှာ နာကျင်နေပြီလား. . . မောင်၊ ကျွန်မက မောင့်ထက် အဆများစွာ ပိုခံစားနေရတာပါ။

''ကောင်းပြီလေ၊ အသက် စိတ်တိုင်းကျဖြစ်စေရမယ်။ ဒါပေမဲ့ မင်္ဂလာပွဲမှာ အသက်က အရံလုပ်ပေးရမယ်''

''ဒါတော့''

''အသက်မျက်စိပြန်မြင်ပြီးမှ မောင် မင်္ဂလာဆောင်မယ် အသက်။ ဒီတော့ အရံလုပ်ပေးမှ အသက်ပြောတာကို မောင်လက်ခံမယ်''

ကျွန်မ ငိုင်ကျသွားသည်။ အရံလုပ်ပေးရမယ်တဲ့။ အို. . . မောင်ရယ်။ မောင်နဲ့ညီမလေး လက်ထပ်မှာကို ကျွန်မက ဘယ်လိုမျက်နှာထားနဲ့ အရံလုပ်ပေးနိုင်မှာတဲ့လဲ။





''ကောင်းပြီ. . . ဒါဆိုရင် ကျွန်မ ပန်းချီပြပွဲကို ရှင်မျှော်ပါ ဒါပဲ''

ကျွန်မ ဖုန်းကိုချလိုက်စဉ် နောက်ပါးမှ အသက်ရှူသံတိုးတိုးကို ကြားရ၏။ ညီမလေး ရောက်နေပြီထင်ပါရဲ့။

''မမမျက်စိကွယ်တဲ့ကိစ္စနဲ့ပတ်သက်ပြီး အနှင်းက သူ့မင်္ဂလာဆောင်ကိစ္စကို ရက်အကန့်အသတ်မရှိ ရွှေ့ပစ်လိုက်တယ်''

''အို. . . ဘာဆိုင်လို့လဲ''

''အနှင်းက ကိုမင်းကို တော်တော်မုန်းသွားတာ။ ခုချိန်ထိ လုံးဝ စကားမပြောဘူးတဲ့၊ အဲဒါတွေအားလုံးကို ကိုဝေပြောပြလို့ သိလာရတာ''

''အနှင်းက လည်းကွာ''

''အနှင်းက သူတို့မင်္ဂလာဆောင်မှာ မမနဲ့ကိုမင်းကို အရံလုပ်ပေးရမယ်လို့ ပြောထားတာတဲ''

ကျွန်မ ခပ်ယဲ့ယဲ့လေးသာ ပြုံးမိတော့သည်။

အနှင်းရယ်. . . ကျွန်မလို ဒုက္ခိတမိန်းမတစ်ယောက်ကို လူတောထဲ တိုးဝင်လို့ရအောင် လုပ်ပေးလို့လည်း အချည်းနှီးပါပဲ၊ ဒီမျက်လုံးတွေက ခွဲစိတ်ကုသလို့လည်း ပြန်မြင်ချင် မှပြန်မြင်နိုင်တော့မှာလေ။ အနှင်းတို့မင်္ဂလာပွဲကိုတော့ ကျွန်မ အပျက်မခံနိုင်ပါဘူး။ အနှင်းတို့နဲ့ မောင်တို့နဲ့ နှစ်မင်္ဂလာဆောင်ဖြစ်ရင် အရံဆိုတာ မလိုအပ်တော့တာကို နားလည်လိုက်ပါ။

ညီမလေး ခေါင်းဖြီး၍ ကျစ်ဆံမြီးကျစ်ပေးတာကို ငြိမ်ခံနေမိ၏။ အင်း. . . အချိန်သိပ်ဆွဲနေလို့ မဖြစ်ဘူးထင်ပါတယ်။ အရုပ်တွေကို ပြီးစီးဖို့ အချိန်ယူရမှာပဲ။ ဒါမှ ကျွန်မလုပ်ချင်တာတွေကို လုပ်ခွင့်ရမှာ။

အန်တီတို့ဈေးဘက်ကိုထွက်သွားသည်နှင့် ကျားရုပ်ကို ပုံကြမ်းပြီးအောင် လက်စသတ်နေမိသည်။ အခန်းထဲမှာ ဆောက်ထွင်းသံနှင့် သစ်သားရနံ့တို့က မွှေးပျံ့လျက်၊ အပြင်မှ လေချိုသွေးမှုကြောင့် အခန်းထဲ ကြွေလာသည့် သစ်ရွက်ခြောက်လေးတွေ လွင့်လာသံကို ကြားလိုက်ရ



www.burmeseclassic.com

www.burmeseclassic.com



သည်။ ပြတင်းပေါက်မှာရပ်လိုက်စဉ် နေရောင်က ကျွန်မမျက်နှာထက် ပွန်း စွာ ကျလာလေ၏။

မောင့်ကို စိတ်ချမ်းသာစေချင်ပါသည်။

သို့သော်. . .

ရွှေပဒေသာစာပေ



အချစ်ဟာ

လူ့စိတ်ကို

အမြဲနုပျိုစေတယ်။

ပြီးတော့

အမြဲရှင်သန်စေနိုင်တယ်လေ။

www.burmeseclassic.com

www.burmeseclassic.com



## အခန်း ( ၄၂ )

မြို့ပြင်လမ်းကျယ်မှာ ကားတွေတန်းစီရပ်ထား၏။ ကျောက်ပြား ခင်းထားသည့်လှေကားထစ်များမှ လူတွေ တစ်ရုပြီးတစ်ရု တက်လာနေကြသည်။ လှေကားခြေရင်း၏ဘယ်ဘက်မှ ကြောင်ခြံကတ်ပြားလေး ကမ်းနေသလို ညာဘက်မှ နှင်းဆီပွင့်လေးတွေ ကမ်းနေ၏။ ကျွန်တော့်လက်ထဲ ရောက်လာသည့်ကတ်လေးကို ငုံ့ကြည့်လိုက်တော့ 'မဟူရာထဲမှ စိန်တစ်ပွင့် ပန်ပုပြပွဲ' တဲ့။

အသက်ရယ်. . . အမှောင်ထဲကနေပြီး အလင်းကိုတောင့်တနေတဲ့နှိမ်တ်ကိုကြိုဖတ်လိုက်တာလား။ ရှပ်အင်္ကျီအိတ်ကပ်ထဲ ထိုးပေးလိုက်သည့်ရေမွှေးနှင်းဆီမှရနံ့ကိုရှူရှိုက်ရင်း အပေါ်ဆုံးအထိ ဆက်တက်လာခဲ့သည်။

အပေါ်သို့တက်တက်ချင်း မှန်ပေါင်သွင်းထားသည့် ပန်းချီဆရာမ မိုးမခ၏ပုံတူခဲပန်းချီက ကြိုဆိုနေလေ၏။ အိမ်ကို အခန်းတွေဖြတ်၍



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



ဟင်းလင်းဖွင့်ထားကာ ဘေးဘက်အထိ အခန်းချဲ့ထားတာကိုတွေ့ရသည်။ ဧည့်ခန်းမှာ မိုးမခလက်မှတ်ဖြင့် ပန်းချီကားတော်တော်များများကိုတွေ့ရ၏။ လှေကားတစ်ထစ်အဆင်းမှစ၍ သူမ၏ပန်းချီများ ပုံတူကားချပ်များ။ ဒဿနမော်ဒန်ပန်းချီလက်ရာများကိုတွေ့ရပြီး အသစ်ချဲ့ထားသည့်ခန်းမမှာ ကိုဦးဆွေ မတ်တတ်ရပ်နေတာကိုတွေ့ရလေသည်။

"အားလုံးပဲ မင်္ဂလာပါခင်ဗျာ။ ကျွန်တော့်ကို စကားအနည်းငယ်ပြောခွင့်ပြုပါ။ အခု လူကြီးမင်းတို့ရှုစားနေရတဲ့ ပန်းချီလက်ရာအားလုံးဟာ ဆရာမမိုးမခနဲ့ သူ့သမီးမိုးသက်ငြိမ်တို့ရဲ့လက်ရာတွေပါပဲ၊ ဆရာမမိုးမခကတော့ လွန်ခဲ့တဲ့ (၁၀)နှစ်ကျော်ကတည်းက ကွယ်လွန်ခဲ့တာကို အားလုံးအသိပါ။ အခု..."

ကိုဦးဆွေအသံက တိမ်ဝင်သွားသဖြင့် ရပ်ကြည့်နေသည့်လူတွေက မျှော်လင့်တကြီးစောင့်မျှော်နေကြသည်။

"အခုမြင်နေကြရတဲ့ မိုးသက်ငြိမ်ရဲ့ပန်းချီတွေဟာ သူနောက်ဆုံးရေးဆွဲခဲ့တဲ့လက်ရာတွေပါပဲ"

အသံတွေ ဟိုးနားတစ်စဒီနားတစ်စ တိုးတိုးထွက်လာပေ ၏။ ထောင့်တစ်နေရာမှာ ကျွန်တော် နံရံကိုမှီထားလိုက်သည်။ ကိုဦးဆွေ က ဝဲတက်လာသည့်မျက်ရည်တို့ကို မျက်တောင်တဖျပ်ဖျပ် ခတ်၍ ်မ်းဆည်းလိုက်ပါ၏။

"ဘာဖြစ်လို့လဲဆိုတော့ လွန်ခဲ့တဲ့ခြောက်လက သူ ်ရန်ကုန်မှာပဲ Accident တစ်ခုကြောင့် မျက်စိကွယ်ခဲ့ရလို့ပါ"

အာမေဍိတ်သံတွေ ပြိုင်တူနီးပါး ထွက်လာလေ၏။ ကျွန်တော့် ခန္ဓာကိုယ် မတ်ခနဲဖြစ်သွားရသည်။

"လူကြီးမင်းတို့လက်ထဲမှာ ကမ်းထားတဲ့ကတ်ပြားက နောက်လာမယ့် July (၂၆) ရက်မှာ ဖွင့်လှစ်ပြသပေးမယ့် ပန်းပုပြပွဲကြော်ငြာပါ။ အဲဒီပန်းပုရုပ်တွေကို မျက်စိမမြင်ဘဲ သူ့လက်တွေနဲ့ ထုလုပ်နေတာမို့ ပရိသတ်ကြီး လာရောက်အားပေးနိုင်မယ်လို့ မျှော်လင့်ပါတယ်ခင်ဗျာ။





ကျွန်တော် နောက်ဆုံးပြောချင်တာကတော့ သူဟာ ဒီအမှောင်ကမ္ဘာထဲကနေ ထွက်လာခွင့်မရတော့တာမို့ သူ့နှလုံးသားပုံကို သူမဆွဲသားနိုင်တော့ပါဘူး။ ဒီတော့ သူသိပ်မြတ်နိုးတဲ့သူ့နှလုံးသားကို ရောင်းရန်မဟုတ်ဆိုင်းဘုတ်မချိတ်စေဘဲ ဒီလိုက်ကာနောက်မှာ သီးသန့်ထားရှိပါတယ်။ သူဘယ်တော့မှပြန်မမြင်နိုင်တော့တဲ့ သူ့နှလုံးသားကို ရှုစားကြပါခင်ဗျာ"

ကိုဦးဆွေက ထောင့်နားမှရပ်၍ လိုက်ကာကြိုးတစ်စကို ခပ်ဖြည်းဖြည်းဆွဲလိုက်ပါသည်။ ဘယ်ဘက်မှာ မျက်လုံးနှစ်လုံးပုံ 'ဒွန်' ကားရှိပြီး ညာဘက်မှာက 'တူနှစ်ကိုယ်' အမည်ရှိ သူမ'အိမ်ပုံပန်းချီကား' အလယ်တည့်တည့်မှာတော့ ကျွန်တော့်အရပ်နှင့် တစ်တိုင်းတည်းဆွဲထားသည့် ကျွန်တော်၏ပုံ ဂုပန်းချီကားဖြစ်နေလေသည်။

ဒို... အသက်ရယ်၊ အသက်နှလုံးသားကို မောင်ဘယ်လိုပြန်ပေးနိုင်မလဲ။ ကျွန်တော့်ခြေလှမ်းတွေက အလိုလိုရှေ့ဆုံးသို့ရောက်သွားပြီး တူနှစ်ကိုယ်ပန်းချီကားရှေ့မှာ ရပ်လိုက်မိ၏။ ပရိသတ်ထဲမှ အသံတွေ ဆူညံစွာထွက်လာသည်။ သူမအပေါ် ကရုဏာသက်သည့်စကားများ။ မျက်စိပြန်မြင်စေချင်သည့်စေတနာများ။ ကျွန်တော်ပန်းချီကားကို လက်ဖြင့်အသာတို့လျက် တိုးတိုးပြောလိုက်မိ၏။ ပရိသတ်က အလိုလိုအသံတိတ်သွားသဖြင့် ကျွန်တော့်ထံမှ အသံက ကြည်လင်စွာ ထွက်လာလေသည်။

"အသက်ရဲ့မျက်လုံးတွေကို မောင်ကိုယ်တိုင်ကုပေးလို့မှ ပြန်မြင်ခွင့်မရရင် ဒီလောကထဲမှာ မောင်မနေတော့ဘူး။ မောင့်နားမှာ အသက်နေမပေးနိုင်မှတော့ လောကကြီးမှာ မောင်ရှင်သန်နေလို့လည်း အပိုပါပဲ၊ မောင်, အသက်ကိုသိပ်ချစ်တယ်... မောင်"

ဘယ်ဘက်ရင်အုံမှ စူးအောင့်မှုနှင့်အတူ ခေါင်းထဲမှာ မိုက်ခနဲဖြစ်သွားပြီး ကျွန်တော်ခွေကျသွားသည်ကိုသာ နောက်ဆုံးသိလိုက်၏။

အံ့ဩသံတွေကြားမှာ ကိုဦးဆွေ၊ ဒေါက်တာမင်းညာထက်က ပွေ့ထူလိုက်သည်။ ကြည့်ပါဦး၊ ပန်းချီကားထဲကပုံနှင့်ဆန်ကျင်စွာ မျက်နှာ



www.burmeseclassic.com

www.burmeseclassic.com



မှာ ပါးမြိုင်းမွေး နှုတ်ခမ်းမွေး ထူလပျစ်ဖြင့် ဖြစ်သလိုနေနေသည့်ပုဂ္ဂိုလ်ဟာ ညီမလေးရဲ့နှလုံးသားတဲ့လား။

လက်ထဲမှ ခေါက်လွတ်ကျသွားသဖြင့် အထိတ်တလန့်အော်လိုက်မိသည်။ ဘုရား. . . ဘုရား။ ဘာများဖြစ်တာပါလိမ့်၊ လွတ်ကျသွားသည့်ခေါက်ကို လက်ဖြင့်ကိုင်၍ စမ်းနေစဉ် စားပွဲပေါ်မှ Hand Phone က မြည်လာလေ၏။

ကျွန်မ အသာထရပ်လိုက်ရင်း စားပွဲရှိရာဆီမှန်း၍ လာခဲ့သည်။ ဖုန်းကိုမှင့်လိုက်စဉ် အလောတကြီးနိုင်လှသည့်ကိုဦးအသံကို ကြားလိုက်ရလေ၏။

"ညီမလေးရေ. . . ဒေါက်တာမင်းဥာဏ၊ ပန်းချီပြပွဲထဲမှာ ကြည့်နေတုန်း Shock ဖြစ်ပြီး လဲသွားလို့ ဆေးရုံတင်လိုက်ရပြီ"

"ရှင်"

"ဟုတ်တယ်။ တူနှစ်ကိုယ်ပန်းချီကားရှေ့မှာ ခွေလဲကျသွားတာ Heart Attack တဲ့။ ခုထိ သတိမရသေးဘူး၊ ကိုယ်နဲ့ မေမေလည်း ပြပွဲကိုပစ်သွားလို့မရလို့ ဖုန်းပဲနားထောင်နေရတယ်။ အဲဒါ ညီမလေးကို အသိပေးတာပါ"

ကျွန်မလက်ထဲမှ ဖုန်းလွတ်ကျသွားလေ၏။

ဘုရားရေ. . .

မောင်. . . မောင်တော့ မောင့်မေမေလို နှလုံးရောဂါရနေပြီပေါ့။ ဒုက္ခပါပဲ၊ ကျွန်မက မျက်စိမှမမြင်နိုင်တာ၊ မောင့်ကို ဘယ်လိုသွားကြည့်လို့ရမှာလဲ၊ အခန်းထဲမှာ ကူသယ်ရာမဲ့စွာဖြင့် ငိုချလိုက်မိ၏။ အပြင်မှ ဖေဖေတို့ဝင်လာတော့ ကျွန်မငိုသံက မလုံးမထွေး။

"သမီး. . . ဘာဖြစ်လဲ သမီးကြီး"





"ဖေဖေ၊ မောင်. . . မောင် Shock ဖြစ်ပြီး ဆေးရုံတင်ထားရတယ်။ Heart Attack တဲ့၊ ခုထိ သတိမရသေးဘူးတဲ့ဖေဖေ။ လုပ်ပါဦး"

"စိတ်ကိုအေးအေးထားမှပေါ့သမီးရယ်။ ရန်ကုန်မှာ ကျွမ်းကျင်တဲ့ ဆရာဝန်တွေရှိပြီးသားပါ။ စိတ်မပူနဲ့လေ။ သမီးလည်း ယှဲ့ယှဲ့လေးပဲရှိတော့တာ၊ စိတ်ကိုတင်းထားမှပေါ့"

"မောင်သာ တစ်ခုခုဖြစ်သွားရင် အဲဒါ သမီးကြောင့်ပဲ၊ သမီး မောင့်ကိုအဆုံးရှုံးမခံနိုင်ဘူး. . . ဒီလိုတန်ဖိုးရှိတဲ့လူတစ်ယောက် အလဟဿ အသက်ဆုံးရှုံးမှာကို မလိုချင်ဘူးဖေဖေ"

"ကဲပါ. . . သမီးရယ်၊ ဖေဖေ လိုက်သွားပါ့မယ်။ သမီးလည်း ဒီရုပ်ထုပြီးရင် မျက်စိခွဲဖို့ပြင်တော့၊ စိတ်ကို အနားပေးပါ။ ဖေဖေ အခုပဲ လေယာဉ်နဲ့ ရန်ကုန်ပြန်မယ်၊ ဟုတ်ပြီလား။ သမီးလေး မမနားမှာပဲနေနော်"

"ဟုတ်ကဲ့ ဒယ်ဒီ"

ဖေဖေက ကျွန်မနဖူးကို တစ်ချက်နမ်းရှိုက်လိုက်ပြီး အမြန်ထွက်သွားတော့သည်။

ဘုရား. . . ဘုရား. . . မောင်အမြန်ဆုံးသတိရပြီး ကျန်းမာပါစေကွယ်၊ ကျွန်မ, မောင့်ကိုသိပ်ချစ်တာယုံပါ။ မောင်စိတ်ထိခိုက်အောင်၊ မောင်စိတ်မချမ်းသာ နောင်ဘယ်တော့မှမလုပ်တော့ပါဘူး။ ကျွန်မ ဆင်ခြင်ပါ့မယ်။ မိုးသက်ငြိမ်ဟာ မောင်ပိုင်ဆိုင်တဲ့ သက်ရှိအရုပ်လေးတစ်ရုပ်အဖြစ် မောင်နဲ့အနီးဆုံးမှာ အမြဲရှိနေမှာကိုနားလည်ပါ။

ဖုန်းထိုင်စောင့်နေတာ တစ်ညလုံးတစ်နေ့လုံးပင်၊ ရန်ကုန်မှဘာဖုန်းမှမလာသဖြင့် ကျွန်မ နေထိုင်မရ၊ လူက ကတုန်ကယင်ဖြစ်လျက် အခန်းထဲမှာ ဂနာမငြိမ်ဖြစ်နေလေသည်။

"မမ. . . ကိုမင်း Ok ပြီတဲ့၊ စိတ်မပူတော့နဲ့လို့ ဒယ်ဒီ ဖုန်းဆက်တယ်"



www.burmeseclassic.com

www.burmeseclassic.com

တော်ပါသေးရဲ့။ ကျွန်မ ခုမှပင် ပြုံးနိုင်တော့၏။

လက်ထဲသို့ ညီမလေးလာထည့်ပေးသည့်ဆောက်ကိုယူ၍ အလုပ်ကိုဆက်လုပ်ဖြစ်သည်။ အချောသတ်နေသည့်မို့ အမှားအယွင်းမရှိရအောင် အတတ်နိုင်ဆုံး ဂရုစိုက်နေရ၏။ လက်ဝါးဖြင့် ခေါင်းနေရာမှစ၍ ခြေများအထိ အသာတို့ထိစမ်းသပ်စဉ်မှာ လုံးတူရုပ်တူဆရာဝန်တစ်ယောက်၏ရုပ်လုံးက ပေါ်လွင်နေလေသည်။

ဒါ,ကျွန်မရဲ့ လှပတဲ့နှလုံးသားပုံရိပ်လေ။





အချစ်ဆိုတာ

ကမ္ဘာတည်ကတည်းက

ရှိနေခဲ့တာမှန်ရင်

ကမ္ဘာကြီး

ပျက်သည်းကွယ်ပျောက်စေဦးတော့

အချစ်က

တည်မြဲနေမှာပါလေ။

www.burmeseclassic.com

www.burmeseclassic.com

## အခန်း ( ၄၃ )

Polish တင်ပြီးသား အရုပ်တွေကို ပိတ်ဖြင့်ပတ်၍ Container ပေါ် စနစ်တကျတင်နေကြ၏။ ရန်ကုန်ကို အဝေးကြီးသယ်ရမှာမို့ ဂရုတစိုက် ညွှန်ကြားပြသနေသည့်ကိုဦးအသံက တစ်ချက်တစ်ချက်ထွက်လာသည်။ အန်တီက ကျွန်မကိုယ်ပေါ်သို့ အနွေးထည်လေးလွှမ်းခြုံပေး၏။

"ဆရာမလေးရေ. . . အရုပ်ထုပေးတဲ့အတွက် ကျေးဇူးပါပဲဗျာ။ မျက်စိခွဲပြီးရင် ဒီကိုအလည်လာဦးနော်"

"လာမှာပါ. . . ဦးလေးရယ်။ ကျွန်မ ဒီမှာပန်းချီဆွဲစရာရှုခင်းတွေ အများကြီးရှိနေမှန်းသိတယ်လေ"

"ဦးစိုင်းလုံရေ. . . ပန်းချီဆွဲမဆွဲတော့မသေချာဘူး၊ သေချာတာကတော့ Honey moon စုံတွဲအဖြစ်ရောက်ဖို့ပဲ"

"ဘယ်နည်းနဲ့ပဲလာလာ၊ လာဖြစ်ဖို့က အဓိကပါ ကိုဦးရဲ"



www.burmeseclassic.com

www.burmeseclassic.com



"အဲဒီကိုဦးကတော့ လျှောက်ပြောနေပြန်ပြီ။ မုန့်ဆီကြော်က ဘယ်နေမှန်းမသိ"

"ဒီလိုပဲ ကိုဦးရဲ့။ အပျိုကြီးတွေများ ရမှာတောင် ဇီဇာက ကြောင် ချင်သေးတာ၊ အဟုတ်"

"အမယ်. . . အတိုင်အဖောက်က ညီနေကြနော်။ ဘယ်လိုလဲ ကိုဦး။ နစ်မင်္ဂလာ မကောင်းဘူး။ သုံးမင်္ဂလာလုပ်ကြရအောင်"

"ဟာကွာ. . . ညီမလေးကလည်း"

"ဟင်းဟင်း. . . သူပြန်စတော့ ရှက်ပြီမဟုတ်လား။ မျက်နှာကြီး ရဲနေပြီ။ နားရွက်တွေ နီလာပြီ။ ဟော. . . ရယ်တော့မယ်"

ကျွန်မဆက်တိုက်ပြောသံကြောင့် အလုပ်သမားတွေပါ အုံးခနဲ ဝိုင်းရယ်လိုက်ကြ၏။ လှဲ့ဝါက ကျွန်မကိုဖက်ထားရင်း သဘောတကျ ရယ်နေသည်။

"ဘောလုံးပွဲ Announcer လုပ်လို့ရပြီ၊ မမပြောတာနဲ့ ကွက်တိ ပဲ"

"ကြည့်စမ်း. . . လက်စသတ်တော့ ညီမလေးက ကိုဦး ကိုအရိပ် တကြည့်ကြည့် လိုက်ကြည့်နေတာကိုး"

"ဟာ. . . မမနော်"

"စပေ့. . . စတာ။ ညည်းမင်္ဂလာဆောင်မှ ငါ ကာင်းကောင်း နောင့်ယှက်ပြမယ်။ အဲဒီတော့မှ ငိုမဲ့မဲ့မလုပ်နဲ့"

"ရပါတယ်။ အလှည့်ကျရင် မနွံ့စတမ်းပေါ့။ စိမ်လိုက်လေ"

"သမီးကြီးကတော့လေ"

အန်တီ့အသံကြောင့် အရယ်ရှိန်ကို သပ်လိုက်ကြသည်၊ ကိုဦး၏ ကားပေါ်တက်ခဲ့ပြီး မောင်းထွက်ခဲ့စဉ် နောက်မှ Container ကြီးက တအိအိဖြင့် လိုက်လာလေ၏။

ကျွန်မ ကားပြတင်းပေါက်မှ လက်ပြလိုက်သည်။ နောက်မှပဲ လာခဲ့ပါမယ် မောရှမ်းနယ်ရယ်။





ဖေဖေ့အိမ်ကိုသာ တန်းခေါ်လာခဲ့သဖြင့် ကျွန်မ ကျင့်သားမရှိဘဲ ဟိုတိုက်ဒီတိုက်ဖြစ်နေ၏။ ဒူးနှာသက်နာတာကို မနာကျင်မိဘဲ ရယ် မောလိုက်မိသည်။ ရပ်တုတွေကို မိုးမခမြိုင်မှာ တန်းပို့နေသဖြင့် ကိုဦး အလုပ်ရှုပ်နေလေပြီ။ ခြံထဲမှာ ဟိုစမ်းဒီစမ်းလျှောက်၍ ဒန်းပေါ်ထိုင် ချလိုက်၏။

ခြံထဲသို့ ကားဝင်လာသံကြားရသည်။ တံခါးပိတ်သံကြားအပြီးမှာ ကျွန်မဆီကိုလာနေသည့်ခြေသံနှစ်သံကို ကြားနေရ၏။ နှာခေါင်းထဲဝင် လာသည့် ရှင်မတောင်သနပ်ခါးနံ့ကြောင့် ကျွန်မ ထရပ်လိုက်သည်။

"နှင်း"

"မမ. . . မမရယ်၊ ပိန်သွားလိုက်တာ"

နှင်းက ကျွန်မကိုယ်လုံးလေးကို ပြေးဖက်လိုက်လေ၏။ ကျွန်မ နှင်းကို ပြန်ဖက်ထားလိုက်မိသည်။

"ဒေါက်တာ. . . ထိုင်ပါ"

"ရပါတယ်. . . မမိုးသက်ငြိမ်၊ အနှင်းက တွေ့ချင်လို့ပူဆာတာ နားပူလို့ပါဗျာ"

"အမယ်. . . နှင်းမပို့လည်း ငါ့ဟာငါ လာရင်ရပါတယ်သိပ်မပို နဲ့"

"ရော်. . . ပိုနိုင်းလို့ ပိုပြန်တော့လည်း အပြစ်ဖြစ်ပြန်ပြီ"

"တော်ပါတော့. . . နှင်းရယ်။ နှင်းတို့က အိမ်ထောင်ကျတဲ့အထိ ဒီလို တကျက်ကျက်ဖြစ်နေဦးမှာပဲလား"

"မဖြစ်ဘဲ နေမလားမမရဲ့။ သူက အနှင်းကို ဒေါသမထွက်ထွက် အောင်ကို စလွန်းတယ်"

"အနှင်းပဲ အဲဒါလေးတွေကြောင့် ကိုယ့်ကိုချစ်တာမဟုတ်လား"

"ကြည့်. . . ဝေယံနော်"

"ဟော. . . အနှင်းနဲ့ ကိုဝေ အိမ်ထဲဝင်ကြလေ။ ဒီမှာ အအေး သောက်ရအောင်"



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



"မမ ခွဲစိတ်ဖို့အဆင်ပြေရဲ့လား လဲ့ဝါ"

"ပြောတယ် အနှင်းရဲ့။ မနက်ဖြန် (၁၀)နာရီစခွဲမယ်။ အရေးကြီးတာ မမအိပ်ရေးဝဖို့ပဲ"

"ဟင်. . . မမက အိပ်ရေးပျက်ခံလို့လား"

"အမယ်လေး. . . နေ့မနားညမနား အလုပ်လုပ်တတ်တဲ့သူကို အိပ်ဆေးထိုးဖို့ပဲရှိတယ်။ အိပ်နိုင်းဖို့ဆိုတာ ဝေလာဝေးပဲ။ လာကြ"

ကျွန်မလက်ကိုဆွဲ၍ နှင်းခေါ်လိုက်သဖြင့် ညှော်ခန်းထဲ ပြန်ဝင်ခဲ့ရသည်။ သူငယ်ချင်းတွေ တစ်ယောက်တစ်ပေါက်ပြောနေကြတာကို သေားမှာ ထိုင်နားထောင်ရင်း ပြုံးနေမိ၏။

ဩော်. . . မတွေ့ဖြစ်တာ (၂)နှစ်တောင် ကျော်နေပြီကိုး။

နောက်တစ်နေ့ မနက်မှာတော့ ကျွန်မမှာ အဖျားရှိမရှိ ကျန်းမာရေးစစ်ဆေးလျက် ဆေးရုံတက်ခဲ့ရတော့သည်။ မေ့ဆေးဆရာဝန်လက်ချက်ဖြင့် ကျွန်မ သတိမေ့သွားစဉ် ညီမလေးလက်ကို မြဲမြဲစွာဆုပ်ကိုင်ထားတာကို မဖြုတ်ပစ်ခဲ့။

ဒီမျက်လုံးတွေက တစ်သက်လုံးပြန်မြင်ခွင့်မရတော့ရင် မောင်က သူ့ကိုယ်သူသတ်သေမှာတဲ့။ ကျေးဇူးပြု၍ ကျွန်မမျက်စိတွေကို ပြန်မြင်ခွင့်ပေးလှည့်ပါရှင်၊ ဒါမှ မောင့်မျက်နှာကို ကျွန်မမြင်ခွင့်ရမှာ၊ မောင်လည်း အသက်ရှင်ခွင့်ရမှာမို့လို့ပါ။





အခန်း ( ၄၄ )

ရှေ့တည့်တည့်မှာရပ်နေသည့်ဆရာဝန်က ကျွန်မမျက်လုံးပတ်တီးဖြည်လျှင် ဖြည်းဖြည်းဖွင့်ရန် တီးတိုးမှာနေလေ၏။ ကျွန်မဘာမှပြန်မပြောဘဲ ငြိမ်နေမိသည်။ ကျွန်မမြင်ချင်တဲ့မျက်နှာကို မြင်ခွင့်ရပါ့မလား၊ မသေချာချေ၊ လက်ဝါးပြင်မှာ ချွေးစေးတွေ ထွက်လာ၏။ ခေါင်းမှပတ်တီးကို စဖြည်စဉ် လက်ဖျားတွေ တဖြည်းဖြည်းအေးလာတော့သည်။

ဂွမ်းစကိုမဖြုတ်ဘဲ ဆရာဝန်က နောက်ကိုဆုတ်သွား၏။ ကျွန်မနာခေါင်းထဲမှာ ရင်းနှီးခဲ့ဖူးသည့်ကိုယ်သင်းနံ့ကို ရလိုက်သဖြင့် ရင်ထဲမှာ ဒိတ်ခနဲခုန်သွားပြီး ထရပ်လိုက်မိသည်။

"မမ. . . ဖြည်းဖြည်းနော်၊ စိတ်မလှုပ်ရှားရဘူးလေ"

ညီမလေးအသံကြောင့် ကျွန်မ တောင့်တောင့်ကြီးရပ်နေလိုက်၏။ မျက်ခွံပေါ်မှ ဂွမ်းစကိုခွာလိုက်ပြီမှန်းသိသော်လည်း မျက်လုံးတွေကို ဖွင့်မကြည့်ရဲ၊ ဘုရား. . . ဘုရား ပြန်သာမမြင်တော့ရင်. . .



www.burmeseclassic.com

www.burmeseclassic.com



"မမ. . . ဖွင့်ကြည့်လေ၊ ဖြည်းဖြည်းဖွင့်"

မျက်ခွံတွေ တဖြည်းဖြည်းလှုပ်လာချိန်မှာ မောင်က ကျွန်မကို ငုံ့ထွေးဖက်၍ ကျွန်မမျက်ခွံတွေကို ငုံ့မွှေးလိုက်လေသည်။

"အသက်. . . ဖွင့်ကြည့်လိုက်လေ။ မောင့်ကိုကြည့်လိုက်ပါ"

ကျွန်မခေါင်းကိုခါလိုက်တော့ မောင်က ကျွန်မမျက်နှာကိုလက်ဖဝါးထဲညှပ်၍ ငြိမ်စေလိုက်၏။

အသာအယာဖွင့်ကြည့်လိုက်စဉ် မျှော်လင့်တကြီးစိုက်ကြည့်နေသည့် ကျွန်မ၏ချစ်လှစွာသောမောင်ကို မြင်တွေ့ရတော့သည်။

"မောင်"

"အသက်. . . အသက်ရယ်"

ကျွန်မခန္ဓာကိုယ်လေး မောင့်ရင်ခွင်ထဲ နစ်မြုပ်သွားစဉ် နှင်းတို့အုပ်စုထဲမှ ရယ်သံတွေအကျယ်ကြီးထွက်လာသဖြင့် ကျွန်မရှက်ရှက်ဖြင့် ရုန်းလိုက်မိသော်လည်း မောင်က ပိုတိုး၍သာ ဖက်ထားလိုက်လေ၏။

ပြီးပါပြီ။





အချစ်ဟာ. . .

ချိုမြိန်တဲ့ ပန်းသီးတစ်လုံးဆိုရင်

ဘဝဟာ. . .

ပန်းခြံကြီးလို လှပနေပါလိမ့်မယ်။

လေးစားလျက်

24th Oct: 2007
pm 3:55

www.burmeseclassic.com